www.burmeseclassic.com

# လူငယ်နဲ့တာဝန်ယူစိတ်

## လူငယ်လမ်းညွှန် စာစုများ


## လူထုစိန်ဝင်း



**FUTURE**

**Publishing House**

**No.52(A), Ground Floor, 12th Street**
**Lanmadaw Twonship, Yangon.**
**Ph:(01) 224431**

www.burmeseclassic.com

# မာတိကာ


စီစဉ်သူ့စကား ၇

၁။ လူငယ်နဲ့ တာဝန်ယူစိတ် ၁၁

၂။ လူ့အဖိုးတန် ၂၄

၃။ လူငယ်တွေ ဟက်ဟက်ပက်ပက် ရယ်မောနိုင်ပါစေ ၃၁

၄။ အင်္ဂလိပ်စကား ပြောတတ်ချင်သူများအတွက် ၄၃

၅။ မိန်းကလေးတွေ အိမ်ဦးနတ်နေရာ ရယူပါ ၄၉

၆။ ရေတစ်ဝက်ရှိတဲ့ ပုလင်းကို ဘယ်လိုကြည့်မလဲ ၅၆

၇။ ဘီးတပ်ကုလားထိုင်နဲ့လည်း လိုရာခရီး ရောက်တာပါပဲ ၆၃

၈။ လူငယ်တွေရေးတဲ့ လူကြီးများအတွက်စာပေ ရှိသင့်ပြီ ၆၉

၉။ အတိုင်ပင်ခံလုပ်ငန်းများ ထူထောင်သင့်ပြီ ၇၅

၁၀။ ကလေးတွေ ဆော့ပါစေလား ၈၁

၁၁။ အားကစားကလပ် စီးပွားရေးလုပ်ငန်း ပေါ်ထွန်းစေချင် ၈၇

၁၂။ ကလေးနဲ့ အနုပညာစိတ် ၉၂

၁၃။ ကလေးများကို ဖျက်ဆီးခြင်း ၉၈

၁၄။ မွန်မွန်ကလေး ကျောင်းသွားပြီ ၁၀၂

www.burmeseclassic.com

၁၅။ ပညာပြည့်ဝ နှလုံးလှသော် ၁၁၂

၁၆။ တည်ကြည်သန့်ရှင်း ဖိုးလမင်းတဲ့ ၁၁၈

၁၇။ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ အရှင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက် ၁၂၃

၁၈။ အားနည်းလှတဲ့ သားချော့ တေးကဗျာကဏ္ဍ ၁၂၈

၁၉။ တောက်တိုမယ်ရ အယ်ဒီတာလား၊ ပြုတ်စဗျင်းတောင်း

အယ်ဒီတာလား ၁၃၈

၂၀။ ဂျာနယ်အလုပ်ကို ခပ်ပေါ့ပေါ့ သဘောမထားကြဖို့ ၁၄၃

၂၁။ နိုင်ငံတကာ စာနယ်ဇင်းကျင့်ဝတ် ၁၄၈

၂၂။ သတင်းစာနဲ့ ဥပဒေ ၁၅၆

၂၃။ စာနယ်ဇင်းတွေကို ဘယ်လို ထိန်းသိမ်းကြသလဲ ၁၆၅

၂၄။ စာနယ်ဇင်းသမားအတွက် မေးခွန်းသုံးခု ၁၇၃

၂၅။ စာနယ်ဇင်းသမားတို့ရဲ့ ပဋိညာဉ် ၁၇၉

၂၆။ သတင်းစာပညာ သင်ကြားရေးမှာ ဘာအရေးကြီးဆုံးလဲ ၁၈၅

# စီစဉ်သူ့စကား

မျက်မှောက်ကာလမှာ ကျွန်တော်တို့ တစ်တွေ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာနဲ့ ထည်ထည်ဝါဝါ ရပ်တည် နေနိုင်ကြတာဟာ ကျွန်တော်တို့ရှေ့က မျိုးဆက်ဟောင်း ဘိုးဘေး ဘီဘင်တို့ရဲ့ တာဝန်သိသိ စွန့်လွှတ် အနစ်နာခံမှု များစွာရဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။ သူတို့ဆီက ကောင်းမြတ်တဲ့ အမွေကို လက်ဆင့်ကမ်း ခံယူနိုင်ခြင်းဟာ မျိုးဆက်သစ် လူငယ်တို့ရဲ့ မွေးရာပါ ရပိုင်ခွင့်ပါပဲ။

ဒီနေရာမှာ သတိပြုရ မှာက လူရယ်လို့ ဖြစ်တည် လာတာနဲ့ တစ်ဘက်က မွေးရာပါ ရပိုင်ခွင့်တွေ ရရှိကြသလို တစ်ဘက်ကလည်း မွေးရာပါ တာဝန်တွေ အလိုအလျောက် ပါရှိလာတယ် ဆိုတာပါပဲ။ ကိုယ့်အထက်က မျိုးဆက်ဟောင်းကြီးများရဲ့ တာဝန်ကျေပွန်မှုကြောင့်သာ မျက်မှောက်ခေတ် မျိုးဆက်သစ် လူငယ်များ အနေနဲ့ အဆိုပါ ရပိုင်ခွင့်တွေကို ခံစားကြရခြင်း ဖြစ်ပါတယ်။ ဒီတော့ နောင်လာမယ့် အသစ်အသစ်သော မျိုးဆက်များအတွက် သာလွန်ကောင်းမွန်တဲ့ ရပိုင်ခွင့် အမွေတွေ ချန်ထားခဲ့နိုင်အောင် အားထုတ်ကြိုးပမ်းသွား ကြရမှာက မျက်မှောက်ခေတ် မျိုးဆက်သစ် လူငယ်တို့ရဲ့မွေးရာပါ တာဝန်ပါ။

မျက်မှောက်ခေတ် မျိုးဆက်သစ် 'လူငယ်များ' အနေနဲ့ အဲဒီတာဝန်ကို ဝံ့ဝံ့စားစား ပခုံးပြောင်း လက်ခံသယ်ပိုး သွားလိုတဲ့

www.burmeseclassic.com



'တာဝန်ယူစိတ်' ရှိခြင်း၊ မရှိခြင်းဟာ အနာဂတ် မျိုးဆက်သစ်တို့ရဲ့ ကံကြမ္မာ အကောင်း၊ အဆိုးကို ပြဋ္ဌာန်းပေးသွားမှာပါ။

ယခုစာအုပ်ဟာ ပြူတီ၊ စံပယ်ဖြူ စတိုင်သစ်၊ ကလျာနဲ့ နဝဒေး မဂ္ဂဇင်းတို့မှာ ဆရာ လူထုစိန်ဝင်း ရေးသားခဲ့တဲ့ ဆောင်းပါး များကို စုစည်းထားခြင်း ဖြစ်ပါတယ်။ ဆောင်းပါး အများစုက မိမိတို့ နေထိုင်ရာ လူ့အဖွဲ့အစည်း အတွင်းမှာ 'တာဝန်ယူစိတ်' ထက်သန်တဲ့ လူ့အဖိုးတန် လူငယ် မောင်မယ်များ ပေါ်ထွန်းလာရေးအတွက် လူငယ်တွေ ကိုယ်တိုင်ရော၊ လူကြီးများကပါ ဘယ်လို ဆောင်ရွက် သင့်တယ် ဆိုတာကို လမ်းညွှန် ရေးသားထားတာမို့ 'လူငယ် လမ်းညွှန် စာစုများ' လို့ ပြောမယ်ဆိုရင်လည်း မမှားပါဘူး။

ဆရာ လူထုစိန်ဝင်းရဲ့ ဆောင်းပါးများက မျက်မှောက်ခေတ် မျိုးဆက်သစ်လူငယ်များ အနေနဲ့ အဲဒီတာဝန်ကို သိရှိနားလည်ဖို့နဲ့ လိုလို ချင်ချင် လက်ခံယူကြဖို့ ရှုထောင့်အမျိုးမျိုးကနေ သုံးသပ်တင်ပြ တိုက်တွန်း နှိုးဆော်ထားပါတယ်။ မိမိတစ်ကိုယ်ရေ တိုးတက်ကြီးပွားရုံ သက်သက် သာ မရည်မှန်းဘဲ နောင်လာမယ့် မျိုးဆက်သစ်များအတွက် မိမိတို့ထက် တစ်ဆင့် မြင့်မားသာလွန်သော ကောင်းမွေ ချန်ထားပေးနိုင်ရေးဆိုတဲ့ မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ မွေးရာပါတာဝန်ကို ဝံ့ဝံ့စားစား ခံယူတတ် သူများသည်သာ အမှန်တကယ် တန်ဖိုးရှိတဲ့ သားကောင်း သမီးမွန် 'လူ့အဖိုးတန်' များ ဖြစ်ကြောင်း ဆရာက ဖွင့်ဆို ရှင်းပြထားပါတယ်။

ဒါ့အပြင် တိုင်းပြည် တစ်ပြည်မှာ ဥပဒေပြုရေး၊ စီမံအုပ်ချုပ် ရေးနဲ့ တရားစီရင်ရေး ဆိုတဲ့ မဏ္ဍိုင်ကြီး သုံးခုပြီးရင် အရေးအပါဆုံး စတုတ္ထမဏ္ဍိုင် အဖြစ် သတ်မှတ်ထားတဲ့ စာနယ်ဇင်း လုပ်ငန်းဆိုင်ရာ သိသင့် သိရာတွေကိုလည်း မျိုးဆက်သစ် လူငယ်များအတွက် မိတ်ဆက် တင်ပြထားတဲ့ ဆောင်းပါးများကိုပါ ဒီစာအုပ်မှာ ထည့်သွင်း စုစည်း ပေးထားပါတယ်။

မျိုးဆက်သစ် လူငယ် မောင်မယ်များရဲ့ ရင်တွင်းမှာ 'တာဝန်ယူစိတ်များ' တိုးတက် ဖြစ်ထွန်းလာပြီး မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းအတွက် စစ်မှန်သော လူ့အဖိုးတန်များအဖြစ်ကို ရောက်ရှိလာနိုင်စေဖို့ တစ်တပ်တစ်အား အထောက်အကူ ပြုနိုင်စွမ်း ရှိတန်ကောင်းရဲ့ ဆိုတဲ့ မျှော်လင့်မှုနဲ့ ယခုစာအုပ်ကို စီစဉ်ထုတ်ဝေ လိုက်ရခြင်းပဲ ဖြစ်ကြောင်းပါခင်ဗျား။ ။

ဝင်းသိန်းဦး
(၂၆. ၄. ၂၀၀၄)

www.burmeseclassic.com

# လူငယ် နဲ့ တာဝန်ယူစိတ်

တစ်နေ့ညက အီတလီ စီးရီးအေ ဘောလုံးပွဲ တစ်ပွဲ ထိုင်ကြည့်နေရင်း၊ ပထမပိုင်း ပြီးသွားချိန်မှာ ဟိုလိုင်းဒီလိုင်း လျှောက်ရွှေ့ရာက စိတ်ဝင်စားစရာ မြင်ကွင်းတစ်ခု တွေ့လိုက်တာနဲ့ စိုက်ကြည့် နေလိုက်မိပါတယ်။

မြင်ကွင်းက မိန်းမ တစ်ယောက်က ကားအတွင်းမှာ ရှိနေတဲ့ ကလေး တစ်ယောက်ကို ဒေါသတကြီးနဲ့ ရိုက်နှက် ထိုးကြိတ်နေတဲ့ မြင်ကွင်း ဖြစ်ပါတယ်။ တစ်ချက် နှစ်ချက် မကပါဘူး။ စိတ်ရှိလက်ရှိ အချက်ပေါင်း များစွာ ရိုက်နှက် နေတာပါ။ လက်ဝါးနဲ့ ရိုက်သလို ကလေးရဲ့ခေါင်းကို ကျောကိုလည်း လက်သီးနဲ့ အချက်ပေါင်းများစွာ ထိုးကြိတ်ပါတယ်။ အရိုက်ရပ်ပြီး ထွက်လာပြီးမှ အခဲမကြေ နိုင်သေးသလို ကားဆီ ပြန်လှည့်ကာ တစ်ကြော့ပြန် ထိုးကြိတ်ရိုက်နှက် ပါသေးတယ်။

အဲဒီကိစ္စကို အစအဆုံး ရုပ်မြင်သံကြား ကင်မရာနဲ့ အဝေးက လှမ်းရိုက်ယူထားတာပါ။ အမှတ်မထင် လျှပ်တစ်ပြက် မြင်တွေ့လိုက်ရတာကြောင့် ဘယ်နိုင်ငံက အသံလွှင့်ဌာနမှန်းတောင် မသိလိုက်ရပါဘူး။ အဲဒီအမျိုးသမီးကို အဲဒီမြို့ရှိ ကလေးသူငယ်များ

www.burmeseclassic.com


ညှင်းပန်းနှိပ်စက်မှု ကာကွယ်ရေး အဖွဲ့အစည်းတစ်ခုက တရားစွဲတယ်လို့ သတင်းထဲမှာ ပြောသွားတာ ကြားလိုက်ရပါတယ်။ ဘောလုံးပွဲဆက်ကြည့် ရဦးမှာဖြစ်လို့ အဲဒီသတင်းနဲ့ပတ်သက်ပြီး တခြားလိုင်းများမှာ ရှာမကြည့်ဖြစ်ပါဘူး။ ဒါပေမယ့် အမှတ်တမဲ့ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းကိုတော့ မျက်စိထဲမှာ စွဲနေပါတယ်။

အမေဖြစ်သူက ဘာအကြောင်းနဲ့ သူ့ရင်သွေးကို ဒါလောက်သဲကြီးမဲကြီး ရိုက်နှက်ထိုးကြိတ် နေရတာလဲ။ ဘာအကြောင်းပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ စိတ်ညစ်စရာတွေ ကြုံတွေ့နေရသည်ဖြစ်စေ၊ သုံးနှစ်လေးနှစ်အရွယ် ကလေးတစ်ယောက်ကို ဒီလိုမရိုက် သင့်ပါဘူး။ ဆိုနိုင်ခက်ခဲဖြစ်လွန်းလို့ နောင်ကြဉ်အောင် ဆုံးမတာလို့ အကြောင်းပြချက်ပေးလည်း လက်ခံနိုင်ဖွယ် မရှိပါဘူး။ ကလေးကို ရိုက်နှက်နေတာက သတ္တဝါနဲ့လက်နက် မမျှပါဘူး။ အချက်ပေါင်း လေးငါးဆယ်အောက် လျော့မယ် မထင်ပါဘူး။ ရိုက်နှက်ပုံ ကလည်း အမေတစ်ယောက်က သားသမီးကို ဆုံးမတဲ့ပုံ မဟုတ်ပါဘူး။ အားရ ပါးရကြီးကို ထိုးကြိတ် ရိုက်နှက်နေတာ ဖြစ်ပါတယ်။ မြင်ရတာနဲ့တင် စိတ်မကောင်း ဖြစ်လိုက်ရတာ။

ဒါပေမယ့် သတင်းရဲ့အဆိုအရ အဲဒီအမေ ဖြစ်သူကို အဖွဲ့အစည်းတစ်ခုက တရားစွဲတယ်ဆိုတာ သိရလို့ စိတ်သက်သာရာ ရသွားပါတယ်။ "သူ့သားသမီး သူရိုက်တာ၊ ဒို့(တို့)နဲ့ ဘာဆိုင်တာမှတ်လို့" ဆိုတဲ့ သဘောမျိုး မထားဘဲ ကိုယ့်လူ့အဖွဲ့အစည်း အတွင်းလူသားများအနေနဲ့ ယူသင့်ယူထိုက်တဲ့တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့ကြတဲ့ အဖွဲ့အစည်းကို လည်း လှိုက်လှိုက်လှဲလှဲနဲ့ သာဓု (၃)ကြိမ် ခေါ်လိုက်မိပါတယ်။

"မြို့ပြလူ့အဖွဲ့အစည်း" ထူထောင် ထွန်းကားလာခြင်းဟာ အကြောင်း တစ်ခုအဖြစ် ပါဝင်နေပါသလား။

www.burmeseclassic.com


ရှေးက ကျေးလက် လူ့အဖွဲ့အစည်းမှာတော့ လူသား အားလုံးဟာ အချင်းချင်း လူသားစိတ်နဲ့ ဆက်ဆံကြပါတယ်။ သူ့အပူကို ကိုယ်မျှယူပြီး ကိုယ့်ဒုက္ခကို သူက "တစ်ဇွန်းတစ်ယောက်မ"လေးပဲ ဖြစ်ဖြစ် ပါဝင်ကူညီကြမြဲ ဖြစ်ပါတယ်။

မြို့ပြခေတ် ရောက်ပြီး အထပ်မြင့်တိုက်ကြီး တွေပေါ်မှာ ကိုယ့်အခန်းလေးထဲ ကိုယ်အလုံပိတ်ပြီး အောင်းနေကြရတဲ့ အခါကျတော့ သူ့ကိုယ်မသိ၊ ကိုယ့်သူမသိ ဖြစ်ကုန်ကြတယ်လေ။ ဒီတော့ ရိုင်းပင်းမှုဆိုတာ ဘယ်ရှိတော့မှာလဲ။ ကိုယ့်ဒုက္ခနဲ့ ကိုယ်၊ သူ့ဒုက္ခနဲ့ သူနေပေါ့။

မြို့ပြဖွဲ့စည်း တည်ထောင်မှု ဖြစ်လာရတဲ့ အကြောင်းရင်းက ကိုယ်စားဖို့ ကိုယ်စိုက်ဆိုတဲ့ စီးပွားရေး၊ လူမှုရေးစနစ်ကနေပြီး ဈေးတင်ရောင်းဖို့ စိုက်တဲ့ပျိုးတဲ့စနစ်ကို ကူးပြောင်းသွားခြင်းဆိုတာ ဖြစ်ပါတယ်။ အဲဒီစနစ်အရ ဈေးမြို့ကြီးတွေ ပေါ်ထွန်းကာ စိုက်ပျိုး ထုတ်လုပ်သူ မဟုတ်တဲ့ ဈေးသည် လူတန်းစား တစ်ရပ် ပေါ်ပေါက် လာခဲ့ရပါတယ်။

ဈေးသည် သဘာဝက စိုက်ပျိုး ထုတ်လုပ်သူများဆီက ကုန်ပစ္စည်း ဝယ်ယူပြီး တစ်ဆင့် ဈေးမှာတင်ပြီး ရောင်းချခြင်း ဖြစ်ပါတယ်။ ဈေးသည်ရဲ့အဓိက ဦးတည်ချက်က အမြတ်ရရေး ဖြစ်ပါတယ်။ အမြတ်ရရေးဆိုတဲ့ ဦးတည်ချက်ကြောင့် လူသားရဲ့ 'လူစိတ်' ဟာ ယုတ်လျော့ ကျဆင်းသွားပါတယ်။ ဈေးရောင်း ဈေးဝယ်အဆင့်ကနေပြီး နိုင်ငံစုံ ကော်ပိုရေးရှင်းကြီး အဆင့်ထိ ရောက်လာတော့ "ကြောင်ဖြူတာ မည်းတာက အရေးမပါဘူး၊ ကြွက်မိဖို့သာ လိုရင်းပဲ" ဆိုတဲ့ အဘိဓမ္မာ ထွန်းကား လာရပါတယ်။

"ကြောင်ဖြူ ကြောင်မည်း အဘိဓမ္မာ ဟာ 'လူစိတ်' ပျက်စီး သွားစေတဲ့ လက်သည် တရားခံ ဖြစ်ပါတယ်။ လူစိတ် ပျက်စီးသွားတဲ့

www.burmeseclassic.com



အခါကျတော့ 'တာဝန်သိစိတ်' တို့၊ 'တာဝန်ယူစိတ်' တို့ပါ တစ်နွယ်ငင် တစ်စင်ပါ" ပျက်စီးသွားရ တော့တာ ဖြစ်ပါတယ်။

ခုခေတ်ကို ပညာခေတ်လို့ ခေါ်ဆိုနေကြပါတယ်။ ပညာခေတ် ဆိုတော့ လူသားများဟာ ကိုယ့်တာဝန် ဘာလဲ ဆိုတာတော့ ကိုယ် မသိဘဲ မနေ ပါဘူး။ လူတိုင်းလိုလို သိကြပါတယ်။ ဒါပေမယ့် "တာဝန်သိစိတ်" ရှိရုံနဲ့တော့ မလုံလောက်သေးပါဘူး။ "တာဝန်ယူစိတ်" ရှိဖို့ လိုအပ်ပါတယ်။ ကိုယ်လုပ်နေတဲ့အလုပ်မှာ၊ ကိုယ်နေတဲ့ ရပ်ကွက်မှာ၊ ကိုယ့်မြို့မှာ၊ ကိုယ့်တိုင်းကိုယ့်ပြည်မှာ ကိုယ်နဲ့ သက်ဆိုင်တဲ့ တာဝန်တွေ ရှိပါတယ်။ ကိုယ်နဲ့ မဆိုင်ပေမယ့် ယူသင့် ယူအပ်တဲ့ တာဝန်မျိုးတွေ လည်း ရှိပါတယ်။ အဲဒီလို ယူသင့်ယူအပ်တဲ့ တာဝန်တွေကို ကိုယ့်သဘောနဲ့ ကိုယ်ယူပြီး ဆောင်ရွက်တတ်သူများ ကို "လူ့အဖိုးတန်" လို့ လူ့အဖွဲ့အစည်းက သတ်မှတ်လေ့ ရှိပါတယ်။

တာဝန်ယူစိတ် ရှိတဲ့လူဟာ "အဖိုးတန်လူ" ဖြစ်ပြီး၊ တာဝန် ယူစိတ် မရှိတဲ့ လူကတော့ "အမှိုက်" ဖြစ်ပါတယ်။

"အဖိုးတန်လူ" ဆိုတာ မာသာထရီဇာလို၊ မင်းကွန်းလူအိုရုံကို စတင် တည်ထောင်ခဲ့တဲ့ ကျောင်း အစ်မကြီးဒေါ်ဦးဇွန်းလို ပုဂ္ဂိုလ်မျိုး ကို ခေါ်တာ ဖြစ်ပါတယ်။

မာသာ ထရီဇာ ဆိုတာ ဥရောပတိုက်သူ တစ်ဦး ဖြစ်ပါတယ်။ သီလရှင်ဘဝနဲ့ အိန္ဒိယကို ရောက်လာတော့၊ ဆင်းရဲမွဲတေသူတွေ၊ ငတ်မွတ်ခေါင်းပါးသူတွေ၊ လူ့လောကရဲ့အပယ်ခံတွေ တစ်ပြုံတစ်မကြီး ရှိနေတာကို တွေ့ရပါတယ်။ တချို့ဆိုရင် ဝေဒနာအမျိုးမျိုးနဲ့ သေလု မျောပါးဖြစ်ပြီး လမ်းဘေးမှာ လဲနေကြပါတယ်။ အိန္ဒိယနိုင်ငံက လူများ အတွက်တော့ ဒီမြင်ကွင်းတွေဟာ မြင်တွေ့နေကျမို့ ရိုးနေပါပြီ။

ငတ်မွတ်ခေါင်းပါးတာ၊ ဆင်းရဲမွဲတေတာ၊ ရောဂါထူပြော တာ၊ လမ်းဘေးမှာ လူတွေ လဲကျသေဆုံးနေတာ အဆန်းမဟုတ်တော့

ပါဘူး။ အအေးလွန်ကဲတဲ့ ဆောင်းရာသီမျိုးဆိုရင် မနက်ဝေလီဝေလင်း မိုးမလင်းခင်မှာ မြူနီစီပယ်က လမ်းဘေး ပလက်ဖောင်းတွေပေါ်မှာ မာတောင့်နေတဲ့ အလောင်းတွေ လိုက်ကောက်ရတာ ကာလကတ္တား မြို့ကြီး တစ်ခုထဲမှာတင် တစ်နေ့တစ်နေ့ တစ်ရာမကရှိမြဲ ဖြစ်တယ် တဲ့လေ။

သူ့ဒုက္ခနဲ့သူ ကိုယ့်ဒုက္ခနဲ့ကိုယ်မို့ “တောင်မင်း မြောက်မင်း မကယ်နိုင်” ဖြစ်နေကြတာမျိုးလား။

“ဘယ်သူသေသေ ငတေမာပြီးရော” ဆိုတဲ့ စနစ်ကြီး ခေတ်ကြီးကြောင့် လူသားတွေ “လူစိတ်” ခေါင်းပါးကုန်ကြတာ မျိုးလား။

ဘာကြောင့်ပဲဖြစ်ဖြစ် လူသားတွေမှာ “တာဝန်ယူစိတ်” လျော့နည်း လာတာတော့ အမှန်ပါပဲ။ ဒီအခြေအနေမျိုးမှာ သနားစရာ အပယ်ခံ လူတန်းစားတွေကို တွေ့ရတော့ သီလရှင်ကလေး စစ္စတာ ထရီဇာရဲ့ ပင်ကိုနူးညံ့တဲ့ နှလုံးသားကို ထိထိခိုက်ခိုက် ဖြစ်သွားစေခဲ့ပါ တယ်။ သီလရှင်ကလေးဟာ သူတာဝန်ကျရာ သီလရှင်ကျောင်းက အထက် ဆရာကြီးတွေထံ ခွင့်ပန်ပြီး ကျောင်းတာဝန်က နုတ်ထွက်ခဲ့ပါ တယ်။ သူ ကိုယ်ပိုင် ဂေဟာလေးတစ်ခု ဖြစ်ကတတ်ဆန်း တည်ထောင် ပြီး လမ်းဘေးမှာ သေလုမျောပါး လဲနေသူများကို ခေါ်ယူပြုစုပါတယ်။

သေခါနီးဆဲဆဲမို့ ဘာမှ မတတ်နိုင်တော့တာ မှန်ပါတယ်။ ဒါပေမယ့် မသေခင်ကလေးမှာ အတတ်နိုင်ဆုံး သက်တောင့် သက်သာကလေး နေသွားရအောင် ပြုစုပေးပါတယ်။ တစ်ဘဝလုံး လူ့လောကရဲ့ အပယ်ခံအဖြစ်နဲ့ နေလာခဲ့ရရှာတဲ့ လူသားများကို သူတို့တစ်ခါမှ မရခဲ့ဖူးတဲ့ ကြင်နာယုယမှုကလေးမျိုး ပေးခြင်းဆိုတာ အများသူငါ အတွက်တော့ ဘာမှသိပ်ပြီးကြီးမားတဲ့ ကောင်းမှုကြီး တစ်ခုလို့ ယူဆလိမ့်မယ် မဟုတ်ပါဘူး။

ဒါပေမယ့် မေတ္တာတို့ ကရုဏာတို့ ဆိုတာမျိုး တစ်ကြိမ်တစ်ခါ

www.burmeseclassic.com


ကလေးတောင်မှ မခံစားဖူးရှာတဲ့ သူဌေးအိမ်က ခွေးကလေးပဲ ဖြစ်လိုက်ပါတော့ လို့တောင် တောင့်တောင့်တတ ရှိရှာကြတဲ့ အပယ်ခံ အစွန့်ခံ လူသားများ အတွက်တော့ သီလရှင်ကလေးရဲ့ ပြုစုယုယမှု ဟာ၊ အိပ်မက်တောင် မမက်ဝံ့ခဲ့တဲ့ အတွေ့ အကြုံမျိုး ဖြစ်ပါတယ်။

စစ္စတာ ထရီဇာကလေး ဘဝကနေ မာသာ ထရီဇာကြီးဘဝ ရောက်လာချိန်မှာ ဘုရင်ဂျီ ဘာသာဝင် အားလုံးရဲ့ အခေါင်အချုပ် ရဟန်းမင်း အိန္ဒိယနိုင်ငံကို အလည်အပတ် ရောက်ရှိလာပါတယ်။ ရဟန်းမင်းကြီးက ကိုယ်ပိုင် လေယာဉ်ပျံကြီးနဲ့ လာတာပါ။ အထူး စပယ်ရှယ် အော်ဒါပေး လုပ်ခိုင်းရတဲ့ "ကျည်ခံ" ကာဒီလက် ကားကြီး ကိုလည်း လေယာဉ်ပေါ် တင်ယူလာပါတယ်။ အိန္ဒိယနိုင်ငံကို ရောက်ပြီး သူ့လက်အောက်ခံ သီလရှင်ကြီးရဲ့ လုပ်ငန်းတွေကို မြင်တွေ့ရတဲ့အခါ၊ သူပြန်တော့ ကာဒီလက်ကားကြီးကို ဆုတော် လာဘ်တော်အဖြစ် ချီးမြှင့် ပေးကမ်းထားခဲ့ပါတယ်။

ကရုဏာရှင်လူသား သီလရှင်ကြီးက ကာဒီလက်ကားကြီးကို တက်မစီးပါဘူး။ ချက်ချင်း ရောင်းပစ်လိုက်ပြီး ဆေးရုံဆောက်ပါတယ်။ သူမ ကွယ်လွန်တော့ ဟိန္ဒူအများစုနေထိုင်တဲ့ အိန္ဒိယနိုင်ငံက နိုင်ငံတော် ဈာပနအဖြစ် သတ်မှတ်ပြီး သမ္မတနဲ့တကွ သူ့အစိုးရ တစ်ဖွဲ့လုံး တက်ရောက်လာခဲ့ပါတယ်။ ဟိန္ဒူ၊ မူဆလင်၊ ဗုဒ္ဓဘာသာ စတဲ့ ဘာသာကွဲများက ဆိုင်ရာဆိုင်ရာ ဘုန်းတော်ကြီးတွေက သူတို့ ဘာသာ အလျောက် ဝတ်ပြုဆုတောင်းပေးကြပါတယ်။

**လူ့လောကကို တာဝန်ကျေသူအပေါ်မှာ လူ့လောက ကလည်း တာဝန်ကျေပါတယ်။ လူသားတို့ရဲ့အကျိုး သည်ပိုးသူမှာ ဘာသာ အယူဝါဒ ကွဲပြားစိတ် မရှိတော့ပါဘူး။ လူမျိုး၊ ဘာသာ ဆိုတာတွေရဲ့ ကန့်သတ်ချက် နယ်နိမိတ်ကို ကျော်လွန်သွားခဲ့ပါပြီ။ သူ့စိတ်ထဲမှာ ရှိတာက "လူသား" ဆိုတာပဲ ဖြစ်ပါတယ်။**

www.burmeseclassic.com


ဒုက္ခဝေဒနာ ခံစားရသူမှန်သမျှကို သူက ပြုစုစောင့်ရှောက်မှု ပေးမှာသာ ဖြစ်ပါတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးဟာ စည်းဘောင်တွေနဲ့ ကန့်သတ်ထားတဲ့ လူရဲ့အဖြစ်ကို ကျော်လွှား လွန်မြောက်သွားပါပြီ။ သူတို့ဟာ သာမန်လူ မဟုတ်ကြတော့ပါဘူး။ "မဟာလူသား" အဖြစ် ရောက်ရှိသွားပါပြီ။

မာသာထရီဇာလို လူသားမျိုး ကျွန်တော်တို့ ဝန်းကျင်မှာလည်း ရှိခဲ့ဖူးပါတယ်။ အဒေါ် လူထု ဒေါ်အမာ ရေးခဲ့တဲ့ "မန္တလေးသူ မန္တလေးသားများ" ဆိုတဲ့ စာအုပ်မှာ မဟာလူသားကြီး သုံးဦးတောင်မှ ဖော်ပြထားတာ တွေ့ခဲ့ဖတ်ခဲ့ရပါတယ်။ မင်းကွန်း လူအိုရုံကို စတင် ထူထောင်ခဲ့တဲ့ ကျောင်းအမကြီး ဒေါ်ဦးဇွန်း၊ မန္တလေးမှာ မီးသဂြိုဟ်စက် ဆောက်ဖို့ စတင်ဆော်သြပြီး ကိုယ်တိုင် ငွေကြေး မတည်ပေးသူ၊ အသားစား ရှောင်ကြဉ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဦးကျော်လှနဲ့ မန္တလေး တစ်မြို့လုံး သစ်ပင်တွေ လိုက်စိုက်သူ ဆိုက်ကား ဆရာကြီး ဦးငွေတို့ ဖြစ်ကြပါတယ်။

ဒေါ်ဦးဇွန်းက ပိုးကုန်သည် မိဘများရဲ့ တစ်ဦးတည်းသော သမီးပါ။ မိဘများ ကွယ်လွန်တော့ ကိုယ်တိုင် ပိုးကုန်သည်ကြီး လုပ်ပြီး တင့်တင့်တယ်တယ် နေနိုင်ခဲ့သူ ဖြစ်ပါတယ်။ မင်းကွန်း လူအိုရုံကို ကိုယ်ပိုင် ငွေကြေးနဲ့ စတင်တည်ထောင်ပြီး လူအိုလူမင်းများကို ကိုယ်တိုင် သွားရောက် ပြုစုနေထိုင်ပါတယ်။ နောက်တော့ ချမ်းသာ ကြွယ်ဝသမျှကို ရောင်းချထုခွဲပြီး မန္တလေး၊ ရန်ကုန်၊ သထုံ၊ ပေါင်းတည် စတဲ့ မြို့ကြီးတွေမှာ လူအိုရုံတွေ ဆောက်ပါတယ်။ ကိုယ်တိုင် သီလရှင် ဝတ်ပြီး လူအိုတွေကို အသက်ထက်ဆုံး ပြုစုစောင့်ရှောက်သွား ပါတယ်။

ဦးကျော်လှ ဆိုတာကလည်း မန္တလေးမြို့မှာ ရန်ကုန်လို မီးသဂြိုဟ်စက် ဆောက်ဖို့ ပထမဆုံး စတင် လှုံ့ဆော်ခဲ့သူ ဖြစ်ပါတယ်။

www.burmeseclassic.com



သူ့တစ်သက်တာ ချွေးနဲ့စာနဲ့ ရှာဖွေ စုဆောင်းထားသမျှ အားလုံးကို ရောင်းချပြီး မြို့အတွက် လူတွေအတွက် တာဝန်သိသိနဲ့ အလှူဒါန ပြုသွားခဲ့သူ ဖြစ်ပါတယ်။ ဦးကျော်လှကို ကြည်ညိုစရာ ကောင်းတာက သူပြုတဲ့ အလှူဒါန အားလုံးကို လူမသိသူမသိ လျှို့လျှို့ဝှက်ဝှက် ဆောင်ရွက်သွားခဲ့တာ ဖြစ်ပါတယ်။

နောက်တစ်ယောက် ကတော့ သစ်ပင်စိုက်သမားကြီး ဦးငွေ ပါ။ ကျောင်းအစ်မကြီး ဒေါ်ဦးဖွန်းလို၊ သူတော်စင် ဦးကျော်လှလို ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ ရှိရှာသူ မဟုတ်ပါဘူး။ ဆိုက်ကား နင်းသူ တစ်ဦးသာ ဖြစ်ပါတယ်။ ပိုက်ဆံ မရှိရှာတော့ သူ့မှာရှိတဲ့ အရာနဲ့ အလှူဒါနတွေ ပြုခဲ့သူပါ။ သူ့မှာရှိတဲ့ အရာကတော့ "စေတနာ" ပါ။

အဲဒီ စေတနာရှင် မဟာလူသား ဆိုက်ကားသမားကြီး အကြောင်းကို ဒေါ်ဒေါ် လူထုဒေါ်အမာ ရေးထားတာလေးက ကောက်နုတ် ဖော်ပြလိုက်ပါရစေ။ ဦးငွေက စေတနာကောင်း သလောက် ဒေါ်ဒေါ်ရဲ့ မုဒိတာလည်း ကောင်းလွန်းလို့ပါ။

*မန္တလေးမှာ စစ်မီးကြီး လောင်ပြီး သစ်ပင်ကြီးတွေ မရှိ ကတည်းက ၃ နှစ်မှာ တစ်ခါ အပူဒီဂရီ ၁၁၀၊ ၁၁၁ ဆိုတာမျိုးတွေ ဖြစ်ဖြစ် လာတတ်ပြီး၊ ထွန့်ထွန့်လူး ပူကြရတာကိုး။ အဲဒီလို ပူလာရင် အပူဒဏ်ကို မခံနိုင်တဲ့ သက်ကြီးရွယ်အိုတွေ၊ ငယ်ရွယ်နုနယ်တဲ့ ကလေးငယ်တွေ အချိန်မတိုင်ဘဲ အပူရှပ်ပြီး သေကြရတာလည်း အကြုံအတွေ့လေ။*

*ဒါကြောင့် စိတ်စေတနာ ကောင်းလှတဲ့ ဦးငွေ ဆိုတဲ့ လူ တစ်ယောက်က မန္တလေးမြို့မှာ သစ်ပင်တွေ လိုက်ပြီး စိုက်ပါတယ်။*

*မန္တလေးမှာ လူတွေနားနေဖို့ ဇရပ်ကြီး ၂၆ လုံး တည်ဆောက် လှူဒါန်းခဲ့သူက သူဌေးမကြီး တစ်ယောက်ဖြစ်တဲ့ ဇရပ် အမကြီး ဒေါ်မိန်းကလေးပါ။ မန္တလေးမှာ ရေတွင်းပေါင်း မြောက်မြား စွာကို*

တူးဖော် အလှူပြုခဲ့သူက ရေတွင်းဒကာကြီး သူဌေး ဦးစိုးကလေး ပါ။ သစ်ပင်ပေါင်း ၅၀၀ ကျော်ကို စိုက်ပျိုး ပေးသွားသူ ကတော့ ဆိုက်ကား ဆရာကြီး ဦးငွေပါ။ ဦးငွေဟာ သမီး (၇)ယောက်နဲ့ ဆိုက်ကား နင်းစားရှာတဲ့ တောင်ကြယ်ခတ်ဝင်းထဲက လူဆင်းရဲ တစ်ယောက်ပါ။ ဒါပေမယ့် သစ်ပင်တွေကိုပျိုး၊ ကြိုက်ရာနေရာမှာ မြေကိုတူး၊ ပျိုးပြီး အပင်ကို ချစိုက်၊ မရှင်မချင်း နေ့စဉ် ရေလောင်း ပေးပြီး စိုက်သွား ရှာတာ။ ညောင်ပင်၊ ကုက္ကိုပင်၊ စိန်ပန်းပင် အားလုံး အပင် ၅၀၀ကျော် ရှိပါတယ်။ သူ့အပင်ကြီးတွေ၊ အေလမ်း တစ်လျှောက်၊ ရွှေကျီးမြင့် ဘုရားပေါက်၊ ကျုံးဘေး၊ ရွှေတချောင်းဘေး နေရာ အတော်များများမှာ ခုအထိ တွေ့မြင်နိုင်ပါတယ်။

သူ့ကို ဘယ်သူကမှ မတိုက်တွန်းပါဘူး။ သူ့စေတနာနဲ့သူ၊ သူ့ ဘာသာ လုပ်ဆောင်တာပါ။ မနက် ၃ နာရီခွဲ၊ ၄ နာရီ လောက်ဆိုရင် ဦးငွေ အိပ်ရာက ထပြီ၊ ပြီးတော့ ကြိုးနဲ့ရေပုံး၊ တူရွင်း၊ ပေါက်ပြား၊ တောင်း ၁ လုံးနဲ့ အိမ်ကထွက်ပြီး သူ့သစ်ပင်ကို ရေလောင်းတော့တာပဲ။ သူ့ အိမ်ခြံထဲမှာ ပန်းအိုးလေးတွေနဲ့ ပျိုးထားတဲ့ အပင်တွေ ရှိတယ်။ သူ စိတ်တိုင်းကျတဲ့ အပင်က မျိုးစေ့ကို သူ့ဘာသာ စုဆောင်းပြီး ပျိုးထား တာပါ။ သူ့အိမ်က ကြယ်ခတ်ဝင်း တောင်ဖျားမှာ ဆိုတော့ ခု ၃၅ လမ်းမကြီး ပေါ်မှာ ဆောက်နေတဲ့ ပျိုးအိုးထားတဲ့ နေရာပါ။ ခုဆိုရင် နှစ် ၃၀ ကျော် ၄၀ နီးပါး ရှိပြီမို့၊ စောစောပိုင်းက စိုက်တဲ့ အပင်ကြီးတွေဟာ ကြီးလှပါပြီ။ အရိပ်တွေရ၊ အခက်တွေဝေလို့ ဧရာမ အပင်ကြီးတွေ ဖြစ်နေပါပြီ။

ဦးငွေဟာ ကျွန်မထက် တစ်နှစ်ကြီးပါတယ်။ ၁၂၇၆ ခု သားပါ။ ဦးငွေ ဆုံးသွားတာ တစ်နှစ်ကျော်ပဲ ရှိပါသေးတယ်။ ဦးငွေက ကျန်းမာရေးလည်း သိပ်ကောင်းပါတယ်။ အသက် ၇၀ ကျော်အထိ တွင်းရေကိုငင်ပြီး ခပ်လောင်း နိုင်သေးတယ်။ သစ်ပင်ကို

www.burmeseclassic.com


တက်နိုင်သေးတယ်။

ဦးငွေက သူစိုက်တဲ့ သစ်ပင်ကို ဒီအတိုင်း ကြီးထွား စေတာ မဟုတ်ဘူး။ ခုတ်သင့်တဲ့ ကိုင်းကို ခုတ်ပေးတယ်။ ပယ်သင့်တဲ့ ကိုင်းကို ပယ်ပေးတယ်။ အဲဒီလို ပြုပြင်ရေး လုပ်တော့မယ် ဆိုတော့ သူ့ ဆိုက်ကား ပေါ်မှာ လှေကား တစ်စင်း လည်း တင်ယူခဲ့တာပါ။ ပြီးတော့ သူ့အလှူ သူ့ကုသိုလ် တစ်ခုက လူတွေ အရိပ်အာဝါသ ခိုနားစရာအတွက် သစ်ပင်ရိပ်ကြီး အောက်မှာ ထိုင်ခုံတွေ လုပ်ပြီး လှူတဲ့ ကုသိုလ်ပါ။ ထိုင်ခုံကလည်း ဒီအပင်က မလိုတဲ့ ကိုင်းတွေကို ခုတ်ရာ ပယ်ရာက ရတဲ့ အသားနဲ့၊ မြေကြီးမှာ တိုင် ၄ တိုင် စိုက်တယ်။ တိုင်မှာ တန်းစွပ်တယ်။ တန်းမှာ အခင်းရိုက်တယ်။ သံကို အခင်းရိုက်တော့မှ သုံးတာပဲ။ သူ့အပင် သူ့အသားနဲ့ လုပ်ထားတဲ့ သူ့ထိုင်ခုံကို နားနေချင်တဲ့ လူတွေအတွက် သူက သူ့အပင် အောက်မှာပဲ ရိုက်လှူတယ်လေ။ ပြီးတော့ ဘုရားကြီးမှာ ခေါင်းလောင်းထိုးဖို့ ကုက္ကိုသားတွေကို ဖြတ်ပြီး လှူတယ်။

ဦးငွေ ဒီလို သစ်ပင်တွေ စိုက်နေတာကို လူတချို့က ဦးငွေ ဟာ ငွေကြေး ချို့တဲ့ရှာသူ၊ ဆိုက်ကားနင်းမှ စားရသူမှန်း သိလို့ သူ့ကို ပိုက်ဆံလာလှူရင် သူက အလှူရှင်ကို “ကျွန်တော် ဒီပိုက်ဆံကို မစားဘဲ ကျွန်တော် သစ်ပင် စိုက်ရာမှာ သုံးပါရစေ၊ ခွင့်ပြုပါ” လို့ မေတ္တာရပ်ပြီး ပျိုးအိုး ဝယ်တာမျိုး၊ ရေပုံးကြီး ဝယ်တာမျိုးတွေမှာ သုံးတယ်။ ဒါကလည်း အများအစား ရတာမျိုး မဟုတ်တော့ သူသုံး ချင်တဲ့ဆီမှာ အတော်ပါပဲ။ ဦးငွေက အေလမ်း တစ်လျှောက်မှာ ရှိတဲ့ ကြီးထွား ရှင်သန်ပြီး အပင်ကြီးတွေမှာ သံပြား ကလေး ဆေးနီသုတ်ပြီး စာလုံး အဖြူကလေးနဲ့ “သစ်ပင်ဒကာကြီး ဦးငွေ” ဆိုတဲ့ ဆိုင်းဘုတ်ကလေးတွေ ရိုက်ထားတယ်။

ဦးငွေကို ညီပုလေးရဲ့ “ဆံပင်ညှပ်တဲ့ အကြောင်း” ဝတ္ထုနဲ့

## လူငယ်နဲ့ တာဝန်ယူစိတ်

"ဆာဟာရ သမုဒ္ဒရာ" ဝတ္ထုမှာပါတဲ့ ဇာတ်လိုက်ကြီး ဦးယုထင်က ကဗျာနဲ့ ကမ္ပည်းထိုးပါတယ်။

မာသာထရီဇာ၊ ကျောင်းအစ်မကြီး ဒေါ်ဦးဇွန်း၊ ရွက်ပုန်းသီး သူတော်စင်ကြီး ဦးကျော်လှ၊ ဆိုက်ကား သမားကြီး ဦးငွေစတဲ့ ပုဂ္ဂိုလ်များဟာ လူ့လောက အတွက် ကိုယ်စွမ်းဆောင်နိုင်သမျှ အစွမ်းကုန် စွမ်းဆောင်သွားခဲ့ကြသူများ ဖြစ်ပါတယ်။ ဒီလို စွမ်းဆောင်ဖို့အတွက် သူတို့ကို ဘယ်သူကမှ တရားပြ ဟောကြားနေတာ မဟုတ်ပါဘူး။ ဝတ္တရား တစ်ခုအနေနဲ့ မလုပ်မနေရ တာဝန်ပေးထားလို့ လုပ်နေကြတာလည်း မဟုတ်ပါဘူး။

လူ့လောကမှာ လစ်ဟာနေတဲ့ ကိစ္စတွေကို မြင်ရ တွေ့ရတဲ့ အတွက် ဘယ်သူဖြင့် ကူပါဦး ၊ ဘယ်ဝါဖြင့် ကယ်ပါဦး လုပ်မနေဘဲ ကိုယ့်ဟာကိုယ် "တာဝန်ယူစိတ်" မွေးပြီး ကိုယ်နိုင်သလောက် လုပ်ဆောင် သွားခဲ့ကြတာ ဖြစ်ပါတယ်။

ရောမမြို့ကြီး မီးဟုန်းဟုန်း တောက်နေတာတောင် တယောထိုး မပျက်ဘူး ဆိုတဲ့ နီရိုးဘုရင်လို လူစားမျိုးတွေ ပေါများလှတဲ့ ဒီခေတ် ကြီးမှာ လူငယ်တွေ အားကျ အတုယူမှားမှာ စိုးရိမ်မိပါတယ်။

ကိုယ့်အိမ်ခေါင်မိုး မီးမစွဲသေးသရွေ့ တစ်ဖက်အိမ် မီးလောင်နေတာကို လျစ်လျူရှုထားတတ်တဲ့ စိတ်မျိုးတွေ ဒီခေတ်ကြီးမှာ ကြီးမားလှပါတယ်။ အဲဒါကြောင့် "တာဝန်ယူစိတ်" ဆိတ်သုဉ်း မသွားစေဖို့ တတ်အားသမျှ လှုံ့ဆော်ဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ် အနေနဲ့ စာရေးဆရာ ညီပုလေးရဲ့ ဇာတ်လိုက်ကြီး ဦးယုထင် က ဦးငွေကို ပူဇော်ခဲ့တဲ့ ကဗျာရှည်ကြီးထဲက စာကြောင်းလေး တချို့ ကောက်နုတ် ဖော်ပြရင်း "တာဝန်ယူစိတ်" ကို ဦးချပူဇော်လိုက်ရပါတော့တယ်။

www.burmeseclassic.com


# ဂုဏ်ပြုပါ၏

ဆိုက်ကားတစ်စင်း၊ တူရွင်းတစ်ချောင်း
ခမောက်ဆောင်းလျက်
ရေလောင်းပုံးတင်၊ အရုဏ်ပြင်ဝယ်
သစ်ပင်ပျိုးစိုက်၊ မှိုက်သရိုက်ရှင်း
တလင်းမြေပြို၊ ခလုတ်မထိ
ဆူးမညိစေ၊ ခရောင်းညက်စေ
ပန်းခင်းမြေသို့ . . .
တောင်ကတုံးကို
ရောင်ထုံးပြုပြင် အလှဆင်ခဲ့
ရွာကတုံးကို
ရောင်ထုံးမှုပြင် အလှဆင်ခဲ့
လောကရင်ပြင် အလှဆင်တဲ့
အို - သစ်ပင်ဒကာ
သင်သာ မဟာသူရဲကောင်း . . .။
. . . . .
. . . . .
. . . . .
ဆိုက်ကားတစ်စင်း ကိုယ်တိုင်နင်းကာ
တူရွင်းပေါက်ပြား
လက်ရုံးအားဖြင့်
မြေသားမြေပြင် အလှဆင်သူ
သူလိုလူကား မတစ်ထောင်ဖွား
တစ်ယောက်သားမို့

www.burmeseclassic.com



အရိမတ္တေယျဘုရား
ပွင့်လာပြောသော်
သူကားရှေးဦး သူလျှင်ဖူးကာ
ကိလေသဝဋ္ဋ ကာမဝဋ္ဋ
ဝိဘာဂဝဋ္ဋ မစွပ်သူ့အား
လွတ်မြောက်သွား၍
နိဗ္ဗာန်ပြည်သား သည်ယောက်ျားကို
တို့ကား အတွေးပြုပါ၏။
တို့ကား အရေးပြုပါ၏။
တို့ကား အလေးပြုပါ၏။

**ယုထင် (မန္တလေး)**

# လူ့အဖိုးတန်

ကိုလံဘီယာ အာကာသလွန်းပြန်ယာဉ် ပျက်သွားပြီး လူ့အဖိုးတန် အာကာသသူရဲကောင်း အမျိုးသမီး ၂ ဦးနဲ့ အမျိုးသား ၅ ဦး သေဆုံးသွားတဲ့ သတင်းကို စိတ်မကောင်းစွာနဲ့ ကြားလိုက်ရပြီးတဲ့ နောက် ဟိုရောက်ဒီရောက် အတွေးတွေ ရောက်သွားမိ ပါတယ်။

ပထမဆုံး ရောက်သွားတဲ့ အတွေးကတော့ ဒီသူရဲကောင်း ၇ ယောက်ကို သိပ္ပံပညာဆိုင်ရာ နိုဘယ်ဆုတစ်ခုခု ပေးသင့်တယ်ဆိုတဲ့ အတွေးဖြစ်ပါတယ်။ နိုဘယ်ဆုထက်မြင့်တဲ့ ဆုများရှိခဲ့ရင် အဲဒီ အမြင့်ဆုံးဆုမျိုး ချီးမြှင့်ထိုက်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြ ပါတယ်။ သူတို့တစ်တွေဟာ သိပ္ပံပညာအတွက်၊ လူသားအားလုံးရဲ့ အနာဂတ် အတွက် အသက်ကို စွန့်လွှတ်သွားခဲ့ကြရတာ ဖြစ်ပါတယ်။

အာကာသခရီးဆိုတာ အသက်ဘေးအန္တရာယ် ဘယ်က လောက် ကြီးမားများပြားတယ် ဆိုတာ အထွေအထူး ပြောနေဖို့တောင် မလိုတော့ လောက်အောင် လူတိုင်းနားလည် သိရှိကြပါတယ်။ ဘေးမသီရန်မခ ပြန်ရောက်လာပြီကောရယ်လို့ စိတ်အေး လက်အေး နေလို့ရသေးတာ မဟုတ်ပါဘူး။ ဆွဲငင်အားမရှိတဲ့ အာကာသ ပြောင်းလဲမှုတွေဖြစ်ပြီး၊ ဘယ်လိုထိခိုက်မှုတွေ ပေါ်ပေါက်လာမလဲ ဆိုတာ နှစ်ပေါင်းများစွာ ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့် နေကြရတဲ့ ကိစ္စမျိုးကြီးပါ။

ဒါတွေကို သိသိကြီးနဲ့ အန္တရာယ်ပေါင်း သောင်းခြောက်ထောင်ကို ရင်ဆိုင်တဲ့စိတ်ဓာတ်ဆိုတာ တကယ့်အာဇာနည် သူရဲကောင်းများသာ ထားရှိနိုင်တဲ့ စိတ်ဓာတ်မျိုးပါ။ လောကမှာ သေရမှာမကြောက်တဲ့သူရယ်လို့ မရှိပါဘူး။ လူ့လောကအကျိုး အတွက်၊ လူသားများအတွက် ကိုယ့်အသက်ကို စွန့်ချင်စွန့်ရပါစေ ဆိုတဲ့ လူစားမျိုးက ဘယ်လူမျိုးမှာဖြစ်ဖြစ် အင်မတန် ရှားပါတယ်။ အဲဒါကြောင့် သေဆုံးသွားကြရှာတဲ့ အာကာသ သူရဲကောင်း (၇) ယောက်ကို လူ့လောကရဲ့အမြင့်ဆုံး ဂုဏ်ပြုဆုကြီးတစ်ခုနဲ့ ဂုဏ်ပြုလိုက်ချင်တာ ဖြစ်ပါတယ်။

ဒီကဆက်ပြီး ဖျတ်ခနဲ ရောက်သွားတဲ့ အတွေးက သေခြင်းတရားအကြောင်း အတွေးဖြစ်ပါတယ်။

လူ့လောကရဲ့ အမှိုက်သရိုက်ဖြစ်တဲ့ လူဆိုးလူညစ် လူ့တာတေလံတွေ လက်ညှိုးထိုးမလွဲ ပေါများနေတဲ့အထဲမှာ လူ့အဖိုးတန်တွေကိုမှ ဘာ့ကြောင့်များ သေခြင်းတရားက ရွေးရွေးပြီးခေါ်သွားရတာလဲလို့ မကျေမနပ် ဖြစ်မိပါတယ်။

မကျေမနပ်ဖြစ်လည်း ဘာတတ်နိုင်မှာလဲ။ သေခြင်းတရားဆိုတာ ကိုယ်ကပိုင်စိုးတာမှ မဟုတ်တာ။ သူရောက်ချင်တဲ့အချိန်ရောက်လာပြီး၊ သူခေါ်ချင်တဲ့သူကို ခေါ်သွားမှာပါပဲ။ သူ့ကို ကိုယ်က မျှော်လင့်နေပေမယ့် သူက ရှောင်ချင် ရှောင်သွားတတ် တာမျိုးပါ။ သေတော့မှာပဲလို့ ဆရာဝန်တွေကိုယ်တိုင်က ယူဆထားတဲ့ အခြေအနေမျိုး ၂ ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရဖူးသူ တစ်ယောက်အနေနဲ့ ခုတော့လည်း သေခြင်းတရားအကြောင်း စိတ်ရှုပ်ခံ တွေးမနေတော့ပါဘူး။ ရောက်ချင်တဲ့ အချိန်ရောက်၊ လာချင်တဲ့အချိန် လာပါစေပေါ့။ သူ ရောက်မလာခင်မှာ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်နိုင်သလောက် လုပ်နေဖို့ပဲ အာရုံထားပါတော့တယ်။ ကိုယ်လုပ် နေတာတွေ

www.burmeseclassic.com


အပြီးသတ်ချင်မှ သတ်မှာပေါ့။ ကိစ္စမရှိပါဘူး။ လုပ်သင့် လုပ်ထိုက်တဲ့ ကိစ္စမျိုးဆိုရင် နောက်လူတွေ ဆက်လုပ်ကြမှာပါပဲ။ မလုပ်သင့်တာ ဆိုလည်း ပစ်ထားလိုက်ကြမှာပေါ့။ စိတ်အလုပ်ရှုပ်ခံပြီး မတွေး တော့တာပါ။ သေမှာကို မကြောက်တာတော့ မဟုတ်ပါဘူး။ နေလို့ ရသလောက် လူ့လောကမှာ ဆက်ပြီး နေချင်ပါသေးတယ်။

သေခြင်းအကြောင်း၊ အာကာသ သူရဲကောင်းတွေ အကြောင်းကနေပြီး အတန်းထဲမှာ ကျောင်းသူ ကျောင်းသားတွေ ခဏခဏ မေးတတ်တဲ့ တစ္ဆေကြောက်တတ်တာ၊ ရေကြောက်တတ်တာ၊ လေယာဉ်စီးရမှာ ကြောက်တတ်တာ စတဲ့စတဲ့ ကြောက်စိတ် အမျိုးမျိုးတွေ ပျောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ကိစ္စဆီ အတွေးရောက် သွားပြန်ပါတယ်။ ဒီလို ကြောက်စိတ်မျိုး လူတိုင်းမှာ တစ်မျိုးမဟုတ် တစ်မျိုး ရှိတတ်ပါတယ်။ ၁၀ မိနစ်တောင်ကြာအောင် မစီးရတဲ့ ဒလကူးတို့သင်္ဘောလေး မစီးရဲလို့ ပျော်ပွဲစား ထွက်တိုင်း ကျန်နေရစ်ခဲ့ရတဲ့ ကျောင်းသူလေးတွေ တော်တော်များများ တွေ့ဖူး ပါတယ်။ ပင်လယ်ကို မမြင်ဖူးကြတော့ မြစ်လောက်ကို အကျယ်ကြီး ထင်နေကြရှာတာကိုး။ ဒါပေမယ့် သူတို့ကို အပြစ်မတင်မိပါဘူး။ ပြင်ပ လောကနဲ့ ထိတွေ့မှုတွေ အမြဲတမ်းလုပ်နေရတဲ့ သူတွေလည်း ဒီလို ကြောက်တတ်တာမျိုး ရှိကြတာပါပဲ။

ထင်ရှားတဲ့ သာဓကတစ်ခု ပြရရင်တော့ အင်္ဂလန်က အာစင်နယ် ဘောလုံးအသင်းမှာ တစ်ချိန်က မရှိမဖြစ်ရှေ့တန်း တိုက်စစ်မှူး ဖြစ်ပြီး နယ်သာလန် အသင်းမှာလည်း အမြဲတမ်း ပထမ လက်ရွေးစင် နေရာ ယူထားနိုင်ခဲ့တဲ့ ဘောလုံးသမား ဒင်းနစ်ဘားကမ့် ကို လက်ညှိုးထိုး ပြချင်ပါတယ်။ ဘားကမ့်က လေယာဉ်စီးရမှာကို သေမလောက် ကြောက်တတ်ပါတယ်တဲ့။ အနိုင်နိုင်ငံ လှည့်လည်ပြီး ဘောလုံး ကစားရတဲ့အခါ ဥရောပနိုင်ငံတွေဆိုရင် သူက အသင်းနဲ့

ဘယ်တော့မှ လေယာဉ်စီးပြီး အတူလိုက်လေ့ မရှိပါဘူး။ ကားမောင်းပြီးသာ သွားပါတယ်။ ကားနဲ့သွားလို့ မဖြစ်နိုင်တဲ့အခါမျိုး၊ လေယာဉ်စီးရတဲ့အခါမှာလည်း လေယာဉ်ပေါ်မှာ အမြဲတမ်း ဖြူဖတ်ဖြူရော် ဖြစ်နေအောင်ကို သွေးပျက်နေလေ့ ရှိပါတယ်တဲ့။

သူ ကြောက်မယ့်သာ ကြောက်တာပါ။ ကမ္ဘာပေါ်မှာ တစ်နှစ်တစ်နှစ် လေယာဉ်ပျက်ကျလို့ အသက် ဆုံးရှုံးရသူ ဦးရေထက် ကားတိုက်လို့ သေဆုံးရသူ ဦးရေ က ၁၀ ဆမက ပိုများပါတယ်။ ဒါကို သူလည်း မသိဘဲ နေမှာ မဟုတ်ပါဘူး။ သိတာက တခြား၊ ကြောက်တာက တခြားစီပဲ ဖြစ်လေတော့ ဘားကမ့်ကတော့ ခုထိ လေယာဉ် စီးရမှာ ကြောက်နေဆဲပါပဲ။

ကျောင်းသူကျောင်းသားတွေက ကြောက်စိတ် ပျောက်အောင် ဘယ်လို လုပ်ရမလဲလို့ မေးတဲ့အခါမှာတော့ ကြောက်စရာ ကောင်းတယ်ဆိုတဲ့ ကိစ္စတိုင်း သေတတ်တာ မဟုတ်တဲ့အကြောင်း သာဓကလေးတွေဆောင်ပြီး ပြောပြလေ့ရှိပါတယ်။ အမြဲပြောတတ်တာကတော့ ပထမဆုံး ကမ္ဘာ့အာကာသ သူရဲကောင်း ယူရီဂါဂါရင်ရဲ့ အကြောင်းပါ။ ဂါဂါရင် ဟာ ဘယ်သူမှ မစမ်းသပ်ရသေးတဲ့ အာကာသခရီးကို ပထမဆုံး စွန့်စားသွားတဲ့သူ ဖြစ်ပါတယ်။ အာကာသခရီးကို အောင်မြင်စွာ သွားနိုင်ခဲ့တဲ့ ဂါဂါရင်ဟာ သေမယ့်သေတော့ ရိုးရိုးလေယာဉ်ပျံ ပျက်ကျပြီး သေသွားခဲ့ရပါတယ်။

နောက်ထပ် ပြောလေ့ရှိတဲ့ သာဓကကတော့ ရုပ်ရှင်ကားတစ်ကား အကြောင်းပါ။ ၆၀ ဦးပိုင်း ကာလက ကြည့်ခဲ့ရတဲ့ ရုပ်ရှင်ပါ။ ကားနာမည်က "The one that got away" ဖြစ်ပြီး Hardy Kruger ဆိုတဲ့ ဂျာမန် မင်းသားက သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ မင်းသားက ကိုယ်ငယ်စဉ်က အင်မတန်ကြိုက်ခဲ့၊ စွဲခဲ့တဲ့ ဂျိမ်းစ်ဒင်းနဲ့ ခပ်ဆင်ဆင်တူရုံမက သရုပ်ဆောင်ပုံ ကလည်း

www.burmeseclassic.com


ဂျိမ်းစ်ဒင်းလို မထီတရီ မျက်နှာပေးနဲ့ မှုန်တေတေ မာကျောကျောမို့ မျက်စိထဲ စွဲနေမိပါတယ်။ အဲဒါကြောင့် နှစ်ပေါင်း ၄၀ လောက် ကြာတဲ့အထိ နာမည် သိပ်မကြီးလှတဲ့ ဒီမင်းသားနဲ့ ဒီရုပ်ရှင်ကားကို မှတ်မိနေသေးတာပေါ့။

ရုပ်ရှင်က စစ်အတွင်းက နာမည်ကြီး ဂျာမန်လေတပ် ဗိုလ်မှူးကြီး တစ်ယောက်ရဲ့ ဘဝဇာတ်ကြောင်း ဖြစ်ပါတယ်။ ဂျာမန် လေတပ်ဗိုလ်က အင်မတန် သတ္တိကောင်းမို့ မဟာမိတ် လေယာဉ်မှူး တိုင်း သူ့ကို လန့်နေကြရပါတယ်။ လေထဲမှာ ရင်ဆိုင်တွေ့မိလို့ ကတော့ သူက တည့်တည့်ကြီး ဝင်တိုးပြီး တိုက်တတ်ပါတယ်။ မဟာမိတ် လေယာဉ်တပ် အတော် များများကို ပစ်ချခဲ့ပါတယ်။ တစ်ခါတော့ သူ့လေယာဉ် ပစ်ချခံရလို့ လေထီးနဲ့အဆင်းမှာ သုံ့ပန်းဖြစ်သွား ပါတယ်။ သူ့ကို သုံ့ပန်းစခန်းမှာထားတုန်း ထွက်ပြေး လွတ်မြောက် သွားပါတယ်။ နောက်တစ်ကြိမ် လေယာဉ်ပျက်ပြီး ပြန်အဖမ်းခံရပါ တယ်။ ထားလေရာ အကျဉ်းထောင်တိုင်း၊ သုံ့ပန်းစခန်းတိုင်းမှာ ထွက်ပြေးဖို့ ကြိုးစားတာကြောင့် နေရာတစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်း ထားရပါတယ်။ နောက်ဆုံးတော့ လုံခြုံမှုအရှိဆုံး အကျဉ်း ထောင်တစ်ခုကို ပြောင်းပို့တာ ခံရပါတယ်။ အဲဒီထောင်ကို ရောက် ရောက်ချင်းပဲ မဟာမိတ် စစ်ဗိုလ်ကို သူက လွတ်အောင် ပြေးမယ်၊ တားနိုင်ရင် တားပေတော့လို့ စိန်ခေါ်လိုက်ပါတယ်။

ထောင်ထဲမှာ အစောင့်အကြပ်တွေ မသိအောင် အမျိုးမျိုး ဉာဏ်နီ ဉာဏ်နက်တွေသုံးပြီး လိုဏ်ခေါင်းတူးကာ သူ ထွက်ပြေး လွတ်မြောက်သွားခဲ့ပါတယ်။ စစ်ကြီးပြီးသွားတော့ မဟာမိတ်တပ်တွေ က သူ့ကို ဂုဏ်ပြုတံဆိပ် ပေးအပ်ပြီး ချီးကျူးဂုဏ်ပြုခဲ့ပါတယ်။ ဒါပေမယ့် စစ်ပြီးလို့ သိပ်မကြာခင်မှာပဲ ဂျာမနီနိုင်ငံမှာ ကားတိုက်မှု ဖြစ်ပြီး သေဆုံးသွားခဲ့ရပါတယ်။ စစ်အတွင်း အကြိမ်ကြိမ် လေယာဉ်

ပျက်ကျတုန်းက မသေခဲ့ပါပဲ၊ စစ်ကြီးပြီးမှ ကားလမ်းပေါ်မှာ သေဆုံးသွားခဲ့ရတဲ့ သူ့အဖြစ်က တော်တော် ဆန်းကြယ်ပါပေတယ်။

သေခြင်းတရား ဆိုတာ ကြောက်ပြီး ရှောင်ပုန်းလို့ရရင်ဖြင့် ကြောက်ပါ၊ ပုန်းပါ၊ ဘယ်သူမှ အပြစ်မတင်ပါဘူး။ ခုတော့ ကိုယ်က ဘယ်လောက် ကြောက်ကြောက်၊ ဘယ်လောက် ရှောင်ရှောင်၊ လွတ်မှာမှ မဟုတ်တာ။ ဘာဖြစ်လို့ စိတ်ဆင်းရဲခံပြီး တွေးကြောက် နေမှာလဲ။ ကြောက်စိတ်ဆိုတာ လူညွန့်တုံးသွားစေပါတယ်။ အဲဒါကြောင့် ကလေးတွေကို ကြောက်စိတ်မရှိအောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ဖို့ လိုပါတယ်။ ဂါဂါရင်လို အာကာသ သူရဲကောင်းတွေ အကြောင်း၊ မျက်စိမမြင်ဘဲနဲ့ ဧဝရက် တောင်ထိပ်ကိုရောက်အောင် တက်နိုင်ခဲ့သူအကြောင်း စတာမျိုးတွေကို ကျောင်းဖတ်စာတွေထဲ ထည့်သွင်းပေးဖို့ လိုပါတယ်။ သရဲနဲ့ခြောက်၊ ငရဲနဲ့ခြောက်ဆိုတာမျိုးတွေ မလုပ်မိကြအောင်လည်း လူကြီးတွေက သတိထားသင့်ကြပါတယ်။

ကလေးဘဝကတည်းက အခြောက်အလှန့် အမျိုးမျိုးနဲ့ ကြီးပြင်းလာရတဲ့ ကလေးဟာ ကြောက်တတ်တဲ့ လူငယ်လေး ဖြစ်လာပါလိမ့်မယ်။ ကြောက်တတ်သူဟာ ဘယ်တော့မှ အောင်မြင်သူ၊ ထူးချွန်ထက်မြက်သူတစ်ဦး ဖြစ်မလာနိုင်ပါဘူး။ မိဘတိုင်းဟာ မိမိသားသမီးကို အောင်မြင်သူ၊ ထူးချွန်ထက်မြက်သူ ဖြစ်စေချင်ကြပါတယ်။ ဒါပေမယ့် ဒီလိုဖြစ်လာဖို့ အတွက် စနစ်ကျ မှန်ကန်တဲ့ ပြုစုပျိုးထောင်မှု၊ သင်ကြားပြသမှု ပြုလုပ်ဖို့ လိုတယ်ဆိုတာကိုတော့ တယ်ပြီး အလေးထားလေ့ မရှိကြပါဘူး။ တချို့က အလေးထား ပေမယ့် နည်းမှန် လမ်းမှန်ကို မသိရှိကြပါဘူး။ နာမည်ကြီးကျောင်း၊ နာမည်ကြီးကျူရှင် အပ်လိုက်ရင် တာဝန်ကျေပြီလို့ ယူဆနေကြ သူသာများပါတယ်။ ဒါကြောင့် **“ကလေးတွေကို ပြုပြင်ချင်ရင် မိဘတွေကို**

www.burmeseclassic.com


**အရင်ဆုံး ပြုပြင်ပါ”** ဆိုတဲ့ စကား ဖြစ်လာရတာပေါ့။

ဒီနေ့ခေတ် မိဘတိုင်းဟာ သားသမီးတွေကို “ဒီ” ၅ လုံး၊ “ဒီ” ၆ လုံးတွေနဲ့အောင်ပြီး ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်လာဖို့လောက်ကိုသာ အမြင့်ဆုံး ရည်မှန်းချက်အဖြစ် ထားရှိတတ်ကြပါတယ်။ လူ့လောကအတွက် အဖိုးတန်တဲ့ “လူ့အဖိုးတန်” လေးတွေ ဖြစ်လာစေရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုး ထားရကောင်းမှန်းသိသူ နည်းပါးလှပါတယ်။

ရာထူးကောင်းကောင်း၊ ဝင်ငွေကောင်းကောင်း ရှိသူတိုင်းကို “လူ့အဖိုးတန်” လို့ သတ်မှတ်နိုင်တာ မဟုတ်ပါဘူး။ ကိုလံဘီယာ လွန်းပြန်ယာဉ်နဲ့အတူ သေဆုံးသွားခဲ့ကြရှာတဲ့ အာကာသ သူရဲကောင်း (၇) ဦးလို အများအကျိုး၊ လူသားများအကျိုးအတွက် အသက်စွန့်ဖို့ ဝန်မလေးတဲ့စိတ် ရှိသူမျိုးကိုသာ “လူ့အဖိုးတန်” လို့ သတ်မှတ်ကြောင်း ကလေးတွေ သိစေဖို့ မိဘများက ဆောင်ရွက်ပေးဖို့ လိုအပ်ကြောင်း နှိုးဆော်လိုက်ချင်ပါတယ်။

# လူငယ်တွေ ဟက်ဟက်ပက်ပက် ရယ်မောနိုင်ပါစေ

ကျောင်းဆရာ လုပ်ရတာ မလွယ်ပါဘူး။ ဆရာ ပီသအောင် လုပ်လေ ပင်ပန်းလေပါပဲ။ အထူးသဖြင့် မြန်မာပြည်လို နိုင်ငံမှာ ကျောင်းဆရာ လုပ်ရတာက တခြားနိုင်ငံတွေမှာထက် ပိုပြီးပင်ပန်း၊ ပိုပြီးတာဝန်ကြီးတယ် ထင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မြန်မာနိုင်ငံမှာက "ဆရာ" ဆိုတာ အနန္တောအနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် သဘောထားကြတာကြောင့်၊ တပည့် ကျောင်းသူ ကျောင်းသားများက မိဘနဲ့ တန်းတူလေးစား ရိုကျိုးကြပါတယ်။ မိဘကို အားကိုး အားထားပြု သလို ဆရာများကိုလည်း အားကိုး အားထားပြုကြပါတယ်။

တစ်ခါတလေ ဆိုရင် မိဘကိုတောင် ဖွင့်မပြောတဲ့ကိစ္စမျိုးကို ဆရာ့ဆီလာပြီး ရင်ဖွင့်ရင်း တိုင်ပင်နှီးနှောကြ၊ အကြံတောင်းကြ လုပ်တတ်ကြပါသေးတယ်။ ဒါတင်မက တစ်ခါတစ်ရံ မိဘများ ကိုယ်တိုင်က သူတို့ ပြောလို့ဆိုလို့ မရတဲ့ သားသမီးများကို ပြောဆိုဆုံးမပေးဖို့ လာပြီး အကူအညီတောင်း တတ်ကြပါသေးတယ်။

www.burmeseclassic.com


ကျောင်းသင် ဘာသာရပ်မျိုး သင်ကြားတဲ့ ဆရာမဟုတ်ဘဲ၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်မျိုးစုံကို အင်္ဂလိပ်စကားပြော သင်ပေးတဲ့ ဆရာ ဖြစ်တော့ ပိုဆိုးပါတယ်။ စကားပြောသင်တယ် ဆိုတဲ့ သဘာဝအရ၊ သင်တန်းသားတွေကို စကားပြောအောင် လုပ်ရ ပါတယ်။ သတ်မှတ်စာအုပ် မထားဘဲ လွတ်လွတ်လပ်လပ်ပဲ ပြောချင် ရာပြော၊ လေ့လာ ချင်ရာလေ့လာ၊ ဆွေးနွေး ချင်ရာဆွေးနွေး၊ ပါးစပ်က အင်္ဂလိပ်စကား ပြောနေရင် ပြီးတာပဲဆိုတဲ့ စနစ်နဲ့ သင်ကြား လေ့ကျင့်တာ ဖြစ်လေတော့ စားပွဲမှာ ဝိုင်းထိုင်ကြပြီး ကိုယ့်ဝိုင်းနဲ့ကိုယ် ပြောချင်ရာ ပြောကြစမ်းလို့ ခိုင်းရပါတယ်။ အဲဒီလို သူတစ်မျိုး၊ ငါတစ်ဖုံ ပြောကြဆိုကြ ဆွေးနွေးငြင်းခုံကြ လုပ်ရင်းကနေ လေးနက် တဲ့ အကြောင်းအရာမျိုး ရောက်ချင်လည်း ရောက်သွားပါတယ်။ လူငယ်တွေရဲ့ သဘာဝအလျောက် စာအကြောင်း ပေအကြောင်း၊ နိုင်ငံရေး အကြောင်းလည်း ဆွေးနွေးငြင်းခုံကြတဲ့ အခါမျိုးလည်း ရှိပါ တယ်။ တစ်ခါတလေ အချစ်ရေး၊ အိမ်ထောင်ရေး ကိစ္စမျိုးတွေ ပြောကြ ဆိုကြတာမျိုးလည်း ရှိပါတယ်။ သူတို့ချင်း ဆွေးနွေးငြင်းခုံလို့ အတောမသတ်နိုင် ဖြစ်တဲ့အခါမှာ ဆရာပါ ဝင်ရောက်ဆွေးနွေး ရှင်းလင်းရ ပါတယ်။ အဲဒီအခါမျိုးတွေမှာ တစ်ခါတလေ တစ်ဦး တစ်ယောက်က သူ လက်တွေ့ရင်ဆိုင်နေရတဲ့ အခက်အခဲ ပြဿနာ စတဲ့ ကိစ္စမျိုးကို ထုတ်ပြောပြီး၊ ဝေဖန်ဆန်းစစ်ပေးပါ၊ အကြံပေးပါ စသဖြင့် ပြောတာမျိုးလည်း ရှိပါတယ်။

အနှစ် ၂၀ လုံးလုံး ကျောင်းဆရာ လုပ်လာ ခဲ့တာဆိုတော့ မဖြေရှင်းဘူးတဲ့ ပြဿနာရယ်လို့ မရှိတော့ဘူးလို့တောင် ဆိုနိုင် ပါတယ်။ ပညာတစ်ပိုင်း တစ်စနဲ့ အိမ်ထောင်ပြုမယ် ကြံရွယ်နေတဲ့ သူများကို အကျိုးသင့်အကြောင်းသင့် ရှင်းပြပြီး ပညာသင်ရေးကို ဆုံးခန်းတိုင် သင်ဖို့၊ ရည်မှန်းချက် ထမြောက် အောင်မြင်အောင် လုပ်ဖို့

နားချရတဲ့ အခါမျိုး ရှိသလို၊ ကလေး တစ်ယောက်ရပြီးခါမှ လင်မယား ကွာမယ် ရှင်းမယ်လုပ်ကြတဲ့ တပည့်ကျောင်းသူ၊ ဒါမှမဟုတ် ကျောင်းသားရဲ့ ကိစ္စကို ကြားဝင်ပြီး၊ ကိုယ့်သားသမီးငယ်လေးကို Broken Family အိမ်ထောင်ပျက် မိဘများရဲ့သားသမီး မဖြစ်စေဖို့ တာဝန်ရှိကြောင်း၊ အိမ်ထောင်ပျက် မိဘများရဲ့ သားသမီးများဟာ Problem Child ကလေးဆိုးကလေးတွေ ဖြစ်သွားတတ်ကြောင်း၊ တတ်သမျှ မှတ်သမျှ၊ ကြားဖူးသမျှ ရှင်းပြအောင်သွယ် လုပ်ရတာမျိုး လည်း ကြုံရတတ်ပါ တယ်။ တစ်ခါတလေ ထူးထူးဆန်းဆန်း ကိုယ့် ကျောင်းသူကျောင်းသား တပည့်မဟုတ်ပါဘဲနဲ့ တပည့်များကတစ်ဆင့် တစ်နွယ်ငင် တစ်စင်ပါလာ တတ်ကြတာမျိုးလည်း ရှိတတ်ပါတယ်။ တပည့် တစ်ယောက်ယောက်က သူ့သူငယ်ချင်း ဒါမှမဟုတ် သူ့ညီ အစ်ကို မောင်နှမများရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာတစ်ရပ်ရပ်ကို စဉ်းစားပေးဖို့၊ အကြံတောင်းဖို့ ဆိုပြီး ခေါ်လာတတ်ကြပါတယ်။

အဲဒီထက်ပိုပြီး ထူးဆန်းတာကတော့ ကိုယ့်တပည့်လည်း မဟုတ်၊ ကိုယ့်တပည့် ခေါ်လာတာလည်း မဟုတ်ဘဲနဲ့ တစ်မြို့တစ်ရွာ ကနေ စာလှမ်းရေး မိတ်ဆက်ပြီး၊ စိတ်ညစ်စရာတွေ ရင်ဖွင့်တိုင်တည် တာ၊ အကြံဉာဏ်တောင်းတာ စတာမျိုး ဖြစ်ပါတယ်။ အနှစ် ၂၀ ဆရာ သက်အတွင်း အဲဒီကိစ္စမျိုး တော်တော်လေး ကြုံဖူးပါတယ်။ ကိုယ်နဲ့ မသိမကျွမ်း မမြင်ဘူးပါဘဲနဲ့ ကိုယ့်ကို အားကိုးတကြီးနဲ့ တိုင်ပင်နှီးနှော တာ၊ အကြံတောင်းတာ ဆိုတော့လည်း (သူတို့ကလည်း ဆရာ တပည့်အဖြစ် မှတ်ယူပါ၊ သွန်သင်ညွှန်ပြပါ စသဖြင့်ပြောကြ၊ ရေးကြ တာဆိုတော့) အဝေးသင် တပည့်များအဖြစ် သဘောထားပြီး စာပြန် ရေးရ အားပေးရ လုပ်ရတာပါပဲ။

အခု အဲဒီလို စာကလေး တစ်စောင်ကို ထုတ်ပြချင်ပါတယ်။ လူအမည်၊ မြို့အမည်များ ပြောင်းထားတာ ကလွဲပြီး အားလုံး မူရင်း

www.burmeseclassic.com


အတိုင်း ဖြစ်ပါတယ်။ ဒီကလေးမလေးက ၁၀ တန်း ၂ ခါကျလို့ စိတ်ဓာတ် အကြီးအကျယ်ကျနေချိန်မှာ လှမ်းစာရေးပြီး အကြံ တောင်းတာပါ။ ဇွဲမလျှော့ဘဲ၊ ပတ်ဝန်းကျင်က ကဲ့ရဲ့တာတွေ ဂရု မစိုက်ဘဲ အပြင်ဖြေအဖြစ် ဆက်ဖြေဖို့ အကြံပေးရင်း၊ စိတ်ဓာတ် တက်ကြွလာစေမယ့် စာအုပ်ကလေးတွေ ပို့ပေးလိုက်ပါတယ်။ အခုတော့ သူ ၁၀ တန်း အောင်ပြီးပါပြီ။

**ဆရာ**

*သမီး ရိုသေစွာ စာရေးလိုက်ပါတယ်။ သမီးက (      )မြို့က (      )ပါ။ သမီး နိုင်ငံခြားမှာ အလုပ်သွားလုပ်ဖို့ ဆရာ့ကို လာတိုင်ပင် သေးတယ်လေ။ သမီး နိုင်ငံခြားမှာ အလုပ် သွားမလုပ်ဖြစ်တော့ ပါဘူး။ အဲဒီအကြောင်းလည်း ရှင်းပြရင်း၊ သမီးရဲ့ ခံစားချက် တွေလည်း ရင်ဖွင့်ချင်တာမို့ ဆရာ့ဆီ စာရေးလိုက်ရတာပါ။*

*ငယ်စဉ် ကလေးဘဝ ကတည်းကနေ ယနေ့ တက္ကသိုလ် ကျောင်းသူဘဝ ရောက်သည်ထိ စဉ်ဆက်မပြတ် သင်လာခဲ့ရာ မျိုးချစ် စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အကြောင်းတွေပါ။ သမီးဟာ ဒီသင်ခန်းစာတွေကို ကောင်းစွာ နားလည် သဘောပေါက်ခဲ့သူ ဖြစ်ခဲ့ ပါလျက် တိုင်းတစ်ပါးမှာ အလုပ်သွားလုပ်ဖို့ ဘာ့ကြောင့် ဆုံးဖြတ်ခဲ့ရပါ သလဲဆိုတဲ့ မေးခွန်းရဲ့အဖြေကို ဆရာ့ကို သမီးပြောပြပါရစေ။*

*ဆင်းရဲခြင်းရဲ့ အနှစ်သာရကို သမီးကောင်းစွာ သိရှိနားလည် ခဲ့တာ သမီး အသက် ၁၆ နှစ်ကနေ ၂၃ နှစ်အထိပါ။ သမီး စာတွေ ကြိုးစားခဲ့တယ်။ အလုပ်တွေ ကြိုးစားခဲ့တယ်။ ခါးသီးမှု ပေါင်းစုံကို အံကြိတ်ခံရင်း ခက်ခဲတဲ့ ရက်စွဲများစွာကို ဖြတ်ကျော်ခဲ့တယ်။ သမီးမှာ ရည်မှန်းချက် တစ်ခုပဲရှိတယ်။ အဲဒါကတော့ ချမ်းသာကြွယ်ဝဖို့ပါပဲ။*

*'ကံ' ကို သမီးမယုံကြည်ခဲ့ဘူး။ ဉာဏ်နဲ့ ဝီရိယကိုတော့*

အားစိုက်ခဲ့တယ်။ အချိန်တွေအများကြီးသာ ကုန်သွားတယ်။ သက္ကရာဇ်တွေသာ ပြောင်းသွားတယ်။ သမီးရဲ့ရည်မှန်းချက်က ဝေဝါး လျက်က ဝေဝါးဆဲပဲ။ သမီးက ပြည့်စုံတဲ့ဘဝကို လိုချင်တယ်။ ရအောင် ယူချင်တယ်။ ဒါကြောင့် တစ်လ (၃)သိန်းလောက် ရတယ် ဆိုတဲ့ အလုပ်ကို လက်ခံတဲ့အနေနဲ့ နိုင်ငံခြား သွားဖို့ ဆုံးဖြတ်လိုက် တယ်။ (အစ်မ တစ်ယောက် ကလည်း အရင်းအနှီး သူ ရှာပေးမယ်လို့ ပြောထားတာကိုး) အမှန်ဆို ဒီကိစ္စကို ဆရာ့ကို မတိုင်ပင်ဘဲ ထွက် သွားလည်း ရပါတယ်။ ဒါပေမယ့် သမီးဘဝမှာ ဆရာ့ကို အလေးထား တယ်။ သမီးလုပ်မယ့်ကိစ္စကို ဆုံးဖြတ်ပေးမယ့် ဆရာ့ရဲ့ အဆုံးအဖြတ်၊ အကြံဉာဏ်ဟာ မှန်လိမ့်မယ်လို့ သမီးယုံကြည်ထားတယ်။ အဲဒါကြောင့် ဆရာ့ဆီ သမီး အရောက်လာပြီး ပြောပြခဲ့တာပါ။ သမီး မသွားဖြစ်ရတဲ့ အကြောင်းရင်း (၄)ချက် ရှိတယ်။ အဲဒါတွေကတော့ . . .

(၁) သမီးကို ငွေအရင်းအနှီး ထုတ်ပေးမယ်ဆိုတဲ့ အစီအစဉ်က အကြောင်းကြောင်းကြောင့် ပျက်သွားတယ်။

(၂) ကျန်းမာရေး မကောင်းတဲ့ ဖေဖေရဲ့အခြေအနေကို သမီး ထည့် တွက်လိုက်တယ်။

(၃) သမီးမိဘတွေ ချန်ခဲ့တဲ့ မျိုးဆက်ထဲမှာ နိုင်ငံခြားသွားပြီး သူများ အလုပ် လုပ်ပေးရတဲ့ ကျွန်မျိုး မရှိစေချင်ဘူး။

(၄) မသွားစေချင်တဲ့ဘက်ကို အားသန်တဲ့ ဆရာလူထုစိန်ဝင်းရဲ့ စေတနာနဲ့ အကြံဉာဏ်ကို သမီး ယုံကြည် လက်ခံတယ်။

ဒီအကြောင်းရင်းတွေကြောင့် သမီးအလုပ် သွားမလုပ်ဖြစ် တော့ဘူး ဆိုတာ ဆရာ့ကို သိစေချင်ပါတယ်။ နောက်တစ်ခု ကတော့ အရင်တုန်းကဆို သမီးဟာ အရမ်းအောင်မြင်ချင်တယ်။ မအောင်မြင် မှာ သေမလောက် ကြောက်ရွံ့တယ်။ ဒါပေမယ့် အခုတော့ သမီးဟာ မအောင်မြင်မှာ မစိုးရိမ်တော့ဘူး။ ကံကြမ္မာရဲ့ အလှည့်အပြောင်း

www.burmeseclassic.com


တွေကို သမီးမျက်မြင်ကိုယ်တွေ့ ရင်ဆိုင်ရတော့ ကံကြမ္မာကို နည်းနည်း ယုံလာပြီ။ ကံကြမ္မာရဲ့ စီရင်ချက်ကို ဘယ်သူ တစ်ဦးတစ်ယောက် ကမျှ ပြောင်းလွဲပစ်နိုင်ပါလဲ။ သိပ်မအောင်မြင်ချင်တော့ သလိုပဲ။ အလိုလောဘတွေ ချုပ်ငြိမ်းသွားလို့နဲ့ တူပါတယ် ဆရာရယ်။

အရင်ကဆိုရင် သမီးတို့ အိမ်နောက်ဖေးက ရွံ့စေးတွေ၊ ဗွက်တွေကို သမီးသိပ်ရွံခဲ့တာ။ ငါ ဒီဘဝက လွတ်အောင် ကြိုးစားမယ် ဆိုတဲ့ အတွေးမျိုး ရှိခဲ့တယ်။ အခုတော့ သမီးဟာ အဲဒီဗွက်တွေကို အရင်က အမြင်မျိုးနဲ့ မကြည့်တော့ဘူး။ ဗွက်တွေ ကြားက ဆင်းရဲ လှတဲ့ ဘဝရယ်လို့လည်း မနာကျင်တော့ဘူး။ ဗွက်တွေကိုကြည့်ပြီး ဗွက်တွေလို့ပဲ မြင်လိုက်တယ်။ သုံးစရာပိုက်ဆံမရှိရင် စိတ်ညစ်မနေ တော့ဘူး။ မသုံးဘဲ နေလိုက်တယ်။ အရင်က အင်္ဂလိပ်စာတွေ လေ့လာရင် စိတ်ထဲမှာ ငါတစ်နေ့ အောင်မြင်ရမယ်ဆိုတဲ့ အတွေး ရှိတယ်။ အခုတော့ စိတ်ထဲမှာ ဘာမှ မရှိဘူး။ ပြီးတော့ သမီးနှလုံးသား ထဲက အူလှိုက် သည်းလှိုက် မရယ်မောတာ နှစ်နဲ့ချီနေပြီ။ (ဆင်းရဲတဲ့ ဘဝကို နာကျင်လွန်းလို့ပါ) ဒါပေမယ့် သမီး အခု အူလှိုက်သည်းလှိုက် ရယ်နိုင် အောင် ကြိုးစား ရယ်မောနေမိတယ်။ သမီးစိတ်ထဲမှာ အရင်တုန်းက ဆုံးဖြတ်ခဲ့တာက "တစ်နေ့ကျရင် ငါအောင်မြင်ရမယ်။ အဲဒီအချိန်အခါ ရောက်လို့မှ မအောင်မြင်ရင် ကိုယ့်ကိုယ်ကိုယ် ပြစ်ဒဏ် ခတ်တဲ့အနေနဲ့ သတ်သေပစ်မယ်" ဆိုတဲ့ အတွေး၊ ဆုံးဖြတ်ချက်ကို တကယ် ချထားတာ။ ဘာကြောင့်လဲ ဆိုတော့ ရှုံးနိမ့်နေတဲ့ဘဝနဲ့ လောကကြီးမှာ သမီး တစ်စက္ကန့်တောင် မနေချင်လို့ပဲ။ အဲဒီလောက်ထိ စိတ်အား ထက်သန် ခဲ့တဲ့ သမီးဟာ ခုချိန်မှာ ဒီလောက်ထိ စိတ်အေး လက်အေးနဲ့ သွေးအေး အေး နေနိုင်တာ ကိုယ့်ကိုယ်ကိုတောင် ပြန် အံ့ဩမိတယ် ဆရာ . . . ။

မြင့်မားတဲ့ လှေကားထစ်တွေကို သမီး တက်ခဲ့ဖူးတယ်။

အရမ်း ပင်ပန်းတာပဲဆရာ၊ (နွမ်းဟိုက်နေချိန်မှာ အားပေးဖော် မရှိခြင်း ဟာလည်း စိတ်မကောင်းစရာပါပဲ) သမီး အခု လှေကားထစ်လေး တွေရဲ့ အောက်ဘက်ကို ဆင်းစမ်းကြည့်တယ်။ ဆင်းရဲတဲ့ဘဝတွေထဲ ဝင်စမ်း ကြည့်တယ်ပေါ့ဆရာ။ မနက်ဆို ထန်းလျက်၊ ညဆိုငပိနဲ့ ထမင်းစားနေတဲ့လူတွေက သူတို့ဟာ ထမင်းမငတ်သေးဘူး ဆိုတဲ့ အသိနဲ့ ပျော်ရွှင်နေကြတယ်။ သမီးမပျော်ဘဲ ငိုကြွေး၊ နာကျင်၊ ကြေကွဲ၊ ဝမ်းနည်းခဲ့ရတဲ့ရက်တွေ ဘဝမှာ ထူထပ်ခဲ့တယ် ဆရာ။ သမီး ပျော်ရွှင်ခြင်းကို အပြည့်အဝ ခံစားကြည့်ချင်နေမိတယ်။

လူနေမှု အဆင့်အတန်းမြင့်တဲ့ ဧည့်ခန်းတစ်ခုရဲ့ ဆက်တီ ပေါ်မှာ ဖိမ်ရှိရှိထိုင်ရင်း ဂြိုဟ်တုက လွှင့်တဲ့ လိုင်းပေါင်းစုံကို ကြည့်ချင် တာ သမီးရဲ့အိပ်မက်ပါ။ဒါပေမယ့် ဦးခေါင်းကိုမော့ဖို့ ခွန်အား မရှိ တော့တဲ့အတွက် ငြိမ်သက်နေတဲ့ ကန်ရေပြင်ကို ငုံ့ကြည့်ရင်း တိမ်တွေရဲ့ အရောင်နဲ့ ရေညှိရေမှော်ပင် လေးတွေရဲ့ ပတ်သက်မှုကို ငေးနေရတာ သမီးရဲ့လက်ရှိဘဝပါ။ သမီး မျက်စိရှေ့မှာတော့ မိုးသား တိမ်လိပ်တွေနဲ့ ရေညှိ ပင်လေးတွေက ရောယှက်လို့ တကယ်တော့ သူတို့ရဲ့ဘဝတွေကမှ တကယ့်မိုးနဲ့မြေ . . .

လသာတဲ့ညတွေက သမီးကို ရူးသွပ်စေတယ်ဆရာ။ လူငယ် ဘဝကို ကူးပြောင်းစအရွယ်မှာ သူများထက်သာချင်၊ ထူးချွန်ချင်၊ အောင်မြင်ချင်တဲ့ သမီးရဲ့ရင်ထဲကအသိနဲ့ သမီးစွဲစွဲလန်းလန်း ဖတ်ခဲ့တဲ့ တက်ကျမ်းတွေက ခုချိန်မှာသမီးကို ရူးသွပ်ခြင်းသက်သက်ပဲ ပေးတော့ မှာလားဆရာ။ အခုဆို ကလေးတွေက သမီးကို မေးတယ်။ တက်ကျမ်းတွေဖတ်တာ ကောင်းလားတဲ့။ သမီး အလိုအလျောက် ပြုံးမိသွားတယ်။ ဆင်းရဲတဲ့လူချင်း အတူတူတောင်မှ တဲစုတ် တစ်လုံးတောင် မပိုင်တဲ့ လူဆင်းရဲ၊ ထမင်းနပ်မမှန်တဲ့ လူဆင်းရဲဆိုပြီး ကွာသေးတာပဲ။ တက်ကျမ်းတွေ အများစုက နိုင်ငံခြားက ဖြစ်ရပ်တွေ

www.burmeseclassic.com


ကို ဘာသာပြန် ထားတာ။ ‘ဝိ’ လုပ်ဖို့ဆိုတာက ‘ဝ’ မရှိလို့မှ မဖြစ်တာ။ ‘ဝ’ကို မပိုင်ဆိုင်ဘဲနဲ့ ‘ဝိ’ကို ဘယ်လိုမှ လုပ်လို့ရမယ် မထင်ပါဘူး။ ပိုက်ဆံ ၅၀ဝိ/- လောက်မှ မရှိရင် တစ်နပ်စာတောင်ပြီ။ ပိုက်ဆံ ၈၀၀ဝိ/- လောက် မရှိရင် ကျောင်းအပ်လို့ မရဘူး။ ပိုက်ဆံ ၂၀၀၀ဝိ/- လောက် မရှိရင် ကွန်ပျူတာ သင်လို့ မရဘူး။ အဖေ ကတော့ပြောပါတယ်။ ‘ထမင်းစား ကျွန်ခံလုပ်ပေါ့’ တဲ့။ သူ့နောက် ကွယ်မှာ သမီးတို့ ဝိုင်းရယ်မိတယ်။ ခေတ်ချင်းက ဘာမှ မဆိုင်တော့ တာပဲ။ ဒီတော့ ရှုးသွပ်စွာ အောင်မြင်နေချင်မယ့်အစား ရောင့်ရဲ တင်းတိမ် လိုက်တာပဲ ကောင်းမယ်နဲ့ တူပါတယ် ဆရာ. . . ။

နောက်ကိစ္စ တစ်ခုကတော့ နှလုံးသားရေးရာပေါ့ ဆရာ။ အဲဒီကောင်လေးနဲ့ သမီးနဲ့က ပထမနှစ်တုန်းက စခင်တာပါ။ သူတို့က သမီးတို့ထက် ချမ်းသာပါတယ်။ သမီးဘဝမှာ ရည်းစားထားဖို့ အစီ အစဉ် ဘယ်တုန်းကမှ မရှိခဲ့တာဟာ အောင်မြင်ချင်စိတ်တွေ လွှမ်းမိုး နေလို့ပါ။ ဒီကောင်လေးနဲ့ကလည်း စာအကြောင်း ဆွေးနွေးကြရင်းနဲ့ ခင်သွားတာပါ။ ထူးဆန်းတာတစ်ခုက သမီး သူ့ကို အရမ်းခံစားလို့ ရတာပဲ။ သမီးက ‘ဂျူး’ ဝတ္ထုတွေဖတ်ပြီး တော်ရုံ ယောကျာ်းဆို အထင် မကြီးတတ်သူပါ။ ခက်တာက အဲဒီကောင်လေးက ရုပ်လည်း သိပ် မချော၊ စာလည်း သိပ်မတော်ဘဲနဲ့ သူ့ကိုမှ သမီးက သံယောဇဉ် တွယ် နေမိတယ်။ သူကလည်း သမီးကို သံယောဇဉ် ရှိတယ်။ သူက ချမ်းသာတော့ သမီးမှာ သူ့ကို သံယောဇဉ် ရှိလျက်နဲ့ နောက်ဆုတ်ဖို့ပဲ ပြင်နေမိတယ်။ ကိုယ့်ကိုကိုယ်လည်း အရမ်းသိမ်ငယ်တယ်။ အခု သမီး စိတ်ညစ်တာက သမီး နောက်ဆုတ်ရမလား၊ ရှေ့တိုးရမလား ဆိုတာပဲ။

ရင်ထဲက ပူလောင်မှုတွေကို အရေးတယူ နားလည်ပေးတဲ့ ဆရာ့ကို ဆုံးပါးသွားပြီဖြစ်တဲ့ သမီးအမေလို သဘောထားပြီး သမီး

www.burmeseclassic.com


*ရေးပြ (ပြောပြ) နေတာပါ။ မအားလပ်တဲ့ ဆရာ့ကို စာပြန်ခိုင်းရမှာ အားနာပေမယ့် အားနာနာနဲ့ပဲ 'စာပြန်ပေးပါ' လို့ ပြောရတော့မှာပဲ ဆရာ။*

*သမီးရင်ထဲက ဒီအပူတွေကို သမီးဆရာ တစ်ယောက်တည်း ကိုပဲ ပြောပြရတာ ဆရာ့ကိုသာလျှင် ယုံကြည်လေးစားစွာ ချစ်ခင်ရ လို့ပါ။*

*ဆရာကျန်းမာရွှင်လန်းပါစေ။*

*ချစ်တပည့်*
*(          )*

ကလေးမလေးမှာက မိခင်ကွယ်လွန်သွားပြီ ဖြစ်တော့ ဖခင် ရဲ့အုပ်ထိန်းမှုနဲ့သာ နေရတာပါ။ မောင်နှမလည်း အတော်များပါ တယ်။ ဖခင်က မြို့နယ်ကလေးတစ်ခုက မြို့နယ်အရာရှိအဆင့် ဝန်ထမ်းပါ။ ဝန်ထမ်းလစာနဲ့ သားသမီးကများပြီး သိပ်သိပ် သည်းသည်းနဲ့ အိမ်ထောင်ကို အုပ်စီးမယ့် အိမ်ရှင်မကလည်း မရှိ ဖြစ်လေတော့၊ ဖောဖောသီသီ သုံးစွဲ နေထိုင်နိုင်ခြင်း ရှိပုံမရပါဘူး။ ကလေးမလေးကလည်း ဝတ်ချင်စားချင် လှချင်ပချင်တဲ့အရွယ် ဖြစ်လေတော့၊ သူ့ လက်ရှိဘဝကို မကျေနပ်နိုင်တော့ဘူးပေ့ါ။ မကျေ နပ်ရာက ထွက်ပေါက် ရှာတဲ့အနေနဲ့ နိုင်ငံခြားသွား အလုပ်လုပ်ဖို့အထိ ကြံစည် စိတ်ကူးခဲ့ သေးတယ်။ အဲဒီကာလက လာပြီးတိုင်ပင် အကြံဉာဏ် တောင်းခံတာပါ။ အဲဒီကျမှပဲ ဒီကလေးမလေးကို လူချင်း တွေ့ဖူး ရပါတော့တယ်။

ကလေးမလေးကို မသွားသင့်တဲ့အကြောင်း ရှင်းပြလိုက်ပါ တယ်။ အဲဒီနောက် ထပ်မတွေ့တော့ ပါဘူး။ ခု ဒီစာလေး ရောက်လာ

www.burmeseclassic.com



မှ နိုင်ငံခြား မသွားဖြစ်တော့ကြောင်း သိရတာပါ။ ကလေးမလေးက စာလေး ပေလေး ဖတ်တဲ့ဝါသနာ ရှိပါတယ်။ တက်ကျမ်းတွေ ဘာတွေ ဖတ်ရာက အောင်မြင်သူတွေကို အားကျစိတ်တွေ ဖြစ်လာဟန်ရှိပါတယ်။ ဒါပေမယ့် လက်တွေ့ကျတော့ သူ ပြောသလိုပါပဲ။ "ဝ" မှ မရှိဘဲ "ဝိ" လုပ်လို့ မရ ဖြစ်လေတော့ စိတ်ဓာတ်တွေ အတော်ကျနေပုံ ရပါတယ်။ အဲဒီလိုအရွယ်ရောက်ပြီး မိန်းကလေးတွေ စိတ်ဓာတ် အကြီးအကျယ် ကျဆင်းချိန်ဟာ ရည်းစားရတတ်တဲ့အချိန်ပဲ ဖြစ်ပါတယ်။ စိတ်ဓာတ်ကျရာ၊ စိတ်ညစ်ရာက ရင်ဖွင့်ဖို့ တိုင်ပင်ဖို့ နောက်ဆုံးမှာ ပခုံးပေါ် ခေါင်းမှီပြီး ငိုကြွေးဖို့ တစ်ယောက်ယောက်ကို ရှာလေ့ရှိပါတယ်။

အဲဒီ ကာလမျိုးမှာ ရတတ်တဲ့ ရည်းစားဟာ တကယ် ချစ်ခင်မြတ်နိုးသူ ဟုတ်ချင်မှ ဟုတ်ပါလိမ့်မယ်။ အတွေ့အကြုံ အရတော့ မဟုတ်တာ များပါတယ်။ စိတ်ဓာတ်ကျဆင်းနေချိန်မှာ ရင်ဖွင့်ဖို့ အဖော်သဟဲကို လိုချင်နေချိန်မှာ ခင်မင်ရင်းနှီးမှုကို "အချစ်" လို့ အထင်ရောက်သွားတတ်ပါတယ်။ ဒီအကြောင်း တော်တော်များများကို "လူငယ်နဲ့အချစ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ စာအုပ် ကလေးတစ်အုပ် ရေးခဲ့ဖူးပါတယ်။ ဒါကြောင့် အဲဒီ စာအုပ်ကလေးကိုပဲ ဒီကလေးဆီ ပို့လိုက်ပါတော့တယ်။ ဆုံးဖြတ်တာတော့ သူ့ဟာသူပဲ စဉ်းစား ဆုံးဖြတ်လိမ့်မယ်။

ဒီကလေးမလေးလိုပဲ လူငယ်မှန်သမျှ "အောင်မြင်လိုစိတ်" နဲ့ "ကြီးပွားချမ်းသာလိုစိတ်" ရှိမြဲ ဖြစ်ပါတယ်။ ဒီ ၂ ခု ကို မလိုချင်တဲ့ သူရယ်လို့ လောက မှာ မရှိပါဘူး။ ပုထုဇဉ်လူသားမှန်ရင် အောင်မြင်ချင်တာ၊ ကြီးပွားချမ်းသာချင်တာ ဓမ္မတာသဘောပါ။ ဒါပေမယ့် တကယ်ဆန္ဒ ပြည့်ဝသွားသူ ကတော့ ရာခိုင်နှုန်းအားဖြင့် တော်တော်နည်းပါလိမ့်မယ်။ ၁၀ ရာခိုင်နှုန်းတောင် ရှိပါ့မလား မသိဘူး။ ဒီလို

www.burmeseclassic.com


ဆိုရင် ဆန္ဒအတိုင်းဖြစ်မလာတဲ့ ၉၀ ရာခိုင်နှုန်းသောလူတွေ စိတ်ညစ်ပြီး သတ်သေသွားကြသလား။ မသေပါဘူး။ အဆိုးဆုံး အခြေအနေထဲမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားဖန်တီးရင်း လူ့ဘဝခရီးကို ဆက်သွားနေကြတာပါပဲ။

ဒီကလေးမရဲ့ အတွေးအခေါ်ဟာ အခုလမ်းမှန်ပေါ် ရောက်နေပြီလို့ထင်ပါတယ်။ အရင်ကလို အမြင့်ကိုချည်း မော့ကြည့်ပြီး စိတ်ဆင်းရဲမနေတော့ပါဘူး။ အောက်ကို ငုံ့ကြည့်ရင်း ကိုယ့်ထက်ဆိုးတဲ့ လူတွေကို မြင်တွေ့ပြီး ဖြေသိမ့်နေနိုင်ပါပြီ။ အခက် အခဲတွေကြားထဲကပဲ ဟက်ဟက်ပက်ပက် ရယ်မောနေနိုင်ပါပြီ။ လူ့ဘဝမှာ ဒီအချက်ဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။ ရယ်မောနိုင်ခြင်းဟာ အောင်မြင်တာ၊ ကြီးပွား ချမ်းသာတာနဲ့ မဆိုင်ပါဘူး။ ကြီးပွား ချမ်းသာနေပေမယ့် မရယ်မောနိုင်သူတွေ လောကမှာအများကြီး ရှိပါတယ်။

စိတ်ဓာတ်ကျတာ၊ စိတ်ညစ်တယ်ဆိုတာ အများအားဖြင့်တော့ ကိုယ့်ကိုယ်ကို သနားတဲ့စိတ်က ပေါ်ပေါက်လာတတ်တာ ဖြစ်ပါတယ်။ လောကမှာ ကိုယ့်ထက် သနားစရာကောင်းတဲ့လူတွေ အပုံကြီး ရှိပါသေးလားလို့ ကြည့်တတ်၊ တွေးတတ်ရင် စိတ်ညစ်တာ ပြေပျောက်သွားနိုင်တယ်။ အရေးကြီးတာက ကိုယ့်အိမ်ဝိုင်း ကျဉ်းကျဉ်းကလေးထဲမှာပဲ အောင်းမနေပါနဲ့။ အိမ်နား ပတ်ဝန်းကျင်ကို ထွက်ကြည့်ပါ။ လူတွေနဲ့ နီးနီးကပ်ကပ်ဆက်ဆံပါ။ အဲဒီအခါ ကိုယ့်ထက်သာတဲ့ လူတွေ ရှိသလို၊ ကိုယ့်ထက် အဖြစ်ဆိုးတဲ့၊ ဘဝမလှတဲ့သူတွေ အများကြီး ရှိပါသေးလားဆိုတာ သိပါလိမ့်မယ်။ အဲဒီအခါကျတော့ စိတ်သက်သာရာ ရသွားပါလိမ့်မယ်။ အဲဒီအချိန်မှာ ဟက်ဟက်ပက်ပက် ရယ်မောနိုင်ပါလိမ့်မယ်။ ကလေးမလေးဆီ သီးသန့် စာရေးလိုက်တာထက်၊ ဒီကလေးမလေးမျိုးတွေ အားလုံးသိရ ဖတ်ရအောင် ဆောင်းပါး တစ်ပုဒ်အနေနဲ့ ရေးလိုက်တာ ကောင်းမယ်ယူဆပြီး ဒီစာ

www.burmeseclassic.com


ရေးဖြစ်သွားတာပါ။ ပြီးမှ ဒီဆောင်းပါးပါတဲ့ စာအုပ်ကို ကလေးမလေးဆီ ပို့ပေးလိုက်ပါမယ်။

# အင်္ဂလိပ်စကားပြော တတ်ချင်သူများအတွက်

"ကျွန်တော့်သမီးက အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့တော့ရပြီးပါပြီ။ ဒါပေမယ့် စကားလဲ မပြောနိုင်၊ သတင်းစာတွေ မဂ္ဂဇင်းတွေလဲ မဖတ်နိုင်ပါဘူး။ သံရုံးတွေကဖွင့်တဲ့ သင်တန်းတွေလဲ တက်နေတာပဲ။ ဒါပေမယ့် ထင်သလောက် တိုးတက်မလာဘူး။ အဲဒါ ဘာဖြစ်လို့လဲ"

အနှစ်(၂၀)လုံးလုံး စကားပြောသင်တန်းဆရာ လုပ်လာတဲ့ ကာလတစ်လျှောက်မှာ ဒီစကားမျိုး နေ့တိုင်းကြားခဲ့ရပါတယ်။ သင်တန်း လာတက်ကြတဲ့ လူအားလုံးလိုလိုလည်း ဒီအတိုင်းပါပဲ။ အင်္ဂလိပ်စာသင်တဲ့ ဆရာမတော့ လုပ်နေပါရဲ့ အင်္ဂလိပ်စကားတော့ မပြောတတ်၊ အင်္ဂလိပ်စာအုပ်တွေတော့ မဖတ်တတ်ပါဘူး။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေတော့ ဖြစ်လာပါရဲ့၊ နိုင်ငံခြားသားတွေနဲ့ ထိတွေ့ဆက်ဆံတဲ့အခါကျတော့ ပြောတတ်ဖို့ဆိုတာထား၊ သူပြောတာကိုတောင်မှ သေသေချာချာ နားလည် သဘောပေါက်နိုင်စွမ်း မရှိကြပါဘူး။

မကြိုးစားကြလို့လား ဆိုတော့လည်း မဟုတ်ပါဘူး၊ ဒီခေတ်ကလေးတွေလောက် တပင်တပန်း ကြိုးစားအားထုတ်ကြတာမျိုး

www.burmeseclassic.com



တွေ့တောင် မတွေ့ဖူးပါဘူး။ ကိုယ့်ခေတ်၊ သူတို့မိဘတွေ ခေတ်တုန်းကလည်း သူတို့လို သင်တန်းတကာ၊ ကျူရှင်တကာ လည်တက်နေရတာမျိုး မရှိခဲ့ပါဘူး။ သူတို့ခမျာတွေကျတော့ တစ်နေ့တစ်နေ့ ကျူရှင်တွေနဲ့သာ အချိန်ကုန်နေကြရ ရှာတာပါ။ အိမ်ဆိုတာ အိပ်ဖို့ နေရာလေးတစ်ခု လောက်သာ သူတို့အတွက် အဓိပ္ပာယ် ရှိပါတော့တယ်။ စားတာလည်း ကျူရှင်တစ်ခုနဲ့တစ်ခုကြား အားတဲ့အချိန်တိုလေးမှာ ထမင်းဗူး ဖွင့်ပြီး ဝမ်းဗိုက်ပြည့်ပြီးရော ဆိုတဲ့သဘောနဲ့ ကတိုက်ကရိုက် စားကြရရှာတာပါ။ မြန်မာကလေးတွေရဲ့ ပင်ကိုယ် ဉာဏ်ရည်ဉာဏ်သွေးကလည်း မညံ့ပါဘူး။ ထုံထုံထိုင်းထိုင်း အစားထဲက မဟုတ်ကြပါဘူး။ ဒါတောင်မှ ဘာဖြစ်လို့ ဒီခေတ် ကလေးတွေ အင်္ဂလိပ်ဘာသာစကား အပြောအဆို အရေးအဖတ်မှာ မစွမ်းကြတာလဲ ဆိုတာကို လေ့လာ သုံးသပ်ကြည့်ဖို့ ကောင်းပါတယ်။

နှစ်ပေါင်း (၂၀)ကျော် အင်္ဂလိပ်စကားပြော သင်တန်းလေးဖွင့်ပြီး သင်ကြားလာတဲ့ အတွေ့အကြုံအရ သုံးသပ်ကြည့်မိတာ ကတော့ သူတို့ သင်ယူပုံ သင်ယူနည်း မှားနေတယ်လို့ ထင်ပါတယ်။ ဒီနေ့ ကလေးတွေက ဆရာနဲ့ကျူရှင်ကို သိပ်အားထားလွန်းပါတယ်။ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှု အပိုင်းက အားနည်းပါတယ်။ ကျောင်းနဲ့ ကျူရှင်တွေမှာသာ အချိန်ကုန်နေလေတော့ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ဖို့ အချိန်ရယ်လို့ သိပ်များများစားစား မကျန်တော့ပါဘူး။

ပညာတစ်ရပ်ကို တတ်မြောက်ကျွမ်းကျင်ဖို့ရာမှာ ဆရာသင်တာနဲ့တင် မပြီးပါဘူး။ ကိုယ်တိုင် အလေ့အကျင့် လုပ်ဖို့ လိုပါ တယ်။ စက်ချုပ်တာ၊ ဆံပင်ညှပ်တာလို ကိစ္စမျိုးတောင် များများ လေ့ကျင့်မှ လက်ရာကောင်းလာတာမျိုး မဟုတ်လား။ ကိုယ့် သင်တန်းမှာ (၁၀)တန်းအဆင့်ကို အနိမ့်ဆုံးထားပြီး လက်ခံတာကြောင့် မြန်မာပြည်က (၁၀)တန်းအဆင့် ကလေးများဟာ အလုပ်ခွင်မှာ အသုံးချရုံလောက်

အင်္ဂလိပ်စာအခြေခံကိုတော့ လုံလောက်အောင် သင်ယူခဲ့ကြပြီး ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ လုပ်ငန်းခွင်အသုံးချရုံ သက်သက်ဆိုရင် သူတို့ သင်ယူခဲ့ရတဲ့ သဒ္ဒါအခြေခံနဲ့တင် လုံလောက်ပါတယ်။ ထပ်ပြီး အချိန်ဖြုန်း သင်ယူနေဖို့ မလိုတော့ပါဘူး။ (၁၀) တန်းသင် သဒ္ဒါလောက်နဲ့ နေ့စဉ်ထုတ် သတင်းစာတို့ မဂ္ဂဇင်းတို့ ဖတ်လို့ရပါတယ်။

မပြောတတ်ဘူး၊ မရေးတတ်ဘူး၊ မဖတ်တတ်ဘူးလို့ ညည်းတွားနေသူတွေကို ဘယ်လောက် များများပြောခဲ့၊ ရေးခဲ့၊ ဖတ်ခဲ့ဖူးလဲလို့ မေးခွန်းထုတ်ကြည့်ပါ။ တကယ်တမ်းကျတော့ ဘယ်သူမှ ပြောဖို့၊ ဖတ်ဖို့၊ ရေးဖို့ အလေ့အကျင့် လုံလုံလောက်လောက် မလုပ်ကြဘူး ဆိုတာ တွေ့ရပါလိမ့်မယ်။ မပြောဘဲနဲ့ ဘယ်လို ပြောတတ်မှာလဲ၊ မရေး မဖတ်ဘဲနဲ့လည်း ဘယ်လိုလုပ် ရေးတတ်၊ ဖတ်တတ်မှာလဲ။

တကယ်က (၁၀)တန်း အခြေခံလောက်ရှိထားပြီဆိုရင် စာဖတ်တတ်အောင် ရေးတတ်အောင် ကျူရှင်ထပ်တက်ဖို့ မလိုပါဘူး။ ကိုယ့်ဟာကိုယ် အိမ်မှာနေရင်း အဖတ်ကျင့်၊ အရေးကျင့်နေရင် ရပါတယ်။ ကိုယ်နားလည်နိုင်တဲ့ အရေးအသားမျိုးနဲ့ ရေးထားတဲ့ ကျောင်းသားဖတ် ပုံပြင်စာအုပ်တွေ။ ဝတ္ထုစာအုပ်တွေ အများကြီး ရှိပါတယ်။ သံရုံးစာကြည့်တိုက်တွေမှာ စာလုံးရေ (၁၅၀၀-၂၀၀၀) လောက်နဲ့ ရေးထားတဲ့ စာအုပ်မျိုးကစပြီး စာလုံးရေ သုံးလေး ငါးထောင်နဲ့ အထက်အထိ အဆင့်လိုက် ရေးထားတဲ့စာအုပ်တွေ အများကြီး ရှိပါတယ်။ ဒီစာအုပ်မျိုးတွေ ဖတ်သားရပြီးပြီဆိုရင် မူရင်း ဝတ္ထုစာအုပ်ကြီးတွေ ဖတ်တဲ့အခါ သိပ်အခက်အခဲ မဖြစ်တော့ဘူးပေါ့။ ဇာတ်လမ်းသဘောကို နားလည်ပြီဆိုတော့ အင်္ဂလိပ်စာ အရေးအသားနဲ့ စကားလုံးဝေါဟာရတွေကို စဉ်းစားဖို့ လွယ်ကူသွားပြီ ဖြစ်ပါတယ်။ အဲဒါကြောင့် သင်တန်းသားများကို စာဖတ်နိုင်သလောက် များများကြီး ဖတ်ပေးကြဖို့ အမြဲအကြံပေးပါတယ်။ အင်္ဂလိပ်စာကို ဖတ်ပြီး အသေအချာ

www.burmeseclassic.com


နားလည်ပြီ ဆိုရင် ပြန်ရေးဖို့ မခက်လှတော့ပါဘူး။

စာရေး လေ့ကျင့်ဖို့လည်း How to write စာအုပ်မျိုးတွေ ဖတ်ပြီး ကျက်မှတ်နေဖို့ မလိုပါဘူး။ ကိုယ်တစ်နေ့တာ လုပ်ခဲ့သမျှတွေကို အင်္ဂလိပ်လို ဒိုင်ယာရီရေးတဲ့ အကျင့်လေးလုပ်ထားရင် ပြီးတာပါပဲ။ စာကို အင်္ဂလိပ်လို စရေးခါစမှာတော့ ကိုယ်ပြောချင်တာကို လိုက်ရေးဖို့ အခက်တွေ့မှာပါ။ ဒါပေမယ့် မရှက်မကြောက် ကိုယ်ရေးတတ် သလိုသာ ဆက်ပြီးရေးဖြစ်အောင်ရေးပါ။ ဒိုင်ယာရီဆိုတာ တခြားသူ ဖတ်တာမှ မဟုတ်ဘဲ။ ကိုယ့်ဟာကိုယ် ပြန်ဖတ်တာဆိုတော့ မှားလည်း ရှက်စရာမရှိဘူး မဟုတ်လား။ တစ်လကိုးသီတင်း ရေးစဉ်မပျက် ရေးပြီးပြီဆိုရင်၊ ရေးစက အခက်အခဲဖြစ်နေတာလေးတွေကို အလွယ်တကူနဲ့ ရေးချနိုင်တာကို တွေ့ရပါလိမ့်မယ်။ ဒိုင်ယာရီရေးလို့ အတော်လေး လက်သွက်လာပြီဆိုရင် အက်ဆေးလေးတွေ ရေးကြည့်ပါ။ မကြောက် ပါနဲ့။ အင်္ဂလိပ်စကားပြောတဲ့ အင်္ဂလိပ်လူမျိုး၊ အမေရိကန်လူမျိုးတွေထဲ မှာလည်း ကိုယ့်လောက်တောင် အင်္ဂလိပ်စာမတတ်၊ မရေးတတ်သူတွေ ရှိနေပါလားဆိုတာကို အမြဲခေါင်းထဲမှာ ထည့်ထားပါ။ ဒီနေ့ကမ္ဘာမှာ ထိပ်တန်းရောက်နေတဲ့ ဂျပန်လူမျိုးအများစုဟာ မြန်မာတွေလောက် အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာ မတတ်ကြပါဘူး။ မပြောတတ်ဘူး၊ မပြောတတ်ဘူးဆိုတဲ့ မြန်မာတွေ နိုင်ငံခြားရောက်သွားတဲ့အခါမျိုးမှာ ကိုယ်လိုချင်တာ၊ လုပ်ချင်တာကို တစ်ဖက်သား နားလည်အောင် လောက်တော့ ပြောတတ်ပါတယ်။ ဂျပန်တွေ မပြောတတ်ဘူးဆိုရင် တကယ်ကို ဘာဆိုဘာမှ မပြောတတ်တာပါ။ အဲဒီလို မပြောတတ်ပေမယ့် ဂျပန်တွေကို လူတကာက တလေးတစား ဆက်ဆံနေကြရတယ် မဟုတ်လား။

အရေးအဖတ်တတ်ဖို့ ကျူရှင်တက်စရာ မလိုပါဘူး။ ကိုယ့်ဟာကိုယ် များများဖတ်ကျင့်၊ ရေးကျင့် လုပ်လို့ရပါတယ်။ အင်္ဂလိပ်စကား

ပြောဖို့ကျတော့ အဖော်များများ လိုပါတယ်။ တစ်ယောက်တည်း စာအုပ်ဖတ်ပြီး အလွတ်ကျက်ရုံနဲ့ မပြောတတ်ပါဘူး။ သိပ်တတ်ချင်လွန်းလို့ တစ်ယောက်တည်း ဆရာကို အိမ်ခေါ်သင်လည်း မပြောတတ်ပါဘူး။ စာအုပ်ထဲမှာပါတဲ့ အပြန်အလှန် စကားပြောခန်းတွေ ကြည့်ပြီး ဆရာတစ်လှည့် ကိုယ်တစ်လှည့် ပြောနေရုံနဲ့ မရပါဘူး။ အဲဒီလို လုပ်လို့ ပြောနည်းကိုသာ သိနိုင်ပါတယ်။ အသံထွက် မှန်အောင်သာ ဆရာက ပြင်ပေးနိုင်ပါတယ်။ ရောက်တတ်ရာရာ အကြောင်းအရာတွေကို နှုတ်သွက် အာသွက် ပြောထွက် လာအောင်တော့ ဆရာက မတတ်နိုင်ပါဘူး။ ဒီလိုဖြစ်ဖို့ ပြောဘက်အဖော် များများရှိဖို့လိုပါတယ်။ အဖော်များတော့ တစ်ယောက်တစ်ပေါက်နဲ့ ရောက်တတ်ရာရာတွေ ပြောဖြစ်ကြပါတယ်။ အားလုံးက မတတ်သေးလို့ တတ်အောင် လေ့ကျင့်နေကြသူချည်းဆိုတော့ ရှက်ရွံ့နေစရာလည်း မလိုဘူးလေ။ ကိုယ့်ထက်အားနည်းသူက သူပြောချင်တာ မပြောတတ်လို့ ဝေါဟာရ မသိလို့ မေးရင်ကိုယ်က ရှင်းပြပေးနိုင်သလို၊ ကိုယ့်ထက် အားကောင်းသူနဲ့တွေ့တော့လည်း ကိုယ်က မေးနိုင်တာပေါ့။ မေးတာပဲဖြစ်ဖြစ်၊ ဖြေတာပဲဖြစ်ဖြစ် ကိုယ့်ပါးစပ်က စကားတွေ ပြောနေရတယ် မဟုတ်လား။ တစ်ခုတော့ ရှိပါတယ်၊ စကားဝိုင်းမှာ မြန်မာလို လုံးဝမပြောရ ဆိုတဲ့ စည်းကမ်းတော့ ချထားဖို့လိုပါတယ်။ အင်္ဂလိပ်စကားပြော လေ့ကျင့်တယ်ဆိုပြီး မြန်မာလိုတွေ ပြောနေလို့တော့ အလကားပဲ ဖြစ်မှာပေါ့။

နှုတ်သွက်လျှာသွက် ဖြစ်ဖို့သာ အဖော်များများလိုတာပါ။ ကျန်တာတွေက ကိုယ်ဟာကိုယ် အလေ့အကျင့် လုပ်လို့ရပါတယ်။ နားလေ့ကျင့်တာလည်း အိမ်မှာ ရုပ်ရှင်ကားတွေ ကြည့်ရင်း၊ သီချင်းတွေဖွင့်နားထောင်ရင်း လုပ်လို့ရပါတယ်။ အင်္ဂလိပ် စကားပြော အခွေတွေ ဈေးကြီးပေးဝယ်ပြီး နားထောင်ဖို့ မလိုပါဘူး။ ဒီလိုအခွေတွေ နားထောင်ရတာ ကြာတော့ ငြီးငွေ့ပြီး နားမထောင်ချင်တော့ပါဘူး။ သီချင်းခွေ

www.burmeseclassic.com


ဆိုတော့ အကြိမ်ရာထောင် နားထောင်လည်း ငြီးငွေ့တယ် မရှိဘူးလေ။ သီးချင်းလိုက်ဆိုတာဟာ အသံထွက်မှန်ဖို့ လေ့ကျင့်ရာလည်း ရောက်ပါတယ်။ ပညာဆိုတာ ယူတတ်ရင် ရုပ်ရှင်ကလည်း ရပါတယ်။ သီချင်းကလည်း ရပါတယ်။ ဆေးညွှန်း စာရွက်ဖတ်ရင်းလည်း ယူလို့ရပါတယ်။ (၁၀)တန်း အခြေခံလောက် သင်ယူထားပြီးသူ တစ်ယောက်ဟာ အင်္ဂလိပ်စကားကို အလုပ်ဖြစ်ရုံလောက်သာ လိုအပ်တာ ဖြစ်ရင် ကျူရှင်တွေ၊ ကျောင်းတွေ ထပ်တက်နေစရာမလို ပါဘူးဆိုတာ ထပ်ပြီး ပြောချင်ပါတယ်။ အလုပ်ဖြစ်ရုံလောက် မဟုတ်ဘဲ အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာကို အဓိကထားပြီး လုပ်ရတဲ့ အလုပ်မျိုး ဆိုရင်သာ ထပ်ပြီး သင်ယူဖို့ လိုပါတယ်။ ပညာဆိုတာ ဘယ်ပညာမဆို သင်ယူလို့ ကုန်သွားပြီ မရှိပါဘူး။ အသက်ထက်ဆုံး သင်နေဖို့ လိုအပ်တာ ချည်းဖြစ်ပါတယ်။ ဒါပေမယ့် သင်ယူတယ် ဆိုတာမှာ ကျူရှင်တက်မှ၊ ကျောင်းတက်မှ ဖြစ်တာ မဟုတ်ပါလား ဆိုတာ အမြဲသတိပြု သင့်ပါတယ်။ ဘာမဆို ကိုယ်လုပ်မှ ကိုယ်ရ ပါတယ်။ ကျူရှင်တွေ ဘယ်လောက်တက်တက်၊ ဆရာတွေ ဘယ်လောက်သင်သင် ကိုယ်တိုင် အလေ့အကျင့် မလုပ်လို့ကတော့ ဘယ်တော့မှ ကျွမ်းကျွမ်းကျင်ကျင် ဖြစ်မလာနိုင်ဘူး ဆိုတာလည်း အမြဲသတိပြုသင့်ပါတယ်။

နောက်ဆုံး နိဂုံးချုပ် ပြောလိုက်ချင်တာကတော့ . . .

အင်္ဂလိပ်စာ ဖတ်တတ်ချင်ရင် အင်္ဂလိပ်စာ များများဖတ်။

အင်္ဂလိပ်စာ ရေးတတ်ချင်ရင် အင်္ဂလိပ်စာ များများရေး။

အင်္ဂလိပ်စကား ပြောတတ်ချင်ရင် အင်္ဂလိပ်စကား များများပြော။ ဒီနည်း (၃) နည်းကလွဲပြီး တစ်ခြားနည်းလမ်း မရှိဘူးဆိုတာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

# မိန်းကလေးတွေ
# အိမ်ဦးနတ်နေရာ ရယူပါ

နိုဝင်ဘာ (၂၉) ရက်နေ့မှာ နှစ်စဉ်ကျင်းပတဲ့ စာရေးဆရာမကြီး၊ သတင်းစာဆရာမကြီး ဒေါ်ဒေါ် လူထုဒေါ်အမာရဲ့ (၈၇)နှစ်ပြည့် မွေးနေ့ပွဲကို တက်ရောက်ဖို့ မန္တလေးကို နှစ်ပေါင်း ၂၀ အတွင်း ဒုတိယအကြိမ် ရောက်ခဲ့ပြန်ပါတယ်။

ဒီခရီးမှာ ခေတ္တ ရန်ကုန်ရောက်နေတဲ့ အမေရိကန်နိုင်ငံသူ သတင်းစာ ဆရာမလေး တစ်ယောက်လည်း လိုက်ပါလာခဲ့ပါတယ်။ သူက မြန်မာနိုင်ငံရဲ့ စွဲမက်ဖွယ်အလှတွေကို ဓာတ်ပုံရိုက်ပြီး "ဓာတ်ပုံအက်ဆေး" တစ်ခု ဖန်တီးဖို့ ရည်ရွယ်ချက်နဲ့ လာခဲ့တာ ဖြစ်ပါတယ်။

ဆောင်းမနက် စောစော မြူနှင်းတွေ ဝေနေတဲ့ တောင်သမန်က ဦးပိန်တံတားကြီးရဲ့ အလှကို ဓာတ်ပုံရိုက်နိုင်ဖို့ အဖော်ထည့်ပြီး သွားကြည့်ခိုင်း လိုက်ပေမယ့် မိနစ်ပိုင်းအတွင်းမှာပဲ ပြန်ရောက်လာပါတယ်။ တံတားကြီးရဲ့ အလှထက် အံ့မခန်း ထူးခြား လှတဲ့ လူတွေရဲ့ မြင်ကွင်းအလှက ပိုပြီးစိတ်ဝင်စားစရာ ကောင်းလို့ ဒီရှုခင်းတွေကိုပဲ ဓာတ်ပုံ ရိုက်တော့မယ်ဆိုပြီး တဖျပ်ဖျပ်နဲ့ လိုက်ရိုက်နေပါတော့တယ်။

www.burmeseclassic.com


ညနေဘက်ကျတော့ မန္တလေး VEC ကျောင်းက ဆရာမကြီး ဒေါ်ဝင်းဝင်းမေနဲ့ ဆရာ၊ ဆရာမများက မွေးနေ့ပွဲတက်ဖို့ လိုက်ပါလာခဲ့ကြတဲ့ နိုင်ငံခြားသားဧည့်သည် လေးယောက်နဲ့တကွ မန္တလေးသား စာရေးဆရာများဖြစ်ကြတဲ့ ကျော်ရင်မြင့်၊ နေဝင်းမြင့်၊ ညီပုလေး၊ သတင်းထောက်မလေးဖြစ်ဖို့ စပြီးခြေလှမ်းချနေတဲ့ အင်္ဂလိပ်စာပြ ဆရာမလေး ဖြူဖြူမြင့်တို့အပါအဝင် လူပေါင်း ၁၅ ယောက် လောက်ကို ခန်းနားထည်ဝါလှတဲ့ ဧရာမစားသောက် ဆိုင်ကြီးတစ်ဆိုင်မှာ ကြီးကျယ်လှတဲ့ ညစာစားပွဲကြီးနဲ့ တည်ခင်း ဧည့်ခံတော့လည်း သူတို့မှာ တအံ့တသြ ဖြစ်ရ ပြန်တာပါပဲ။ တစ်ခါမှ မတွေ့ဖူးတဲ့၊ ကိုယ်နဲ့လည်း ဘာမှမဆိုင်တဲ့၊ နောက်လည်းတွေ့ကြုံစရာ အကြောင်းမရှိလှတဲ့ နိုင်ငံခြားသား တစိမ်းပြင်ပြင်တွေကို ဒီလို ငွေကုန်ကြေးကျ အများကြီး ခံပြီး ကျွေးမွေးတဲ့ ဆရာမကြီး ဒေါ်ဝင်းဝင်းမေကိုကြည့်ပြီး "အံ့ရော၊ အံ့ရော" ရေရွတ်ကြပြန်ပါတယ်။ မန္တလေးမှာ ငါးရက် ခြောက်ရက် သူတို့နေသွားကြတဲ့ ရက်ပိုင်းအတွင်းမှာ FEC နဲ့ ပေးရတဲ့ သူတို့ဟိုတယ်ခကို သူတို့ဘာသာ ပေးရတာကလွဲပြီး စားဖို့သောက်ဖို့ တစ်ပြားတစ်ချပ်မှ သူတို့အိတ်ထဲက မကုန်လိုက်ရဘူးလေ။

မနက် အိပ်ရာထပြီးနောက် မင်းသီဟဆိုင်မှာ နံနက်ခင်းစာ စားကြတော့လည်း မန္တလေးသားတွေက သူပေးမယ် ငါပေးမယ် လုပြီး ပေးနေကြတာကလား။ နေ့လယ်စာ၊ ညစာကျတော့လည်း ဟိုလူက လိုက်ကျွေး၊ ဒီလူကလိုက်ကျွေးနဲ့ နိုင်ငံခြားသူလေးတွေအဖို့ မယုံကြည်နိုင်စရာချည့် ဖြစ်နေရတော့တာပေါ့။ အမိက ဦးတည်ပြီး လာကြတဲ့ ဒေါ်ဒေါ့်အိမ်မှာတောင် နေ့လယ်စာတစ်နပ်ပဲ စားခဲ့ကြရတယ်။

ငွေထက် လူကိုတန်ဖိုးထားတဲ့ ဆက်ဆံရေးမျိုး သူ့တစ်သက် အဲဒီတစ်ခါသာ တွေ့ဖူးပါတယ်လို့ အမေရိကန် သတင်းစာ ဆရာမ

www.burmeseclassic.com


လေးက စိတ်ထိထိခိုက်ခိုက်နဲ့ ပြောရှာပါတယ်။ သူ့အသက်က ၃၀ သာသာပါ။ အလွတ်သတင်းထောက် (Freelance Journalist) အဖြစ် နိုင်ငံအနှံ့ သူရောက်ဖူးနေပါပြီ။ ဒါပေမယ့် မြန်မာပြည် လောက် ကြည်နူးရတာမျိုး မကြုံဖူးသေးပါဘူး လို့လည်း ဖွင့်ဟဝန်ခံ ပါတယ်။

သူတို့ အမေရိကန်နိုင်ငံမှာတော့ လူတွေဟာ သူများကို ချစ်ဖို့ထက် ကိုယ့်ကိုယ်ကိုယ်သာ ချစ်နေကြတာ များတယ်။ လူ့တန်ဖိုး၊ လူ့တန်ဖိုးနဲ့ ဘယ်လောက် ပြောနေနေ၊ တကယ်ကျတော့ လူထက်ငွေ ကိုသာပိုပြီး တန်ဖိုးထားနေကြတာချည့်ပါပဲလို့ သူကကြေကွဲစွာ ပြောပါ တယ်။ နောက်ပြီးတော့ တန်းတူညီမျှ အခွင့်အရေးတွေ ရှိတယ်လို့ ဘယ်လိုဆိုဆို၊ တကယ်ကျတော့ မိန်းမတွေအပေါ်မှာ အထင်အမြင် သေးတဲ့ စိတ်ဓာတ်တွေ မပျောက်သေးပါဘူး။ အမေရိကန် အစိုးရ အဖွဲ့ထဲ၊ ကွန်ဂရက် လွှတ်တော်တွေထဲမှာ မိန်းမဦးရေက လက်ချိုး ရေရင် လက်နှစ်ဖက်တောင် မပြည့်တပြည့်ပါ လို့လည်း ဆက်ပြော ပါတယ်။

အမေရိကန်မလေးရဲ့ စကားကို နားထောင်ရင်း လူ့အဖွဲ့ အစည်းမှာ မိန်းမတို့ရဲ့ "နေရာ" ကို ပြန်လည် ဆန်းစစ်ကြည့် လိုက်မိ ပါတယ်။

အရှေ့တိုင်း လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ်၊ အနောက်တိုင်း လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ်၊ ရှေးပဝေသဏီ လူ့သမိုင်း အစပျိုးချိန် ကတော့ ယောကျ်ားသားတွေက မုဆိုးလုပ်ပြီး အစာရှာထွက်တဲ့ အခါ မှာ မိန်းမလုပ်သူတွေက အိမ်မှာ ချက်တဲ့ ပြုတ်တဲ့အလုပ်၊ ကလေး ထိန်းတဲ့ အလုပ်၊ လုပ်ကြရပါတယ်။ ဒါ နေရာတိုင်းမှာ အတူတူပါပဲ။ အဲဒီခေတ်က သားများများမွေးတဲ့ မိန်းမကို "မိန်းမကောင်း" လို့ သတ်မှတ်ကြတာပေါ့။ သားများများ မွေးတဲ့အိမ်မှာ မုဆိုးများများ

www.burmeseclassic.com


ရှိတာကိုး။ ဒ့ါအပြင် မျိုးနွယ်စု တစ်စုနဲ့တစ်စု စားကျက်နယ်မြေ လုကြ၊ တိုက်ကြခိုက်ကြ ဆိုတာမျိုးတွေ အမြဲမပြတ်ရှိနေတာဆိုတော့ မျိုးနွယ်စုတိုင်း ယောက်ျားတွေ များများရှိဖို့ လိုအပ်ကြပါတယ်။

တောလိုက်မုဆိုးဘဝကို လွန်မြောက်ပြီး မြေယာစိုက်ပျိုး ထွန်ယက် နေထိုင်စားသောက်တဲ့ အဆင့် ရောက်တဲ့အခါကျတော့မှ မိန်းမတို့ရဲ့ နေရာဟာလည်း မီးနေခန်းမှာသာ မနေတော့ပါဘူး၊ ယောက်ျားက လယ်ထွန် မြေပေါက် လုပ်တဲ့အခါမှာ မိန်းမကလည်း ပျိုးကြဲကောက်စိုက် လုပ်လာကြပါတယ်။ မိန်းမရဲ့လုပ်အား မရှိမဖြစ် လိုအပ်နေပြီ ဖြစ်တဲ့အတွက်၊ အဲဒီခေတ်မှာ မိန်းမကို အထိုက် အလျောက် နေရာပေးလာခဲ့ကြပါတယ်။ ဒါပေမယ့်လည်း သားများများ မွေးတဲ့ မိန်းမကိုမှ "အိမ်ရှင်မကောင်း" ဆိုတဲ့ သတ်မှတ်ချက် ကတော့ ပြောင်းလဲ မသွားသေးပါဘူး။ တောခုတ် လယ်ထွင်လုပ်ဖို့ အတွက် လုပ်အား များများရလေ ကောင်းလေဆိုတဲ့ ကာလကိုး။

အဲဒီကတစ်ဆင့် ကုန်စည်ဖလှယ် ရောင်းဝယ်ဖောက်ကားတဲ့ အဆင့်ကို ရောက်လာတဲ့အခါကျတော့ မိန်းမတို့ရဲ့နေရာဟာ အိမ်ထောင်စုမှာ အရေးပါဆုံးနေရာကို ရောက်လာခဲ့ရပါတယ်။ တောလိုက်ရပြီး ရသမျှသားရေတွေ၊ စိုက်ပျိုးပြီးရသမျှ သီးနှံတွေကို လှည့်လည်ရောင်းချတာ ဖလှယ်တာမျိုးတွေ လုပ်လာရပြီဆိုတော့ မိန်းမနဲ့ယောက်ျား အတူတွဲပြီး သွားလာလှုပ်ရှား ရပါတယ်။ ပစ္စည်းချင်း ဖလှယ်တာ၊ ရောင်းချတာမျိုးကို အများအားဖြင့် မိန်းမ ဖြစ်သူတွေက ဒိုင်ခံလုပ်ရလေ့ ရှိပါတယ်။ ယောက်ျားသားများက တောခုတ်ဖို့၊ လယ်ထွန်ဖို့၊ မြေပေါက်ဖို့ ဓား၊ ပေါက်တူး၊ ပေါက်ပြားစတဲ့ ကိရိယာတွေကို ဝယ်ခြမ်းဖို့၊ ပန်းပဲဖိုမှာ အပ်ဖို့ လုပ်ဆောင်နေချိန်မှာ မိန်းမသားများကသာ ရောင်းချလဲလှယ်တဲ့အလုပ်ကို လုပ်လေ့ရှိပါ တယ်။

မိန်းကလေးတွေ အိမ်ဦးနတ်နေရာကို ရယူပါ

အဲဒီကတစ်ဆင့်ကျော်လွှန်လို့ "စျေးမြို့" တွေ တည်ထောင်ပြီး "စျေးသည်" လူတန်းစားရယ်လို့ ပေါ်ပေါက်လာတဲ့ခေတ် ကျရောက်ပြန်တော့ မိန်းမသားတွေက ဆိုင်ထိုင် စျေးရောင်းပြီး ယောကျ်ားဖြစ်သူက နယ်လှည့် အဝယ်ထွက်တဲ့ အဝယ်တော် လုပ်ကြရပါတယ်။ အဲဒီခေတ်မှာ မိန်းမဟာ အိမ်ထောင်စုကို စီမံအုပ်ချုပ်သူ ငွေကိုင်နေရာကို ရောက်ရှိသွားပါတယ်။

အဲဒီကစပြီး နောက်ပိုင်း စက်ရုံကြီးတွေ ဆောက် အလုပ်လုပ်ကြရတဲ့ခေတ် ရောက်တော့လည်း မိန်းမတွေဟာ ယောကျ်ားတွေနဲ့ အတူတူ စက်ရုံတွေမှာ အလုပ်လုပ်ကြပါတယ်။ တန်းတူ အခွင့်အရေး အပြည့်အဝရပြီ မဆိုနိုင်သေးပေမယ့် ရှေးရှေးကလို "အိမ်တွင်းကျေးကျွန်" အဆင့်မျိုးတော့ မဟုတ်တော့ပါဘူး။ ယောကျ်ားရဲ့ လက်ဝေခံ မဟုတ်တော့ပါဘူး။ ကိုယ့်လုပ်ခ ကိုယ်ကိုင်သုံးနိုင်တဲ့ အခွင့်အရေးမျိုးတော့ ရနေပြီ ဖြစ်ပါတယ်။

ဒီနေ့ခေတ်မှာလည်း မိန်းကလေးတွေဟာ ယောကျ်ားတွေနဲ့ တန်းတူ ပခုံးချင်းယှဉ်ပြီး လုပ်ကိုင်လှုပ်ရှားနေကြပါတယ်။ လပေါ်ကို တောင် မိန်းမသား တွေ ခြေချနိုင်ခဲ့ပါပြီ။ တိုက်လေယာဉ်မောင်းတဲ့ အမျိုးသမီး လေသူရဲတွေ ရှိသလို၊ တိုက်သင်္ဘောမောင်းတဲ့ အမျိုးသမီး ကပ္ပတိန်လည်း ရှိနေပြီ ဖြစ်ပါတယ်။ အိမ်နီးချင်း တရုတ် နိုင်ငံမှာဆိုရင် မီးရထားမောင်းတဲ့၊ ဘတ်စ်ကားမောင်းတဲ့ အလုပ်တွေမှာ အမျိုးသမီးတွေ အများကြီး ဝင်ရောက် လုပ်ကိုင်နေကြတာ တွေ့ရပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးတွေ ဖြစ်ပါတယ်။ ဒီတော့ အမျိုးသမီးတွေရဲ့လုပ်အားမပါဘဲ ဒီကမ္ဘာကြီး ရှင်သန်နေဖို့ မဖြစ်နိုင်ပါဘူး။ နောက်ပြီး ဒီနေ့ခေတ်ဟာ "ခွန်အား" ကို အားကိုး အလုပ်လုပ်ရတဲ့ခေတ် မဟုတ်တော့ပါဘူး။ စက်တွေကို

www.burmeseclassic.com



ခိုင်းစားတဲ့ ခေတ်ပါ။ ဒီတော့ အိမ်ထောင်စုတွေမှာ သားများများ မွေးဖို့ မရှိမဖြစ် လိုအပ် မနေတော့ပါဘူး။ အဲဒါကြောင့် အမျိုးသမီးတွေရဲ့ "နေရာ" ဟာ ပြောင်းသွားခဲ့ပါပြီ။ မီးဖိုခန်းနဲ့ မီးနေခန်းထဲမှာ အချိန်ကုန်နေဖို့ မဟုတ်တော့ပါဘူး။ စက်ရုံတွေမှာ၊ ရုံးခန်းကြီးတွေမှာ အမျိုးသမီးများအတွက် နေရာတွေ အများကြီး ရှိနေပါတယ်။

ဒါကို အမျိုးသမီးတွေကိုယ်တိုင် သဘောပေါက်ဖို့ လိုပါတယ်။ တန်းတူညီမျှမှုတို့၊ အခွင့်အရေးတို့ဆိုတာ တောင်းယူလို့ မရပါဘူး။ ကိုယ်တိုင် လုပ်ယူရပါတယ်။ အလုပ်လုပ်တဲ့ မိန်းမဟာ ဘယ်တော့မှ ယောကျ်ားရဲ့ အစေအပါး ဘဝမျိုး မရောက်နိုင်ပါဘူး။ အိမ်ထောင်စု စားဝတ်နေရေးအတွက် မိန်းမရဲ့ လုပ်အားခလည်း မရှိမဖြစ် လိုအပ်တယ် မဟုတ်လား။ ဒီတော့ ယောကျ်ားက "အိမ်ဦးနတ်" ဖြစ်တယ်ဆိုတဲ့ အယူအဆမျိုး အလိုအလျောက် ပျက်ပြယ်သွားခဲ့တာ ကြာလှပါပြီ။

မိန်းမဟာ အိမ်ထောင်တာဝန်ကို 'ဦးပဲ့ထမ်းသူ' နေရာယူထားရတာပါ။ ဒါကြောင့် ယောကျ်ားကို အလုပ်အကျွေးပြုတဲ့ အစေအပါး ခံယူချက်မျိုး မိန်းမရော ယောကျ်ားမှာပါ မရှိသင့်တော့ပါဘူး။ "မောင်တစ်ထမ်း မယ်တစ်ရွက်" ဆိုတာမျိုးဖြစ်ရပါတယ်။ ဒါကို မိန်းကလေးတွေကိုယ်တိုင် သဘောပေါက်ဖို့ လိုပါတယ်။ ဒါကို သဘောပေါက်ထားရင် ယောကျ်ားတွေ သဘောကျစေဖို့ ကိုယ့်ကိုယ်ကိုယ် အလှပြင်ပြီး ရောင်းကုန်ပစ္စည်းသဖွယ် ပြုမူဖို့ မလိုတော့ပါဘူး။ မိန်းမဆိုတာ ကမ္ဘာကြီးရဲ့ တစ်ဝက်ကို ရွက်ထားသူပါ။

ဧည့်သည် အမေရိကန်မလေးဟာ အသက် ၃၀ လောက် ရှိပါပြီ။ ရှေးကသာဆိုရင်တော့ ကလေး သုံး လေးယောက်ထက် မနည်း မွေးပြီး အိမ်မှာ ကလေးထိန်း၊ ထမင်းချက် အလုပ်တွေ လုပ်နေတဲ့ "ဂုဏ်ထူးဆောင် အိမ်ဖော်မကြီး" သာ ဖြစ်နေမှာပါ။ မညာ မတာ

ပြောရရင်တော့ "အိမ်တွင်းကျေးကျွန်" ပေါ့။ ယောကျ်ားရဲ့ အလုပ်အကျွေး မျှသာပဲပေါ့။ လင်ကို "အိမ်ဦးနတ်" သဖွယ် ကိုးကွယ် ဆည်းကပ် နေရမှာပေါ့။

ခုတော့ ကင်မရာတစ်လုံးလွယ်ပြီး ကမ္ဘာအနှံ့ သွားလာ လှည့်ပတ်နေတဲ့ ကိုယ့်ကိုယ်ကို ပိုင်စိုးသူပါ။ သူ့ဘဝမှာ သူသာ "အိမ်ဦးနတ်"၊ သူသာ "ဧကရီ" ပါ။

"လုပ်အား" နဲ့ "ငွေ" က အရာရာ စိုးမိုးတဲ့ခေတ်မှာ တစ်ပါး သူရဲ့ လွှမ်းမိုးမှု မခံရဖို့ မိန်းကလေးတွေ အလုပ်လုပ်ရပါမယ်။ အလုပ် မလုပ်ရင် ယောကျ်ားရဲ့ အလုပ်အကျွေးအဖြစ်နဲ့သာ ဘဝဆုံးရပါ လိမ့်မယ်။ ကမ္ဘာပေါ်မှာ မိန်းမဦးရေက ထက်ဝက်ကျော် ရှိပါတယ်။ ဒီလုပ်အားတွေ မရှိမဖြစ် လိုပါတယ်။ ဒါကြောင့် မိန်းကလေးတိုင်း ပညာသင်ပြီး အလုပ်လုပ်ကြဖို့ နှိုးဆော်ပါတယ်။ အလုပ်လုပ်ပြီး ကိုယ်တိုင် "အိမ်ဦးနတ်" နေရာ ရယူကြပါလို့လည်း တိုက်တွန်းလိုက် ပါတယ်။

# ရေတစ်ဝက်ရှိတဲ့ ပုလင်းကို ဘယ်လိုကြည့်မလဲ

တစ်လောက အမေရိကန်နိုင်ငံ နယူးယောက် မှာ ရောက်ရှိနေထိုင်တဲ့ တပည့်မလေး တစ်ယောက်ဆီက ဖုန်းရပါတယ်။ အဲဒီနေ့က နယူးယောက်မြို့ကြီး တစ်မြို့လုံး မှောင်ကျသွားတဲ့နေ့ပါ။ မြေအောက်ရထားတွေ၊ ဘတ်စ်ကားတွေ မထွက်နိုင်လို့ ၆ နာရီ ကြာအောင် ရုံးက အိမ်အရောက် လမ်းလျှောက် ပြန်လာပြီးနောက် ဖယောင်းတိုင်လေး ထွန်းပြီးထိုင်နေရင်းက ရန်ကုန်ကို သတိရလို့ ဆက်လိုက်တာလို့ ပြောပါတယ်။

ထုံးစံအတိုင်း ဆရာ နေမကောင်းပြန်ဘူး ကြားရတယ်။ သက်သာသွားပြီလားစတဲ့ ပဋိသန္ထာရစကားတွေ ပြောပြီးတော့၊ ရောက်တတ်ရာရာတွေ တစ်နာရီလောက်ကြာအောင် ပြောသွားပါတယ်။ နိုင်ငံရပ်ခြား ရောက်နေသူတိုင်း အဲဒီလိုပါပဲ။ အချိန်ကို ငွေနဲ့ စက်ပြီး စကားပြောကြတဲ့ နိုင်ငံတွေဆိုတော့ ရှည်ရှည်ဝေးဝေး စာတွေ ဘာတွေ မရေးနိုင်ကြပါဘူး။ မွေးနေ့တို့၊ ခရစ္စမတ်တို့၊ နှစ်သစ်ကူးတို့မှာ စာလေး တစ်ကြောင်း နှစ်ကြောင်းရေးပြီး ကတ်ကလေးတွေ ပို့ရုံ လောက်သာ လုပ်နိုင်ကြပါတယ်။ အီးမေးခေတ် ရောက်တော့ မကြာခဏ အီးမေး

www.burmeseclassic.com


စာတော့ ပို့နိုင်ကြပါတယ်။ ဒါပေမယ့် အားရပါးရ ရင်ဖွင့် ချင်တဲ့ အခါမျိုး ကျရင်တော့ ဖုန်းဆက်ပြီး အကြာကြီး စကားပြောတတ်ကြပါတယ်။

ဖုန်းဆက်လာတဲ့ တပည့်မကလေးကလည်း ရင်ထဲမှာ မျိုသိပ်ထားရတဲ့ စကားတွေ များလာတဲ့အခါတိုင်း ခုလိုပဲ အကြာကြီး ဖုန်းဆက်တတ်ပါတယ်။ ဒီတစ်ခါ ဖုန်းဆက်တဲ့ အကြောင်းတွေထဲမှာ သူ့ရင်ထဲ ယားကျိကျိဖြစ်နေတဲ့ ပြည်ပရောက် မြန်မာတချို့အကြောင်း စိတ်ဝင်စားစရာ ပါလာပါတယ်။ အမေရိကန်လို နိုင်ငံကြီးမှာ လူမျိုး တစ်ရာ့တစ်ပါး ရောက်ရှိ နေထိုင်ကြပါတယ်။ ဗီယက်နမ်စစ်၊ ကမ္ဘောဒီးယားစစ် စတဲ့စစ်ကြီးတွေ ပြီးသွားတော့ ဗီယက်နမ်လူမျိုး၊ ကမ္ဘောဒီးယား လူမျိုးတွေ သောင်းနဲ့ချီပြီး ရောက်ရှိသွားကြပါတယ်။ မူလ ရှိရင်းစွဲ မက္ကစီကန်တွေ၊ တရုတ်တွေ၊ အိန္ဒိယနဲ့ ပါကစ္စတန် နိုင်ငံသား တွေ၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားတွေအပြင် အာရပ်လူမျိုးတွေလည်း သောင်း သိန်းချီပြီး ရှိကြပါတယ်။ မြန်မာပြည်ပေါက် တရုတ်နွယ်ဖွား တွေနဲ့ မြန်မာစစ်စစ်တွေလည်း အတော်များနေပြီလို့ သိရပါတယ်။

အမေရိကန်ရောက် တခြားနိုင်ငံသား အားလုံးလိုလိုဟာ သူတို့ဇာတ်၊ သူတို့မျိုးနွယ်ကို မပျောက်ပျက်ရလေအောင် စုစုစည်းစည်း အသိုက်အဝန်းမပျက် နေလေ့ရှိကြပါတယ်။ တရုတ်တန်း၊ ဗီယက်နမ် ရပ်ကွက်၊ ကိုရီးယားရပ်ကွက်၊ မက္ကစီကန်ရပ်ကွက် စသဖြင့် ရပ်ကွက် ကြီးတွေတောင် ဖြစ်နေကြရုံမက ဘယ်ကိစ္စမဆို ကောင်းတာရော ဆိုးတာပါမကျန် စုစုစည်းစည်း သိုင်းသိုင်းဝိုင်းဝိုင်း လုပ်ကိုင် နေထိုင် လေ့ရှိကြပါတယ်။ တရုတ် မာဖီးယားဂိုဏ်း၊ ဗီယက်နမ် မာဖီးယား ဂိုဏ်း၊ ကိုရီးယား မာဖီးယားဂိုဏ်း စတာတွေတောင် မနည်းလှတော့ပါ ဘူးတဲ့။ မြန်မာလူမျိုး အများစုကတော့ စုစုစည်းစည်း သိုင်းသိုင်း ဝိုင်းဝိုင်း နေလေ့ မရှိကြပါဘူးတဲ့။ တချို့ဆို ကိုယ့်ကိုယ်ကို မြန်မာလူမျိုး အထင်ခံရမှာတောင် စိုးရိမ်ကြပြီး ယိုးဒယား လိုလို၊ အင်ဒိုနီးရှား လိုလို၊

www.burmeseclassic.com


ဖိလစ်ပိုင်လိုလို အယောင်ဆောင် နေကြပါတယ်တဲ့။ ရှေးဦး ရောက်နှင့်သူ တချို့ရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် တချို့ပြည်နယ်တွေမှာ မြန်မာ ဘုန်းတော်ကြီး ကျောင်းများ ရှိနေပြီဖြစ်ပေမယ့် တရုတ်ဘုန်းကြီးကျောင်း၊ ယိုးဒယားဘုန်းကြီးကျောင်း၊ သီဟိုဠ်ဘုန်းကြီးကျောင်းစတဲ့ ဘုန်းကြီးကျောင်းတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ရှက်စရာတောင် ကောင်းလှပါတယ်တဲ့။ တပည့်မလေးက သူ့စိတ်ထဲမှာ အတော်ယားကျိကျိ ဖြစ်နေလို့ ရင်ဖွင့်လိုက်တာပါ။

"ဘာဖြစ်လို့လဲ ဆရာကြီးရယ်၊ ကျွန်မတော့ ဒီကလူတွေကို သိပ်စိတ်ပျက်တာပဲ" လို့လည်း ဒေါသစကား ဆိုပါတယ်။

"နိုင်ငံခြားရောက် မြန်မာတွေရဲ့ ကောင်းကွက်ကို သမီးက မစဉ်းစားမိလို့ပါကွယ့်"

"ဘာကောင်းကွက်များ ရှိလို့လဲ ဆရာရဲ့၊ ကိုယ့်ကိုယ်ကိုယ် မြန်မာလို့ လူသိခံရမှာစိုးတာ ကောင်းတဲ့ အချက်လား"

အဲဒီတော့မှ မြန်မာတွေရဲ့ကောင်းကွက်ကို သူမြင်သာအောင် ထောက်ပြရပါတယ်။ စာနယ်ဇင်းသမား တစ်ယောက် ဖြစ်တဲ့အတွက် ရနိုင်သမျှ နိုင်ငံခြား သတင်းစာတွေနဲ့ ဂျာနယ်မဂ္ဂဇင်းတွေ အမြဲရှာဖွေဖတ်ရှုပါတယ်။ တိုင်း(မ်)တို့၊ နယူးစ်ဝိ(ခ်)တို့လို မဂ္ဂဇင်းတွေမှာ တရုတ်မာဖီးယားဂိုဏ်းတွေ၊ ဗီယက်နမ်နဲ့ ကိုရီးယား မာဖီးယားဂိုဏ်းတွေ သောင်းကျန်းကြပုံ အကြောင်းများ မကြာမကြာ ဖတ်ရှုနေရပါတယ်။ ဒါပေမယ့်လို့ အမေရိကန်မှာကြည့်ကြည့်၊ ဂျပန်နဲ့ထိုင်ဝမ်မှာ ကြည့်ကြည့်၊ မြန်မာတွေ များများရှိတဲ့ ဘယ်နိုင်ငံမှာမှ "မြန်မာ မာဖီးယားဂိုဏ်း" တွေ ရှိတဲ့အကြောင်း မဖတ်ဖူး၊ မတွေ့ဖူးပါဘူး။ ဒါ ကောင်းတဲ့အချက် မဟုတ်ဘူးလားလို့ သူ့ကို ရှင်းပြလိုက်ရပါတယ်။

ဘယ်ကိစ္စမဆို စိတ်ပျက်စရာဘက်က ကြည့်ရင် စိတ်ပျက် စရာတွေနိုင်တာချည်းပါပဲ။ အဲဒီ စိတ်ပျက်စရာလို့ ထင်ရတဲ့ ကိစ္စမျိုးကိုပဲ

တခြားတစ်ဖက်က စဉ်းစားတတ်ရင် ကောင်းကွက် တွေ့နိုင်ပါတယ်။ ရေတစ်ဝက်ရှိတဲ့ပုလင်းကို ကြည့်ပုံမျိုးပေါ့။ စိတ်ပျက်စရာဘက်က ကြည့်ရင် တစ်ဝက်ပဲ ကျန်ပါတော့လားလို့တွေးပြီး စိတ်ပျက်မှာပါပဲ။ အဲဒါကိုပဲ တစ်ဝက်ကြီးများတောင် ကျန်နေပါသေးလားလို့ တွေးလိုက်ရင် စိတ်ချမ်းသာစရာ ဖြစ်မသွားပေဘူးလား။ ဒီသဘောတရားကို တပည့်မလေးကို ရှင်းပြလိုက်တော့ သူ စိတ်သက်သာရာ ရသွားပုံ ရပါတယ်။ သူ ဖုန်းချသွားပြီးတဲ့နောက် သူပြောတဲ့ကိစ္စကို ခေါင်းထဲက အတော်နဲ့ထုတ်ပစ်လို့မရပါဘူး။ အကြာကြီးဆက်ပြီး စဉ်းစားနေမိပါတယ်။ ဒီအကြောင်းမျိုး ဒီတစ်ကြိမ်သာ ကြားခဲ့ရတာ မဟုတ်ပါဘူး။ နိုင်ငံခြားရောက် တပည့်တွေ ပြန်လာတဲ့အခါ ဖြစ်ဖြစ်၊ ဖုန်းနဲ့ စကားပြောဖြစ်တဲ့အခါ ဖြစ်ဖြစ် ဒီအကြောင်းကို ရောက်ရောက် သွားတတ်ပါတယ်။

ကမ္ဘာကြီးဟာ ရွာကြီးသာသာအဆင့် ရောက်ရှိနေတဲ့ခေတ်မှာ မြန်မာလူမျိုးတွေ အတော်များများ နိုင်ငံခြားတိုင်းပြည် အသီးသီးကို ရောက်ရှိသွားကြပါတယ်။ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ထိုင်ဝမ် စတဲ့ လမ်းပေါက်ပြီးသား နိုင်ငံတွေကိုသာမက တောင်အမေရိကတို့၊ ကင်ညာတို့လို၊ ခရစ်ဘီယန်ဒေသက ဂျမေကာလို နိုင်ငံများကိုပါ မြန်မာတွေ ရောက်ရှိနေကြပါပြီ။ စာရင်းအင်း အချက်အလက် ကောက်ယူမှတ်သား သိမ်းဆည်းတဲ့အလေ့အထ နည်းသေး တာကြောင့် နိုင်ငံရပ်ခြားဒေသ အသီးသီးမှာ မြန်မာတွေ ဘယ်ရွေ့ ဘယ်မျှ ရောက်ရှိနေထိုင်ကြတယ် ဆိုတာ မသိရပေမယ့် သိန်းဂဏန်း အတော်များများ ရှိမှာတော့ သေချာပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အနှစ် ၂၀ လောက် စကားပြော သင်တန်းကျောင်းကလေး တစ်ပိုင်တစ်နိုင် ဖွင့်ထားသူတစ်ဦးရဲ့ ကျောင်းသူ ကျောင်းသား တပည့်တောင်မှ အမေရိကန်၊ ဂျပန်၊ ထိုင်ဝမ်စတဲ့ နိုင်ငံတစ်ခုချင်းမှာ ထောင်နဲ့ချီ များပြားနေပြီ ဖြစ်တာကြောင့်ပါ။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့

www.burmeseclassic.com


တွက်ကြည့်မယ် ဆိုရင် သိန်းဂဏန်း အတော်များများ ရှိနိုင်ပြီပေါ့။

နိုင်ငံရပ်ခြားရောက် မြန်မာတွေ စုစုစည်းစည်း၊ သိုင်းသိုင်းဝိုင်းဝိုင်း ရှိမနေတဲ့ကိစ္စ စဉ်းစားကြည့်တော့၊ အတွေ့အကြုံ မရင့်ကျက်သေးဘဲ "ဝါနု" နေသေးတဲ့အတွက်လို့ ထင်ပါတယ်။ မြန်မာတွေအလုပ်လုပ်ဖို့ နိုင်ငံခြားသွားတယ်ဆိုတဲ့ အလေ့အထ ထွန်းကားပေါ်ပေါက်လာတာ တရုတ်တို့၊ ကုလားတို့နဲ့ ယှဉ်လိုက်ရင် ဘာကြာသေးတာ မှတ်လို့။ ရှိလှမှ နှစ်လေးငါးဆယ်ပေါ့။ အိန္ဒိယနိုင်ငံသားနဲ့တရုတ်နိုင်ငံသားတွေကတော့ သူတို့နိုင်ငံတွေမှာ လူဦးရေက အဆမတန် များပြားလေတော့ ဟိုရှေးကများဆို နှစ်စဉ်နှစ်တိုင်း အငတ်ဘေးကြောင့် လူတွေ သန်းနဲ့ချီပြီး သေခဲ့ကြရတာလေ။ မိုးခေါင်လို့၊ ရေကြီးလို့ လယ်တွေယာတွေ သရောကြီးခိုင်းပြီဆိုရင် အဝတ် တစ်ထည်ကိုယ်တစ်ခုနဲ့ စားစရာရှိမယ်ထင်တဲ့အရပ်ကို ပြေးကြရတာ။ ဒီတော့ကမ္ဘာအနှံ့ တရုတ်နဲ့ကုလားတွေ ပျံ့နှံ့ နေတာ နှစ်ပေါင်း ၂၀၀ ကျော်၊ ၃၀၀ နီးပါးလောက်တော့ ရှိပြီပေါ့။ ဘောင်းဘီတိုတစ်ထည်နဲ့ ဒိုတီတစ်ထည်နဲ့ တရုတ်နိုင်ငံသားနဲ့ အိန္ဒိယနိုင်ငံသားတွေ မြန်မာပြည်ရောက်လာကြတာတောင် နှစ်ပေါင်း ၁၀၀ ကျော်လောက်တော့ ရှိလောက်ပါပြီ။ မြန်မာနိုင်ငံ ဆိုတာက အင်မတန် ကုသိုလ်ထူးတဲ့ဒေသ။ တစ်နှစ်လုံး မိုးမရွာဘဲနေတဲ့ မိုးခေါင်မှုမျိုး ကြားတောင်မကြားဖူးဘူး။ လူတွေ အသောင်းအသိန်း သေကြေရတဲ့ မုန်တိုင်းကြီးတွေ တိုက်ခတ်တာမျိုးလည်း မကြုံဖူးဘူး။ စားစရာ ဆိုတာကလည်းတောထဲမှာ အလေ့ကျပေါက်နေတဲ့မျှစ် ချိုးရောင်းစားရင်တောင်ထမင်းတစ်လုတ်တော့ ဝအောင်လင်အောင် စားရတဲ့ဒေသ။ ထမင်းတစ်လုတ်တော့ ထင်းခုတ်စားရင်တောင် ရတယ်ကွယ့်လို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဒါကြောင့် ပြောခဲ့တာပေါ့။

ဒီတော့ ရှေးက မြန်မာလူမျိုးတွေ ကိုယ့်ရပ် ကိုယ့်ရွာကခွာပြီး

သွားလေ့ မရှိကြပါဘူး။ ရွာကနေ မြို့တက်နေဖို့တောင် သိပ်စိတ်ကူး ထည့်ကြတာ မဟုတ်ဘူး။ ကိုယ့်ရပ်ကိုယ့်ရွာမှာသာ အေးအေး ချမ်းချမ်း နေလေ့ရှိကြတာ။ ရှေးကဆို ချယ်ဂါရီဆွဲတဲ့ အလုပ်မျိုး၊ ဈေးထဲမှာ ကုန်ထမ်းတဲ့ ကူလီအလုပ်မျိုး၊ သင်္ဘောသား အလုပ်မျိုးကို မြန်မာတွေ ဘယ်လောက် ဆင်းရဲဆင်းရဲ လုပ်လေ့မရှိဘူး။ ကော်ရင်ဂျီ ကုလားနဲ့ ခေါ်တောကုလားတွေသာ လုပ်ကြတာ။ ပညာတော်သင်တွေ၊ သူဌေး သားသမီးတွေ၊ စော်ဘွားစော်ခံ သားသမီးတွေ၊ ဘိလပ်သွား ပညာ သင်ကြတဲ့ခေတ် ရောက်တော့လည်း ပညာသင်ပြီးတာနဲ့ ပြန်လာ ကြတာ။ သူများ နိုင်ငံမှာနေပြီး အလုပ်လုပ်နေကြတာမျိုး မရှိသလောက် ရှားတာ။ တချို့မှား ဘိလပ်သူ အင်္ဂလိပ်မနဲ့ ရတာ တောင် ဘိလပ်သူပါ ခေါ်ပြီး ပြန်လာကြတာ။ မြန်မာပြည်လောက် ဥတုရာသီကအစ၊ စားနပ်ရိက္ခာ အလယ်၊ စိတ်ယဉ်ကျေးမှုအဆုံး နေချင့်စဖွယ် ကောင်းတဲ့ နိုင်ငံ ကမ္ဘာမှာ ရှာကြည့်၊ ဘယ်တွေ့ရလိမ့်မတုံး။

မြန်မာတွေ ကမ္ဘာကိုထွက်တာ “ဝါနု” လှသေးတယ်လေ။ တရုတ်၊ ကုလားတွေလို ဝါမရင့် သေးဘူး။ ဒီတော့ အသိုင်းအဝိုင်း အစုအစည်းနဲ့ နေသားမကျသေးဘူးပေါ့။ ဒါတောင်မှ စာရေး ဆရာမကြီး ဒေါ်ပဒ္မာမြားခင်ရှိတဲ့ ဖလော်ရီဒါလို ပြည်နယ်မှာ လူကြီး လူငယ်တွေ တော်တော် သိုက်သိုက်ဝန်းဝန်း စုစုစည်းစည်း ရှိနေ ကြပြီ။ မြန်မာဘုန်းတော် ကြီးကျောင်းတောင် ဆောက်လုပ် လှူဒါန်း ပြီးပြီ။ တချို့ပြည်နယ်တွေမှာလည်း မြန်မာဘုန်းတော်ကြီး ကျောင်းတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာနေကြပါပြီ။ အင်္ဂလန် နိုင်ငံမှာလည်း မြန်မာဘုန်းတော်ကြီး ကျောင်းတွေ ရှိနေတာ အတော် ကြာပါပြီ။ လန်ဒန်ဘုန်းတော်ကြီးကျောင်း တစ်ခုကဆို ကျောင်းပိတ် ရက်တွေမှာ မြန်မာကလေးသူငယ်တွေကို မြန်မာစာနဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းတွေတောင် ပို့ချပေးနေပါတယ်။

www.burmeseclassic.com



ပြီးခဲ့တဲ့အပတ်က ဇနီးကျောင်းဆရာမရဲ့ "အောင်ဆန်း သူရိယ လှသောင်း ကျောင်းခေတ်" တပည့်ဟောင်း တစ်ဦး ဂျမေကာ နိုင်ငံက ခေတ္တပြန်လာပြီး သူ့ဆရာ ဆရာမဟောင်း ၁၇ ယောက်ကို တစ်နေရာမှာ ပင့်ဖိတ်ပြီးကန်တော့ပါတယ်။ သူက သွားဆရာဝန် တစ်ယောက်ပါ။ ဂျမေကာ ရောက်နေတာ အတော်ကြာနေပါပြီ။ အခု ဂျမေကာရောက် မြန်မာများရဲ့ ကြိုးပမ်းမှုကြောင့် မြန်မာ ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်း ရှိနေပါပြီ။ လန်ဒန်က မြန်မာ ဘုန်းတော်ကြီး တစ်ပါး လာရောက် ကျောင်းထိုင်ပေးပါတယ်လို့ မင်္ဂလာသတင်းစကား ပြောသွားခဲ့ပါတယ်။

နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ အသိုင်းအဝိုင်း ထူထောင်တယ် ဆိုတာ ဒီနည်းနဲ့ စခဲ့ကြတာချည်းပါပဲ။ တရုတ်လူမျိုးတွေက ဘုံကျောင်းကို ဗဟိုပြုသလို၊ အစ္စလာမ် ဘာသာဝင်တွေကလည်း ပလီ ကို ဗဟိုပြုခဲ့ ကြတာပါပဲ။ ဂျပန်လူမျိုးတွေကလည်း သူတို့ရဲ့ ဇင် ဘုန်းတော်ကြီး ကျောင်းများ ထူထောင်ကြပြီး၊ ဟိန္ဒူ ဘာသာဝင်တွေ ကလည်း မဟာ ပိန္နဲတို့၊ လက္ခမီဒေဝီနဲ့ စန္ဒီဒေဝီတို့စတဲ့ ဝတ်ကျောင်း တွေကို ထူထောင်ပြီး စုစည်းခဲ့ကြတာပါပဲ။ မြန်မာလူမျိုးများ နိုင်ငံ ရပ်ခြား ထွက်တာ ဝါနုသေးပေမယ့် တခြားလူမျိုးတွေလို မကောင်းတဲ့ ဘက်မှာ နာမည်ထွက်တဲ့ မာဖီးယားဂိုဏ်းတွေ မရှိတာ ဂုဏ်ယူဝင့်ကြွား စရာ မဟုတ်ပါလား။ ရေတစ်ဝက်ရှိတဲ့ ပုလင်းကို အဆိုးဘက်က ကြည့်လို့ရသလို အကောင်း ဘက်ကကြည့်လည်း ရတာပါပဲ။ အကောင်းဘက်က ကြည့်တတ်သူ အဖို့ လူ့လောကကြီးဟာ ပျော်စရာ ပါ။ ပြီးတော့ မြန်မာလူမျိုး ဖြစ်ရတာလည်း ဂုဏ်ယူစရာပါ။

# ဘီးတပ် ကုလားထိုင်နဲ့လည်း လိုရာခရီး ရောက်တာပါပဲ

တစ်နေ့က မတွေ့တာ အတော်ကြာပြီဖြစ်တဲ့ တပည့်မလေး တစ်ဦး ရောက်လာပြီး နှုတ်ဆက်ပါတယ်။ ဘာတွေများ လုပ်ကိုင်နေလဲလို့ မေးလိုက်တော့ ဆရာ မကြိုက်တဲ့အလုပ် လုပ်နေတယ်လေ။ ဒါကြောင့် ဆရာ့ဆီ မလာတာလို့ ဖြေပါတယ်။

ဘာအလုပ်များ လုပ်နေတာလဲ ထပ်မေး လိုက်တော့ သူက ပြုံးစိစိလုပ်ပြီး "အိမ်ရှင်မ အလုပ်"လို့ ဖြေပါတယ်။ ကလေး နှစ်ယောက် ရနေပြီ ဖြစ်တာကြောင့် ဘာမှ မလုပ်နိုင်တော့ဘူး၊ အိမ်မှု ကိစ္စတွေနဲ့ပဲ ဂျင်ဂျင်လည် နေရတယ်လို့လည်း ဆက်ပြောပါတယ်။ မိန်းကလေးတွေ ပညာသင်ပြီးမှ ကိုယ့်ပညာကို အသုံးမချဘဲ ကလေးထိန်း၊ ထမင်းချက် လုပ်နေတာမျိုး မနှစ်မြို့ကြောင်း အမြဲ ပြောလေ့ရှိတာကြောင့် ကလေးမက "ဆရာ မကြိုက်တဲ့အလုပ်" လို့ ပြောခဲ့တာ ဖြစ်ပါတယ်။

ဒီကလေးမဟာ တော်တော်ထက်တဲ့ မိန်းကလေးပါ။ ပညာလိုချင်စိတ်လည်း အင်မတန်ကြီးပါတယ်။ အင်္ဂလိပ်စကားပြော သင်တန်း လာတက်ရုံသာ မက၊ ကွန်ပျူတာလည်း တက်ခဲ့ပါတယ်။ စာရင်းကိုင်သင်တန်း LCCI ကိုလည်း အဆင့် ၃ ဆင့်စလုံး

အောင်မြင်ထားပြီး ဖြစ်ပါတယ်။ အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင် တစ်ယောက်ဖြစ်ဖို့ တက္ကသိုလ်က စီးပွားရေးနဲ့ ဘွဲ့ရပြီးနောက် စတိုးဆိုင်လေးတစ်ဆိုင် ဖွင့်ပါတယ်။ ကျောင်းပြီးပြီးချင်း ဘာအတွေ့ အကြုံမှ မရှိသေးခင် ထလုပ်လိုက်တာဆိုတော့ မအောင်မြင် ပါဘူး။ ဒီတော့ ဆိုင်ပိတ်ပစ်ပြီး နိုင်ငံခြားသား ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင် အလုပ် ဝင်လုပ်ပါတယ်။ တစ်နှစ်ပဲ လုပ်ပြီး အလုပ်ရှင် စက်ာပူ တရုတ်နဲ့ အဆင်မပြေလို့ ဆိုပြီး ထွက်လိုက်ပါတယ်။

အဲဒီနောက် အိမ်ထောင်ကျသွားပါတယ်။ အိမ်ထောင်ကျစမှာ မိဘများရဲ့ စီးပွားရေးလုပ်ငန်းမှာ ငွေကိုင် စာရင်းကိုင် ဝင်လုပ် နေပါသေးတယ်။ ကလေး ၁ ယောက်က ၂ ယောက် ဖြစ်သွားတော့ ဘာမှမလုပ် နိုင်တော့ပါဘူး။ ကလေးအမေ အိမ်ရှင်မကြီးပဲ လုပ်နေပါ တော့တယ်။

အင်မတန်ထက်ပြီး အင်မတန် သွက်လက်ချက်ချာတဲ့ မိန်းကလေး တစ်ယောက် အိမ်ရှင်မ သားသည်အမေအဖြစ် နစ်မြုပ် သွားရတာကို ဆရာတို့ ထုံးစံအတိုင်း နှမြောမိပါတယ်။ ဒီကလေးမဟာ ပညာလည်း တော်ပါတယ်။ ချက်ချက်ချာချာ လည်း ရှိပါတယ်။ အင်္ဂလိပ်စကားလည်း သွက်သွက်ပြောနိုင်ပါတယ်။ ဒါ့အပြင် မိဘများ ကလည်း သူ့ကို ကျောထောက်နောက်ခံ ပြုပေးနိုင်စွမ်းရှိပါတယ်။ အသက်က ခုမှ ၃၀ သာသာလေး ရှိသေးတာပါ။ သူ လုပ်ချင်စိတ် ရှိသေးလို့ကတော့ စီးပွားရေးလုပ်ငန်းတစ်ခု ကောင်းကောင်းကြီး လုပ်နိုင်တဲ့ အခြေအနေ ရှိပါတယ်။

ခက်နေတာက သူ့စိတ်၊ သူကိုယ်တိုင်ကိုက ထက်သန် တက်ကြွမှု မရှိတော့တာ။ သူ့ကိုယ်သူ ယုံကြည်မှု နည်းနေတာပါ။ ကျောင်းပြီးစ ဆိုင်ကလေးထောင်တာ မအောင်မြင်ခဲ့တဲ့ အရိပ် မည်းကြီး ဖိစီးခံနေရပုံရပါတယ်။ နောက်ပြီး ကလေး ၂ ယောက် အမေ ဖြစ်နေပြီ

www.burmeseclassic.com


ဆိုတော့ ဖိဖိစီးစီးလုပ်နိုင်မှာ မဟုတ်တော့ဘူး လို့လည်း ယူဆထားပုံရပါတယ်။

"တွေ့တာနဲ့ ဆီးပြီး ဆုံးမလိုက်တာပဲ" လို့ ယူဆသွားမှာကြောင့် ဘာမှမပြောဖြစ်လိုက်ပါဘူး။ နှမြောတာကတော့ နှမြောတာပါပဲ။ နှစ်ပေါင်း နှစ်ဆယ် ကျော် လူငယ်လေးတွေကို အညွန့်တလူလူနဲ့ တက် သထက်တက်နေဖို့ လှုံ့ဆော်အားပေးခဲ့သူ ဆရာ တစ်ယောက်အနေနဲ့၊ ပညာတတ်မိန်းကလေး တစ်ယောက်ရဲ့ဘဝ "အချည်းနှီး" ဖြစ်သွားရတာကို လည်း စိတ်မကောင်း ဖြစ်မိတာ အမှန်ပါပဲ။ နှမြောတာတွေကို ပြောချင်လွန်းလို့ နှုတ်ယားနေပေမယ့် မပြောဖြစ်လိုက်ပါဘူး။ လူငယ်တွေက ဆုံးမတာကို မကြိုက် ချင်ကြဘူး မှတ်လား။

သူတို့ကိုလည်း အပြစ်မတင်ပါဘူး၊ ဆုံးမတာ တွေချည့် နားငြီးလောက်အောင် နားထောင်နေခဲ့ ရပေမယ့် လက်တွေ့ကျတော့ ဆိုဆုံးမတဲ့ စကားတွေအတိုင်း ဘာမှဖြစ်လာတာမှ မဟုတ်ပေတာကိုး။

"ပညာရွှေအိုး လူမခိုး" တဲ့။

"ပညာတတ်မှ လူရာဝင်" တဲ့။

"ရိုးသားဖြောင့်မတ်ခြင်းသည် လူ့တန်ဖိုး" တဲ့။

သူတို့ကို ဆိုဆုံးမခဲ့တဲ့ ဆရာကိုယ်တိုင် အသက်သာ ၆၀ တိုင်ခဲ့တယ်။ ဘာတစ်ခုမှ မည်မည်ရရ ဖြစ်ဖြစ်မြောက်မြောက် စွမ်းဆောင်နိုင်ခဲ့တာမှတ်လို့။ ဒီတော့လည်း လူငယ်တွေ "ဆုံးမ" စကားမကြားချင်တော့တာ သူတို့အပြစ် မဟုတ်ဘူးလို့ လက်ခံရ တော့မှာပါ။

အခုလာတဲ့ တပည့်မလေးကိုပဲကြည့်။ သူဟာ ပညာတတ်၊ စီးပွားရေး ဘွဲ့ရ။ လန်ဒန်ကုန်သည် ကြီးများရဲ့ စက်မှုလုပ်ငန်းရှင်ကြီးများအသင်း (LCCI) က ကြပ်မတ်ကျင်းပပေးတဲ့ စာရင်းကိုင်စာမေးပွဲ အဆင့် ၃ ထိ အောင်လက်မှတ် ရပြီးသား။ သင့်တင့်တဲ့ ငွေရင်းငွေနှီးကလေးနဲ့ စီးပွားရေးလုပ်ငန်းလေး တစ်ခုကိုလည်း ရိုးသားဖြောင့် မတ်စွာ

လုပ်ဆောင်ခဲ့တာပဲ။ ဒါပေမယ့် ၁၀ တန်းတောင် မအောင်ခဲ့တဲ့ သူ့ကျောင်း နေဖော် သူငယ်ချင်းတချို့ ပွဲစားယောင်ယောင်၊ ဘာယောင်ယောင် လုပ်နေရာက သိန်းတွေရာချီ လျှိုနိုင်တန်းနိုင်တဲ့ လုပ်ငန်းရှင် သူဌေးကြီးတွေ ဖြစ်နေချိန်မှာ သူကတော့ ဆိုင်ကလေးတောင် ပိတ်ပစ်ခဲ့ရတယ်လေ။ ဒီတော့ သူ ဘာမှလုပ်ချင်စိတ် မရှိတော့တာကို အပြစ်တင်နေလို့ကော ဖြစ်မှာလား။

အပြစ်မတင်တော့ပါဘူး။ ဆုံးမစကားလည်း မဆိုတော့ပါဘူး။ ဖတ်မိခဲ့တဲ့ စာလေးတစ်ပုဒ်ထဲက စကားတချို့ကိုသာ ပြန်ပြီး ဖောက်သည်ချချင်ပါတယ်။ အစားကောင်းကလေး စားရရင် ချစ်တဲ့ သူတွေကို သတိ ရတတ်ကြသလို၊ စာကောင်းလေး ဖတ်ရရင်လည်း စာသမားများက တခြားစာသမားများကို ပြန်ပြီး ဖောက်သည်ချ ဝေမျှ ချင်တတ်ကြမြဲ ဓမ္မတာအတိုင်းမို့လို့ပါ။

ဖတ်မိတဲ့စာက ပန်းပုဆရာတစ်ယောက် အကြောင်းပါ။ တစ်နေ့မှာ အဲဒီပန်းပုဆရာဟာ မတော်တဆ ထိခိုက်ဒဏ်ရာရပြီး ခါးရိုးကျိုးသွားတဲ့အတွက် ခါးအောက်ပိုင်း လုံးဝမလှုပ်နိုင်တော့တဲ့ ဒုက္ခိတဘဝ ရောက်သွားရပါတယ်။ ဒုက္ခိတဘဝ ရောက်သွားတော့ သူဟာ မူလက သစ်သားပန်းပုတွေ ထုနေရာကနေပြီး၊ သံထည်တွေ ဘက် ပြောင်းပစ်လိုက်ပါတယ်။ သံထည် တွေဆိုတော့ ကရိန်းတွေ၊ ဝန်ချီစက်တွေ၊ ဂဟေဆော် စက်တွေသုံးပြီး လုပ်လို့ရနိုင်တာကိုး။ ဒီလိုနဲ့ သူဟာ ပေလေးငါးခြောက်ဆယ် မြင့်ပြီး၊ တန်ချိန် သုံးလေး ဆယ် လေးတဲ့ ပန်းပုထည်ကြီးတွေ လုပ်နိုင်ခဲ့ပါတယ်။ ကမ္ဘာသိ ဖြစ်တဲ့ အထိ နာမည်ကျော်ခဲ့ပါတယ်။ သူကိုယ် တိုင် ပြောခဲ့တဲ့ စကားလေး တွေကို ဖောက်သည် ချချင်တာပါ။

“ဒုက္ခိတ ဖြစ်ရတာ အင်မတန် ဆိုးပါတယ်။ ဒုက္ခိတဘဝ ရောက်ခဲ့ရင် လူဟာ ကိုယ့်ဘဝကိုယ် ပြုပြင်ပြောင်းလဲပစ်ဖို့ အရေးကြီး

ပါတယ်။ ဒီလို ပြုပြင် ပြောင်းလဲပစ်နိုင်ဖို့ ဘယ်ဆေးရုံ ဘယ်ကျောင်းတွေကမှ လုပ်မပေးပါဘူး။ ကိုယ့်ဟာကိုယ်လုပ်မှ ရပါတယ်။ ဒီလို လုပ်ဖို့ အရေးကြီးဆုံးအချက်က ဘာလဲဆိုတော့ အခြေ အနေမှန်၊ အဖြစ်မှန်ကို ရဲရဲရင်ဆိုင်လိုက်ဖို့ ဖြစ်ပါတယ်။ ပင်လယ်ကမ်းစပ် သောင်ပြင်ပေါ် လျှောက်ပြေးလို့ မရနိုင်တော့တာ မှန်ပေမယ့်၊ တခြား လုပ်နိုင်တာတွေ အများကြီး ကျန်နေပါ သေးတယ်။ သီချင်း နားထောင်လို့ ရသေးတယ်။ ပန်းချီကား အရောင်တွေ ခံစားလို့ ရသေးတယ်။ ပန်းချီတောင် ဆွဲချင်ဆွဲနိုင်ဦးမှာ။ ဦးနှောက်မထိခိုက်ဘဲ လက်တွေ အကောင်းအတိုင်း ရှိနေသေးသူအဖို့ ကွန်ပျူတာနှိပ်ပြီး လုပ်ချင်တာတွေ အများကြီး လုပ်နိုင်သေးတယ်လေ။ အရေးကြီးဆုံး က ပြုပြင်ပြောင်းလဲချင်တဲ့စိတ် ရှိဖို့ပဲဖြစ်တယ်။ စိတ်ဓာတ် ကျတယ် ဆိုတာက ကိုယ့်ဘဝကိုယ် အချည်းနှီးပဲလို့ သဘောထားလို့ပါ။ အချည်းနှီး မဖြစ်အောင် လုပ်နိုင်တာတွေ အများကြီး ရှိပါတယ်။ အနည်းဆုံးအားဖြင့် လူသားတွေကို "မေတ္တာ" တော့ ပေးနိုင်ပါသေး တယ်။ "မေတ္တာ" တစ်ခုတည်းနဲ့ လူ့လောကရဲ့ အစွန်းခံ၊ အပယ်ခံတွေရဲ့ ဘဝကို ချမ်းမြေ့အောင် စွမ်းဆောင်နိုင်ခဲ့တာပါ။

"ကျွန်တော့်လို ဒုက္ခိတဘဝ ရောက်ခဲ့ရသူအဖို့ တခြားဒုက္ခိတတွေနဲ့ ရောရောနှောနှောနေဖို့ လိုပါ တယ်။ ကိုယ့်ထက် ဆိုးသူတွေကို ကိုယ်က ကူညီနိုင်တာနဲ့အမျှ ကိုယ့်ဘဝဟာ "အချည်းနှီး" မဟုတ်ပါလား ဆိုတဲ့စိတ် ရရှိလာစေပါတယ်။ ကျွန်တော်ကတော့ ဆေးရုံကို လာပြီး ဒုက္ခိတတွေ ပါးစပ်ထဲ စုတ်တံ ကိုက်ပြီး ပန်းချီဆွဲတတ်အောင်၊ ခြေထောက်နဲ့ စုတ်တံညှပ်ပြီး ပန်းချီဆွဲတတ်အောင် သင်ကြား လေ့ကျင့်ပေးပါတယ်။ ပန်းချီဆွဲခြင်းဟာ ဒုက္ခိတများရဲ့ စိတ်ဓာတ် ကျခြင်းကို ကုစားပေးတဲ့နေရာမှာ အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့် မသန်မစွမ်း ပြန်လည်ပျိုးထောင်ရေး ဆေးရုံတွေမှာ ပန်းချီ

www.burmeseclassic.com


ဆွဲခြင်းကို လေ့ကျင့်ခန်း တစ်ခုအဖြစ် ထည့်သွင်းသင့်ပါတယ်။ ဒုက္ခိတဘဝ ရောက်ပြီး ဘီးတပ်ကုလားထိုင်နဲ့ နေရတာ စိတ်ညစ်စရာ မဟုတ်ပါဘူး။ လူတွေကြား သွားလာရမှာ ရှက်စရာ မဟုတ်ပါဘူး။ လမ်းပေါ်မှာ မောင်းနှင်သွား လာနေကြတဲ့ မော်တော်ကားတွေထဲက သန်းပေါင်းများစွာသော လူတွေလည်း မော်တာတပ်ထားတဲ့ ဘီးတပ်ကုလားထိုင်ကြီးတွေနဲ့ သွားလာနေကြတာပဲ မဟုတ်ဘူးလား။ တကယ်တော့ ကိုယ်နဲ့ သူတို့နဲ့ ဘာထူးလို့လဲ။ အတူတူပါပဲ။ ဘယ်နည်းနဲ့ သွားသွား လိုရာခရီးရောက်ဖို့ အဓိက မဟုတ်လား။ ဘီးတပ်ကုလားထိုင်နဲ့လည်း လိုရာခရီး ရောက်နိုင်တာပါပဲ”

ဒီစကားတွေဟာ အခြေအနေကို အညံ့ခံ အရှုံးပေးပြီး ကိုယ့်ဘဝကိုယ် “အချည်းနှီး” ဖြစ်စေသူ များအတွက် အင်မတန် အဖိုးတန်ပါတယ်။ ခန္ဓာကိုယ် မသန်စွမ်းပေမယ့် စိတ်သန်စွမ်း နေသူအဖို့ ဘဝဟာ ဘယ်တော့မှ “အချည်းနှီး” မဖြစ်ပါဘူး။ ခန္ဓာကိုယ် ဒုက္ခိတ မဟုတ်ပေမယ့် “စိတ်ဒုက္ခိတ” ဖြစ်နေရင်တော့ ဘယ်လိုမှ ကုစားလို့ မရနိုင်တော့ဘူးဆိုတာကို လူငယ်လေးတွေ သိစေချင်စမ်းပါဘိ။

# လူငယ်တွေရေးတဲ့
# လူကြီးများအတွက်စာပေ ရှိသင့်ပြီ

လူငယ်ဆိုင်ရာ စာအုပ်တွေကို လူငယ်တွေပဲ ဖတ်ကြသလား။လူကြီးတွေပဲ ဖတ်ကြသလား မသိရပေမယ့် လူငယ်ကို ဦးတည်ချက် ထားပြီး ရေးတဲ့ စာရေးဆရာ အားလုံးကတော့ လူကြီးတွေချည်း ဖြစ်ကြတယ်ဆိုတာ သတိထားမိပါတယ်။

"လူငယ်တွေအတွက် စာမျိုး ရေးပေးပါ"

ခုတစ်လော ဂျာနယ်အသစ်၊ မဂ္ဂဇင်းအသစ်တွေ ထွက်လာတိုင်း အယ်ဒီတာ လူငယ်လေးတွေ ရောက်လာပြီး ပြောတတ်ကြတဲ့ စကားတစ်ခွန်း ဖြစ်ပါတယ်။ နှစ်ပေါင်း ၂၀ လုံးလုံး ကျောင်းဆရာလုပ်ခဲ့လေတော့ ကျောင်းသူ ကျောင်းသားတွေကို သင်ကြားပေးတဲ့ စာတွေ၊ ကျောင်းသူ ကျောင်းသားတွေနဲ့ ဆွေးနွေး ငြင်းခုံတဲ့ စကားတွေကို စာအဖြစ် ပြန်ရေးတာ များတာကြောင့် မထင်မှတ်ဘဲ "လူငယ်စာရေးဆရာ" လို့ သတ်မှတ်တာ ခံခဲ့ရပါတယ်။

အဲဒီလိုသတ်မှတ်ချက်အရ စာမူလာတောင်း ကြတဲ့အခါတိုင်း လူငယ်စာတွေ ရေးပေးပါလို့ တောင်းဆိုတတ်ကြပါတယ်။

အမှန်က လူငယ်စာပေမျိုး ရေးမယ်လို့ ရည်ရွယ်ချက် ရှိခဲ့တာ မဟုတ်ပါဘူး။ လူငယ်တွေနဲ့ နေ့စဉ်ထိတွေ့ နေရလေတော့ သူတို့နဲ့ ဆွေးနွေးငြင်းခုံရင်း၊ တစ်ခါတလေ သူတို့ကို အားပေးရင်းကနေ သူတို့တစ်တွေအတွက်ဆိုပြီး ရေးဖြစ်သွားတာပါ။ လူငယ်ကို ဦးတည်တဲ့စာတွေ အတောင်းများလာတော့မှ ကိုယ်ရေးခဲ့တာများကို ပြန်စဉ်းစားကြည့်မိပါတယ်။ မှန်ပါတယ်။ ရေးခဲ့သမျှ စာတော်တော် များများဟာ လူငယ်တွေအတွက် ရည်ရွယ်ပြီး ရေးတဲ့ စာတွေ ဖြစ်နေတာကို တွေ့ရပါတယ်။

ကိုယ်ရေးတာတွေသာ မကပါဘူး။ ဒီနေ့ စာပေလောကမှာ ထွက်ရှိနေတဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေ၊ လုံးချင်းစာအုပ်တွေကို ငဲ့စောင်းကြည့်မိတော့လည်း လူငယ်ကိုဦးတည်ပြီး ရေးသားကြတဲ့စာမျိုးတော်တော် များတာကို သတိပြုမိပါတယ်။ ဆရာ ဦးအောင်သင်းတို့၊ ဆရာချစ်နိုင်(စိတ်ပညာ)တို့ဆို လူငယ်စာပေကို အဓိကထားရေးတဲ့ စာရေးဆရာ များအဖြစ်တောင် သတ်မှတ်ခဲ့ကြပါတယ်။ ဒီဆရာနှစ်ဦးက လူငယ်ဆိုင်ရာ စာအုပ်တွေလည်း အများဆုံးထုတ်ကြပြီး၊ ထုတ်သမျှလည်း ရောင်းအား ကောင်းကြတယ်လို့ သိရပါတယ်။ ခုနောက်ပိုင်းမှာ စာရေးဆရာ ကောင်းသာတို့၊ မန္တလေးက ကာတွန်းဆရာ ကံချွန် တို့လည်း လူငယ် စာပေတွေ အရေးများကြပါတယ်။ ရောင်းလည်း ရောင်းရပါတယ်။

လူငယ်ဆိုင်ရာ စာအုပ်တွေကို လူငယ်တွေပဲ ဖတ်ကြ သလား၊ လူကြီးတွေပဲ ဖတ်ကြသလား မသိရပေမယ့် လူငယ်ကို ဦးတည်ချက်ထားပြီးရေးတဲ့ စာရေးဆရာ အားလုံးကတော့ လူကြီးတွေချည်း ဖြစ်ကြတယ်ဆိုတာ သတိထားမိပါတယ်။

အဲဒီလို သတိထားမိတော့မှ ကျွန်တော်တို့ စာပေလောကမှာ လိုအပ်ချက်တစ်ရပ် ရှိနေသေးပါလား ဆိုတာကို သတိရလိုက်မိ

လူငယ်တွေရေးတဲ့ လူကြီးများအတွက်စာပေ ရှိသင့်ပြီ

ပါတယ်။ အဲဒီလိုအပ်ချက်က ဘာလဲဆိုတော့ “လူငယ်တွေရေးတဲ့ လူကြီးများအတွက်စာပေ” ဆိုတာမျိုး ဖြစ်ပါတယ်။

ကျွန်တော်တို့လူကြီးတွေက ကျွန်တော်တို့ အသက်အရွယ်နဲ့ အတွေ့အကြုံတွေကို အရင်းခံပြီး စာရေးကြပါတယ်။ ဒီလိုရေးတဲ့ စာမျိုးတွေက အသက်အရွယ်နဲ့ အတွေ့အကြုံ နုနယ်သေးတဲ့ လူငယ်တွေရဲ့ရင်ထဲကို ရှောရှောရှူရှူနဲ့ ဒုတ်ဒုတ်ထိ ဝင်ရောက်သွား နိုင်ပါ့မလားဆိုတာ စဉ်းစားစရာ ဖြစ်ပါတယ်။ “အကြိုက်” ဆိုတာ အသက်ပိုင်းခြားနဲ့ လိုက်ပြီး ပြောင်းလဲတတ်ပါတယ်။ ကျွန်တော် ငယ်ငယ်က အချဉ် အရမ်းစားပါတယ်။ သရက်သီးစိမ်း ဆားနဲ့တို့စားတာ ဘာဟုတ်သေးလဲ။ စူးနေအောင်ချဉ်တဲ့ မှန်ကူသီးလို ဟာမျိုးကို ငရုတ်သီးစပ်စပ်နဲ့ မြိန်ရေရှက်ရေ စားတာပါ။ ပြီးတော့ ငယ်ငယ်က ဝက်သားဆို အဆီတို့ အခေါက်တို့ လုံးဝမစားပါဘူး။ အသားမှ ကြိုက်တာပါ။ အခုတော့လည်း ဝက်သားဆို သုံးထပ်သားမှ ကြိုက်နေ ပါတော့တယ်။ ဒီတော့ ကျွန်တော်ကြိုက်တဲ့ အဆီအခေါက်ကို ကလေးတွေ လူငယ်တွေကို သိပ်ကောင်းတာပဲလို့ ပြောရင် လက်ခံနိုင်ကြပါ့မလား။ ကျွန်တော် ကြိုက်တုန်းက ကြိုက်ခဲ့ပြီး၊ အခုမှ မကြိုက်တော့တဲ့ အချဉ်စူးစူးကို မကြိုက်ကြနဲ့လို့ ပြောရင် ဟိုတုန်းက ကျွန်တော့် အသက်အရွယ်သာ ရှိသေးတဲ့ ကလေးတွေက လက်ခံပါ့မလား။

ဒီလိုရေးတာ လူငယ်တွေအတွက် ဦးတည်ရေးသားနေတဲ့ စာပေတွေ မကောင်းပါဘူး၊ မလိုအပ်ပါဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ဆည်းပူးလာခဲ့တဲ့ အတွေ့အကြုံဗဟုသုတတွေ၊ ဘဝနဲ့ ရင်းပြီးရလာခဲ့တဲ့ သင်ခန်းစာတွေကို စေတနာကောင်းနဲ့ မျှဝေပေးနေကြတဲ့ ဆရာများကို လေးစား ကြည်ညိုပါတယ်။ သူတို့စာတွေကိုလည်း တန်ဖိုးထား ဖတ်ရှုပါတယ်။ ဒီစာမျိုးတွေရှိဖို့ လိုအပ်တယ်လို့လည်း ယုံကြည်ပါတယ်။

www.burmeseclassic.com


တစ်ချိန်တည်းမှာပဲ လူငယ်တွေအတွက် လူကြီးများက ရေးတဲ့ စာမျိုး ရှိဖို့လိုအပ်သလို၊ လူကြီးတွေအတွက် လူငယ်များက ရေးတဲ့ စာမျိုးလည်း ရှိသင့်တယ်လို့ ယူဆပါတယ်။

အသက်အရွယ် ကွာဟမှုကြောင့် လူကြီးနဲ့လူငယ်၊ မိဘနဲ့ သားသမီး အကြိုက်ချင်း၊ တန်ဖိုး ထားမှုချင်းမတူ ကွဲပြားတာမျိုး၊ လူမျိုးတိုင်း နိုင်ငံတိုင်းမှာ ရှိမြဲဖြစ်ပါတယ်။ အဲဒီလို ကွဲပြားခြားနားမှု တွေကို သဟဇာတဖြစ်အောင် လူကြီးလူငယ် နှစ်ဦးစလုံးဘက်က ကြိုးစားဖို့၊ လိုက်လျောဖို့၊ အလျော့အတင်း လုပ်ဖို့ လိုအပ်ပါတယ်။ လူကြီးတွေက ဒီကိစ္စမှာ အတော်လေးကို ကြိုးစားကြပါတယ်။ လူငယ်တွေဘက်က ကြိုးစားမှု အားနည်းနေတယ်လို့ ယူဆပါတယ်။ လူကြီးတွေက သူတို့အတွေ့အကြုံတွေ၊ သူတို့ရခဲ့တဲ့ ဘဝသင်ခန်းစာ တွေသာမက သူတို့ နှစ်သက်တဲ့အရာတွေ၊ သူတို့ တန်ဖိုးထား တာတွေကိုလည်း စုံစုံစေ့စေ့ ရေးနေကြပါတယ်။ လူငယ်တွေဘက် ကတော့ အဲဒါမျိုးတွေရေးတာ နည်းပါတယ်။

စာပေဘက်က အထူးသဖြင့် ကဗျာဆရာတွေ ဘက်ကတော့ တာဝန်ကျေကြတာ သတိပြုမိပါတယ်။ ခေတ်ပေါ်ကဗျာ ခံစားမှု တွေကို ဆွေးနွေးဆန်းစစ်ပြတာမျိုး၊ လစဉ်ထုတ် မဂ္ဂဇင်းများမှာ မပြတ် ဖတ်ရှုနေရပါတယ်။ ဝမ်းသာ ကျေးဇူးတင်ရပါတယ်။

လူကြီးတွေနဲ့ အတော်ကြီးကို အလှမ်းဝေးနေတာက ဂီတပါ။ စိုင်းထီးဆိုင်တို့၊ ခိုင်ထူးတို့၊ ခင်မောင်တိုးတို့၊ ထူးအိမ်သင်တို့၊ အဠ္ဌလီ မောင်မောင်တို့ အထိတော့ လူကြီးလူငယ် အကြိုက်ချင်း တူကြပါသေး တယ်။ ဇော်ဝင်းထွဋ်တို့၊ လေးဖြူ အငဲတို့ကျတော့ နည်းနည်း ကွာဟလာ ပါပြီ။ အက်ဆစ်တို့၊ သီအိုရီတို့ကျတော့ အဖြူနဲ့အမည်းလောက်ကို ဆန့်ကျင် ခြားနားသွားပါပြီ။ ဘာတွေ အော်နေမှန်းလဲ မသိဘူး၊ နားကလော လိုက်တာ ဆိုတဲ့စကားမျိုးပဲ လူကြီးတွေဆီက ကြားရတာ များပါတယ်။

လူငယ်တွေရေးတဲ့ လူကြီးများအတွက်စာပေ ရှိသင့်ပြီ

အဲဒီအခါမျိုးမှာ လူငယ်တွေရဲ့ တုန့်ပြန်ချက်က နားငြီးရင် နားမထောင်နဲ့ နားပိတ်ထားဆိုတာပဲ ဖြစ်နေပါတယ်။ တကယ်က ဒီလို မဖြစ်သင့်ပါဘူး။ လူငယ်တွေဖက်က ခက်ထန်စွာ တုန့်ပြန်တော့ လူကြီးတွေကပိုပြီး ဒီသီချင်းတွေကို ဆန့်ကျင်လာပါတယ်။ အဲဒီတော့ ရက်ပ်တို့၊ ဟာစ်ဟော့တို့လို ဂီတသစ်တွေရဲ့ ကောင်းတာလေးတွေကို လူကြီးတွေ မသိနိုင်ကြတော့ပါဘူး။ အက်ဆစ်တို့၊ သီအိုရီတို့ရဲ့ သီချင်းလေးတွေထဲမှာ တော်တော် ကောင်းတာလေးတွေ ရှိပါတယ်။ ခေတ်လူငယ်တွေရဲ့ သီချင်းတွေဟာ ခေတ်သရုပ်မှန် သီချင်းတွေပါ။ စိတ်ကူးယဉ် အိပ်မက်တွေနဲ့ သဘာဝအလှသစ်တွေထဲမှာ တစ်ဝဲလည်လည်နဲ့ ယစ်မူးနေတဲ့ သီချင်းတွေ မဟုတ်ပါဘူး။ ချစ်တာ လွမ်းတာ ငိုကြွေးတာတွေကိုချည်း လူသိရှင်ကြား ထုတ်ပြောနေတာမျိုးတွေ လည်း မဟုတ်ကြပါဘူး။

ကဗျာဆရာတွေက ခေတ်ပေါ်ကဗျာ ခံစားမှုတွေကို ရေးဖွဲ့ပြကြသလို၊ ဂီတသမားတွေကလည်း ခေတ်ပေါ်သီချင်း ခံစားမှုတွေကို ရေးဖွဲ့ပြကြမယ်ဆိုရင်၊ ဝတ္ထုတွေ ကဗျာတွေမှာ သရုပ်မှန်ကိုသာ နှစ်သက်တတ်ကြတဲ့ လူကြီးတွေအဖို့ ရက်ပ်တို့ ဟာစ်ဟော့တို့ သီချင်းမျိုးတွေကို နှစ်သက်မလာသည့်တိုင်အောင်၊ ခုလို ခါးခါးသီးသီး ဆန့်ကျင်ကြမယ် မထင်ပါဘူး။ ဒါဆိုရင် လူကြီးနဲ့ လူငယ်တို့ရဲ့ အိမ်တွင်းပဋိပက္ခ တစ်မျိုးဖြစ်တဲ့ ကက်ဆက်စစ်ပွဲ အတော်လေး ငြိမ်းအေးသွားဖွယ်ရာ ရှိပါတယ်။

လူငယ်တွေက ကျွန်တော်တို့ လူကြီးတွေကို မျက်စိဖွင့်ပေး နားဖွင့်ပေးကြပါ။ ခေတ်ပေါ်ကဗျာတွေ သီချင်းတွေကို ကျွန်တော်တို့ လူကြီးတွေ ခံစားတတ်လာအောင် လမ်းညွှန်ပေးကြပါ။ ကူညီကြပါ။ နားမလည်ရင် မဖတ်နဲ့တို့၊ နားငြီးရင် နားပိတ်ထားတို့ ဆိုတဲ့ စကားမျိုးတွေနဲ့ လူငယ်နဲ့လူကြီးအကြား စည်းခြားဘောင်ခတ် မထားကြပါနဲ့။

www.burmeseclassic.com



သော့ပိတ်မထား ကြပါနဲ့။ လူငယ်တွေဟာ ဘောင်ခတ်တာကို မကြိုက်ကြဘူးလို့ ဆိုကြတယ် မဟုတ်လား။ လူကြီးတွေက လူငယ်တွေ အတွက်ဆိုပြီး စာတွေရေးကြသလို "လူငယ်တွေရေးတဲ့ လူကြီးများ အတွက်စာပေ" ဆိုတာမျိုးလည်း ရေးပေးကြပါလို့ မေတ္တာရပ်ခံလိုက် ပါရစေ။

# အတိုင်ပင်ခံ လုပ်ငန်းများ ထူထောင်သင့်ပြီ

စတိုင်သစ် မဂ္ဂဇင်းကတစ်ဆင့် ပေးလိုက်တဲ့ စာဖတ်ပရိသတ်တစ်ဦးရဲ့ ထူးခြားတဲ့ စာတစ်စောင်ကို လက်ခံရရှိပါတယ်။ လူငယ်တွေ အကြောင်း အဓိကထားပြီး စာတွေရေးနေတာကြောင့် လူငယ်တွေ ဆီက စာတွေ မကြာခဏ လက်ခံရရှိတတ်ပါတယ်။ အားလုံး လိုလိုက လူငယ်တွေနဲ့ အများဆုံး သက်ဆိုင်တဲ့ ပညာရေး၊ လူမှုရေး၊ အိမ်ထောင်ရေးစသည့် သောင်းပြောင်း ထွေလာကိစ္စများစွာကို ရင်ဖွင့်ကြ၊ အကြံတောင်းကြ တာမျိုးတွေချည်း ဖြစ်ပါတယ်။

ဒီစာကျတော့ တခြားစာများနဲ့မတူ သတင်းစာတိုက်က အယ်ဒီတာ့ထံ ပေးစာလိုလို၊ တိုင်တမ်းစာလိုလို ဖြစ်နေတာကြောင့် ထူးခြားတဲ့စာလို့ ဆိုခဲ့တာ ဖြစ်ပါတယ်။ စာရေးသား ပေးပို့သူက မြန်မာပြည် အလယ်ပိုင်း ရေနံမြေမြို့ကြီး တစ်မြို့က မိန်းကလေး စာဖတ် ပရိသတ်တစ်ဦး ဖြစ်ပါတယ်။ စံပယ်ဖြူ၊ စတိုင်သစ်၊ အတွေး အမြင် စသည့် မဂ္ဂဇင်းတွေထဲမှာ ရေးသားတဲ့ လူငယ်အကြောင်း ဆောင်းပါးတွေကို ဖတ်ပြီး ရင်းနှီးရာက သူကြုံတွေ့ ရင်ဆိုင်နေရတဲ့

www.burmeseclassic.com


ပြဿနာတစ်ရပ်ကိုတင်ပြ အကြံဉာဏ်တောင်းထားတာ ဖြစ်ပါတယ်။ မိန်းကလေးက ဘွဲ့ရပညာတတ် တစ်ဦးဖြစ်တယ်လို့ သူ့စာအရ သိရပါတယ်။ သူတို့ မြို့က ဈေးတစ်ဈေးမှာ မိဘလက်ငုတ် ကုန်စုံဆိုင်ရောင်းတဲ့ အလုပ်ကို လုပ်ပါတယ်တဲ့။ သူ့ဆိုင်က ဈေးထိပ် တစ်နေရာမှာ တစ်ဖက်ရပ်တဲ ထိုးပြီး ရောင်းခဲ့ တာ နှစ်ပေါင်း ၂၀ ကျော်ပါပြီတဲ့။ မနှစ်လောက်ကတော့ ဈေးခေါင်းက ဈေးအင်္ဂါရပ်နဲ့ညီအောင် ဆိုင်ခန်းပြင်ဆောက်ရမယ်။ စည်ပင်သာယာ အခွန်ငွေ (၁)သိန်း ဆောင်ရမယ်ဆိုလို့ အခွန်ဆောင်ပြီး ဆိုင်ခန်း ဆောက်ပါတယ်တဲ့။ အဲဒီအခါ ဆိုင်ခန်းနောက်ဘက်ရှိ အိမ်က ဒီမြေဟာ သူပိုင်မြေဖြစ်တယ်ဆိုပြီး မြို့နယ်ရုံးမှာ တရားစွဲပါတယ်။ ဒါပေမယ့် မြို့နယ်ရုံးက ဒီမြေဟာ စည်ပင်သာယာပိုင် ဈေးမြေဖြစ်တယ်လို့ ဆုံးဖြတ်ပြီး တရားစွဲဆိုမှုကို ပယ်ချခဲ့ပါတယ်တဲ့။

အဲဒီအခါမှာ တရားစွဲသူက ငွေကုန်ကြေးကျ အများကြီးခံပြီး ခရိုင်ရုံးထိ တက်တရားစွဲပြန်ပါတယ်။ ခရိုင်ရုံးက တရားစွဲသူကို အနိုင်ပေးပြီး ဆိုင်ဖျက်သိမ်း ပေးရမယ်လို့ အမိန့်ချပါတယ်။ ဒီအခါကျတော့ မူလက ဆိုင်ခန်းဆောက်ဖို့ခိုင်းတဲ့ ဈေးခေါင်းက ခေါင်းရှောင် နေပါတယ်တဲ့။ မိန်းကလေးခမြာမှာ ငွေ(၁) သိန်း အခွန်ပေးဆောင်ထားရတာအပြင် ဆိုင်ခန်းဆောက်တဲ့ ကုန်ကျစရိတ်ပါ ရှုံးနေတာကြောင့် ဘာဆက်လုပ်ရမလဲဆိုတာ အကြံပေးပါလို့ အကူအညီ တောင်းခံထားတာ ဖြစ်ပါတယ်။

ဒီကိစ္စက တရားရုံးကိစ္စ ဖြစ်တာကြောင့် စာရေးသူတစ်ဦးအနေနဲ့ ဘာမှဝင်ပြီး ဝေဖန်ဆန်းစစ် ပေးလို့မရပါဘူး။ တရားဥပဒေအရသာ ရုံးအဆင့်ဆင့် ကိုတက်ပြီး အယူခံဝင်ဖို့ အကြံပေးတာကလွဲပြီး တခြား ဘာအကြံမှုလည်း မပေးနိုင်ပါဘူး။

ဒီမိန်းကလေးရဲ့စာ ဖတ်ရတော့ စာဖတ်ပရိသတ်များက

စာရေးသူများအပေါ် ထားရှိတဲ့လေးစားမှု၊ အားကိုးအားထားပြုမှု အတိုင်းအတာ ကြီးမားလှပါလားလို့ အံ့ဩတကြီး ဖြစ်ရပါတယ်။ ကိုယ့်ဟာကိုယ်လည်း အလန့်တကြား ဖြစ်သွားရပါတယ်။ စာဖတ်ပရိသတ်အပေါ် အမှန်တကယ် တာဝန်ကျေပွန်ရဲ့လား ဆိုတာ ကိုယ့်ဟာကိုယ် ပြန်လည်ဆန်းစစ်ဖို့ လိုနေပြီလို့လည်း သတိပြုမိပါတယ်။ ဒါကြောင့် ဒီမိန်းကလေးကို ကျေးဇူးတင်ရပါတယ်။

နောက်တစ်ချက် သတိပြုမိတာက လူငယ်များအတွက် ရင်ဖွင့်စရာ၊ တိုင်ပင်နှီးနှောစရာ၊ အကြံညဏ်တောင်းစရာ နေရာတစ်ခု၊ လုပ်ငန်းတစ်ခု ကျွန်တော်တို့ဆီမှာ လိုအပ်နေပြီ ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ လူငယ်များအတွက်သာမက လူကြီးများအတွက်ပါ အကြောင်းကိစ္စတစ်ခုခု ကြုံတွေ့တဲ့အခါမျိုးမှာ တိုင်ပင်နှီးနှောစရာ၊ အကြံညဏ်တောင်းစရာ လုပ်ငန်းကို အလုပ်ကြီး အကိုင်ကြီး တစ်ခုအဖြစ် လုပ်ဆောင်နေတဲ့ Counsellor Service ဆိုတဲ့ အတိုင်ပင်ခံ လုပ်ငန်းမျိုးတွေ ရှိကြပါတယ်။ ထိန်းမနိုင် သိမ်းမရ ဖြစ်နေတဲ့ Problem Child သားသမီးတွေကို ဘယ်လို ကိုင်တွယ်ဖြေရှင်းရမယ် ဆိုတာ အကြံပေးတဲ့ လုပ်ငန်းမျိုးရှိသလို၊ အိမ်ထောင်ရေး အထစ်အငေါ့ ဖြစ်နေတဲ့ အိမ်ထောင်ရှင်များအတွက် အကြံပေးတဲ့ Marriabt Counsellor အတိုင်ပင်ခံ လုပ်ငန်းမျိုးလည်း ရှိပါတယ်။ ပြီးတော့ Juvenile Counsellor ဆိုတဲ့ ဆိုးသွမ်းတဲ့ ကလေးသူငယ်တွေအတွက် ထိန်းကျောင်း ပြုပြင်ပေးတဲ့ လုပ်ငန်းမျိုးတွေ ပုဂ္ဂိုလ်မျိုးတွေလည်း ရှိကြပါတယ်။ ဆိုးသွမ်းတဲ့ ကလေးသူငယ်တွေ ဥပဒေကို ချိုးဖောက်တဲ့ အခါမျိုးမှာ လူကြီးတွေ စစ်တဲ့ တရားရုံးက မစစ်ဆေးဘဲ ကလေးသူငယ် တရားရုံး Juvenile Deliquents Count က စစ်ဆေးပြီး အပြစ်သိပ်မကြီးရင် မြို့နယ်တိုင်းမှာ ရှိတဲ့ Juvenile Counsellor လက်ထဲ အပ်နှံပြီး ထိန်းကျောင်း ပြုပြင်ပေးစေပါတယ်။

အပြစ်က ကြီးမားနေရင်တော့ ပြုပြင်ထိန်းသိမ်းရေးစခန်း Correctional Center ကို ပို့ပြီး ထိန်းကျောင်း ပြုပြင်ပေးပါတယ်။ အဲဒီလို လူငယ်စခန်းတွေမှာလည်း Juvenile Counsellor များက လူငယ်များကို စိတ်ဓာတ်ရေးရာ ပြုပြင် ပညာပေးမှုတွေ လုပ်ပေးရပါတယ်။ ရက်ရှည်နေရတဲ့ ကလေးများအတွက် ကျောင်းစာအပြင် အသက်မွေးဝမ်းကျောင်း ပညာတွေပါ သင်ပေးပါတယ်။

အတိုင်ပင်ခံလုပ်ငန်း (Counselling) ကို အပြင်မှာသာ မဟုတ်ပါဘူး။ အစိုးရအဖွဲ့တွေကလည်း အားထားရပါတယ်။ အစိုးရအဖွဲ့ကို ဦးဆောင်ရတဲ့ ပုဂ္ဂိုလ်များဟာ နေရာတိုင်းမှာ သိမြင်နိုင်စွမ်း မရှိပါဘူး။ အဲဒီတော့ ဆိုင်ရာဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးမှာ ကျွမ်းကျင် တတ်မြောက်တဲ့ ပုဂ္ဂိုလ်များကို အတိုင်ပင်ခံ၊ ဒါမှမဟုတ် အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်ထားကြရပါတယ်။ တချို့ဌာန တချို့ကိစ္စမျိုးဆိုရင် အကြံပေးပုဂ္ဂိုလ် တစ်ဦးတစ်ယောက်နဲ့တင် မလုံလောက်တာကြောင့် လေးငါးခြောက်ဦးပါတဲ့ အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ကြရပါတယ်။

အစိုးရက အကြံပေးအဖွဲ့တွေဖွဲ့ထားသလို တချို့ပြင်ပဌာနများ၊ ပညာရှင်များကလည်း ပုဂ္ဂလိက "ဉာဏ်ကြီးရှင်အဖွဲ့" (Think Tenk) ဆိုတာမျိုးတွေ ဖွဲ့ပြီး၊ စေ့စပ်သေချာစွာ အချိန်ယူ လေ့လာသုတေသန ပြုတာမျိုးတွေ လုပ်လေ့ရှိပါတယ်။ သူတို့ရဲ့ လေ့လာတွေ့ရှိချက်များကို အခါအားလျော်စွာ လူအများသိရှိဖို့ စာအုပ်စာတမ်းများ ရိုက်နှိပ်ထုတ်ဝေကြပါတယ်။ ဒီလို ပညာရှင်များရဲ့ လေ့လာ သုံးသပ်ချက်များကို နိုင်ငံတကာက တလေးတစား လက်ခံကြပါတယ်။ အစိုးရအဖွဲ့များ ကိုယ်တိုင်က တစ်ခါတစ်ရံမှာ ဒီလို ပညာရှင်အဖွဲ့ (Think Tenk) များကို ငှားရမ်းပြီး လေ့လာသုံးသပ်ချက်များ ရေးသားပြုစုစေပါတယ်။

ဒီလုပ်နည်း လုပ်ဟန်တွေဟာ အင်မတန် ကောင်းပါတယ်။ အတုယူသင့်ပါတယ်။ ပြဿနာဆိုတာ လူတိုင်းမှာရှိသလို နိုင်ငံတိုင်းမှာလည်း ရှိပါတယ်။ ပြဿနာကို ကြောက်နေဖို့ မလိုပါဘူး။ ကြောက်နေရုံနဲ့လည်း ရှောင်လို့ မရပါဘူး။ ဖြစ်သင့်တာက ဖြစ်လာမှာပါပဲ။ အဲဒီလို ဖြစ်လာတဲ့ ပြဿနာကို မှန်မှန်ကန်ကန် လေ့လာ သုံးသပ်ပြီး အဖြေရှာဖို့သာ ကြိုးစားရမှာပါ။ မှန်မှန်ကန်ကန် လေ့လာသုံးသပ်နိုင်ဖို့အတွက် ဆိုင်ရာဆိုင်ရာ နယ်ပယ်အသီးသီးမှာ ပိုင်နိုင်ကျွမ်းကျင်တဲ့ ပညာရှင်တွေရဲ့ ဝေဖန်ဆန်းစစ်ချက်၊ အကြံပြုချက်တွေလိုအပ်ပါတယ်။ အမေရိကန်လို နိုင်ငံကြီးရဲ့ သမ္မတပဲဖြစ်စေ၊ ကုလသမဂ္ဂလို အဖွဲ့ကြီးရဲ့ အတွင်းရေးမှူးချုပ်ပဲဖြစ်စေ အရာရာတိုင်းကို သူတို့နားမလည်နိုင်ပါဘူး။ ဥပမာ AIDS လိုကိစ္စမျိုး၊ ချေူကလီးယားစွမ်းအင်ဆိုင်ရာ ကိစ္စမျိုးကို ဖြေရှင်းဖို့ ဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ သုံးသပ်ချက်ကို သူတို့ တောင်းခံရမှာ ဖြစ်ပါတယ်။

သမ္မတဆိုတာက နိုင်ငံရေးသမားပါ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဆိုတာက အကြီးစားသံတမန်ပါ။ သူတို့က နိုင်ငံရေးနဲ့ သံတမန်ရေး ကိစ္စများကိုသာ ကျွမ်းကျင်ကြမှာပါ။ AIDS လို ကိစ္စမျိုးကို ဖြေရှင်းဖို့ကျတော့ ဆရာဝန်တွေကသာ အကြံပေးနိုင်၊ သုံးသပ် ဝေဖန်ဆန်းစစ်ပေးနိုင်မှာ ဖြစ်ပါတယ်။ သူ့အနေနဲ့ လူမှန်နေရာမှန် ထားရှိအသုံးချကြရတာ ဖြစ်ပါတယ်။ သမ္မတ ဖြစ်သော်ကောဆိုပြီး အဆုံးအဖြတ်ပေးလို့ မဖြစ်ပါဘူး။ ကျွမ်းကျင်ရာ လိမ္မာဆိုတဲ့စကား အရှိသားမဟုတ်လား။ ဦးစီးခေါင်းဆောင် လုပ်သူဆိုတာက ဆိုင်ရာဆိုင်ရာကျွမ်းကျင်သူ ပုဂ္ဂိုလ်များကို သူ့နေရာနဲ့သူ လိုက်လျောညီထွေ ဖြစ်အောင် စနစ်တကျ နေရာချထား ပေးတတ်ဖို့သာ လိုပါတယ်။ အမေရိကန်သမ္မတက ပညာရှင်တွေရဲ့အလုပ်ကို ဝင်လုပ်လို့ မဖြစ်သလို၊ ပညာရှင်တွေကလည်း သမ္မတရဲ့ အလုပ်ကို ဝင်လုပ်လို့ မဖြစ်နိုင်ပါဘူး။

www.burmeseclassic.com



အဲဒါကြောင့် Counselling Service ဟာ နေရာတိုင်းမှာ လိုအပ်လှပါတယ်။ ကျွန်တော်တို့ နိုင်ငံ မှာ ဒီလုပ်ငန်းမျိုးကို အလုပ်တစ်ခုအဖြစ် သတ်မှတ်ပြီး လုပ်ကိုင်မှု မရှိသေးပါဘူး။ အဲဒီလို မရှိတဲ့အတွက် လူငယ်တွေက စာရေးသူတွေကို အားထားရာအဖြစ် သဘောထားပြီး စာရေးသား အကြံဉာဏ် တောင်းခံ နေကြရတာ ဖြစ်ပါတယ်။ ဒါပေမယ့် စာရေးဆရာ၊ စာနယ်ဇင်းသမျှားဆိုတာက စာရေးသူ စာပေသမားတွေသာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ နယ်ပယ်များရဲ့ ပညာရှင်တွေ မဟုတ်ကြပါဘူး။ ဒီတော့ အရာရာကို သူတို့ မသိပါဘူး။ မတတ်ပါဘူး။ လုပ်ငန်း သဘာဝအရသာ Something of everything ကို လေ့လာထားကြရတာ မှန်ပါတယ်။ ဒါပေမယ့် Something တစ်စုံ တစ်ရာ အနည်းမျှသာဖြစ်တယ်ဆိုတာ သတိပြုမိဖို့ လိုပါတယ်။ နည်းနည်းလေးသိရုံနဲ့ ဆရာလုပ်ဖို့ မသင့်ပါဘူး။ ဆရာအလုပ်မှားရင် များစွာ အန္တရာယ်ရှိပါတယ်။

အဲဒါကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ တရားဥပဒေရေး စသည့် နယ်ပယ် အသီးသီးက ကျွမ်းကျင်လိမ္မာတဲ့ ပညာရှင်များ ကိုယ်တိုင် လုပ်ကိုင်နေတဲ့ Counselling Service အတိုင်ပင်ခံ လုပ်ငန်းမျိုးတွေ ထူထောင် လုပ်ဆောင်ကြဖို့ လိုအပ်နေပြီ ဖြစ်ကြောင်း သတိပေး နှိုးဆော်လိုက်ရပါတယ်။

# ကလေးတွေ ဆော့ပါစေလား

'ဟေ့ . . . လန်ဘား၊ ဒီပေး၊ ဒီပေး'

'ဟိုကောင် ဘင်လာဒင်၊ ဘာလုပ်ပြီး ငေးနေတာလဲ၊ ဝင်လုလေကွာ'

'ဂျပုတော့ သေတော့မှာပဲ။ ဒီကို ပေးပါဆိုမှ'

'ဟေ့ကောင် တရုတ် အမြန်ပေးလေ'

'ဟိုး၊ ဟိုး၊ ခဏရပ်၊ ကားလာနေတယ်'

'ပစ်၊ ပစ်၊ မြန်မြန်ပစ်ပေး'

'ဂိုးပေါက် တည့်အောင် မကန်တတ်ဘူးလားကွ၊ ဒီကုလားတော့ အလကား ပဲစားပဲ'

အိမ်ရှေ့ ကုန်သည်လမ်းမကြီးပေါ်မှာ ဘောလုံး ကစားနေကြတဲ့ လူငယ်တွေဆီက ထွက်ပေါ်လာတဲ့ အသံတွေပါ။ အားရပါးရ အော်ဟစ် မြူးတူးနေလိုက်ကြတာ။ အော်သံဟစ်သံတွေနဲ့အတူ ဘောလုံးကို ကျုံးကျုံးကန်လိုက်တဲ့ အသံတွေလည်း တစ်ဘုံးဘုံးကြားနေရပါတယ်။

အချိန်က သန်းခေါင်ကျော်လို့ တစ်ချက်တီးလုနီးပါး ရှိပါပြီ။ တစ်ချက်တစ်ချက် ဝင်လာတဲ့ ကားတစ်စင်းတစ်လေက လွဲပြီး

www.burmeseclassic.com


လမ်းကြီးက ရှင်းနေပါတယ်။ အားကောင်းလှတဲ့ မီးလုံးကြီးတွေကြောင့် လမ်းမကြီးဟာ ဝင်းထိန်နေပါတယ်။ ဘောလုံးကန်ဖို့တော့ တအား ကောင်းပေ့။ လူငယ်လေးတွေ တော်တော်ကန်လို့ ကောင်းနေကြပုံ ပါပဲ။ အော်လိုက်ကြ ဟစ်လိုက်နဲ့လေ။ အံမယ် ဘင်လာဒင်တောင် သူတို့ထဲ ပါလိုက်သေး။ ဘောလုံးထဲ ဇောကပ်နေတော့ အချိန်ကိုတောင် သူတို့ သတိပြုမိပုံ မရဘူး။

တစ်ချက်တီးဖို့ဆိုတဲ့ အချိန်ဟာ လူများစု အိပ်မောကျနေ လောက်တဲ့အချိန် မဟုတ်လား။ စူးစူးဝါးဝါး အော်သံဟစ်သံတွေ ကြောင့် အိပ်မရနိုင်သူများကတော့ ဒေါပွကြမှာပေ့။ ဒါပေမယ့် ဘယ်သူကမှထပြီး ကြိမ်းကြမောင်းကြ မလုပ်ကြပါဘူး။ ရန်ကုန်သူ ရန်ကုန်သားများရဲ့ သည်းခံနိုင်မှုဟာ အံ့လောက်ပါတယ်။ အကျင့် ဖြစ်ပြီး ခန္တီပါရမီနဲ့ ပြည့်စုံနေတာ ထင်ပါရဲ့။

စားပွဲမှာ ထိုင်စာရေးနေရင်းက ခါးညောင်းသလိုရှိလာ တာကြောင့် ပြတင်းပေါက်ရှိရာ ထသွားပြီး လန်ဘားတို့ ဂျပုတို့ ဘင်လာဒင်တို့ ဘောလုံးကစားတာကို ကြည့်မိပါတယ်။ အားရပါးရ စိတ်ပါလက်ပါကြီး ကစားနေလိုက်ကြတာ ပျော်စရာကြီး၊ အော်ဟစ် ဆူညံသံတွေကိုလည်း အနှောင့်အယှက် ဖြစ်တယ်ရယ်လို့ မအောက် မေ့ပါဘူး။ ကလေးဘဝ ကတည်းက ဘောလုံး ဝါသနာကြီးခဲ့တာ ကြောင့်လား၊ ဒီလိုနေရာမှာ ဒီလိုအချိန်မျိုးမှပဲ ကစားလို့ဖြစ်တဲ့ လန်ဘားတို့ ဂျပုတို့ကို စာနာမိလို့ပဲလားဆိုတာတော့ မပြောတတ်ဘူး။ သူတို့လေးတွေရဲ့ အော်သံဟစ်သံ၊ တဘုံးဘုံးနဲ့ ဘောလုံးကို ကျုံးကန် လိုက်တဲ့ အသံတွေကို ဒေါသမဖြစ်မိတာကတော့ အမှန်ပဲ။ ဒေါသ မဖြစ်မိရုံသာ မကပါဘူး။ သူတို့ကို ကြည့်ရင်းကြည့်ရင်း ငယ်စဉ် ကဘဝကို ပြန်တွေးမိပြီး ကြည်နူးစိတ်များတောင် ဖြစ်လာရပါသေးရဲ့။ ကိုယ်ငယ်စဉ်တုံးကလည်း ဘောလုံးဆိုရင် ထမင်းမေ့ ဟင်းမေ့ကို

www.burmeseclassic.com


ဝါသနာကြီးခဲ့တာ။ ကျောင်းကလည်း ဘောလုံးကွင်း ၃ ကွင်းတောင် ရှိတဲ့ ကျောင်းလေ။ မန္တလေးသူ မန္တလေးသားတွေက 'ဖားသားလဖုန်း ကျောင်း' လို့ ခေါ်ကြတဲ့ ကျောင်းပေ့ါ။ ကျောင်းနာမည် အမှန်က 'လဖုန်းအထိမ်းအမှတ်ကျောင်း' ပါ။ ကျောင်းတံဆိပ်မှာတော့ အတို ကောက် LMS လို့ ရေးပါတယ်။ မိဘမဲ့ကျောင်းအဖြစ် စတင် တည်ထောင်ခဲ့သူ ရိုမန်ကက်သလစ်ဘာသာဝင် ပြင်သစ်ဘုန်းတော်ကြီး ဖားသားလဖုန်း (Father Lafon) ကို ဂုဏ်ပြု မှည့်ခေါ်ထားတာပါ။ မြန်မာပြည်ရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်း အားလုံးအနက် အလှဆုံး ဘုရားရှိခိုးကျောင်းရှိတဲ့ ကျောင်းပါ။ ဘုရားရှိခိုးကျောင်းရဲ့ အချွန် အတက်တွေကြားမှာ လူအရွယ် သူတော်စင်ပန်းပုအရုပ်တွေ အများကြီးထည့်သွင်း ထုလုပ်ထားပါတယ်။

ကျောင်းက အေလမ်းနဲ့ လမ်း ၈၀ ဒေါင့် တစ်ပြပတ်လည် အကျယ်ရှိပါတယ်။ ကျောင်းစာသင်ခန်းတွေနဲ့ ဘော်ဒါဆောင်ကို တံတိုင်းပတ်လည်မှာ ဆောက်ထားတာကြောင့် အလယ်မှာ ကွက်လပ် အကျယ်ကြီး ရှိပါတယ်။ အဲဒီကွက်လပ် အကျယ်ကြီးကို ဘောလုံးကွင်း ၂ ကွင်း လုပ်ထားတယ်။ ဘတ်စကက်ဘောကွင်း ၃ ကွင်း၊ ဘောလီဘောကွင်း ၃ ကွင်းနဲ့ ကြက်တောင်ရိုက်ကွင်း ၃ ကွင်း လည်းရှိပါတယ်။ ဒါအပြင် ကျောင်းအရှေ့မြောက်ဖက် မီးရထား ဝင်းကြီး ဘေးမှာလည်း ကျောင်းပိုင်မြေကွက်ကြီး ရှိပါသေးတယ်။ အဲဒီမြေကွက်ကြီးကိုလည်း ဘောလုံးကွင်း လုပ်ထားပါတယ်။ အဲဒီ ကွင်းကတော့ လူကြီးတန်း စီနီယာတွေ ကစားဖို့ သတ်မှတ်ထား တာပါ။

စီနီယာဆိုတာက အရပ် ၅ပေ ၃လက်မ အထက်ရှိသူတွေ ဖြစ်ပါတယ်။ ၅ပေ ၃လက်မ အောက်ကို ဂျူနီယာ၊ ၄ပေ ၉လက်မ အောက်ဆို ဂျူနီယာ့ဂျူနီယာနဲ့ နောက်ဆုံး ၄ပေအောက် ကလေးတန်း

www.burmeseclassic.com


တွေကိုတော့ မက်ဂျက် (Midget) တန်းလို့ သတ်မှတ်ထားပါတယ်။ ၂တန်း၊ ၃တန်း၊ ၄တန်းအရွယ်တွေပေါ့။ အဲဒီအောက် ကလေးတွေအတွက်တော့ ဒန်းတို့၊ ဆီးဆောတို့၊ လျှောတို့လို ကစားစရာတွေအပြင် Commmon Room လို့ ခေါ်တဲ့ ကစားခန်းထဲမှာ ကစားစရာတွေ ထားပေးပါတယ်။ ကလေးတန်းကလည်း ခုခေတ်လို သူငယ်တန်း၊ ၁တန်းထဲ မဟုတ်ပါဘူး။ Lower Kindergarten (LKG)၊ Middle KG Higher KG (MKG နဲ့ HKG) ရယ်လို့ ၃ တန်းရှိပါတယ်။

၃တန်းဆိုပေမယ့် ၃နှစ်အပြည့်နေချင်မှ နေရတာပါ။ ၆ လပတ် အစမ်းစာမေးပွဲမှာ အဆင့်ကောင်းကောင်းနဲ့ အောင်သူများကို အတန်း တင်ပေးတဲ့ Double Promotion စံနစ် ရှိတာကြောင့် ၁နှစ်ထဲမှာ ၂တန်း တက်ချင် တက်သွား နိုင်ပါတယ်။ ရှိမန်ကက်သလစ် ဖာသာတွေ၊ ဘရာသာတွေက စာသင်ကြားတဲ့အချိန်မှာ မျက်နှာကြီးတွေ တည်တည် ထားတတ်ပေမယ့် ကစားချိန်ဆိုရင် သူတို့ကိုယ်တိုင် ဝတ်ရုံဖြူကြီးတွေကို ခါးထိအောင် မချီပြီး ကျောင်းသားတွေနဲ့ အတူတူ ဝင်ကစားလေ့ရှိပါတယ်။ ကျောင်းသားတိုင်း ကစားနည်း တစ်မျိုးမျိုးတော့ ကစားရပါတယ်။ အမှတ်ပေးပြိုင်ပွဲတွေ ပုံမှန်ပြုလုပ် ပေးပါတယ်။ ကျောင်းသားတွေကို House လို့ ခေါ်တဲ့ အသင်း ၄သင်း ခွဲပေးထားပါတယ်။ လည်ပင်းမှာစည်းရတဲ့ လည်စည်း (Necktie) အရောင်လိုက်ပြီး နီ၊ ပြာ၊ စိမ်း၊ ဝါလို့ ခွဲထားတာပါ။ ကျောင်းမှာ ဘောင်းဘီဖြူ အင်္ကျီဖြူနဲ့ လည်စည်းနေ့စဉ် ဝတ်ရပါတယ်။ အသင်း ၄ သင်း ပြိုင်ပွဲတွေ ပြုလုပ်ပြီး အမှတ်ပေးပါတယ်။ နောက်ဆုံး အမှတ်အများဆုံးရတဲ့ အသင်းကို စာမေးပွဲကြီးအပြီး၊ ကျောင်းနောက်ဆုံးနေ့ ကျောင်းဆင်းပွဲမှာ ဆုချီးမြှင့်ပါတယ်။

ငယ်စဉ်က အဲဒီလို ကျောင်းမျိုးမှာ နေခဲ့ရပြီး အားရပါးရ စိတ်ရှိလက်ရှိ ကစားခဲ့ရလေတော့၊ အိမ်ရှေ့လမ်းမကြီးပေါ် သန်းခေါင်

ကျော်မှ ဘောလုံးကစားကြရတဲ့ လူငယ်လေးတွေကို ဆူနိုင်ရန်ကော လို့ အပြစ်မမြင်ဘဲ စာနာမိတာ ဖြစ်ပါတယ်။ မြို့ကြီးပြကြီးတွေ စည်ကား သိုက်မြိုက်လာတာနဲ့အမျှ မြေကြီးတွေက ပျောက်ပျောက် သွားပါတယ်။ အရင်က မြေလွတ် ကွက်လပ်ကြီးတွေ နေရာမှာ တိုက်တာ အဆောက်အအုံတွေ ဖြစ်ကုန်ပါတယ်။ အိုးအိမ် စီမံကိန်း အသစ်တွေနဲ့ ကွက်သစ်တွေ မြို့သစ်တွေ ထူထောင်ကြရာမှာ ကစား ကွင်းတွေ ထည့်သွင်း တည်ဆောက် ပေးသင့်ကြပါတယ်။

ရန်ကုန်လို မြို့ကြီးမှာ တစ်နေ့တစ်ခြား လူဦးရေက တိုးသထက် တိုးလာနေပါတယ်။ စာသင်ကျောင်း အတော်များများ အထူးသဖြင့် မြို့လည်က စာသင်ကျောင်းတွေဆိုရင် ၃ထပ်၊ ၄ထပ် အဆောက်အအုံကြီးတွေဖြစ်ပြီး မြေကွက် ကွက်လပ် လုံးဝမရှိကြပါဘူး။ ဒီတော့ ကလေးတွေအဖို့ ကစားစရာနေရာ ဘယ်ရှိတော့မှာလဲ။ ကလေးငယ်လေးတွေက စာသင်ခန်းထဲမှာပဲ ဆော့ကြ၊ ကစားကြ လုပ်ရရှာပြီး၊ ကလေးကြီးတွေကတော့ လမ်းဘေး လက်ဖက်ရည်ဆိုင် ထိုင်သူထိုင်၊ ဂိမ်းကစားတဲ့ ဆိုင်ထဲဝင်သူဝင် ဖြစ်ကုန်ကြတာပေါ့။ ဘောလုံးကစား ဝါသနာကြီးသူများအဖို့ လန်ဘားတို့၊ ဂျပုတို့၊ ဘင်လာဒင်တို့လိုပဲ ကစားကြရမှာပဲလေ။ ဒါကို အပြစ်တင်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ စာနာရတော့မှာပဲ မဟုတ်လား။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဲဒီနိုင်ငံသားတွေရဲ့ ပညာရည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျန်းမာသန်စွမ်းဖို့ လိုပါတယ်။ ကျန်းမာ သန်စွမ်းဖို့အတွက် ပင်စင်ယူပြီး အသက် ၆၀ ကျော်မှ မနက် စောစော ထလမ်းလျှောက်ရုံ၊ ဂေါက်သီး ရိုက်ရုံနဲ့မရပါဘူး။ ငယ်စဉ် ကလေးဘဝ ကတည်းက ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။ ပြုစုပျိုး ထောင်ဆိုလို့ သိပ်ကြီးကြီးကျယ်ကျယ်ကြီး လုပ်ရမယ် မဆိုလိုပါဘူး။ လွယ်လွယ်ကလေးပါ။ ကလေးကို ကလေးလိုထားပြီး၊ လူငယ်ကို

www.burmeseclassic.com


လူငယ်လိုထားပါ။ ဒါပါပဲ။ ကလေးဆိုတာ ဆော့ချင်တယ်။ ဆော့ပါစေ။ ဆော့နိုင်အောင်သာ ဖန်တီးပေးပါ။ ဘာမှ မခက်ပါဘူး။ သဘာဝတရားကို ဇွတ်အတင်းကြီး ပြောင်းလဲပစ်ဖို့ မကြိုးစားပါနဲ့။

'ပညာခေတ်' ဆိုတာ အခါလည်သားလေးကို အိုင်တီကျူရှင်ပို့ဖို့ ဆိုလိုခြင်း မဟုတ်ဘူးဆိုတာကို သဘောပေါက်ဖို့ လိုပါ တယ်။ နုနယ်သေးတဲ့ ကလေးငယ်လေးတွေရဲ့ ဦးဏှောက်ကို လူကြီး မိဘတွေက 'ပညာ' ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးနဲ့ မဖိစီးစေသင့်ပါဘူး။

'ကစားခုန်လွှား၊ စွမ်းအားဖက်တွင်၊ စံချိန်ရင်ဘောင် တန်းလိုက်လျှင်ပင်၊ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်၊ သန်မြန် ယောကျ်ား ဘသားလျှင် . . .'

လွန်ခဲ့တဲ့ နှစ်လေးငါးခြောက်ဆယ်က ဆရာမြို့မငြိမ်း တောင်မှ အားကစားလုပ်ခြင်းရဲ့ အရေးပါပုံကို သတိပေးထောက်ပြခဲ့သေးတယ် မဟုတ်လား။ ကမ္ဘာရွာကြီး၊ ကမ္ဘာရွာကြီးနဲ့ ကြွေးကြော် နေတဲ့ ဒီခေတ်ရဲ့လူတွေကတော့ ၃ နှစ်ရွယ် သားသမီးလေးတွေကို မူကြိုကျောင်းပို့ပြီး ဘီလ်ဂိတ်ကလေးတွေ ဖြစ်အောင် လုပ်နေကြလေရဲ့။

အော် . . . မြို့မငြိမ်းကဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း ဆိုတဲ့ 'ကမ္ဘာပြုမှုကြီး' လူတွေ မကြားဖူးခင် ကတည်းက၊ ကမ္ဘာကြီးကို ကမ္ဘာကြည့် ကြည့်မြင်ဖို့ ဆော်ဩနေပြီလေ။

# အားကစားကလပ် စီးပွားရေးလုပ်ငန်း
# ပေါ်ထွန်းစေချင်

စာနယ်ဇင်းတွေ ဖတ်တဲ့အခါတိုင်း လူငယ် လူရွယ်လေးတွေ ဘီယာဆိုင်မှာ ထိုင်ကြတာတွေ တစ်နေ့တခြား တိုးပွားလာနေတယ် ဆိုတဲ့အကြောင်း ရေးသားကြတာတွေ အမြဲဖတ်ရှုနေရပါတယ်။ ဒါမျိုးတွေ ဖတ်ရတော့ ရုရှားတို့ရဲ့ ဗော့ဒကာ ယဉ်ကျေးမှု၊ ဥရောပရဲ့ ဝိုင်ယဉ်ကျေးမှု၊ ဂျပန်တို့ရဲ့ ဆာကေး ယဉ်ကျေးမှု စတာတွေကို ပြေးပြီး သတိရလိုက်မိပါတယ်။

ဒီနေ့ခေတ် မြို့တိုင်းရွာတိုင်း နေရာတိုင်းလိုလိုမှာ ဘီယာဆိုင်နဲ့ လမ်းဘေး လက်ဖက်ရည်ဆိုင်တွေ ပေါများလှတာကို သတိထားမိပါတယ်။ ဆိုင်တိုင်းမှာလည်း လူပြတ်လှတယ် မရှိပါဘူး။ နေ့နေ့ညည စည်စည်ကားကား ဖြစ်နေတာပါပဲ။ သားသမီးတွေ လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းလွန်းလို့ ညည်းညူ နေတဲ့ မိဘများရဲ့ အသံတွေလည်း မပြတ်ကြားနေရပါတယ်။

၁၉၅၀ ခုနှစ်များအတွင်း ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသား ကာလများတုန်းက မိန်းကလေးတွေ လက်ဖက်ရည်ဆိုင် ထိုင်လေ့ မရှိကြပါဘူး။ လက်ဖက်ရည်ဆိုင်ဆိုတာ ယောကျ်ားလေး

www.burmeseclassic.com


များရဲ့ သီးသန့်နယ်မြေ (Domain) သဖွယ် ဖြစ်ပါတယ်။ မိန်းကလေးတွေက အသုတ်ဆိုင်၊ အကြော်ဆိုင်တွေ မှာသာ ထိုင်ပါတယ်။ မြို့ထဲက လက်ဖက်ရည်ဆိုင်တွေမှာဆို ပိုတောင် မရှိပါသေးတယ်။ ဒီနေ့ခေတ်ကျတော့ လမ်းဘေး လက်ဖက်ရည်ဆိုင်တွေမှာတောင် ကျောင်းသူအရွယ် မိန်းကလေးတွေ ထိုင်တာ ရိုးနေပါပြီ။ ဘယ်သူမှ ထူးထူးဆန်းဆန်း မအောက်မေ့ကြတော့ပါဘူး။

ခေတ်တွေ စနစ်တွေ ပြောင်းတာနဲ့အမျှ လူနေမှုပုံစံနဲ့ ယဉ်ကျေးမှုတွေလည်း လိုက်ပြောင်းသွား ကြပါတယ်။ ဒါက သဘာဝပါပဲ။ မကောင်းဘူး၊ မမှန် ဘူးလို့ ပြောလို့မရပါဘူး။ တားဆီးလို့လည်း မရပါဘူး။ တားဆီးသင့်တဲ့ အရာမျိုးလည်း မဟုတ်ပါဘူး။

ဒီကိစ္စနဲ့ပတ်သက်ပြီး လူငယ်လေးတွေနဲ့ ပြောဆိုဆွေးနွေး ကြည့်တဲ့အခါမှာ လက်ဖက်ရည် မသောက်ရ မနေနိုင်လို့၊ ဘီယာကြိုက်လွန်းလို့ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင် ထိုင်ကြတာ မဟုတ်ဘူး။ သူငယ်ချင်းတွေ စုဝေးဆုံတွေ့ရာ နေရာလေး အဖြစ် သဘောထားပြီး ထိုင်ကြတာပါလို့ ပြောကြပါတယ်။ ကျောင်းဆရာ တစ်ယောက် လုပ်နေတော့ သူတို့ပြောတာ အမှန်ဖြစ်ကြောင်းလည်း သိပါတယ်။ လက်ဖက်ရည်ဆိုင် အမြဲထိုင်တဲ့ ကျောင်းသူ ကျောင်းသား တပည့်တွေထဲမှာ အိမ်ပေါ်က အိမ်အောက်တောင် မဆင်းနိုင်တဲ့ ဆရာဖြစ်သူလောက် လက်ဖက်ရည်မသောက်တဲ့သူတွေ ရှိပါတယ်။ ဆရာဖြစ်သူက လက်ဖက်ရည်ချိုနဲ့ လက်ဖက်ရည်ခါးကို ရေသောက်သလို သောက်တာပါ။ စာသင်လိုက် မောလိုက် လက်ဖက်ရည်ချို မော့လိုက်၊ လက်ဖက်ရည်ခါး သောက်လိုက်နဲ့ တစ်နေ့ကို လက်ဖက်ရည်ချို ကိုးခွက်၊ ဆယ်ခွက် သောက်တာပါ။ လက်ဖက်ရည်ခါး ကလည်း တစ်နေ့ကို ဓာတ်ဘူးနဲ့ သုံးလေးလုံး ကုန်အောင် သောက်ပါတယ်။ ထမင်း စားပြီးရင်တောင်မှ ရေသောက်လေ့မရှိပါဘူး။ တကယ်တော့

ရေမသောက်တာ နှစ်ပေါင်း ၂၀ ကျော် ရှိပါပြီ။ အခါးရည်ကိုသာ သောက်တာပါ။ ငယ်ငယ်ကလေး ဘဝကတည်းက စိန့်ကျောင်းမှာ နေခဲ့တာဆိုတော့ အိပ်ရာမဝင်ခင် "နိုက်တီး" သောက်တဲ့အကျင့် ကလည်း ဒီနေ့ထိ မပျောက်ပါဘူး။

အဲဒီလို လက်ဖက်ရည်ကြိုက်တဲ့ ဆရာ့ အတွက် ကျောင်းသူ ကျောင်းသားတွေက ကျောင်းပေါ်တက်လာတာနဲ့ အောက်ထပ် လမ်းဘေး လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်ဝယ်ပြီး လာတတ် ကြပါတယ်။ အပေါ်ရောက်တာနဲ့ မတ်ခွက်ထဲထည့်ပြီး ဆရာ့စားပွဲပေါ် တင်ထားလေ့ ရှိပါတယ်။ ဆရာက စာသင်ပြီး နားလိုက်တာနဲ့ အသင့် ရှိနေတဲ့ လက်ဖက်ရည်ကို ကောက်မော့တတ်ပါတယ်။ ဒီလို တပည့် တွေထဲမှာ အမြဲတမ်း ဝတ်မပျက်တဲ့ တပည့်တစ်ယောက် ရှိပါတယ်။ အိမ်နာမည်က "စိုးစိုး" လို့ ခေါ်ပါတယ်။ ကောလိပ်ကျောင်းသား ဘဝပဲ ရှိသေးပေမယ့် တစ်ခေါင်းလုံး ဖြူနေလို့ သူငယ်ချင်းတွေက သဘောကောင်းတဲ့သူ့ကို "မာမီစိုး" လို့ ချစ်စနိုး ခေါ်လေ့ရှိပါတယ်။ "တစ်ဦးတည်းသောသား" ဖြစ်ပေမယ့် ဒီကလေးက လိမ္မာပါတယ်။ ဘွဲ့တွေဘာတွေ ရပြီးနောက် ဗိုလ်သင်တန်း သွားတက်ပါတယ်။ ဗိုလ်သင်တန်း ကျောင်းပိတ်ရက် ရန်ကုန် ပြန်ရောက်ပြီ ဆိုတာနဲ့ လက်ဖက်ရည်ထည့် ထားတဲ့ ကျွတ်ကျွတ်အိတ်ကလေး ဆွဲပြီး တက်လာမြဲပါ။ ခုတော့ ဗိုလ်ကြီးတွေ ဘာတွေ ဖြစ်နေပါပြီ။ အခုလည်း ရန်ကုန် ရောက်တိုင်း ကော်ဖီ (အခုတော့ ကော်ဖီပြောင်းသောက်နေပါ တယ်) အိတ်ကလေး ဆွဲလာတတ်မြဲ ဝတ်မပျက်ရှာပါဘူး။ ဆရာ့ အတွက် ဒီလိုဝတ်ဖြည့် ပေမယ့် သူကိုယ်တိုင်ကတော့ လက်ဖက်ရည် ကော်ဖီ စွဲစွဲမြဲမြဲ သောက် တတ်တာ မဟုတ်ပါဘူး။ အရင်က သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင် ဖွင့်စဉ်ကလည်း သူက လက်ဖက်ရည် ကော်ဖီမသောက်ဘဲ မုန့်သာ စားလေ့ရှိပါတယ်။

သူတို့တစ်တွေ လက်ဖက်ရည်ဆိုင် ထိုင်ကြတာက သူငယ်ချင်းတွေနဲ့ စုဝေးဆုံတွေ့ပြီး လွတ်လွတ်လပ်လပ် ရယ်မော ပျော်ရွှင်ချင်ကြလို့သာ ဖြစ်ပါတယ်။ လက်ဖက်ရည် ကော်ဖီ ကြိုက်လွန်းလှလို့ မဟုတ်ပါဘူး။ အလားတူပါပဲ၊ ဘီယာဆိုင် လိုက်ထိုင်ပေမယ့် ဘီယာကို ခါးလို့ မကြိုက်တဲ့သူမျိုးတွေလည်း အများကြီးရှိပါတယ်။ သူငယ်ချင်းတွေနဲ့ ဆုံတွေ့ချင်ရုံလေးနဲ့များ ပိုက်ဆံကုန်ခံပြီး လက်ဖက်ရည်ဆိုင် ဘီယာဆိုင် ထိုင်ရသလားလို့ အပြစ်တင် မစောစေချင်ပါဘူး။ အိမ်မှာ သူတို့တစ်တွေ နားထောင်ချင်တဲ့ သီချင်းမျိုး နားထောင်ရဖို့ ဆိုတာ ပင်လယ်ကွေ့စစ်ပွဲ ဆင်နွှဲရသလောက် ပြင်းထန်လေ့ ရှိတတ်တာ လူတိုင်းအသိပါ။ အသံလုံအိပ်ခန်း ကိုယ်ပိုင်နဲ့ ကက်ဆက်ကိုယ်စီ ရှိကြတဲ့ အတန်းအစားမျိုးက လူငယ်တွေကလွဲရင် သူတို့ နားထောင်ချင်တဲ့ သီချင်းမျိုးတွေကို လက်ဖက်ရည်ဆိုင်နဲ့ ဘီယာဆိုင်တွေကျမှ နားထောင်ကြရရှာတာပါ။

နောက်ပြီး လူငယ်တွေ ဘာသာဘာဝ စုဝေး ပျော်ရွှင်မြူးထူး စရာ နေရာမျိုးက အရှားသား မဟုတ်လား။ ကန်တော်ကြီးတို့၊ အင်းယားတို့က တကူးတကသွားမှ ဖြစ်တာလေ။ ကိုယ့်အနီးအနားမှာ လွတ်လွတ်လပ်လပ် စုဝေးဆုံတွေ့ရာ ဘယ်မှာ ရှိလို့လဲ။

ကလေးတွေကို အပြစ်တင်နေရုံ၊ ညည်းညူ နေရုံနဲ့ မပြီးပါဘူး။ ကလေးတွေအတွက် အသက်အရွယ် အပိုင်းအခြားအလိုက် စုဝေး စရာ နေရာလေးတွေ ဖန်တီးပေးကြဖို့ လိုပါတယ်။ ဒါဟာ အလား အလာကောင်းတဲ့ စီးပွားရေးလုပ်ငန်းမျိုးလည်း ဖြစ်ပါတယ်။ သူများ နိုင်ငံတွေမှာ ပုဂ္ဂလိက အားကစားရုံတွေ၊ ကလပ်တွေ ရပ်ကွက် တိုင်းမှာ ဖွင့်လေ့ရှိပါတယ်။ ဒီတော့ လူငယ်တွေ ကိုယ်ဝါသနာပါရာ ကစားလို့ ရရုံမက လူငယ်ချင်း ဆုံဆည်းစရာလည်း ဖြစ်စေပါတယ်။ ကလေး ကစားကွင်းတွေနဲ့ တီဗီဂိမ်း ကစားခန်းတွေ ဖွင့်ရုံလောက် မှာသာ

ရပ်မနေကြစေချင်ပါဘူး။ နေရာအကျယ်ကြီးမလိုတဲ့ ဘတ်စကက်ဘော၊ အလေးမ၊ လက်ဝှေ့စတဲ့ အားကစားရုံတွေနဲ့ ကလပ်တွေကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေ အနေနဲ့ လုပ်ကြ စေချင်ပါတယ်။ ကလပ်အသင်း ဝင်ကြေး၊ လစဉ်ကြေး ကောက်ယူတဲ့ နည်း၊ ကလပ်ဝင်မထားသူများအနေနဲ့ နာရီပိုင်းနဲ့ အခကြေးငွေယူပြီး လေ့ကျင့်ခွင့်၊ ကစားခွင့်ပေးတဲ့ နည်းမျိုးနဲ့ တခြားနိုင်ငံတွေမှာ စီးပွားဖြစ် လုပ်ကြပါတယ်။

ဒီလိုလုပ်ခြင်းအားဖြင့် တစ်ဘက်က အားကစားတွေ တိုးတက်လာစေနိုင်သလို၊ တစ်ဘက်ကလည်း လူငယ်လူရွယ်လေး တွေကို လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်တွေနဲ့ ကင်းဝေးသွားစေနိုင်ပါတယ်။ စီးပွားရေးလုပ်ငန်း တစ်ခုအဖြစ်လည်း ထွန်းကားလာစေနိုင်ပါတယ်။ ကြက်တောင်ကွင်း တစ်ကွင်းစာ နေရာရှိတဲ့လူက ကြက်တောင်ရိုက်ကလပ် ထောင်ပြီး နည်းပြဆရာနဲ့ စနစ်တကျ သင်ကြားပေးတာ လုပ်လို့ရသလို၊ တစ်ဦးချင်း သင်ယူချင်တဲ့သူ ကိုလည်း နည်းပြနဲ့ နာရီအလိုက် အခကြေးငွေယူပြီး လေ့ကျင့်ခွင့် ပေးလို့ ရပါတယ်။ ဒီလို အားကစား ကလပ်တွေ လမ်းတိုင်း ရပ်ကွက် တိုင်းမှာ လုပ်နိုင်ကြရင် လူငယ်တွေ ဘီယာဆိုင်၊ လက်ဖက်ရည်ဆိုင် ဘယ်သွား ကြတော့မှာလဲ။ အဲဒီလို ကလပ်တွေနဲ့တွဲပြီး စာကြည့် တိုက်လုပ်ငန်းပါ လုပ်လို့ ရပါသေးတယ်။ တစ်နိုင်ငံလုံး တောရော မြို့ပါမကျန် လုပ်လို့ရတဲ့ ကြီးမားတဲ့ စီးပွားရေး လုပ်ငန်းကြီးလည်း ဖြစ်လာနိုင်ပါတယ်။ စီးပွားရေး လုပ်ငန်းရှင်တွေ စဉ်းစားကြပါလို့ တိုက်တွန်း နှိုးဆော်လိုက်ပါရစေ။

# ကလေးနဲ့ အနုပညာစိတ်

တစ်လောက ကျောင်းသား တပည့်ဟောင်း တစ်ယောက် မျက်နှာအမူအရာ ခပ်ပျက်ပျက်နဲ့ ရောက်လာပါတယ်။ ဘာဖြစ်လာတာလဲလို့ မေးလိုက်တော့ ပျက်နေတဲ့ သူ့မျက်နှာက နီရဲလာပါတယ်။ မေးလိုက်ကာမှ ပိုဆိုးသွားတဲ့သဘော ရှိပါတယ်။ အတော်လေးကြာမှ သူ သက်ပြင်းတစ်ချက် ဝှူးခနဲမှုတ်ထုတ်ပြီး "ကားသမားတွေ မိုက်ရိုင်းလွန်းလို့ ဒေါသဖြစ်လာတာပါ ဆရာရယ်" လို့ အစချီပြီး ဖြစ်ပုံပျက်ပုံ အလုံးစုံကို ပြောပြပါတော့တယ်။

ဖြစ်ပုံကတော့ ဂျာနယ်တွေမှာ အမြဲမပြတ်ဖတ်နေရတဲ့ ကားစပယ်ယာတွေ ရိုင်းစိုင်းပုံပါပဲ။ သိပ်အထူး အဆန်းတော့ မဟုတ်ပါဘူး။ သူကိုယ်တိုင်နဲ့ ဖြစ်ခဲ့ရတာတော့ မဟုတ်ပါဘူး။ သူစီးလာတဲ့ ကားထဲမှာ ခြောက်ဆယ်ကျော် ခုနစ်ဆယ်ရွယ် အမယ်အို တစ်ယောက် ပါလာပါတယ်တဲ့။ အဲဒီအမယ်အိုက သူဆင်းရမယ့် မှတ်တိုင်မရောက်ခင် အစောကြီးကတည်းက မှတ်တိုင်အမည်ကို အော်အော်ပြီး ပါကြောင်း လေးငါးကြိမ်လောက် ပြောပါတယ်။ ဒါပေမယ့် ကားဆရာက မှတ်တိုင်မှာ ရပ်မပေးဘဲ ဆက်မောင်း သွားတော့ အမယ်အိုက မှတ်တိုင်ပါပါတယ် အော်နေရက်နဲ့ ဘာ့ကြောင့် ရပ်မပေးလဲလို့ စိတ်ဆိုး မာန်ဆိုးနဲ့ အော်ပါတယ်တဲ့။ အဲဒီအခါ ကားမောင်းတဲ့သူက မရောက် ခင် အဝေးကြီးကတည်းက

ထပ်ခါတလဲလဲ အော်နေတာ နားငြီးလို့ တမင်ရပ်မပေးတာလို့ ပြန်ပြောပါတယ်တဲ့။ နောက်မှတ်တိုင်မှာ ရပ်တော့မှ အမယ်အိုခမျာ ဗျစ်တောက်ဗျစ်တောက် ရွတ်ရင်း ဆင်းသွားရပါတယ်တဲ့။

"အဘွားကြီး သနားပါတယ် ဆရာရယ်၊ သူ ဆင်းချင်တဲ့ မှတ်တိုင်ကိုရောက်အောင် နေပူကြီးထဲမှာ အဝေးကြီး ပြန်လျှောက်သွားရရှာမှာ"

"ကားပေါ်မှာ မင်းက ဘာမှ ဝင်မပြောခဲ့ဘူးလား"

"ကျွန်တော် ပြောမလို့ လုပ်သေးတယ် ဆရာ၊ ဒါပေမယ့် တခြားလူတွေကလည်း ဘာမှမပြောဘဲ ကိုယ်နဲ့မဆိုင်သလို လုပ်နေကြတာကြောင့် မပြောဖြစ်ခဲ့ပါဘူး၊ လူတွေကိုက ညံ့ပါတယ် ဆရာ။ ငြိမ်ခံနေကြတာပဲ"

တပည့်ဟောင်း ပြောတဲ့စကားက လူ့လောကထဲမှာ လူတိုင်းလောက်နီးပါး ပြောနေကြတဲ့ ဖန်တလာတေနေပြီဖြစ်တဲ့ စကားဟောင်းကြီး ဖြစ်ပါတယ်။ ဒီစကားကြီးကြောင့်ပဲ လူ့လောကကြီးမှာ အနိဋ္ဌာရုံတွေ လွှမ်းမိုးပြီး အရုပ်ဆိုး အကျည်းတန်နေတာ ဖြစ်ပါ တယ်။ ပြဿနာ တစ်စုံတစ်ရာ ရှိလာတဲ့အခါ၊ မမှန်မကန်လုပ်မှု တစ်ခု တလေ တွေ့လာတဲ့ အခါမျိုးမှာ၊ ကြုံတဲ့လူ၊ တွေ့တဲ့လူက ပြောသင့်တာ ဝင်ပြော၊ လုပ်သင့်တာဝင်လုပ်ဆိုရင် မမှန်မကန် လုပ်သူတွေ လက်ရဲဇက်ရဲရှိကြမှာ မဟုတ်ပါဘူး။ တွေ့တဲ့လူ၊ ကြုံတဲ့လူက ကိုယ်နဲ့မဆိုင်သလို ရေငုံနှုတ်ပိတ် လုပ်နေပြီး သူများတွေက ဘာလုပ်မလဲ ဆိုတာကိုသာ စောင့်ကြည့်နေလေ့ ရှိပါတယ်။ သူများတွေကလည်း ကိုယ့်လိုပဲ တခြားလူတွေ ဘာလုပ်မလဲဆိုတာကို စောင့်ကြည့်နေကြပြီး ဘာမှ မလုပ်ဘဲ နေတဲ့အခါကျတော့ ပြဿနာဟာ ပိုပြီးကြီးထွားလာ ပါတယ်။ အဲဒီအခါကျတော့ "လူတွေကိုက ညံ့ပါတယ်" ဆိုတဲ့ စကားဟောင်းကြီးကို ရွတ်ကြပြန်တာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com



တကယ်လို့သာ သူများတွေ ဘာလုပ်မလဲ ဆိုတာ စောင့်ကြည့်မနေဘဲ၊ ကိုယ်ဘာလုပ်သင့်သလဲလို့ စဉ်းစားပြီး၊ လုပ်သင့်တာကို လုပ်လိုက်မယ်ဆိုရင် ပြဿနာဟာ ငယ်ငယ်လေးနဲ့ နိဂုံးချုပ်သွားနိုင်ပါတယ်။ စောစောကပြောတဲ့ မော်တော်ကားပေါ်က ကိစ္စကိုပဲ ကြည့်ပါ။ ဘတ်စ်ကား တစ်စီးပေါ်မှာ ကားသမားက ၂ ယောက်တည်း ရှိပါတယ်။ ခရီးသည်တွေက လေး ငါး ခြောက်ဆယ် ရှိပါတယ်။ ဒီလူ လေးငါးခြောက်ဆယ်လုံးက တညီတညာတည်း ဝိုင်းပြီး ပြန်လှန်ပြောဆိုကြမယ်ဆိုရင် နှစ်ယောက်တည်းရဲ့အသံက ငြိမ်သက် မသွားပေဘူးလား။ တကယ်လို့ ငြိမ်သက်မသွားရင် ရမ်းရမ်းကားကား ပြုတယ်ပဲ ထားပါဦး။ နှစ်ယောက်နဲ့ လေးငါးခြောက်ဆယ်လေ။ နှစ်ယောက်ထဲမှာ မောင်းတဲ့သူက ကားကိုထိန်းနေရတာ ဆိုတော့ ရုတ်တရက် လှုပ်ရှားနိုင်ဖို့ အခွင့်အလမ်း မသာပါဘူး။ စပယ်ယာလုပ်သူကလည်း များသောအားဖြင့် ခရီးသည်တွေရဲ့ အလယ်မှာ ရှိနေရတာပါ။ ခရီးသည်တွေ ကသာ တကယ်ရန်ပြုမယ်ဆိုရင် သူ လက်ကလေး တစ်ဖက်တောင် မြှောက်ခွင့် ရလိုက်မှာ မဟုတ်ပါဘူး။

ခရီးသည်တိုင်းက ကိုယ်နဲ့မဆိုင်သလို နေလေ့ရှိတယ်ဆိုတာ အသေအချာသိနေလို့သာ ကားသမားတချို့ မိုက်မိုက် ရိုင်းရိုင်း စော်ကားမော်ကား ပြုဝံ့တာပါ။ ကားသမားတွေနဲ့ ရန်ဖြစ်ရမယ်လို့ တိုက်တွန်းနေတာ မဟုတ်ပါဘူး။ မိုက်ရိုင်းစော်ကားတာလည်း တကယ်တော့ ကားသမားတချို့သာ ဖြစ်ပါတယ်။ အများစုက မိုက်ရိုင်းနေတာ မဟုတ်ပါဘူး။

လူ့လောကမှာ လူယဉ်ကျေးတို့ရဲ့ ဘာသာစကားကို နားမလည်တဲ့ လူစားမျိုး နေရာတိုင်းမှာ ရှိတတ်ပါတယ်။ အဲဒီလို လူမျိုးနဲ့ ကြုံတွေ့ရတဲ့အခါမှာ လူကြီးလူကောင်းလို ဆက်ဆံလို့ မရပါ ဘူး။ သူတို့ နားလည်တဲ့ ဘာသာစကားနဲ့ပြောမှ ဖြစ်ပါတယ်။

သည်းခံလွန်း အားကြီးရင် ကြောက်တယ်လို့ ယူဆတတ်ပါတယ်။ အဲဒါကြောင့် နေရာတိုင်းလိုက်ပြီး သည်းခံမနေဘဲ ပြောသင့်တာကိုပြောဖို့၊ လုပ်သင့်တာကို လုပ်ဖို့လိုပါတယ်။ လူရယ်လို့ဖြစ်လာရင် လူ့တာဝန် ဆိုတာလည်း ရှိစမြဲဖြစ်တယ်။ လူ့တာဝန်တွေထဲမှာ ကိုယ်နေထိုင်ရာ လူ့လောကကို အရုပ်ဆိုး အကျည်းတန်အောင် မလုပ်မိစေဖို့နဲ့ တခြားသူများလည်း မလုပ်နိုင်အောင် ကာကွယ် စောင့်ရှောက်ဖို့ဆိုတာလည်း ပါဝင်ပါတယ်။ လူတစ်ဦးချင်းစီက ကိုယ့် တာဝန်ကိုယ်သိပြီး ကျေပွန်အောင် လုပ်ဆောင်ကြမယ်ဆိုရင် အနိဋ္ဌာရုံတွေ၊ အရုပ်ဆိုး အကျည်းတန်တာတွေ ပပျောက်သွားမှာ အသေအချာပါ။

ကိုယ်က ဘာမှမလုပ်ဘဲ တခြားလူတွေကို 'ညံ့လိုက်တာ' လို့ အပြစ်တင်နေလို့ ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ သူများတွေ လုပ်မှာကို စောင့်ကြည့်မနေပါနဲ့၊ ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် လုပ်ဖို့သာ အရေးကြီးပါတယ်။

"တာဝန်သိစိတ်" ရှိတဲ့လူ များရင်များသလောက် နိုင်ငံထွန်းကားပါတယ်။ အဲဒါကြောင့် လူတိုင်း နိုင်ငံသားတိုင်း လူ့တာဝန်၊ နိုင်ငံသားတာဝန် ကျေပွန်အောင် ထမ်းဆောင်ဖို့ အစဉ်မပြတ် နှိုးဆော်နေဖို့ လိုပါတယ်။ အထူးသဖြင့် ဦးနှောက် ဖြူဖြူ သန့်သန့်လေး ရှိသေးတဲ့ ကလေးသူငယ်များကို အဓိကထားပြီး နှိုးဆော်သင့်ပါတယ်။ နည်းနည်းလေး အရွယ်ကြီးလာလေ အရောင်ဆိုးမှု များလာလေ ဖြစ်တတ်တဲ့အတွက် ကလေးသူငယ်များကို အဓိကထားပါလို့ ဆိုခဲ့တာပါ။

ကလေးသူငယ် ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများက ကလေးသူငယ်အရွယ်ကစပြီး ဂီတနဲ့ပန်းချီအနုပညာ သင်ကြားပေးခြင်းဖြင့် ယဉ်ကျေးတဲ့ လူငယ်လေးတွေ ဖြစ်လာစေနိုင်တယ်လို့ အကြံပြုကြပါတယ်။ မူကြိုနဲ့ မူလတန်းအရွယ် ကလေးသူငယ်တိုင်း တူရိယာ ပစ္စည်းများကို တီးခတ်ရင် အသံထွက်လာတာကို နှစ်ခြိုက်ကြ

www.burmeseclassic.com


ပါတယ်။ ကိုယ်တိုင် တီးခတ်ရမယ်ဆိုရင် ဝမ်းသာအားရ ဖြစ်ကြပါတယ်။ ပန်းချီအရောင်စုံ လေးတွေ ခြယ်လိုက်တာနဲ့ ယုန်ကလေးတွေ။ ရှဉ့်ကလေးတွေ၊ ကြောင်ကလေးတွေ ဖြစ်လာတာကိုလည်း သဘောကျကြပါတယ်။ ကိုယ်တိုင်လုပ်ရရင် ကျေနပ်အားရ ဖြစ်ကြပါတယ်။ အဲဒါကြောင့် မူကြိုနဲ့ မူလတန်းအရွယ် ကလေးများကို စတင်သင်ကြားပေးရာမှာ ဂီတ၊ ပန်းချီတို့နဲ့ စသင့်တယ်လို့ အကြံပြုကြတာ ဖြစ်ပါတယ်။ အနည်းဆုံးအားဖြင့် ကျောင်းစရောက်တဲ့နေ့မှာ တငိုထဲငိုနေတတ်တဲ့ ကလေးလေးတွေ အငိုတိတ်သွားမှာတော့ သေချာပါတယ်။ အများဆုံးအားဖြင့် ပန်းချီဂီတတို့နဲ့ ယဉ်ပါးကြီးပြင်းလာရတဲ့ ကလေးဟာ စိတ်ကြမ်း ကိုယ်ကြမ်းနဲ့ လူရမ်းကားလေးများ အဖြစ်ရောက်မသွားစေပါဘူး။

ပန်းချီဂီတဆိုတဲ့ အနုပညာက လူတိုင်းမှာ မွေးရာပါဖြစ်တဲ့ "အရိုင်းစိတ်" (Animal Instinct) ကို လျော့ပါးစေပြီး၊ စိတ်ဓာတ်နူးညံ့သိမ်မွေ့လာ စေပါတယ်။ အနုပညာစိတ် (Sense of Art) ရှိသူတိုင်း အလှအပကို ချစ်တတ်ပါတယ်။ အလှအပကို ချစ်တတ်ရင် လှတာလေး မှန်သမျှ ပျက်စီးသွားမှာကို မလိုလားပါဘူး။ အလှဆိုတာ လူတိုင်းမှာ နေရာတိုင်း မှာ ရှိပါတယ်။ မြင်တတ်ကြည့်တတ်သူအဖို့ ဘယ်နေရာမှာမဆို အလှရှိပါတယ်။ ကောင်းကင်ပြင်နဲ့ ပင်လယ်ပြာနောက်ခံရှိတဲ့ ငွေရောင်သဲပြင်မှာ အလှရှိသလို၊ တောင်ကြိုတောင်ကြားက စီးဆင်းလာတဲ့ ချောင်းငယ်ကလေးမှာလည်း အလှရှိပါတယ်။ ဂီတလည်း ရှိပါတယ်။ ကြည့်တတ်ခံစားတတ်ရင် သဘာဝပတ်ဝန်းကျင်တိုင်းမှာ အလှကိုယ်စီ၊ ဂီတကိုယ်စီ ရှိကြပါတယ်။

သဘာဝဝန်းကျင်ရဲ့ အလှ၊ လူ့လောကရဲ့အလှကို လောဘမီး၊ ဒေါသမီး၊ မောဟမီး အရှိန်တညီးညီး တောက်လောင် နေသူ လူရမ်းကားတွေက ရွက်ကြွေဖုံးတွေ၊ မီးလောင်ဖုံးတွေ၊ အဆိပ်

www.burmeseclassic.com


ဓာတ်ငွေ့ ဗုံးတွေနဲ့ ဖျက်ဆီးပစ်ကြပါတယ်။ အဲဒါကြောင့် ကမ္ဘာကြီးရဲ့ အလှအပတွေ ကွယ်ပျောက်ခဲ့ရတာ လူတိုင်းအသိ ဖြစ်ပါတယ်။ ဖန်လုံအိမ် အာနိသင်တို့၊ အိုဇုန်းလွှာ ပါးလျားလာမှုတို့ ဆိုတာတွေဟာ သဘာဝ ပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကြောင့် ဖြစ်ပေါ်လာရတာပါ။ လူ့လောကကို လှပစေလိုသူ၊ ကမ္ဘာကြီးကို သာယာစေလိုသူများက သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဆော်ဩလာကြတာကြောင့် အခုဆိုရင် နိုင်ငံတိုင်းမှာ သဘာဝဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းတွေကို အလေးထား လုပ်ဆောင်နေကြတာများ တွေ့မြင်နေရပါတယ်။

သဘာဝဝန်းကျင် ထိန်းသိမ်းခြင်းဆိုတာ လူ့လောကရဲ့ အလှကို ထိန်းသိမ်း စောင့်ရှောက်ခြင်း ဖြစ်ပါတယ်။ လူယဉ်ကျေးတို့ရဲ့ အလုပ်ဖြစ်ပါတယ်။ သဘာဝဝန်းကျင်ကို ဖျက်ဆီးသူဟာ လူ့လောကရဲ့အလှကို ဖျက်ဆီးသူ လူရမ်းကားများ ဖြစ်ပါတယ်။

လူ့လောကရဲ့အလှကို ထိန်းသိမ်းစောင့် ရှောက်ဖို့ လူသားတိုင်းမှာ တာဝန်ရှိပါတယ်။ လူ့လောကရဲ့အလှတွေကို မြင်တတ် ခံစားတတ်စေဖို့ ပန်းချီနဲ့ဂီတ အနုပညာက စွမ်းဆောင်နိုင်ပါတယ်။ ဒါကြောင့် ကလေးသူငယ်တိုင်း Sense of Art အနုပညာစိတ် ရှိလာအောင် ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။ အနုပညာစိတ်ရှိသူဟာ ယဉ်ကျေးပြီး သိမ်မွေ့နူးညံ့ပါတယ်။ ယဉ်ကျေးတဲ့ သူများသာလျှင် ကမ္ဘာကြီးကို လှပနေအောင် ကာကွယ်စောင့်ရှောက်ပါတယ်။ အဲဒါကြောင့် လူ့လောကကြီး သာယာလှပအောင်၊ တာဝန်သိစိတ်ရှိတဲ့ လူသားတွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးဖို့အတွက် ပန်းချီ ဂီတစတဲ့ အနုပညာ ရပ်တွေကို မူကြိုအရွယ်၊ မူလတန်းအရွယ် ကလေးများကို မပျက်မကွက် သင်ကြားပေးကြဖို့ လိုအပ်ကြောင်း နှိုးဆော် လိုက်ချင်ပါတယ်။

# ကလေးများကို ဖျက်ဆီးခြင်း

ကျွန်မရဲ့လိုအင်ဆန္ဒများဟာ သိပ်ပြီး ကြီးကြီးကျယ်ကျယ် မဟုတ်လှပါဘူး။ သာမန်လောက်ပေါ့။ ကမ္ဘာကြီး ငြိမ်းချမ်းဖို့၊ ကျန်းမာဖို့နဲ့ လွယ်လွယ်ကူကူ မုန့်ဖုတ်နိုင်တဲ့ မုန့်ဖုတ်ဖို့ အာဗန်လေးတစ်ခု ပိုင်ဆိုင်ဖို့ ဆိုတာလောက်ပါပဲ။ ဒီလို အာဗန်လေး တစ်ခုကို ခပ်ငယ်ငယ် ကလေးဘဝ ကတည်းက စွဲစွဲလမ်းလမ်း လိုချင်ခဲ့မိပါတယ်။

ဒီလိုဆိုလို့ တလွဲထင်မသွားနဲ့ဦး။ ကျွန်မရဲ့ ကလေးဘဝဟာ အင်မတန်ကို ပြည့်စုံပါတယ်။ အလျှံပယ်ပါပဲ။ ဒါပေမယ့် တကယ် မုန့်ဖုတ်လို့ရတဲ့ ကစားစရာ အာဗန်လေးတော့ ကျွန်မမှာ မရှိခဲ့ပါဘူး။ ဒီကိစ္စကို မေ့မေ့ပျောက်ပျောက် ရှိသင့်ပါပြီ။ ကျွန်မတို့မှာ လားကလေး တစ်ကောင် ရှိပါတယ်။ ဒါပေမယ့် ကျွန်မသိပ်လိုချင်တဲ့ အာဗန်လေး တော့ မရှိခဲ့ပါဘူး။ ဒီအချက်ကို ဘယ်လိုမှ မေ့ပစ်လို့ မရနိုင်ပါဘူး။

ကိုယ်လိုချင်တာ မရခဲ့ဘူးဆိုတဲ့ ကလေးဆန်ဆန် ခံစားချက် ကလေးတွေကြောင့် မိဘတွေဟာ သူတို့သားသမီးတွေအတွက် ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ ပစ္စည်းတွေကို ရက်ရက်ရောရောကြီး ဝယ်ခြမ်း ပေးနေကြတာ ဖြစ်တယ်လို့ ကျွန်မထင်ပါတယ်။ စတော့

စျေးကွက် အခြေအနေကောင်းပြီး စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းကလည်း မှန်နေတာကြောင့် အမေရိကန် မိဘတွေဟာ သူတို့သားသမီးတွေကို “ဖိုးထိုက်ရင်းတန်” ပစ္စည်းတွေ ဝယ်ခြမ်းပေးနိုင်ကြပါတယ်။ ပေးလည်း ပေးနေကြပါတယ်။

အဲဒီလို အစစပြည့်စုံအောင် ဝယ်ခြမ်းပေးနေကြပြီး ရွှေပေါ် မြတင် ထားပေမယ့် သူတို့သားသမီးတွေ အရွယ်ရောက်လာတဲ့ အချိန်မှာ ကုဋေ့ရှစ်ဆယ် သူဌေးသားလို စိုးရိမ်ကြောင့်ကြ ဖြစ်နေကြပါတယ်။ အဲဒါကြောင့် ဝေါလမ်းမကြီးက ရင်းနှီးမြှုပ်နှံမှု အတိုင်ပင်ခံများက သူကြွယ်သားသမီးများကို စိတ်ရောဂါကုဆရာများနဲ့ ဆွေးနွေးဖို့ လမ်းညွှန်မှု ပေးနေကြပါတယ်။

ဒါပေမယ့် တကယ်တမ်း စိတ်ကုဆရာတွေရဲ့ အကူအညီ လိုအပ်နေတာက မိဘတွေ ဖြစ်နေလေ့ ရှိပါတယ်။ တချို့ မိဘတွေက သူတို့သားသမီးတွေမှာ တန်ဖိုးကြီးကြီးပေးရတဲ့ ပစ္စည်းတွေ ပြည့်စုံကြွယ်ဝနေရင် အပေါင်းအသင်း သူငယ်ချင်းတွေကြားမှာ မျက်နှာ ပွင့်ပြီး ချစ်သူဝိုင်းဝိုင်းလည် ဖြစ်နေလိမ့်မယ်လို့ ယူဆနေကြပါတယ်။ တချို့ အဖေရောအမေပါ အလုပ်လုပ်ကြတဲ့ မိဘများကတော့ သူတို့ မပေးနိုင်တဲ့ အချိန်ရဲ့နေရာမှာ ပိုက်ဆံကို အစားထိုး ပေးကြပါတယ်။ တချို့စီးပွားရေးသမား ဖအေများကတော့ သားကလေးနဲ့ ဘောလုံး ကစားဖို့ အချိန်ပေးရမယ့်အစား ဘောလုံးနည်းပြဆရာတစ်ယောက် ငှားပေး တတ်ကြပါတယ်။

ဒီလိုလုပ်ရပ်ဟာ “အချိန်သည် ပိုက်ဆံ” ဆိုတဲ့ စီးပွားရေး ရှုထောင့်က ကြည့်ရင်တော့ ဟုတ်တာ၊ တွက်သားကိုက်တာပေါ့။ ဒါပေမယ့် ကလေးတစ်ယောက် အလိုချင်ဆုံး၊ အလိုအပ်ဆုံးဆိုတဲ့ ကိစ္စကို လုံးဝ လျစ်လျူရှုထားရာတော့ ရောက်တာပေါ့။

ကျွန်မရဲ့ အသိုင်းအဝိုင်းထဲမှာ ကျွန်မတို့ စုဝေးကစားဖို့

www.burmeseclassic.com


ချိန်းစရာ အနှစ်ခြိုက်ဆုံး အိမ်မျိုးကတော့ ကစားစရာ အထူးအဆန်းတွေ သိပ်များများစားစား မရှိတဲ့ အမေလုပ်သူက ကလေးတွေကို စကိတ်ကွင်းတို့၊ တိရစ္ဆာန်ရုံတို့ ခေါ်သွားတတ်တဲ့ အိမ်မျိုး ဖြစ်ပါတယ်။ ကလေးတွေက တစ်ခုခု ပူဆာတဲ့ အခါတွေမှာလည်း အလွယ်တကူ ဝယ်ခြမ်းမပေးဘဲ၊ အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြတတ်တဲ့ အမေမျိုးရှိတဲ့ အိမ်မျိုးဖြစ်ပါတယ်။

ကလေးကို ဖျက်ဆီးတယ်ဆိုတာ အလိုလိုက်လွန်းတာ တစ်ခုတည်း မဟုတ်ပါဘူး။ လျစ်လျူရှုခြင်းဟာလည်း ကလေးကို ဖျက်ဆီးခြင်း ဖြစ်ပါတယ်။ မိဘတွေဟာ တန်ဖိုးကြီးမားတဲ့ ပစ္စည်းတွေ ဝယ်ပေးတဲ့အခါမှာ ဘယ်လောက်တောင် ပေးရတယ် ဆိုတာမျိုး မပြောသင့်ဘူးလို့ ထင်ပါတယ်။ ကလေးတွေကို တန်ဖိုးအကြောင်း ပြောရင် ကိုယ့်မိသားစုကထားတဲ့ တန်ဖိုးတွေအကြောင်း ရှင်းလင်း ပြောကြားနိုင်ပါတယ်။

မိတ်ဆွေ တစ်ယောက်ကတော့ သူ့ကလေးတွေနဲ့အတူ ရှူးဖိနပ် ရှာပုံတော်ထွက်ရင်း၊ ရေရှည်အစီးခံတဲ့ ဖိနပ်မျိုးကို ဈေးပိုပေးပြီး ဝယ်တာမျိုး ဖြစ်သင့်ကြောင်း၊ ခေတ်စားနေတဲ့ ပုံစံ၊ နာမည်ကြီးနေတဲ့ တံဆိပ်မို့ ဈေးပိုပေးရတာမျိုး မဖြစ်သင့်ကြောင်း ရှင်းပြလေ့ရှိပါတယ်။

ကလေးဆိုတာ မိဘတွေဆီက ဆုံးမစကားထက် စံနမူနာပြတာကို ပိုပြီးလိုချင်ပါတယ်။ ကိုယ်တိုင်က ပုလဲဆွဲကြိုးလေး တစ်ကုံးကို နှစ်သက်ပေမယ့်၊ မဝယ်လိုက်ဘဲ ဘုရားကျောင်းကို လှူလိုက် တာမျိုး၊ သားသမီးတွေရဲ့ ကောလိပ်စရိတ်စုငွေထဲ ထည့်လိုက်တာမျိုး၊ ဘိုးဘွားတွေကို ဘုရားဖူးလိုက်ပို့တာမျိုး စတဲ့နမူနာမျိုးတွေပေါ့။

ဒါ့အပြင် ကလေးတွေကို "စောင့်ရခြင်း" ရဲ့ ကြည်နူးစရာ ကောင်းပုံလေးတွေကိုလည်း သင်ပြပေးနိုင်ပါတယ်။ ဒီနှစ် ကျွန်မ

www.burmeseclassic.com


သမီးရဲ့ ခရစ္စမတ် လက်ဆောင်တွေထဲမှာ အလွယ်တကူ မုန့်ဖုတ်နိုင်တဲ့ အာဗန်လေးတစ်ခု ပါလာပါတယ်။ အထုပ်ကို ဖွင့်ပြီးတာနဲ့ သမီး မျက်နှာဟာ ဝင်းပသွားပါတယ်။ သမီးက အာဗန်လေးကို ကျွန်မ လက်ထဲ ထည့်လိုက်ပါတယ်။ “နောက်ဆုံးတော့ မေမေလိုချင်တာ ရပြီလေ” လို့လည်း ပြောလိုက်ပါတယ်။

နောက်နှစ်တော့ သမီးကို “ဘာဘီရဲ့ အိပ်မက်အိမ်ကလေး” လက်ဆောင်ပေးဖို့ ကျွန်မ စဉ်းစားလိုက်မိပါတယ်။

အဲဒီ “အိပ်မက်အိမ်ကလေး” ကို ကျွန်မက ၈ နှစ်သမီး ကတည်းက လိုချင်နေခဲ့တာလေ . . . ။

*(ရည်ညွှန်း။ ။ ၇. ၂. ၂၀၀၀ ထုတ် တိုင်းမဂ္ဂဇင်း Personal Time: Your Family ကဏ္ဍက အေမီဒစ်ကင်ဆန်ရဲ့စာကို ဘာသာပြန်ထားတာပါ။)*

# မွန်မွန်ကလေး ကျောင်းသွားပြီ

ဒီနှစ် မိုးကောင်းပါတယ်။ သင်္ကြန်မတိုင်မီက ဖျတ်ဖျတ်လူးအောင် ပူခဲ့တာကြောင့် မိုးကို တောင့်တခဲ့ကြပေမယ့်၊ ဘယ်ကို သဝေထိုးနေမှန်း မသိရတဲ့ ကိုရွှေမိုးက သင်္ကြန်မိုးလေးမှ ရွာပေးဖော် မရခဲ့ပါဘူး။ အိမ်ရှေ့က ပိတောက်ပင်ကြီး သုံးပင်လည်း မိုးကို တမျှော်မျှော် လုပ်ရင်းနဲ့သာ သင်္ကြန်ကို ကျော်ဖြတ်ခဲ့ရတယ်။ ဒီနှစ် ရန်ကုန်သင်္ကြန်မှာ ပိတောက်တွေ မဝေခဲ့ဘူးပေါ့။

သင်္ကြန်လွန်ပြီး အတော်ကြာမှ ပိတောက်တွေ ပွင့်ရပါတယ်။ ရွာမယ့်ရွာတော့လည်း စဲတယ်လို့ မရှိတော့ပါဘူး။ အလည်ကျူးခဲ့တာကို ပြန်ပြီး အကြွေး ဆပ်သလိုပါပဲ။ နေ့စဉ်ရက်ဆက်ကို သဲကြီးမဲကြီးနဲ့ ရွာနေပါတော့တယ်။ မိုးစက်တွေနဲ့အတူ မွှေးရဲ့ဝါးခယ်မက လယ်ကွင်းတွေထဲမှာ စပါးပင်လေးတွေ နိုးထလာကြပြီး ခေါင်းကြွကာ တဝေဝေနဲ့ ဖြစ်နေကြရောပေါ့လို့ သွားပြီး အတွေးရောက်နေ မိသေးတယ်။ မိုးရေတွေ စိုရွှဲနေတဲ့ အိမ်ရှေ့ပိတောက်ပင်က အရွက်တွေလည်း လန်းဆန်း စိမ်းဖန့်ပြီး မြူးကြွနေကြတယ်လေ။

ပြတင်းပေါက်နား ကပ်ပြီးခင်းထားတဲ့ ခေါက်ကုလားထိုင်ပေါ်မှာ နှာခေါင်းမှာ အောက်စီဂျင် ပိုက်တန်းလန်းနဲ့ သုံးလလုံးလုံး လဲလျောင်း နေရချိန်မှာတော့ မိုးဟာ မိတ်ဆွေကောင်းပါပဲ။ အေးမြခြင်းကို ယူဆောင်လာတယ်။ စိမ်းလန်းခြင်းကို ဖြစ်ပေါ်

စေတယ်။ ကောက်ပင်လေးတွေကိုယ်စား ပိတောက်ရွက်လေးတွေ ကိုယ်စား ကျေးဇူးတင်မိတယ်။

ပိတောက်ရွက်တွေအပေါ် တဖြောက်ဖြောက် ကျနေတဲ့ မိုးစက်ကလေးတွေရဲ့ ဂီတသံကို နားဆင်ကြည်နူးနေဆဲမှာပဲ ကျောင်းစိမ်းရင့်ရောင် ပိတောက်ရွက်ကလေး တစ်ရွက် ရှေ့ကို ရောက်လာတယ်။

"ဘဘ . . . သမီး ကျောင်းသွားတော့မယ်"

ကျောက်စိမ်းရင့်ရောင်ကလေးရဲ့ အသံက မြူးထူး တက်ကြွနေတယ်။ အင်္ကျီအဖြူ ဖွေးဖွေးလေး အပေါ်မှာ လွယ်အိတ်စိမ်းကလေးကို စလွယ်သိုင်း လွယ်ထားတဲ့ သူ့ဟန်ပန်ကလေးက ကြည်နူးစရာ ကောင်းလိုက်တာ။

"ဪ . . . မွန်မွန်ကလေး ကျောင်းသွား ရပြီကိုး"

စိတ်ထဲက တွေးလိုက်မိတယ်။ နှုတ်ကတော့ . . .

"အေး . . . အေး . . . သမီးလေး သွားတော့၊ စာကြိုးစားနော်၊ စာမလိုက်နိုင်လို့ ငိုပြီးပြန် မလာခဲ့နဲ့နော်" လို့ အားပေး နှစ်သိမ့်စကား ပြောလိုက်မိတယ်။ ပြုံးပြုံးကလေး နှုတ်ဆက်ပြီး မြူးမြူးသွက်သွက်ကလေး ထွက်ခွာသွားတဲ့ သူကလေးရဲ့ နောက်ကျောကို ကြည့်ရင်း အဖြူအစိမ်းကလေးနဲ့ ကျက်သရေ ရှိလိုက်တာလို့ စိတ်ထဲမှာ အောက်မေ့မိတယ်။

အမှန်တကယ်ကို ကျက်သရေရှိတဲ့ မြင်ကွင်းကလေးပါ။ သူ့အသားကလေး ဖြူဖြူစင်စင်နဲ့ ကျောက်စိမ်းရင့်ရောင် ထမီကလေးနဲ့ အင်္ကျီဖြူဖြူလေးနဲ့ သိပ်ကိုလိုက်ဖက်ပါတယ်။ မီးဖိုထဲမှာ စကပ်တိုနန့်နန့်ဝတ်ပြီး ကျောက်ငရုတ်ဆုံကြီး တဒိုးဒိုး ထောင်းနေတဲ့ ပုံနဲ့များ ကွာပ့်။ ဆီနဲ့ရေပါပဲ။ အဖြူအစိမ်း ဝတ်စုံလေးနဲ့ လွယ်အိတ်စိမ်းကလေး လွယ်ပြီး ကျောင်းသွားနေတဲ့ပုံကို သူ့မိဘများ မြင်စေချင်လိုက်တာ။

ကျောင်းဝတ်စုံကလေးတွေနဲ့ လွယ်အိတ် ကိုယ်စီလွယ်ပြီး

www.burmeseclassic.com


ကျောင်းသွားတာ မြင်ရတာ အဆန်းမဟုတ်ပါဘူး။ သူ့အရင် လေးယောက် ရှိပါတယ်။ အားလုံး ၁၀ တန်းတွေအောင်ပြီး တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေ ဖြစ်နေကြပါပြီ။ သူတို့ တစ်တွေ ကျောင်း သွားတာ မြင်ရတုန်းက ဒီလောက် စိတ်ထဲ ကြည်နူးဝမ်းသာ မဖြစ်ခဲ့ ပါဘူး။ သူတို့တစ်တွေ ၁၀ တန်းကိုယ်စီ အောင်ကြတုန်းကလည်း ဝမ်းမြောက် ဝမ်းသာတော့ ဖြစ်ခဲ့ပါရဲ့။ ဒါလောက် ကြည်နူးပီတိ မဖြစ်ခဲ့ မိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ လေးယောက်စလုံးဟာ ကျောင်းသူလေးတွေအဖြစ် အိမ်ကိုရောက် လာကြပြီး ကျောင်းဆက် တက်နေကြတာကိုး။ သူတို့အဖို့ နေရာပြောင်း ကျောင်းပြောင်း ရုံလောက် ရှိတာဆိုတော့ တယ်ပြီးထူးထူးခြားခြား ရှိကြပုံ မရသလို၊ ကိုယ့်အဖို့လည်း မှတ်မှတ်ရရ ရှိလောက်စရာ မဟုတ် ပါဘူး။ အိမ်မှာ ခေါ်မထားပေမယ့် ကျောင်းစရိတ်အစ စာအုပ်ခဲတံ အလယ် ကျောင်း ဝတ်စုံအဆုံး တတ်နိုင်သမျှ ကူညီထောက်ပံ့ပေးခဲ့၊ သင်တန်းသူ သင်တန်းသားတွေကို စည်းရုံးလှုံ့ဆော်ခဲ့ စသဖြင့် လုပ်ခဲ့ တာတွေ ရှိးနေခဲ့ပြီ မဟုတ်လား။

ဒါပေမယ့် ဒီကလေးမလေး ကျတော့ တခြား သူတွေနဲ့ မတူတဲ့ ကြည်နူးမှုမျိုးကို ခံစားရပါတယ်။ နေ့စဉ်နေ့တိုင်း ကျောင်းသွား ကျောင်းပြန် လာနှုတ်ဆက်တဲ့ အခါတိုင်း ကြည်နူးမိတယ်။ ပီတိ ဖြစ်မိ ပါတယ်။ သူ ရောက်လာပုံက တခြားကလေးတွေ ရောက်လာပုံနဲ့ မတူ တာကြောင့် ကြည်နူးပီတိဖြစ်မှု အတိုင်းအတာ မတူတာ ဖြစ်တယ်လို့ ထင်ပါတယ်။

မွန်မွန်ကလေး အိမ်ရောက်လာပုံက မရည်ရွယ်ဘဲနဲ့ ရောက် လာတဲ့ သဘောပါ။ တစ်နေ့မှာ နှစ်ပေါင်း နှစ်ဆယ်နီးပါး ကွဲကွာနေတဲ့ မွန်မွန်ကလေးရဲ့ အမေ အိမ်ကို မမျှော်လင့်ဘဲ ရောက်လာပါတယ်။ အမြင့်က ဇင်းကျိုက်နဲ့ ယင်းငြိမ်ကြား ရွာကလေး တစ်ရွာကပါ။

www.burmeseclassic.com


အိမ်ကသမီး မွေးစကတည်းက ကူဖို့ညီဖို့ အိမ်မှာလာနေတဲ့ သူကလေးဟာ အဲဒီအချိန်က သူလည်း ရှိလှမှ ၁၅ နှစ် ၁၆ နှစ်ပေါ့။ ဖြူဖြူဖွေးဖွေး လုံးလုံးကျစ်ကျစ်ကလေးနဲ့ ချစ်စရာလေးပါ။ သွက်လိုက်တာကလည်း လျှာကို ဆီသုတ်ထားသလိုပါပဲ။ နှုတ်လည်းသွက်၊ လက်လည်းသွက်၊ တစ်ကိုယ်လုံးကို သွက်လွန်းလို့ သွက်သွက်ကို ခါနေတော့တာပါ။ အလုပ်မှာသွက်သလို စိတ်ရင်းကလေးလည်း ဖြူစင်လေတော့ တစ်အိမ်လုံးရဲ့ လက်စွဲတော် ဖြစ်နေပါတော့တယ်။ သားနဲ့သမီးအပေါ်လည်း သည်းခံတယ်။ ချစ်လည်းချစ်တယ်။ မောင်လေးညီမလေးနဲ့ သူ့ပါးစပ်ဖျားကကို ချတယ် မရှိတော့ဘူး။

လူကြီးတွေကိုလည်း အလိုက်တသိနဲ့ ပြုစုလုပ်ကိုင် ပေးတတ်ပါတယ်။ အမြင့်နဲ့တွေ့ရတာ သမီး တစ်ယောက် ကောက်ရသလိုပါပဲ။ တကယ်ကို စိတ် ချမ်းမြေ့ရပါတယ်။ သူကလည်း သံယောဇဉ် ကြီးရှာပါတယ်။ ခေါ်တော့လည်း အဖေနဲ့အမေပဲ ခေါ်ပါ တယ်။ ဇနီးဖြစ်သူ တောင်ကြီးကို ပြောင်းသွားရတော့ တောင်ကြီးရောက်မှ သိကျွမ်းရတဲ့ မိတ်ဆွေတွေက အမြင့်လေးကို ဆရာမကြီးသမီးလို့ပဲ ထင်ကြပါတယ်။ သူ့ရုပ်ရည်ကလေး ကလည်း သန့်သန့်ပြန့်ပြန့် ဖြူဖြူ စင်စင်လေးကိုး။ မသိသူတွေက ဘယ်သူကမေးမေး သမီးအကြီးပါလို့ပဲ ဇနီးက ဖြေလေ့ရှိပါတယ်။ မှတ်ပုံတင်သစ်တွေ ထပ်လုပ်ပေးတော့ နဂိုကမှ မှတ်ပုံတင်မရှိသေးတဲ့ အမြင့်လေးလည်း မှတ်ပုံတင်လုပ်ရပါတယ်။ ပုံစံတွေဖြည့်ရလို့ မိဘအမည်မေးတော့ ခါတိုင်းဘယ်သူမေးမေး ဖြေလေ့ရှိတဲ့အတိုင်း ဖြေလိုက်တာ ဖြစ်လေတော့ အခုထိ အိမ်ထောင်စုစာရင်းထဲက အမြင့်လေးရဲ့မိဘအမည် နေရာမှာ သူ့မိဘရင်းအမည် မဟုတ်တာကို တွေ့ရပါလိမ့်မယ်။

အဲဒီလို အမြင့်လေးနဲ့ ဆယ့်လေးငါးနှစ် အတူနေခဲ့ကြရပါတယ်။ တစ်နှစ်နွေမှာတော့ သုံးလေး နှစ်တစ်ခါ ရွာပြန်မြဲအတိုင်း

www.burmeseclassic.com


ကျောင်းပိတ်ရက်မှာ သူ ရွာကို ခဏပြန်သွားပါတယ်။ ဒီတစ်ခါတော့ ခါတိုင်းလို သကြံန်ပြီးတာနဲ့ ပြန်မရောက်လာတော့ပါဘူး။ ကျောင်းဖွင့်ချိန်နီးလို့ တောင်ကြီး ပြန်ကြရတော့မယ့် အချိန်ရောက်လည်း ပြန်မလာခဲ့ပါဘူး။ ရွာကိုလူလွှတ်ပြီး ခေါ်ခိုင်းတော့မှ အကြောင်းစုံသိရပါတော့တယ်။ အမြင့်လေး ပြန်မလာနိုင်တော့ပါဘူး။ ရွာမှာ သူ အိမ်ထောင် ကျသွားပါပြီ။ တစ်အိမ်သားလုံး စိတ်ထိခိုက်ပြီး မျက်ရည်နဲ့ မျက်ခွက် ဖြစ်ကြရပါတယ်။ နှမြောလွန်းလို့ စုပ်တသပ်သပ်လည်း ဖြစ်ကြရပါတယ်။ ဒါပေမယ့် ဘာတတ်နိုင်တော့မှာလဲ။ ကိုယ်ပိုင်ဘဝ တစ်ခု ထူထောင်ဖို့ သူဆုံးဖြတ်လိုက်ပြီကိုး။

အမြင့်မရှိတော့ပေမယ့် ရေစက်ကတော့ မကုန်ပါဘူး။ အမြင့်အစ်မကြီးက လာနေပေးပါတယ်။ သူက အမြင့်လို ရုပ်မလှပေမယ့် စိတ်ရင်းကတော့ အမြင့်လိုပဲ ဖြူစင်ပါတယ်။ တောသူ တောင်သားတွေကိုး။ သူလည်း ဇနီးသည်နဲ့အတူ တောင်ကြီး ကလောစနေလိုက်တာ ရန်ကုန်ပြန်ရောက်ပြီး နှစ်အတော်ကြာထိ နေရှာပါတယ်။ ဆယ့်လေးငါးနှစ်ပါပဲ။ နောက်တော့ သူ့ကျန်းမာရေး ကြောင့် ရွာပြန်ပြီး မိဘ ညီအစ်ကို မောင်နှမတွေကြားမှာ နေချင် တယ်ဆိုပြီး ပြန်သွား ပါတယ်။ သူတို့ညီအစ်မနဲ့ ရေစက်က တော်တော် ကြီးပါတယ်။ သူတို့အပေါ် ဘယ်လောက်ထိ သံယောဇဉ်ကြီးသလဲ ဆိုရင် နှစ်နှစ် သုံးနှစ် တစ်ကြိမ်လောက် သူတို့ရွာပြန်တဲ့အခါမျိုးမှာ တစ်အိမ်သားလုံး လိုက်ပို့တဲ့အခါပို့၊ လိုက်မပို့ဖြစ်တဲ့အခါ အပြန် သွားကြို ဆိုတာမျိုးတွေ လုပ်တဲ့အထိပါ။

သူတို့ရွာ လိုက်သွားရင် တစ်ညအိပ်မှ ဖြစ်ပါတယ်။ နေ့ချင်း ပြန်လို့ မရပါဘူး။ သူတို့ရွာကလေး က ဆင်းရဲရှာကြပါတယ်။ ဆင်းရဲလို့ တဲကလေးတွေနဲ့ နေရတာက အကြောင်းမဟုတ်ပါဘူး။ တောရွာ အများစုရဲ့ ဓလေ့အတိုင်း အိမ်တွေမှာ အိမ်သာ မရှိတာက ကြီးမားတဲ့

www.burmeseclassic.com


ပြသနာပါ။ ဒါပေမယ့် ကျေးလက်က လူတွေရဲ့ သဘာဝအတိုင်း ဖော်ဖော်ရွေရွေ ရှိကြပါတယ်။ အမြင့်တို့ အိမ်မှာ အိပ်လို့မဖြစ်ပေမယ့် ရွာထိပ်က ရေတွင်းနဲ့ ရေလောင်းအိမ်သာရှိတဲ့ အိမ်တစ်အိမ်မှာ တည်းခို နေထိုင်ကြရပါတယ်။ တောရွာကလေးတွေကို မရောက်ဖူးတဲ့ သားသမီးတွေလည်း ပျော်လိုက်ကြတာ။ ကွမ်းသီးပင်တွေ အုပ်ဆိုင်းပြီး ဝါးပင်တွေ ဝိုင်းရံနေတဲ့ ရွာကလေးမှာ လူကြီးတွေလည်း စိတ်လက် ပေ့ါပါး လန်းဆန်းကြပါတယ်။

အမြင့်လေးရဲ့အစ်မ ကျန်းမာရေးကြောင့် ပြန်သွားပြီး သုံးလေးနှစ်လောက် သူတို့နဲ့ အဆက်ပြတ်နေတုန်း မထင်မှတ်ဘဲ တစ်နေ့မှာ ဖြုန်းကနဲ အမြင့်တစ်ယောက် ပေါက်ချလာပါတယ်။ ဆင်းရဲ ပင်ပန်းမှုဒဏ်ကို သူလည်း တော်တော်ခံရပုံပါပဲ။ ဖြူဖြူတစ်တစ် ကလေး မဟုတ်တော့ပါဘူး။ တောသူမကြီး တစ်ယောက် ပီပီပြင်ပြင် ဖြစ်နေပါပြီ။ မပြောင်းမလဲ ကျန်နေသေးတဲ့ တစ်ခုတည်းသောအရာ ကတော့ ဆီသုတ်ထားသလို ချောသွက်နေတဲ့ သူ့လျှာပါပဲ။ အရင် ကလို သွက်ဆဲ ပလပ်ပလပ်နေဆဲပါပဲ။ ဘာလာ လုပ်တာလဲလို့ မေးလိုက်တော့ ရွှေပြည်သာမှာ အလုပ်လာလုပ်နေတဲ့ သူ့သမီးဆီ လာတာတဲ့။ သမီးက အလုပ်လာလုပ်ရအောင် ဘယ်အရွယ် ရောက် နေလို့လဲ၊ ဘာလုပ်တာလဲ။ ကျောင်းမထားဘူးလားဆိုတဲ့ မေးခွန်းတွေ အိမ်သားတွေ တစ်ယောက်တစ်ပေါက် ဝိုင်းမေးလိုက်ကြတာ ကျွက်ကျွက် ညံနေပါတော့တယ်။

အမြင့်သမီးလေးက လေးတန်း အောင်ပြီး ကတည်းက ကျောင်းဆက်မနေတော့ဘဲ အိမ်မှာပဲ ထမင်းချက် ကလေးထိန်း လုပ်နေတာတဲ့။ မနှစ် လောက်ကတော့ ရွာကပွဲစားတစ်ယောက်နဲ့ လိုက်သွားပြီး ရွှေပြည်သာက အချဉ်ထုပ်, လုပ်ပြီးရောင်းတဲ့အိမ် တစ်အိမ်မှာ အချဉ်ထုပ်လုပ်တဲ့အလုပ် လုပ်နေတယ်။ တစ်လကို

www.burmeseclassic.com



စရိတ်ငြိမ်း ၃၀၀၀ ကျပ် ရတယ်တဲ့။ အခု သမီးလေး လုပ်ခ ခြောက်လ စာလောက် ကြိုတောင်းချင်လို့ လိုက်လာတာပါတဲ့။ ဒီအကြောင်းလည်း သိရော တစ်အိမ်လုံး အမြင့်ကိုဝိုင်းပြီး ဆူလိုက်ပူလိုက် အော်လိုက် ကြတာ။ ကလေးကို ကျောင်းဆက်မထားဘဲ ဘာကြောင့်ခိုင်းစားရ သလဲလို့လည်း ကြိမ်းမောင်း ကြတယ်။ အမြင့်ယောကျ်ားက လေဖြတ် ထားလို့ မမာမကျန်းနဲ့ အိပ်ရာထဲ လဲနေတာ တော်တော်ကြာပြီတဲ့။ သားသမီး ငါးယောက်ကို အမြင့်တစ်ယောက်ပဲ ရှာဖွေကျွေးနေရတာ တဲ့။ ဆင်းရဲသူ ဆင်းရဲသားများအဖို့ တောမှာ ဘာလုပ်စားစရာ ရှိလို့လဲ။ ကောက်စိုက် ပျိုးနုတ်ချိန်မှာ ကောက်စိုက် ပျိုးနုတ်လိုက်၊ မှျစ်ချိုးချိန် တောင်ပေါ်တက် မှျစ်ချိုးလိုက်၊ ဘာမှလုပ်စရာမရှိတဲ့ အချိန်ကျတော့ ကျောက်မိုင်းရှိရာ သွားပြီး တစ်နေ့ ၁၅၀/-နဲ့ ကလေး ငါးယောက်၊ လူကြီး နှစ်ယောက် ဘယ်လိုလုပ်ပြီး စားသောက်နေကြ ပါလိမ့်။ ကရုဏာဒေါသောနဲ့ ဆူပူအော်ဟစ် နေကြရုံနဲ့ပြီးတာ မဟုတ် ကြောင်း၊ ဒီပြဿနာ ဖြေရှင်းဖို့နည်းလမ်း စဉ်းစားရပါတယ်။ စဉ်းစားတဲ့ အခါ သူများအိမ်သွားပြီး အလုပ်လုပ်နေတဲ့ ကလေးကို ကျောင်းထား ပေးဖို့ တစ်ခုတည်း စဉ်းစားလို့လည်း မဖြစ်ပြန်သေးဘူး။ ဒီကလေး ရှာတဲ့ ငွေကို အားထားနေရတဲ့ မိသားစုကြီးအတွက်ပါ ထည့်စဉ်းစား ရသေးတယ်။ နောက်ဆုံးတော့ ကိုယ်က လူချမ်းသာ မဟုတ်ပေမယ့်၊ ဒါလောက်ကလေးနဲ့တော့ အနေအစားပျက်မသွား လောက်ပါဘူးလို့ တွေးပြီး၊ ကလေးအတွက် ကြိုယူငွေ ဘယ်လောက် စူးနေသလဲ၊ နောက်ထပ် လိုအပ်တာက ဘယ်လောက်လဲ စသဖြင့် အမြင့်ကို မေးမြန်းပြီး၊ စူးနေတဲ့ငွေ ပြန်အမ်းပြီး ကလေးကို သွားခေါ်ခဲ့၊ တို့ဆီမှာပဲ ထားပြီး ကျောင်းဖွင့်ချိန်မှာ ကျောင်းထားပေးမယ်။ ဇီးထုပ်လုပ်လို့ ဒီကလေးရတဲ့ လစဉ်ဝင်ငွေလည်း ဆက်ပြီး ပေးထားမယ်လို့ ပြောပြီး ခေါ်ခိုင်းရတယ်။ ဒီလိုနဲ့ မွန်မွန်ကလေး ရောက်လာခဲ့ရတယ်။

www.burmeseclassic.com


မွန်မွန်ကလေးကိုတွေ့ကြရတော့ အိမ်သားတွေ ပိုပြီး စိတ်ဆိုးကြတယ်။ ကလေးမလေးက သူ့အမေ အမြင့်ငယ်ငယ်ကနဲ့ တစ်ထေရာတည်းပဲ၊ ဖြူဖြူစင်စင် သန့်သန့်ပြန့်ပြန့်လေး။ ဒီလောက် ချစ်စရာကောင်းတဲ့ ကလေးလေးကို ကျောင်းဆက်မထားဘဲ ခိုင်းစား ရသလားဆိုပြီး အမြင့်ကို ဝိုင်းဆူကြပြန်တယ်။ အမြင့်ခမျာ ဘာပြော နိုင်မှာလဲ။ မျက်ရည်ကလေး တစမ်းစမ်းနဲ့ ငြိမ်နေရရှာတာပေါ့။ ဘယ် မိဘက ကိုယ့်သားသမီးကို ဒီလိုတစ်ရပ်တစ်ကျေးလွှတ်ပြီး အလုပ် လုပ်ခိုင်းချင်မှာလဲ။ ကျောင်းထားပြီး ပညာတွေ သင်စေချင်မှာပေါ့။ မတတ်သာလွန်းလို့သာ လွှတ်ရတာ နေမှာပေါ့။

ဒီလိုနဲ့ ဆက်ပြီးမေးလိုက်တော့ အိမ်မှာကျန်တဲ့ ကလေးလေးယောက်စလုံး ကျောင်းတက်နေကြတယ်။ အကြီးမက ၉ တန်းအောင်ပြီးလို့ ၁၀ တန်း တက်ရတော့မှာတဲ့။ အဲဒီတော့ မထူးတော့ဘူး၊ တော်ကြာ ၁၀ တန်းရောက်မှ ဒီကလေးမလေး ကျောင်းမနေနိုင်ဖြစ်နေဦးမယ်။ ရန်ကုန်သာခေါ်ခဲ့၊ ဒီမှာပဲ ကျောင်းတက် ကျူရှင်တက်ခိုင်းမယ်ဆိုပြီး ခေါ်ခိုင်းရတယ်။ အကြီးမ ၁၀ တန်း တက်နေပြီ ဖြစ်ပေမယ့် မွန်မွန်ကလေးက နားချလို့မရဘူး။ ကျောင်းမတက် ချင်တော့ဘူးချည်း ပြောနေတယ်။ ကျောင်းထွက်နေတာ လေးနှစ်ကြာ ခဲ့ပြီ ဆိုတော့စာတွေလည်း မမှတ်မိတော့ဘူး ဖြစ်နေတယ်။ ဒီတော့ သူ ကျောင်းတက်ရမှာ ကြောက်နေတယ်။ ကဲ အဲဒီလိုဆို အိမ်မှာ ဝိုင်းသင်ပေးကြ၊ ပြီးတော့မှ အပြင်ဖြေအဖြစ် ဝင်ဖြေလို့ ပြောလိုက်ရတော့တယ်။

စာမေးပွဲ ဖြေချိန်မှာလည်း သူ့ခမျာ အဆင်သင့် မဖြစ်သေးပါဘူး။ တူကလေး မောင်ဖိုးသဲ ရဲ့ သူငယ်တန်း အင်္ဂလိပ်စာကိုတောင်သူ မဖတ်နိုင်ဘူးလေ။ ဒါကြောင့် လက်လျှော့ထားလိုက်ပြီး၊ နောက်နှစ်ကျောင်းဖွင့်ချိန်မှ အချိန်ပြည့် ကျောင်းတက်ခိုင်းတော့မယ်လို့ ဆုံးဖြတ်လိုက်ရတယ်။

www.burmeseclassic.com


ဇွန်လ ကျောင်းတွေဖွင့်တော့ မွန်မွန်လေးကို ကျောင်းအပ်ပါတယ်။ ပထမဆုံးနေ့မှာ သူ ပြန်အလာကို အားလုံး ရင်တထိတ်ထိတ် စောင့်နေကြတယ်။ စာတွေ နားမလည်လို့ ငိုပြန်လာပြီး ကျောင်းမသွားတော့ပါဘူးများ ပြောလေမလားလို့ စိတ်ပူနေကြတယ်။ တော်ပါ သေးရဲ့၊ ညနေကျတော့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြန်လာတာကို တွေ့ရတယ်။ ကျောင်းတက်ရတာ ပျော်လားဆိုတော့ ပျော်တယ်တဲ့လေ။ သူ ပျော်တယ် ဆိုတော့ အားလုံး ဝမ်းသာရတာပေါ့။

ခုတော့ မွန်မွန်ကလေး ကျောင်းပျော်ပြီး စာတွေ စိတ်ပါလက်ပါ သင်ယူနေပါပြီ။ ကျောင်းစိမ်းကလေးနဲ့ ကျောင်းသွားကျောင်းပြန် လာလာနှုတ်ဆက်တိုင်း ဝမ်းသာကြည်နူးရတယ်။ ပီတိဖြစ်ရပါတယ်။ အကြီးမက ၁၀ တန်းကို နှစ်ချင်းပေါက် အောင် သွားပါတယ်။ ဒီအတွက်လည်း ဝမ်းသာရပါတယ်။ ဒါပေမယ့် အမှန် ပြောရရင် မွန်မွန်ကလေး ကျောင်းသွားတာ မြင်ရတာလို ပီတိ ဖြစ်တာမျိုး ပေါ်ပေါက် မလာခဲ့ဘူး။ ၆ တန်းကတည်းက ခေါ်မွေးခဲ့ ရတဲ့ ပအိုဝ်မလေး နန်းနှောင်းလည်း တက္ကသိုလ် ပထမနှစ် အောင်လို့ ဒုတိယနှစ် ရောက်သွားပါပြီ။ ဝမ်းသာရပါတယ်။ ဒါပေမယ့် မွန်မွန် ကလေး ကျောင်းသွားတာ မြင်ရတာက ပိုပြီး ကြည်နူးပီတိ ဖြစ်ရ ပါတယ်။ ဒီကလေးမလေး ဘဝတော့ အလုပ်သမားလေး အဖြစ်က လွတ်မြောက်ပြီဆိုတဲ့အသိကြောင့် ကြည်နူးပိုဖြစ်ရ ပီတိပိုဖြစ်ရတာပါ။

မွန်မွန်ကလေး ကျောင်းစိမ်းကလေးဝတ်ပြီး ကျောင်းသွားတာကို သူ့အမေမြင်စေချင်လိုက်တာ။ သူ့သမီးအကြီးက ၁၀ တန်းအောင်တာ ကိုတောင် အမြင့်သိမှာ မဟုတ်သေးဘူး။ ကလေးတွေရဲ့ ပညာရေးကို ဒါလောက် စိတ်ဝင်စားမှုနည်းရ သလားလို့ သမီးဖြစ်သူက စိတ်ဆိုးချင်တယ်။ ဒါပေမယ့် သမီးရယ်၊ သူ့ခမျာ ဒီကိုလာဖို့ စရိတ်စက ရှိဖို့လိုသေးတယ်။ စရိတ်စက ရှိတယ်ဆိုဦး၊ သူ ရန်ကုန်

www.burmeseclassic.com



လာနေတဲ့ ရက်တွေမှာ ဝင်ငွေမရှိတော့ သူ့အိမ်သားတွေ ဘယ်လိုလုပ်စားသောက် နေကြမှာလဲ။ ကျန်းမာရေး မကောင်းတဲ့ သူ့ယောက်ျားသူ မရှိတုန်း နေထိုင် မကောင်းဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ ဆိုတဲ့ကိစ္စတွေက အများကြီး ရှိသေးတယ်ကွဲလို့ ပြောရတယ်။

ဟောဒါတွေ တောင်ရောက် မြောက်ရောက် စဉ်းစားနေဆဲကျောက်စိမ်းရင့်ရောင်လေး ရှေ့တည့်တည့် ရောက်လာတယ်။

မွန်မွန်ကလေး ကျောင်းသွားတော့မယ်လေ။

# ပညာပြည့်ဝ နှလုံးလှသော်

ခုတစ်လော ဂျာနယ်၊ မဂ္ဂဇင်းတွေ ဖတ်တဲ့ အခါမှာ မြန်မာလိုရှိပြီးသား၊ တွင်ကျယ်နေပြီးသား စကားလုံးတွေကို အင်္ဂလိပ်စကားတွေနဲ့ ထည့်ထည့်ပြီး ရေးတာတွေ တော်တော်များများ တွေ့မိနေပါတယ်။ မြန်မာလိုမရှိတဲ့ ကွန်ပျူတာတို့ မောက်စ်တို့လို စကားတွေကို အင်္ဂလိပ်လိုပဲ ရေးလိုက်တာတော့ နားလည်လို့ ရပါရဲ့။ မြန်မာလို ရှိနေပြီးသား ဖွံ့ဖြိုးဆဲနိုင်ငံများလို့ ရေးရင် ရပါရက်သားနဲ့ Developing Nations လို့ ရေးလိုက်တာမျိုး၊ ကမ္ဘာ့အမြင်လို့ ရေးနိုင်ပါလျက်နဲ့ Global Outlook လို့ ရေးလိုက်တာမျိုးကျတော့ ဘယ်လို နားလည်ရမှန်းမသိ ဖြစ်ရပါတယ်။

မြန်မာဘာသာနဲ့ မြန်မာပြည်မှာထုတ်တဲ့ စာနယ်ဇင်းဆိုတာ မြန်မာတွေဖတ်ဖို့ ဖြစ်တယ်လို့ပဲ ယူဆပါတယ်။ ဘာသာရပ်ဆိုင်ရာ ဂျာနယ်မှာ ဘာသာရပ်ဆိုင်ရာ သုတေသန စာတမ်းမျိုး ရေးသားတာ ဆိုရင်တော့ တစ်မျိုးပေါ့။ အဲဒါကျတော့ ဘာသာရပ်ဆိုင်ရာ ပညာရှင်တွေနဲ့ သုတေသီတွေသာ ဖတ်ကြတာမျိုး မဟုတ်လား။ အင်္ဂလိပ် စာလုံးတွေ ညှပ်ရေးရုံမက၊ တစ်ပုဒ်လုံး အင်္ဂလိပ်လိုရေးလည်း ကိစ္စမရှိဘူးလေ။ ပညာရှင်တွေဆိုတော့ နားလည်ပြီးသား ဖြစ်ကြမှာပါ။

အထွေထွေ ပရိသတ်အတွက်ရေးတဲ့ စာမျိုးဆိုရင်တော့ ဖြစ်နိုင်သလောက် မြန်မာစာ သက်သက်နဲ့ ရေးသင့်ကြတယ်လို့ ယူဆ

မိပါတယ်။ မြန်မာဂျာနယ် မဂ္ဂဇင်းဖတ်တဲ့ ပရိသတ်များထဲမှာ အင်္ဂလိပ် စာတတ် မဟုတ်တဲ့သူများရဲ့ဦးရေဟာ ရာနှုန်းအားဖြင့် အတော် များများ ပါလိမ့်မယ် ထင်ပါတယ်။

ဒီလို အမြီးအမောက် မတည့်၊ "ဒေါင့်မကျိုး" တဲ့ စာမျိုးတွေ ဖတ်ရတော့ လွန်ခဲ့တဲ့ငါးနှစ်လောက်ကမှ အသိတစ်ခု "ဖျတ်ကနဲ" ခေါင်းထဲ ဝင်ရောက်လာခဲ့ တာလေးကို ပြန်ပြီးအမှတ်ရမိပါတယ်။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က "နန်းစကား၊ မန်းစကား၊ မြန်မာ တို့ရဲ့ မြန်မာစကား"ဆိုတဲ့ ဆောင်းပါးများ ရေးချင်တာနဲ့ အရပ်သုံး မြန်မာစကားတွေ ရှာဖွေ စုဆောင်းပါတယ်။ ရှေးသုံးစကားများ မဟုတ်ဘဲ ခုခေတ်ထိ သုံးစွဲနေသေးတဲ့ ခေတ်ပြိုင် အရပ်သုံး စကား များကို လိုချင်တာဖြစ်တဲ့အတွက်၊ ခေတ်ပြိုင် စာပေများထဲက လိုက်ရှာ ပါတယ်။ အရပ်သုံး မြန်မာစကားတွေဟာ ဆရာကြီးရွှေဥဒေါင်းနဲ့ လူထုဒေါ်အမာတို့ စာတွေထဲမှာ အများကြီးတွေ့နိုင်တာကို သိပါ တယ်။ ဒါပေမယ့် ပုဂ္ဂိုလ်စွဲ ရှောင်ချင်တဲ့အတွက်၊ ဦးကြီးနဲ့ဒေါ်ဒေါ်တို့ စာတွေကို ချန်ထားပြီး၊ တခြား ဆရာကြီးများရဲ့ စာတွေကိုစုပြီး "ဖတ်မှတ်ထုတ်" လုပ်ရပါတယ်။

အဲဒီတော့ ထုံးစံအတိုင်း မြန်မာစာပေနဲ့ ပတ်သက်လာရင် ထိပ်ဆုံးကထားပြီး မပြောမဖြစ် ပြောကြရတဲ့ ဆရာဇော်ဂျီတို့၊ ဆရာ မင်းသုဝဏ်တို့ တစ်တွေရဲ့ စာတွေကိုစုပြီး ဖတ်ရရှာရ လုပ်ရပါတော့ တယ်။ ဖတ်ပုံဖတ်နည်းက ဆရာဇော်ဂျီရဲ့စာ ဖတ်တော့မယ်ဆိုရင် ရှိရှိသမျှ ဆရာ့စာအုပ်တွေပုံထားပြီး၊ တစ်အုပ်ပြီးတစ်အုပ် "ဖတ်မှတ်ထုတ်" လုပ်တဲ့ပုံစံနဲ့ ဖတ်တာကိုး။ အဲဒီလို ဖတ်လိုက်တော့မှ တစ်သက်လုံးက သတိမထားခဲ့တဲ့ အချက်တစ်ချက်ကို သွားပြီးတွေ့ လိုက်ရပါတော့တယ်။

ဒီနေ့ခေတ် မြန်မာလူမျိုးမှန်ရင် စာစပြီးသင်တဲ့အချိန်

www.burmeseclassic.com


ကတည်းက ဆရာမင်းသုဝဏ်တို့ ဆရာဇော်ဂျီတို့ ရေးတဲ့စာတွေ သင်အံဖတ်ရွတ်ပြီး စာတတ်လာခဲ့ကြသူချည်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီဆရာကြီးများရဲ့ စာတွေဆိုတာ အခု အသက်ခြောက်ဆယ် အရွယ်ထိ အမြဲတမ်း အောက်မေ့ဆင်ခြင် သုံးသပ်နေခဲ့ရတဲ့ စာတွေ ပါ။ သပြေညို ကဗျာလို၊ ပေဒါလမ်းကဗျာလို ရွတ်လို့ ဆိုလို့ကောင်းတဲ့ စာမျိုးများဆိုရင် မကြာခဏကို ရွတ်နေဆိုနေမိတာပါ။ မြန်မာစာကို ပြန်ပြီး သုံးသပ် တိုင်းလည်း ဆရာများရဲ့ စာတွေကို အမြဲတမ်း အကိုး အကား ပြုနေခဲ့ရတာ ဖြစ်ပါတယ်။

ဇော်ဂျီနဲ့ မင်းသုဝဏ်ဆိုတဲ့ ခေတ်စမ်းညီနောင် နှစ်ဦးရဲ့ မြန်မာစာပေ အပေါ်မှာ ပြုသွားခဲ့တဲ့ ကျေးဇူးတရားများကိုလည်း အမြဲ ရှိခိုး ကန်တော့ခဲ့တာ အမှန် ဖြစ်ပါတယ်။ ဆရာနှစ်ဦးရဲ့ စာပေအရေး အသားမှာ ဒေါသမာန်မာနကင်းပုံ၊ စေတနာမေတ္တာ ကြီးမားပုံ၊ လူငယ် များကို မြေတောင်မြှောက်ပေးပုံ စတဲ့အချက်များကိုလည်း အမြဲတမ်း ရိုသေလေးစားရှိခဲ့ရတာ အမှန်ဖြစ်ပါတယ်။ ဒါပေမယ့်လို့ အခု အသက် ခြောက်ဆယ် အရွယ်ရောက်မှ ဖျတ်ခနဲသိလိုက်ရတဲ့ အချက် ကိုတော့ ဘယ်တုန်း ဘယ်အခါကမှ သတိမထားခဲ့မိပါဘူး။ အရွက် တွေကိုသာ ကြည့်တတ်ပြီး အရိုးကို မမြင်တတ်လောက်အောင် နုံချာ လှပါလား လို့လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါတယ်။

အဲဒီအချက်က ဘာလဲဆိုတော့ ဆရာနှစ်ဆူရဲ့ ရေးခဲ့သမျှ စာတွေ၊ ကဗျာတွေ၊ ဝတ္ထုပြဇာတ်တွေကို အားလုံးလောက် နီးပါး တစ်ကြောင်းချင်းတစ်ပိုဒ်ချင်း စေ့စေ့စပ်စပ် လေ့လာတဲ့သဘော ဖတ်လိုက်တဲ့ အခါကျတော့မှ အလိုလေး ဆရာနှစ်ဆူဟာ သာမန် ပညာရှင်၊ စာရေးဆရာကြီးများ လောက်သာမကပါလား။ အတ္တကို ပယ်ခွာ ဖယ်ရှားထားနိုင်ခဲ့ကြတဲ့ သူတော်စင် သူတော်ကောင်းကြီးများ ပါတကားလို့ သိမြင်လိုက်ရပါတော့တယ်။ ဒီလို သိလိုက်ရတာနဲ့

www.burmeseclassic.com


ကြက်သီး တဖြန်းဖြန်းထအောင်ကို ကြည်ညို သဒ္ဓါပွားတဲ့စိတ်တွေ ပေါ်ပေါက်လာခဲ့ရပါတယ်။

ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့နှစ်ဦးဟာ သူတို့ သက်တမ်းမှာမကတဲ့ စာတွေ၊ ကဗျာတွေ ရေးသွားခဲ့ကြပါတယ်။ ဒါပေမယ့် အဲ့ဒီများပြားလှတဲ့ စာတွေထဲမှာ ဆရာတို့ရဲ့အကြောင်းတွေ ကိုယ်ရေး ကိုယ်တာတွေ၊ ကိုယ်ရည်သွေးတွေ တစ်ခုမှမတွေ့ခဲ့ရပါဘူး။ တစ်ခုဆို တစ်ခုကလေးတောင်မှ မတွေ့ခဲ့ရတာပါ။ အံ့သြစရာ ကောင်းလိုက်တာ။ ဆရာတို့ရဲ့ဇနီး ဘယ်သူဘယ်ဝါ၊ ဆရာတို့ရဲ့ သားသမီးတွေက ဘာဆိုတာမျိုးတွေ ဆရာတို့စာတွေမှာ မတွေ့ရပါဘူး။ သူများတွေပြောလို့ ရေးလို့သာ သိခဲ့ကြရတာ ဖြစ်ပါတယ်။

ဆရာတို့နှစ်ဦးစလုံးဟာ ဟိုရှေးပဝေသဏီ ကတည်းက ဘိလပ်ပြန်တွေပါ။ ဘိလပ် တက္ကသိုလ်ကြီးတွေသွားပြီး စာသင်ခဲ့ကြ တာပါ။ ဒါပေမယ့် ဆရာတို့ရေးခဲ့တဲ့ မြန်မာစာတွေမှာ အင်္ဂလိပ်စကား လုံးတွေ ထည့်သုံးပြီး အင်္ဂလိပ်စာအုပ်ကြီးတွေက အကိုးအကားတွေ ထည့်ရေးပြပြီး သမားဂုဏ်ပြ လုပ်ခဲ့ကြတာမျိုး လုံးဝကိုမရှိပါဘူး။ ဒါပေမယ့် တကယ်လိုအပ်တဲ့ အချိန်အခါ၊ လိုအပ်တဲ့ ကိစ္စမျိုး ကြုံကြိုက် လာရင်တော့၊ နိုင်ငံခြားသားတွေကို ပြောပြဖို့ဖြစ်လာရင်တော့ ဆရာ တို့ဟာ အင်္ဂလိပ်လို ဆောင်းပါးတွေ၊ သုတေသန စာတမ်းတွေ ရေးသား ပြုစုခဲ့ကြပါတယ်။

ဆရာတို့စာတွေကို ဖတ်လိုက်တဲ့အခါမှာ အတ္တကို လုံးဝ မတွေ့ရသလို၊ ဒေါသကိုလည်း မတွေ့ရပါဘူး။ ဝေဖန်ဆန်းစစ် ပြုလုပ်တဲ့ အခါမျိုးမှာတောင် ပြေပြေပြစ်ပြစ် သိမ်သိမ်မွေ့မွေ့နဲ့ နားချမ်းသာအောင် ရေးလေ့ရှိကြပါတယ်။ ဆရာတို့စာတွေကို အသေအချာ လေ့လာတဲ့ အကြည့်နဲ့ ဖတ်မိတဲ့အခါကျမှ အမှန် တကယ် ပညာပြည့်ဝ နှလုံးလှ သူများဟာ “သမားဂုဏ်ပြ” လုပ်လေ့ မရှိပါလားလို့ သဘောပေါက်

www.burmeseclassic.com


နားလည်ခဲ့ရပါတယ်။

မြန်မာ စာပေလောကမှာ အတ္တကို လုံးဝပယ်ခွာနိုင်တဲ့ ပုဂ္ဂိုလ်အဖြစ် မှတ်မှတ်သားသား ရှိခဲ့တဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြီးရင်၊ ဆရာဇော်ဂျီနဲ့ ဆရာမင်းသုဝဏ်တို့ ခေတ်စမ်းဆရာနှစ်ဆူကို မော်ကွန်းတင်ကြရမယ် ထင်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာလည်း သူ့ကိုယ်ရေး ကိုယ်တာနဲ့ပတ်သက်ပြီး အထူးတလည် ရေးခဲ့ပြောခဲ့တယ် ဆိုတာမျိုး မရှိသလောက်ပါပဲ။ ဆရာကြီး ဘယ်အသက်အရွယ်မှာ မုဆိုးဖိုဖြစ်တယ်။ ဘယ်အသက်အရွယ်က သက်န်းဆီးပြီး၊ ဘယ်အသက်အရွယ်မှာ သက်န်းဝတ်က ထွက်ခဲ့တယ်ဆိုတာမျိုးတောင် မှတ်မှတ်သားသား ပြောခဲ့ရေးခဲ့တာမျိုး မရှိပါဘူး။ ဒါနဲ့ ပတ်သက်ပြီး ဒေါ်ဒေါ် လူထုဒေါ်အမာက သူရေးခဲ့တဲ့ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိစာအုပ်မှာ . . .

"ဆရာကြီးအကြောင်းကို ကျွန်မ ရေးနိုင်သလောက် ရေးမယ်ဆိုပြီး၊ အကြောင်းအရာတွေကို လိုက်လံ စုဆောင်းတဲ့အခါ၊ ဆရာကြီးဟာ ကိုယ်ရေးကိုယ်တာကို အလွန်ကြဲ့ထားတဲ့ ပုဂ္ဂိုလ်ကြီးမို့ ဆရာကြီးရဲ့ ပုဂ္ဂိုလ်ရေးရာက ရှာလေရှားလေ၊ စုံစမ်းလေ မတွေ့ရလေ ဖြစ်လာပါတော့တယ်။ ဆရာကြီး လုပ်ဆောင်သွားတဲ့ ခြေရာလက်ရာတွေကို ခြေရာကောက်လို့ ရနိုင်သေးပေမယ့် ဆရာကြီးရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တာက တော်တော်ကို အရှာရခက်နေတာကို တွေ့ရပါတယ်" လို့ ရေးထားတာကို တွေ့ရပါတယ်။

နောက်တစ်နေရာမှာလည်း . . . .

"တကယ်တော့လည်း ကိုယ်ရေးကိုယ်တာ ဆိုတာ ကာယကံရှင် ကိုယ်တိုင်က အလွန်စိတ်ဝင်စားမှ ဘာမဆို တိတိကျကျ မှတ်ထားပြီး ရှိတတ်တာကလား။ ဆရာကြီးလို သူ့အတွက် ဘာမှ မစဉ်းစားတဲ့ပုဂ္ဂိုလ်၊ တိုင်းပြည်လွတ်လပ်ဖို့၊ လူတွေ ဆင်းရဲတွင်းက

တက်နိုင်ဖို့၊ ညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံး လုပ်ဆောင်နိုင်ဖို့ ကိုသာ အမြဲတမ်း အာရုံပြုနေတဲ့သူအဖို့ ငါဘယ်တုန်းက ဘာလုပ်ခဲ့တယ်ဆိုတဲ့ အတိအကျကို သတိရတာ မှတ်မိတာ ဖြစ်ချင်မှဖြစ်ပါမယ်။ ဒါကြောင့် ဆရာကြီး ကိုယ်တိုင်ကိုသော်မှ သူ့အကြောင်းကို မေးကြည့်ရင် တိတိကျကျ ပြောမှပြောပါ့မလားလို့ သံသယဖြစ်ရပါတယ်” လို့လည်း ဒေါ်ဒေါ်က ရေးထားပါသေးတယ်။

ကိုယ်ကျိုးစီးပွားမဖက် အတ္တစွဲမရှိ မြန်မာစာပေအတွက်၊ မြန်မာလူမျိုးအတွက်၊ မြန်မာနိုင်ငံအတွက်၊ အသက်ထက်ဆုံး ဆောင်ရွက်သွားခဲ့ကြတဲ့၊ ဆောင်ရွက်နေဆဲဖြစ်တဲ့ ဆရာတပည့်သုံးဦး အကြောင်းတွေကို ပေါင်းရုံးပြီး စဉ်းစားမိတဲ့အခါကျတော့ အမှန်တကယ် ပညာပြည့်ဝ၊ နှလုံးလှသူများဟာ မာန်မာန၊ ဒေါသနဲ့ အတ္တကင်းစင်တဲ့ သူတော်စင် သူတော်ကောင်းများ ဖြစ်ကြပါလားလို့ နှလုံးသွင်း မှတ်သားလိုက်မိပါတော့တယ်။

# တည်ကြည်သန့်ရှင်း ဖိုးလမင်းတဲ့

ပြီးခဲ့တဲ့အပတ်က “ပညာပြည့်ဝ နှလုံးလှသော်” ဆိုတဲ့ ဆောင်းပါး ရေးခဲ့ပါတယ်။ ဒေါသ၊ မောဟနဲ့ အတ္တမာန်မာနတွေ ကင်းစင်တဲ့ သူတော်ကောင်းကြီး သုံးဦးအကြောင်း ရေးခဲ့တာပါ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့ ခေတ်စမ်းညီနောင် ဆရာဇော်ဂျီ၊ ဆရာ မင်းသုဝဏ်တို့ကို ဦးခိုက်မိတဲ့အကြောင်း ရေးထားတာ ဖြစ်ပါတယ်။

အဲဒီဆောင်းပါး ရေးပြီးစမှာပဲ တိုက်တိုက် ဆိုင်ဆိုင် ဆိုသလို ဦးလေး လူထုဦးလှရဲ့ ၁၉၉၉ ခု ဇန်နဝါရီလ ၁၉ ရက်မှာ ကျရောက်တဲ့ နှစ် ၉၀ ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေလိုက်တဲ့ “နှစ် ၉၀ ပြည့် လူထုဦးလှ” ဆိုတဲ့စာအုပ် မန္တလေးက ပို့လိုက်လို့ ရောက်လာပါတယ်။ တိုက်ဆိုင်လိုက်တာလို့ ကိုယ်ဟာကိုယ် ပြောမိပါတယ်။

တိုက်ဆိုင်တာက “နှလုံးလှဆရာ သူတော်စင်သုံးပါး” အကြောင်း ရေးလို့မှ ပြီးမယ်ကြံကာ ရှိသေး၊ နောက်ထပ် “နှလုံးလှသူ တစ်ဦး အကြောင်း” စာအုပ် လက်ထဲရောက်လာတဲ့ အဖြစ်ပါ။ “နှစ် ၉၀ ပြည့် လူထုဦးလှ” ဆိုတဲ့ စာအုပ်ထဲမှာ ဦးလေးလှကို ချစ်ကြတဲ့ မိတ်ဆွေရောင်းရင်းများ “သား,တူ,ညီများ” ရဲ့ စာအပုဒ်ပေါင်း ၅၅ ပုဒ် ပါဝင်ပါတယ်။ ဆရာတော် ဦးစက္ကိန္ဒ၊ ဆရာတော် အရှင်ပညာသာမိ

www.burmeseclassic.com


တို့လို ဗုဒ္ဓဘုရားရှင်ရဲ့ သားတော်ရဟန်းများ၊ ဆရာတော် ဒေါက်တာမောင်ပေါက်စည်တို့လို ယေရှုသခင်ရဲ့ သားတို့ကအစ၊ မြန်မာတို့ရဲ့ နောက်ဆုံးထီးဆောင်းမင်း သီပေါမင်းတရားရဲ့မြေး တော်ဘုရားလေးနဲ့ တစ်ခါက ဘဝရှင်မင်းတရားကြီးလို့ အခေါ်ခံရဖူးတဲ့ ဘကြီးနုတို့၊ ၉၀ ကျော် သက်တော်ရှည် စာဆိုတော်ကြီး ဆရာမောင်ထင်တို့အလယ်၊ Gerry Abbot တို့ ပါမောက္ခ အိုးနိုတိုးရှုတို့လို နိုင်ငံခြားသားမြန်မာစာပေ သုတေသီများအဆုံး ရေးသားပေးပို့ခဲ့ကြပါတယ်။

ရေးသားပေးပို့ခဲ့ကြသူများထဲမှာ ယုံကြည်မှုအရ ဦးလေးလှနဲ့ သဘောထား ကွဲပြားသူများလည်း ပါဝင်ပါတယ်။ ဦးလေးလှကို ပုဒ်မ ၅ နဲ့ ထောင်သွင်း အကျဉ်းချထားစဉ်က ဖဆပလအစိုးရရဲ့ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ကြီးပင် ပါပါသေးတယ်။ နိုင်ငံရေးအရ ဖမ်းခဲ့ရပေမယ့် အဲဒီပုဂ္ဂိုလ်ကြီးဟာ ဦးလေးလှကို ပုဂ္ဂိုလ်ရေးအရ အင်မတန်ခင်မင် လေးစားပါတယ်။ သူ ဝန်ကြီးချုပ်အဖြစ် ရှိနေစဉ်ကလည်း အခွင့်သာ တဲ့အခါတိုင်း ရန်ကုန်မှာဖြစ်စေ၊ မန္တလေးမှာဖြစ်စေ ဦးလေးလှကို တွေ့ဆုံတတ်ပါတယ်။ ဘကြီးနုက သူ ရေးပေးခဲ့တဲ့စာမှာ "ကျွန်တော် အနူးအညွတ် တောင်းပန်ပါရစေ၊ အပြစ်တွေ ရှိသမျှ ကျွန်တော့်ကို ခွင့်လွှတ်ပါ" စသဖြင့် ရေးထားတာကို ဖတ်မိပါတယ်။

အဲဒီလို လူစုံတက်စုံပါဖို့ ဆရာ ဒေါက်တာသန်းထွန်းရဲ့ ဆန္ဒအတိုင်း ဒေါက်တာမောင်ပေါက်စည်တို့နဲ့အတူ စာမူတွေ နှိုးဆော်တောင်းခံခဲ့ပေမယ့် ကိုယ်တိုင်တော့ မရေးဖြစ်ခဲ့ပါဘူး။ ဒေါ်ဒေါ်က အကြိမ်ကြိမ် နှိုးဆော်တာကိုလည်း ဟုတ်ကဲ့ ဟုတ်ကဲ့လို့ ခေါင်းညိတ်ရုံသာ။ စာတော့ ရေးမပို့ဖြစ်ခဲ့။ လိပ်ပြာမသန့်လို့ မရေးခဲ့ခြင်းပါ။ ကိုယ်က ဦးလေး ဒေါ်ဒေါ်တို့ သားတွေနဲ့ ကိုယ်ရင့်တတူ ဦးလေး ဒေါ်ဒေါ်တို့ မျက်စိအောက်မှာ၊ ဦးလေး ဒေါ်ဒေါ်တို့ ပဲ့ပြင်ဆုံးမမှု အောက်မှာ ကြီးပြင်းလူလားမြောက်ခဲ့ရသူ ဖြစ်ရုံမက အိမ်ထောင်ကျတဲ့အထိ အိမ်ထောင်

www.burmeseclassic.com


ဖက်ကို ရန်ကုန်မှာ ကျောင်းဆရာမ လုပ်ဖို့ စီမံဖန်တီးပေးခဲ့ သူလည်း ဖြစ်နေပါသေးတယ်။ အိမ်ထောင်ပြုတဲ့နေ့မှာ ကန်တော့ ဦးချခဲ့ရတာကလည်း နှစ်ဖက်မိမျိုး မဟုတ်ကြပါဘူး။ အဲဒီ အချိန်က ရန်ကုန်ရောက်နေတဲ့ ဒေါ်ဒေါ့်ကိုကန်တော့ပြီး မင်္ဂလာကိစ္စ ပြီးမြောက်စေခဲ့ရတာ ဖြစ်ပါတယ်။ ဟိုတယ်လည်း မရောက်၊ တရားရုံးလည်း မရောက်ခဲ့ပါဘူး။

ကိုယ်တိုင်က အဲဒီလိုသားတွေထဲက တစ်ယောက်ဖြစ်ခဲ့ပြီး အခုတော့ အိမ်မှာ ဒေါ်ဒေါ်ကလွဲရင် အကြီးရယ်လို့ ဘယ်သူမှ မရှိလေတော့ အလိုအလျောက် သားကြီးဩရသနေရာ ရောက်နေရတာကြောင့် ကိုယ့်ကျေးဇူးရှင် ဆရာသမား ကိုယ့်ဦးလေး အဒေါ်များအကြောင်း ကိုယ်က ချီးမွမ်းခန်းဖွင့်ရမှာ လိပ်ပြာမသန့် ဖြစ်ခဲ့ရပါတယ်။ ပညာရှိများ ကဲ့ရဲ့ဖွယ် ဖြစ်လိမ့်မယ်လို့လည်း မှတ်ယူမိပါတယ်။

ပြီးတော့ ဦးလေးတို့ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စတဲ့ ဂုဏ်ပုဒ်ပေါင်း များစွာ၊ မေတ္တာ၊ စေတနာ၊ ကရုဏာစတဲ့ သူတော်ကောင်း စိတ်ဓာတ်များစွာတို့ဟာ မြန်မာပြည် တစ်နံတစ်လျားမျှသာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးအထိပင် ထင်ရှားကျော်စောပြီး ဖြစ်နေတာဆိုတော့ ကိုယ်လို ငယ်မွေးခြံပေါက် တစ်ယောက်က အမွှန်းတင်ခြင်းဟာ ယောအတွင်းဝန်ကို အမွှန်းတင်တဲ့ မြင်းထိန်းသဖွယ်သာ ရှိလိမ့်မယ် လို့လည်း ယူဆမိပါတယ်။

အဲဒါကြောင့် မရေးဖြစ်ခဲ့တာပါ။ အရင်က ထွက်ခဲ့တဲ့ စာနှစ်အုပ်မှာလည်း မရေးခဲ့ပါဘူး။ ပထမဆုံးအကြိမ် စာအုပ်ထုတ်မယ် ဆိုကတည်းက ဒေါ်ဒေါ် ရေးခိုင်းပေမယ့် မရေးပို့ခဲ့ပါဘူး။ စာအုပ် ထွက်သွားပြီး နောက်မှ ရေးထားတဲ့ စာသုံးပုဒ်ကို ဒေါ်ဒေါ်ဖတ်ပြီးရင် အမှတ်တရ စာဖိုင်တွေထဲမှာ သိမ်းဆည်းထားဖို့ ပို့ပေးခဲ့ပါတယ်။ နှစ်ပေါင်းများစွာ ကြာအပြီး၊ ဒုတိယစာအုပ် ထုတ်မယ်ဆိုတော့ ဒေါ်ဒေါ်က အဲဒီစာသုံးပုဒ်ကို ရောပြီးထည့်လိုက်တာကြောင့်

www.burmeseclassic.com


"လူထုချစ်သမျှ လူထုဦးလှ" မှာ ပါသွားခဲ့တာပါ။

"နှစ် ၉၀ ပြည့်" စာအုပ်ထဲမှာ ပုဂ္ဂိုလ် အသီးသီး ရေးကြတဲ့ စာတွေ ဖတ်ကြည့်တာနဲ့ ဦးလေးဟာ အင်မတန်နှလုံးလှတဲ့ ပုဂ္ဂိုလ်ကြီး တစ်ဦး ဖြစ်တယ်ဆိုတာ ကွင်းကွင်းကွက်ကွက် ပေါ်လွင်နေပါတယ်။ စာရေးဆရာကြီး မဟာဆွေရဲ့ဇနီး အဒေါ် ဒေါ်ကြည်ကြည် ရေးလိုက်တဲ့ ခေါင်းစဉ်လေးဟာ ဦးလေးနဲ့ လိုက်ဖက်လှပါတယ်။

"တည်ကြည်သန့်ရှင်း ဖိုးလမင်း" ပါတဲ့။ ဦးလေးရဲ့မျက်နှာဟာ ညှိုခဲ့ပါတယ်။ သားတွေကိုရော၊ ကျွန်တော်တို့ တူတွေကိုရော ဦးလေးက အော်ဟစ် ကြိမ်းမောင်းတယ်ရယ်လို့ မရှိခဲ့ပါဘူး။ ဆူစရာကြိမ်းစရာ ရှိရင်၊ စိတ်အလိုမကျဖြစ်ရင် "အမာရေ၊ မင်း သားတွေကိုပြောပါဦး၊ မင်းတူ တွေကို ပြောပါဦး" ဆိုတဲ့ စကားဟာ ဦးလေးရဲ့ စိတ်ဆိုးစကားပါပဲ။

တစ်ခေတ်တစ်ခါ ဦးလေး ထောင်ထဲမှာနေစဉ်က ထောင်သား တစ်ယောက်အကြောင်းကို အဓိကထားပြီး စာတစ်အုပ် ရေးခဲ့ပါတယ်။ နောင်နှစ်များစွာကြာတော့ အဲဒီလူဟာ ထောင်ကလွတ်လာပြီး ဦးလေး ဆီ ပိုက်ဆံ ခဏခဏ သွားတောင်းပါတယ်။ သူလာတိုင်း ဦးလေးက အကျိုပုဆိုးကအစ ပိုက်ဆံပါ ပေးပါတယ်။ လာတောင်းတိုင်း မငြင်း မဆန် ပေးပါတယ်။ နောက်တော့ အဲဒီလူ ရန်ကုန်ရောက်လာပြီး ရန်ကုန်တိုက်ခွဲမှာ "ခုတင်ခု" ရောက်ရောက်လာပြီး အမျိုးမျိုးလှည့်ပတ် လည်ဆယ်ပြီး ပိုက်ဆံတောင်းပါတယ်။ လေးငါး ဆယ်ကြိမ်မက ဖြစ်လာတော့ စိတ်ကွက်လာပါတယ်။ သူ လာလာ လိမ်မှန်းကလည်း သိနေတာကိုး။ အဲဒီလို စိတ်ကွက်တာ၊ စေတနာ ပျက်တာကို ဦးလေး ကို ပြန်ပြောပြတော့ ဦးလေး ပြောလိုက်တဲ့စကားက တစ်သက်တာ မှတ်သားစရာပါ။ အခုထက်ထိ ကြားကြား နေပါသေးတယ်။ "ကိုယ့်ဆီ လာတောင်းရင်တော့ ရမှာပဲလို့ယုံကြည်ပြီး အားကိုးတကြီး လာတောင်းတာပဲကွယ်။ သူ့ယုံကြည်ချက်ကလေး မပျက်စီးပါစေနဲ့။

www.burmeseclassic.com


အသင့်အတင့်တော့ ကြည့်ပေးလိုက်ပါ။ ကိုယ့်ဆီက တောင်းလို့ ရတော့ တခြားမှာ ခိုးတာဝှက်တာ မလုပ်ရတော့ဘူးပေါ့ကွယ်" တဲ့။

အဲဒီစကားကို အခုတိုင် ကြားနေပါသေးတယ်။ တစ်ခုခု စိတ်ကွက်စရာ ဆုံလေတိုင်း၊ အဲဒီ စကားလေးကို ပြန်တွေးပြီး ကိုယ့်စိတ်ကို သန့်စင်စေရပါတယ်။

ဦးလေးနှလုံးလှတယ်ဆိုတာက တိုင်းသိပြည်သိ လူတိုင်းသိပါ။ လူတိုင်း သိပ်မသိကြတာကတော့ (ဦးလေးကလည်း ဘယ်တုန်းကမှ ဘယ်နေရာမှာမှ ကိုယ်ရည်ကိုယ်သွေး လုပ်ခဲ့ဖူးတာ မဟုတ်လေတော့) ဦးလေးဟာ ဖက်ဆစ်တော်လှန်ရေးမှာ ရှေ့တန်းက ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ဆောင်ခဲ့တဲ့ တော်လှန်ရေးသမား အရင့်အမာကြီး တစ်ဦး ဖြစ်ခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ဦးလေးကိုဖမ်းပြီး ထောင်ထဲထည့်ခဲ့တဲ့ ဖဆပလအစိုးရရဲ့ ဆိုင်းဘုတ်ကို မြန်မာပြည်မှာ ပထမဆုံး တင်ခဲ့သူ ဖြစ်ပါတယ်။ ဖဆပလအဖွဲ့ကြီးကို မန္တလေးမှာ ဦးလေး ဦးဆောင် ဖွဲ့စည်းခဲ့တဲ့အကြောင်းအရာများ၊ ဖက်ဆစ်တော်လှန်ရေးကာလ ပါဝင်လှုပ်ရှားခဲ့မှုများကိုတော့ ရေစကြို ဦးညွန့်အောင်က ဖော်ထုတ် ရေးသားတင်ပြခဲ့ပါတယ်။

ဦးလေးဟာ တိုင်းပြည်နဲ့လူမျိုးအတွက် လိုအပ်တယ်လို့ ယူဆတဲ့ ထောင့်ပေါင်းစုံကိုလိုက်ပြီး ဖြည့်တင်းခြင်းအလုပ်မှာသာ ဘဝတစ်ခုလုံး၊ သူ့ဘဝတင်သာ မကပါဘူး။ မိသားစုတစ်ခုလုံးရဲ့ ဘဝ ကိုပါ မြှုပ်နှံပြီး သေတပန် သက်တဆုံး ဆောင်ရွက်သွားသူပါ။ ဒီအတွက်လည်း ဝင့်ဝါဂုဏ်မောက်တာ၊ ကျေးဇူး တင်ခံချင်တာမျိုး မရှိပါဘူး။ ဒါကြောင့် ဦးလေး လူထုဦးလှဟာ သူတော်စင် နှလုံးသားနဲ့ တော်လှန်ရေးသမားကြီး တစ်ယောက်ဖြစ်တယ်လို့ ယူဆမိပါကြောင်း။

# ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ အရှင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုချက်

အမေရိကန်ရောက် တပည့်ကျောင်းသူလေး တစ်ယောက်ဆီက "အီးမေး" တစ်စောင် ရပါတယ်။ သူ့စာလေးကို ဖတ်ပြီး ပြုံးရပါတယ်။ ဒီစာကို သူ ဘယ်ကရပြီး ပို့လိုက်တယ်ဆိုတာ မပါ,ပါဘူး။ သူလည်း အီးမေးကတစ်ဆင့် ရတာပဲ ဖြစ်ပါလိမ့်မယ်။

သူ့စာက ဒီနေ့မြို့ပြလူတန်းစားတွေ ကြားမှာ ကျယ်ကျယ်လောင်လောင် ပြောနေကြတဲ့ "ကမ္ဘာပြုမှု" (ဂလိုဘယ်လိုက်ဇေးရှင်း) ကိစ္စဖြစ်ပါတယ်။ စာနယ်ဇင်းတွေ လှန်လှောကြည့်လိုက်ရင် ဒီကမ္ဘာပြုမှု အကြောင်း WTO နဲ့ ကမ္ဘာ့ဘဏ်အကြောင်း၊ IMF အကြောင်း၊ ကမ္ဘာကြီး ပူနွေးလာမှုအကြောင်း စတာတွေချည်းပဲ တွေ့နေရပါတယ်။ တချို့က အကောင်းမြင်ဘက်က ရေးကြပြီး၊ တချို့ ကတော့ အဆိုးမြင်ဘက်က ရေးကြပါတယ်။

ကျောင်းဆရာ တစ်ယောက်ဖြစ်လေတော့ ဆယ်ကျော်သက်ရွယ် လူငယ်လေးတွေနဲ့ အမြဲထိတွေ့နေရပါတယ်။ သူတို့က လူငယ်ပီပီ ဟိုစပ်စပ်ဒီစပ်စပ် မေးတတ်ကြပါတယ်။ "ကမ္ဘာပြုမှု" အကြောင်းလည်း သူတို့ စိတ်ဝင်တစား ရှိကြပါတယ်။ စာနယ်ဇင်းတွေ

www.burmeseclassic.com

BURMESE CLASSIC .com

ရှာဖတ်ကြပါတယ်။ ဒါပေမယ့် စာတွေ ဘယ်လောက်ဖတ်ဖတ် ရှင်းရှင်းလင်းလင်း ရေရေရာရာ နားမလည်နိုင်ကြတာကြောင့် ရှင်းပြပေးဖို့ ပြောလာကြပါတယ်။ သူတို့လေးတွေအတွက် အမေရိကန်ရောက် ကျောင်းသူလေး ပို့လိုက်တဲ့ အီးမေးစာလေးကိုပဲ ထုတ်ယူပြလိုက်ရပါတယ်။ စာလေးက ဒီလိုပါ။

**INTERNATIONAL THINKING AT ITS BEST !**

**Question:** What is the truest definition of Globalization?
**Answer:** Princess Diana's death.
**Question:** How come ?
**Answer:** An English princess with an Egyptian boyfriend crashes in a French tunnel, driving a German car with a Dutch engine, driven by a Belgian who was drunk on Scottish whisky, (check the bottle before you change the spelling) followed closely by Italian Paparazzi, on Japanese motorcycles; treated by an American doctor, using Brazilian medicines.

This is sent to you by an American, using Bill Gates's technology, and you're probably reading this on your computer, that use Taiwanese chips, and a Korean monitor, assembled by Bangladeshi workers in a Singapore plant, transported by Indian lorry-drivers, hijacked by Indonesians, unloaded by Sicilian longshoremen, and trucked to you by Mexican illegals..

That, my friends, is Globalization !

www.burmeseclassic.com


**မေးခွန်း**

ဂလိုဘယ်လိုက်ဖေးရှင်းရဲ့ အမှန်ဆုံး အဓိပ္ပာယ် ဖွင့်ဆိုချက်က ဘာလဲ။

**အဖြေ**

ဒိုင်ယာနာမင်းသမီး သေဆုံးမှု

**မေးခွန်း**

ဘာကြောင့်လဲ။

**အဖြေ**

အီဂျစ်လူမျိုး ချစ်သူတစ်ယောက်ရှိတဲ့ အင်္ဂလိပ်မင်းသမီး တစ်ပါးဟာ ဒပ်ချ်အင်ဂျင်တပ် ဂျာမန်ကားကို စကော့ဝီစကီ သောက်ပြီး မူးနေတဲ့ ဘယ်လ်ဂျီယံဒရိုင်ဘာက မောင်းနှင်ကာ ဂျပန်လုပ် မော်တော်ဆိုင်ကယ်တွေ စီးလာတဲ့ အီတာလျံ ပါပရာဇီတွေ နောက်က တကောက်ကောက် လိုက်ပါရင်းနဲ့ ပြင်သစ် ဥမင်လိုဏ်ခေါင်း အတွင်း ကားတိုက်မှု ဖြစ်ခဲ့တယ်။ သူ့ကို အမေရိကန် ဆရာဝန်က ဘရာဇီးနိုင်ငံ ဆေးဝါးတွေနဲ့ ကုသပေးတယ်။

ဒီစာကို အမေရိကန်တစ်ယောက်က ဘီလ်ဂိတ်ရဲ့ နည်းပညာ သုံးပြီး ပို့လိုက်တယ်။ သင်လည်း ထိုင်ဝမ်ချစ်ပ်ကိုသုံးပြီး စက်ာပူစက်ရုံ တစ်ခုမှာ ဘင်္ဂလားဒေ့ရှ် အလုပ်သမား တပ်ဆင်လိုက်တဲ့ မော်နီတာနဲ့ ကွန်ပျူတာကိုသုံးပြီး ဒီစာကိုဖတ်နေတာ ဖြစ်ဖွယ်ရှိတယ်။

အဲဒီ ကွန်ပျူတာကို အိန္ဒိယလူမျိုး လော်ရီကား ဒရိုင်ဗာတွေက သယ်ယူလာတာကို အင်ဒိုနီးရှားလူမျိုးတွေက ကြားဖြတ် အပိုင်စီးပြီး စစ္စလီဆိပ်ကမ်း ကုန်တင်ကုန်ချ အလုပ်သမားတွေက သင်္ဘောပေါ်ကချ၊ မက္ကစီကန် ခိုးဝင်သူတွေက ထရပ်ကားနဲ့မောင်းပြီး သင့်ဆီ အရောက် ပို့ပေးတာ ဖြစ်တယ်။

ကဲ မိတ်ဆွေတို့၊ အဲဒါ ဂလိုဘယ်လိုက်ဖေးရှင်းပါပဲ။

www.burmeseclassic.com


အီးမေးဖတ်လိုက်မှ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ဒီလို ပါလားလို့ စိတ်ထဲမှာ ဖြစ်မသွားဘူးလား။ အရင်ကတော့ သိချင်လို့ စာတွေဖတ်၊ စာတွေဖတ်မှ မသိတာတွေက ပိုပိုပြီးတိုးလာနဲ့ လုံးချာ လည်နေရတယ် မဟုတ်လား။

"ကမ္ဘာပြုမှု" မှာ ကောင်းတာတွေ ရှိသလို၊ မကောင်းတာတွေ လည်း ရှိပါတယ်။ ဒီနေ့ ငြင်းခုန် ဆွေးနွေးနေကြတဲ့သူတွေ ပြောကြတဲ့ အကြောင်းပြချက်တွေ အားလုံးဟာလည်း သူ့ဟာနဲ့သူတော့ မှန်တာတွေ ချည်းပါပဲ။ စက်မှုနည်းပညာတွေ တိုးတက်မှုကြောင့် ဖန်လုံအိမ် အကျိုး သက်ရောက်မှုတို့ အိုဇုန်းလွှာပါးလွှာမှုတို့ ဝင်ရိုးစွန်း ရေခဲတောင်ကြီးတွေ အရည်ပျော်ကျမှုတို့ စတာတွေ ပေါ်ပေါက်လာရတာ မှန်ပါတယ်။ ဒါပေမဲ့လို့ ကာဗွန်ဓာတ်တွေ ထုတ်တဲ့ မော်တော်ကားတွေကို လမ်းပေါ်က ဖယ်ရှားပြီး သဘာဝပတ်ဝန်းကျင်နဲ့ မိတ်ဖက်ဖြစ်တဲ့ လန်ချားနဲ့ ဆိုက္ကား တွေ၊ မြင်းလှည်းတွေကို ပြန်ပြီးသုံးကြပါလားလို့ ဆိုပြန်ရင်လည်း မဖြစ်နိုင် ဘူးလို့ လူတိုင်း နားလည် လက်ခံထားကြပါတယ်။ မကြာမီက အပျော်တမ်း ဓာတ်ပုံဆရာ တစ်ယောက်ပြောတဲ့ စကားလေးတစ်ခွန်း အမှတ်ရမိပါ တယ်။ ဓာတ်ပုံဆရာနဲ့ အဖော်တစ်စု ဓာတ်ပုံရိုက်ဖို့ ပဲခူးရိုးမဘက် ခရီး ထွက်ကြပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါးက တော အင်မတန်နက်လွန်းလို့ သူပုန်တွေ ဌာနချုပ်လုပ်ထားနိုင်ခဲ့တဲ့ နေရာ အရောက် ကားနဲ့သုံးလေးနာရီ သွားရုံနဲ့ ရောက်သွားပါတယ်။ အနှစ် ၂၀ လောက် သူပုန်တွေ ခိုအောင်းနေတာကို ရှာလို့ဖွေလို့ ရှင်းလို့လင်းလို့ မရနိုင်လောက်အောင် တောကြီး ထူထပ်တယ်ဆိုတာ မယုံနိုင်စရာပါတဲ့။ လမ်းကလည်း ဖြူးနေတာပါပဲတဲ့။ အဲဒီထဲက တစ်နေရာမှာ အစိုးရ ဆင်စခန်းတစ်ခု တွေ့ပါတယ်။ ဆင်စခန်းက ဆင်ဆရာဝန်နဲ့ စကား စမြည် ပြောကြဆဲ ဆင်ရိုင်းတွေ ကျူးကျော် ရောက်ရှိလာပြီး ကြံခင်းတွေ ဖျက်ကြောင်း တိုင်တာလည်း တွေ့ရပါတယ်တဲ့။

www.burmeseclassic.com


**"အင်း အမှန်ကတော့ ဆင်တွေက ကျူးကျော်တာ မဟုတ်ဘူးဗျ။ လူတွေက ဆင်တွေနေတဲ့ နေရာလာပြီး အခင်းတွေ လုပ်ကြတာ"** လို့ ဆင်ဆရာဝန်လေးက ဆရာဝန်ပီပီ သူ့ဆင်တွေ ဖက်က ကာကွယ် ပြောကြားသွားတယ်တဲ့လေ။

ဂလိုဘယ်လိုက်ဖေးရှင်းရဲ့ အမှန်ဆုံး အဓိပ္ပာယ် ဖွင့်ဆိုချက် က ဘာလဲဆိုတဲ့ အမေးကို "တောဆင်ရိုင်းတွေ ကြံခင်းဖျက်တဲ့ သတင်း" လို့ ဖြေရင်လည်း မှန်ကန်တဲ့အဖြေလို့ ဆိုနိုင်တာပဲ မဟုတ် ဘူးလား။

www.burmeseclassic.com

# အားနည်းလှတဲ့ သားချော့ တေးကဗျာကဏ္ဍ

*"လူကလေးတဲ့ ချော့စရာ၊ မိတ္တီလာ ကန်တော်အောက်က ဖားကောက်ခဲ့ပါ။ ဖားပါရင် တစ်ကောင်ပေးပဲ့၊ မျက်လုံးငယ် ကြောင်တောင်တောင်နဲ့ ဖားကောင်က သေး"*

သမီးငယ်လေးသည် ပုခက်တွင်းဝယ် မျက်လုံးလေးတွေ ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း သားချော့တေးသံကို နားထောင်နေပါသည်။ အိပ်မည့်ပုံတော့ မပေါ်သေးပါ။

*"လူကလေးရယ်ငို၊ ခိုဖမ်းလို့ပေး။ ခိုဖြူရယ် ခိုပြာနက်ကယ်၊ ဖမ်းခက်လှသေး"*

*"လူကလေးရဲ့ အိပ်ချိန်တန်၊ ဗျိုင်းရှေ့ကပျံ။ လူကလေးရယ် အိပ်ချင်ဘူး၊ ဗျိုင်းရှေ့ကမြူး"*

ကျွန်တော်သည် သီချင်းတွေကို ပါးစပ်က အဆက်မပြတ် သီဆိုရင်း လက်ကလည်း ပုခက်ကို မနားတမ်း လွှဲပေးနေပါသည်။

*"သမီးလေးရဲ့ အိပ်ချင်ပြီ၊ မှေးမျက်တောင်ချီ။ အိပ်ချင် ပြီကွယ် စံပယ်ကုံး လွှဲကြပါဦး"*

ပြူးကျယ်ဝိုင်းစက်သော သမီးလေး၏ မျက်လုံးကြီးများ သည် မှေး၍လာပါပြီ။ ရှည်လျား ကော့တက်နေသော သမီးလေး၏ မျက်တောင် စိမ်းစိမ်းများသည်လည်း မှေးစင်းနေပါပြီ။ သားချော့တေး

ဂီတသံသည် သမီးလေးကို ဖမ်းစားထားလိုက်နိုင်ပြီ ဖြစ်ပါသည်။ တအောင့်လောက် အကြာတွင် သမီးလေးသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျသွား ပါတော့မည်။

ပုခက်တွင်းမှ သမီးငယ်ကိုကြည့်ရင်း ကြည့်ရင်းမှ သမီးငယ်၏နေရာတွင် ကျွန်တော် ငယ်ငယ်တုန်းက ပုံသဏ္ဍာန်ကို မြင်ယောင်လာမိပါသည်။ ကျွန်တော် ငယ်ငယ်တုန်းကလည်း ကျွန်တော့်အမေနှင့် ဒေါ်ကြီး၊ ဒေါ်လေးများသည် ယခုလိုပင် မိတ္ထီလာ ကန်တော်အောက်က ဖားကောက်ကြမြဲ။ ခိုဖြူ ခိုပြာလေးတွေ လိုက်ဖမ်းကြမြဲ ဖြစ်ပါသည်။ အမေနှင့် ဒေါ်ကြီး ဒေါ်လေးများ၏ သားချော့တေး ကဗျာသံများကြားတွင် ကျွန်တော် အိပ်မောကျခဲ့ရမြဲ ဖြစ်ပါသည်။

ယခု ကျွန်တော့်သမီးလေးသည်လည်း ကျွန်တော်၏ သားချော့တေး ကဗျာသံကြားတွင် အိပ်ပျော်ခဲ့ပါပြီ။ အမေနှင့် ဒေါ်ကြီး ဒေါ်လေးများ ဖမ်းခဲ့ကြသော ခိုဖြူ ခိုပြာလေးတွေကို ကျွန်တော် ဆက်လက် ဖမ်းနေရဆဲ ဖြစ်ပါသည်။ ထို့အတူပင် ကျွန်တော့်သားနှင့် သမီးတို့ လက်ထက်ကျလျှင်လည်း ခိုဖြူ ခိုပြာလေးတွေ ဆက်၍ ဖမ်းနေကြဦးမည် ဖြစ်ပါသည်။

ကလေးမှန်သမျှသည် တေးဂီတ ကဗျာနှင့် ပုံပြင်လေးများကို နှစ်ခြိုက်ကြပါသည်။ ကျွန်တော့် သမီးလေး မြသီတာသည်လည်း ကဗျာနှင့် ပုံပြင်လေးတွေကို အင်မတန်နှစ်ခြိုက်ပါသည်။ သုံးနှစ်သမီး သာ ရှိသေး၍ မူကြိုကျောင်းပင် မအပ်ရသေးသော်လည်း "ကလေး ကဗျာ့ပန်းဥယျာဉ်" စာအုပ်ပါ ကဗျာတွေအားလုံးကို အလွတ်ရနေ ပါပြီ။ အလွတ်ရရုံသာမက "ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါး" သို့ ကြေနေပြီ ဟုပင် ဆိုရပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် စာအုပ်ကို လှန်ပြီး ထောက်ပြလိုက်ရုံနှင့် ထိုစာမျက်နှာပါ ကဗျာကို

www.burmeseclassic.com


"ဂျောင်းဂျောင်းပြေး" အောင် ရွတ်ဆိုပြနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ရုပ်ပုံပါသော ကဗျာများကို ရွတ်ပြနိုင်ခြင်းသာ မဟုတ်ပါ။ ရုပ်ပုံမပါသော ကဗျာတွေကို လည်း ရွတ်ပြနိုင်ပါသည်။ ထိုသို့ အဘယ့်ကြောင့် ရွတ်ပြနိုင်သနည်း ဆိုသော် သမီးလေးသည် တစ်နေ့တစ်နေ့တွင် အကြိမ်ပေါင်း မြောက်မြားစွာပင် ထိုကဗျာစာအုပ်ကလေးကို ကိုင်ကိုင်ပြီး တွေ့သမျှလူကို ဖတ်ပြခိုင်းနေခြင်းကြောင့် ဖြစ်ပါသည်။

ကဗျာကြိုက်သော သမီးလေးအား ကဗျာတွေ ရွတ်ပြဖတ်ပြလုပ်ရင်း သားချော့တေး ကဗျာတွေရွတ်ဆို၍ ပုခက်လွှဲရင်းမှ ကျွန်တော်တို့ ကဗျာထဲတွင် အားနည်းလျက်ရှိသေးသော ကဏ္ဍ တစ်ရပ်ရှိနေကြောင်း ကျွန်တော် သတိပြုမိပါသည်။

ထိုကဏ္ဍမှာ သားချော့တေး ကဗျာကဏ္ဍ ဖြစ်ပါသည်။

မူလတန်း ကျောင်းသားအရွယ် ကလေးသူငယ်များနှင့် မူကြိုကျောင်းသားအရွယ် ကလေးသူငယ်များ အတွက်မူ ရွှေသွေး၊ တေဇစသော စာစောင်များ သီးခြားရှိကြသလို တာဝန်သိသော အချို့မဂ္ဂဇင်းကြီးများက ကလေးကဏ္ဍများ ထည့်သွင်းပေးကြပါသည်။ အမြော်အမြင် ကြီးမားသော စေတနာရှင်ကြီးများ ဖြစ်ကြသည်။ မောင်ဖြူး၊ ဇော်ဂျီ၊ နုယဉ်၊ လူထုဦးလှ၊ ဇဝန စသော စာရေးဆရာ၊ ကဗျာဆရာကြီးများ၏ ကျေးဇူးဖြင့် ကလေးပုံပြင်များ၊ ကဗျာများသည် အတော်အသင့် ပြည့်စုံလျက် ရှိပါသည်။

သို့သော် ရင်ခွင်ပိုက်ကလေးများအတွက် သားချော့တေးကဗျာများမှာမူ အလွန်နည်းပါးနေပါ သည်။ သမီးလေးကို ပုခက် လွှဲပြီးသိပ်တိုင်း ကျွန်တော့်မှာ စိတ်ရှုပ်ရသော အလုပ်တစ်ခုကို လုပ်နေရပါသည်။ သားချော့ တေးကဗျာလေးတွေ ပါသည့် မဂ္ဂဇင်း တွေ၊ စာစောင်တွေ၊ စာအုပ်တွေ ဘေးမှာပုံပြီး တစ်ခုပြီးတစ်ခု လှန်ကာ ဖတ်ပြ

ရွတ်ဆိုနေရသော အလုပ်ဖြစ်ပါသည်။ သားချော့တေး ကဗျာ များချည့် ရှာဖွေစုစည်း ထုတ်ဝေထားသော စာအုပ်တစ်အုပ်သာ ရှိပါမူ ကောင်း လေစွဟု တမ်းတမိပါသည်။ ထို့အတူပင် မဂ္ဂဇင်းများ စာစောင်များ တွင်ပါဝင်သော ပုံပြင်နှင့် ကလေးကဗျာလေးများ ကိုလည်း အခါအား လျော်စွာ စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေသင့် ပါသည်။ ဈေးကွက်ကို မကြည့်သော ကလေးစာပေ ပြုစု ထုတ်ဝေရေး လုပ်ငန်းတစ်ခုကို ဇောက်ချလုပ်ကိုင်မည့် စေတနာရှင်မျိုး ထွက်ပေါ်ခဲ့သော် သာဓု ခေါ်ကြမည် ဖြစ်ပါသည်။

တိုင်းပြည် တစ်ပြည်၏ အနာဂတ်ကိုဖန်တီးသူမှာ ကလေး သူငယ်များ ဖြစ်သည်ဟု ဆိုလေ့ရှိပါ သည်။ ထိုကလေး သူငယ်များကို လိုရာပုံ သွန်းလောင်း၍ ပြုပြင်ဖန်တီးပေးသောအရာမှာ စာပေဖြစ်ပါ သည်။ ကလေးတို့သည် မွေးကတည်းက မျိုးချစ်သူရဲကောင်းများ အဖြစ် ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများအဖြစ် မွေးဖွားလာခဲ့ ကြသည် မဟုတ်ပါ။ စိတ်ဓာတ်နှင့် ဝါသနာဆိုသည်မှာ တစ်စတစ်စ ပြုစု ပျိုးထောင်ပေးရာမှ ဖြစ်ထွန်းလာသောအရာများ ဖြစ်ပါသည်။ စာပေသည် လူသားတစ်ဦးကို ပြုစုပျိုးထောင် ဖန်တီးရာ၌ အရေးအပါ ဆုံးသော လက်နက်တစ်ခု ဖြစ်ပါသည်။

ဤနေရာ၌ ကျွန်တော်နှင့်သားနှင့်သမီးကို ဥပမာပေး၍ ပြောလိုပါသည်။ ကျွန်တော်တို့တွင် သားတစ်ယောက်၊ သမီး တစ်ယောက် ရှိပါသည်။ သားက အကြီးဖြစ်ပါသည်။ ယခု အသက် ၁၃-နှစ်ရှိ၍ (၈)တန်းကျောင်းသား ဖြစ်ပါသည်။ ကျွန်တော့်သားသည် ဉာဏ်ကောင်းပါသည်။ စာမေးပွဲများကို တစ်နှစ်တစ်တန်း မှန်မှန် အောင်ပါသည်။ သို့သော် ယနေ့ ခေတ်စားလျက်ရှိသော ရုပ်ပြ စာအုပ်များ ဖတ်သည်ကလွဲ၍ စာဖတ်ဝါသနာ မပါ,ပါ။ သူ ကြီးလျှင် ဘာလုပ်မည် ဆိုတာလည်း ရည်မှန်းထားချက် မရှိသေးပါ။ ကျွန်တော်

www.burmeseclassic.com


သည် သားကြီးကို စာသိပ်ဖတ်စေချင်ပါသည်။ သားဦး ဖြစ်သော သူ့အတွက် ကျွန်တော်တို့ ဇနီးမောင်နှံသည် သူ မွေးဖွား မလာခင်ကပင် ပုံပြင်စာအုပ်တွေ၊ ကဗျာစာအုပ်တွေ စုဆောင်းခဲ့ကြပါသည်။ နိုင်ငံခြားမှ ထုတ်ဝေသော ရောင်စုံရုပ်ပုံကလေးတွေနှင့် ပုံပြင်စာအုပ်တွေ၊ အေဘီစီဒီ သင်သော စာအုပ်တွေ အများအပြား ဝယ်ထားကြ ပါသည်။ သို့သော် ထိုစာအုပ်များမှာ စာအုပ်စင်ပေါ်၌သာ ခေါက်ရိုး မပျက်ရှိနေခဲ့ပါသည်။ ယခု သမီးအငယ် လက်ထက်ကျမှ ထိုစာအုပ် များသည် စာအုပ်စင်ပေါ်က ဆင်းခဲ့ကြရပါတော့သည်။

သမီးငယ်သည် နံနက်အိပ်ရာက နိုးသည်နှင့် စာအုပ်တွေ တစ်ပုံကြီးကို မနိုင့်တနိုင် ပွေ့ပိုက်ကာ ထွက်လာတတ်ပါသည်။ ကော်ဖီသောက်ပြီးသည်နှင့် လူကြီး တစ်ယောက်နား ကပ်ကာ ပုံဖတ်ပြပါဟု ခိုင်းပါတော့သည်။ တစ်နေ့လုံး သမီးငယ်သည် စာအုပ်တွေနှင့် အလုပ်ရှုပ်နေတတ်ပါသည်။ ဟိုနေရာသွားကစားလည်း စာအုပ်ပုံကြီးနှင့်၊ ဒီနေရာ သွားကစားလည်း စာအုပ်ပုံကြီးနှင့် တစ်နေ့တစ်နေ့ စာအုပ်ပုံကြီး နေရာရွှေ့ပြောင်းရတာနှင့်ပဲ အလုပ်ရှုပ်နေပါသည်။ လူကြီးတွေက ပုံသာဖတ်ပြနေမည် ဆိုလျှင် သမီးငယ်သည် တစ်နေ့လုံး အိပ်ရာပေါ်မှ မဆင်းဘဲ နားထောင်နိုင်ပါသည်။ လူကြီးများကသာ မောပြီး နားချင်သည်။ သမီးကတော့ ငြီးငွေ့သွားသည်ဟု မရှိပါ။ ပုံတွေကို မှတ်လည်းမှတ်မိပါသည်။ သူ့ပုံစာအုပ်တစ်အုပ်ထဲတွင် ပါသည့် ရေမြင်းကြီးက တယ်လီဖုန်းပြောနေပုံကို သမီးငယ် အလွန်သဘောကျပါသည်။

သမီးလေး ကစားသည့်အခါတိုင်း "ဟလို . . ဟလို . . . ဟစ်ပိုပိုကြီးလား" ဟု ရေမြင်းကြီးထံ တယ်လီဖုန်းဆက်တမ်း ကစားလေ့ရှိပါသည်။ "ဟစ်ပိုပို တစ်မတ်ဖိုး" "ဟစ်ပိုပို တစ်မတ်ဖိုး" ဟုလည်း တစ်ခါတစ်ရံ သီချင်းလုပ် ဆိုတတ်ပါသည်။ ခုနစ်နှစ် သမီးသာ

BURMESE CLASSIC .com

ရှိသေးသော သမီးလေး၏ မှတ်ဉာဏ်ထဲ၌ ရေမြင်းကြီးကို ဟစ်ပိုပေါ့တစ်မတ်ဟု ခေါ်ကြောင်း ရုပ်ပြပုံစာအုပ်လေး ကျေးဇူးကြောင့် စွဲမှတ်လျက် ရှိနေပါပြီ။

ထို့ပြင် သမီးလေးသည် ကလေးကဗျာ စာအုပ်များ ကျေးဇူးကြောင့် ကဗျာကို ချစ်တတ်နေရုံမျှမက သူ့ဘာသာ လက်တန်း ကဗျာလေးများပင် ရွတ်တတ်နေပါပြီ။ သူ့အမေ ဈေးသွားတော့မည် ဆိုလျှင် သမီးလေးက ကောက်ကာငင်ကာ . .

"မေမေ ဈေးကို သွားတဲ့အခါ
မုန့်တွေ အများကြီး ဝယ်ခဲ့ပါ"

ဟု ကဗျာစပ်တတ်ပါသည်။ သမီး စိတ်လိုလက်ရ ရှိသည့် အခါမျိုးတွင် သမီး ဘယ်အကြောင်း ကဗျာစပ်ပြစမ်းပါဟု ပြောလိုက်လျှင် စပ်ပြတတ်ပါသည်။ သမီးလေး ရွတ်ဆိုပြသည့် ကဗျာ ပုံစံလေးကို ကြည့်ပါ။

"သမီးလေး မြသီတာ
လိမ္မာယဉ်ကျေး ရှိလိုက်တာ၊
လိမ္မာပြီးတော့ ဘာလုပ်မယ်
တို့ ပညာမယ်၊
တို့ ပညာမယ် ဘာလုပ်ဖို့
ဆရာဝန်ကြီး လုပ်မယ်လို့၊
ဆရာဝန်ကြီး ဘာလုပ်ဖို့
လူနာတွေကို ဆေးကုဖို့"

('ပညာမယ်' ဆိုတာက သမီးလေးက 'ပညာ' ကို ကြိယာ လုပ်ပြီး ဆိုထားတာပါ။ ပညာသင်တယ်လို့ ဆိုလိုတာပါ) တစ်ခါသော် သမီးလေးက အိပ်ရာထဲရောက်နေပြီး၊ ကျွန်တော်က အပြင်မှာ စာထိုင်ဖတ်နေပါသည်။ သမီး၏အမေက ဖေဖေ့ကိုခေါ်လိုက်ဟု ခိုင်းသော

www.burmeseclassic.com


အခါ သမီးက အိပ်ရာထဲမှ နေပြီး ပထမတွင် ဖေဖေကြီး ဖေဖေကြီးဟု လှမ်းခေါ်ပါသည်။ နောက်တော့ . . .

"ဖေဖေကြီး ဖေဖေကြီး
ဖေဖေကြီးက ဘာတွေရေး . . .
ကကြီးခခွေး ရေး
အိပ်လှည့်ပါတော့လေး" ဟု ကဗျာစပ်လိုက်ပါသည်။

ကျွန်တော်လည်း သမီးအနားသို့ မသွားဘဲ မနေနိုင်တော့ပါ။ ပုံပြင်လေးများ၊ ကဗျာလေးများသည် ကလေးများ၏ အသိဉာဏ်နှင့် ဝါသနာကို ပြုစုပျိုးထောင်ပေးရာ၌ မည်မျှအရေးကြီးကြောင်း ကျွန်တော့် သမီးလေး သီတာနှင့်ကျမှ ကျွန်တော် ပို၍သဘောပေါက် လာပါသည်။ ကျွန်တော့် သမီးနှင့်သားသည် တစ်မိဝမ်းတွင်းမှ ဆင်းသက်လာကြသူချည်း ဖြစ်ပါလျက် ခြားနားနေကြပါသည်။ အဘယ်ကြောင့် ခြားနားနေရသည်ကို ကျွန်တော် ပြန်လည်ဆန်းစစ် ကြည့်မိပါသည်။ ထိုအခါ အဖြေတစ်ခု ကျွန်တော်ရပါသည်။ ထိုအဖြေ မှာ ကလေးနှစ်ယောက် ကြီးပြင်းလာရသည့် ပတ်ဝန်းကျင် အခြေ အနေ မတူခြားနားခြင်းပင် ဖြစ်ပါသည်။

ကျွန်တော့်သားကြီးမွေးစက ကျွန်တော်က သတင်းစာ အယ်ဒီတာ လုပ်နေပါသည်။ ကျွန်တော့်ဇနီးက ကျောင်းဆရာမတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ကိုယ်ခွဲမရှိပါ။ သားကြီးမှာ အထိန်း နှင့်သာ နေရပါသည်။ သားချော့တေးများကို ကျွန်တော်တို့ မဆိုနိုင် ခဲ့ကြပါ။ ထို့ကြောင့် တေးကဗျာများနှင့် သား ယဉ်ပါးခြင်း မရှိရှာခဲ့ပါ။ ထို့နောက် သား (၁၀) လသား အရတွင် ကျွန်တော်က ရုတ်တရက် ခရီးရှည်ကြီးတစ်ခု ထွက်ခဲ့ရပါသည်။

ကျွန်တော် အိမ်ပြန်ရောက်တော့ ခရီးထွက်စက ၁၀-လသား

BURMESE CLASSIC .com

အရွယ် ကျွန်တော့်သားသည် ဒုတိယတန်း ကျောင်းသားကြီး ဖြစ်နေပါပြီ။ ကျောင်းစာတွေနှင့် နပန်းလုံးနေရပြီဖြစ်၍ ပုံပြင်များ နားမထောင်နိုင်ရှာတော့ပါ။ ကျွန်တော့်သား စာပေ ဝါသနာ ပါအောင် ကျွန်တော် ကြိုးစားနေဆဲဖြစ်ပါ သည်။ သူတို့အရွယ်တွေ နှစ်သက်တတ်သည် ဆိုသော စွန့်စားခန်းပုံပြင်နှင့် ဝတ္ထုတွေ ရှာပေးပါသည်။ ၁၃-နှစ်သား မင်းရဲကျော်စွာမှအစ ဘုရင့်နောင်နှင့် တပင်ရွှေထီး အလယ် အိုင်ဗင်ဟိုနှင့် အာသာဘုရင်ကြီးအဆုံး ပြောစမ်းကြည့်ပါသည်။ ဇော်ဟိတ်တို့၊ ဂျာမဒါ ကိုကိုကြီးတို့ကို ဖတ်ပြပြီး တစ်ပိုင်းတစ်စ ချထားကြည့်ပါသည်။ စိတ်လိုလက်ရ ကျွန်တော့်သား ကောက်ဖတ်ပါသည်။ သို့သော် သုံးလေးရက် နေတော့ ဘာစာအုပ်မှ မဖတ်တော့ပါ။

ကျွန်တော့်သားကို စာဖတ်ဝါသနာပါအောင် အခုထိ ကျွန်တော် လုပ်၍မရသေးပါ။ သမီးလေး မြသီတာလို ငယ်ငယ်လေးကတည်းက ယဉ်ပါးအောင် လုပ်မပေးနိုင်ခဲ့၍ မအောင်မြင်သေးခြင်း ဖြစ်ပါသည်။ သားကြီးသည် ကလေးဘဝကို ကလေးလို မကြီးပြင်းခဲ့ရရှာပါ။ အဖေဆိုတာ သူမသိပါ။ အမေဆိုတာက လည်း တစ်နေ့လုံး ကျောင်းသွားနေရသည်။ ညဘက်တွင်လည်း ညကျောင်း စာသွားပြရသေးသည်။ ညကျောင်းက ပြန်လာတော့ မောနေပြီ။ သားကို ပုံတွေ ပြောပြခြင်း၊ ကဗျာတွေ ဖတ်ပြခြင်း၊ သားချော့တေးတွေ ရွတ်ပြခြင်း မလုပ်နိုင်တော့။ အဲဒီတော့ သားကလည်း သူ့ဘဝသူ နားလည်ရတော့သည်။ သူအိပ်ချင်ပြီ ဆိုလျှင် သူ့ချိုလိမ်လေး သူရှာပြီး ခွလုံးလေးကိုပွေ့ကာ ခုတင်ပေါ် တက်သွားတော့သည်။ ထို့နောက် အကျႌကလေးကိုလှန်ပြီး သူ့ဗိုက်ကိုသူ့ဘာသာပွတ်၍ ချော့သိပ်ရင်း အိပ်ပျော်သွားရ သည်ဟု ပြောကြပါသည်။ ယခုအထိပင် ကျွန်တော့်သားကြီးသည် အိပ်လျှင် သူ့ဗိုက်ကိုသူလှန်၍ ပွတ်သောအကျင့် မပျောက်ရှာသေးပါ။

သမီးလေး မြသီတာကျတော့ သားကြီးလို မဟုတ်တော့။ မွေးကတည်းက သားချော့တေးသံတွေ တညံညံ ကြားနေရပြီ။ ကျွန်တော်က သတင်းစာ မရှိ တော့၍ အိမ်မှာ အချိန်ပြည့်အားနေပြီ။ ပြီးတော့ သမီးအတွက် အထိန်းကလေးမလေး တစ်ယောက်ကိုလည်း အိမ်မှာ ခေါ်ထား၍ အဖော်ရနေသည်။ အပျိုပေါက်အရွယ် ကလေးမလေးက သီချင်းဆိုလည်း ဝါသနာပါသည်။ ထို့ကြောင့် တေးကဗျာနှင့် သီချင်းသံတွေ သမီးလေးနားမှာ ညံနေသည်။ သမီးလေးတစ်နှစ်ခွဲ အရမှာ ကျွန်တော် ထိန်းသိမ်းခံရပြန်သော်လည်း ကလေးမလေးရှိနေ၍ သမီးငယ်သည် အထီးကျန် မဖြစ်ခဲ့။ လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် ကျွန်တော် လွတ်လာတော့ သမီးလေး ခုနစ်နှစ်သမီး ရှိပြီ။

စာအုပ်တွေ တပုံကြီး ပိုက်ပိုက်ပြီး လာသမျှ လူတွေကို ပုံတွေ ဖတ်ပြခိုင်းနေတတ်ပြီ။ ကျွန်တော်ကလည်း လေဖြတ်ပြီး ကိုယ် တစ်ခြမ်း သေလာသည်ဖြစ်ရာ ဘယ်မှမသွားနိုင်၊ မလာနိုင် ဖြစ်နေ သဖြင့် သမီးလေးအတွက် ပိုပြီး အဖော်ရသွားသည်။ သမီးလေး နေ့ခင်း အိပ်ချိန်တွင် သားချော့တေးတွေ ဆိုပြီး ပုခက်လွှဲနိုင်သည်။ ထို့နောက် တစ်နေ့လုံး ပုံတွေ ဖတ်ပြရသည်။ မောဂလိတို့၊ ဂါလီဗာ တို့သည် သမီးလေး၏ အရင်းနှီးဆုံး သူငယ်ချင်းတွေ ဖြစ်နေကြပြီ။ ညအိပ်ရာဝင်လျှင်လည်း ပုံတွေဖတ်ပြသည်ကို နားထောင်ရင်း သမီးလေး အိပ်ပျော်သွားလေ့ ရှိသည်။

သမီးလေးသည် ကလေးသဘာဝ ပေကတ်ကတ် လုပ်တတ် ပါသည်။ သူလိုချင်တာ ချက်ချင်းမရလျှင် ဖွဲ့အော်တတ်ပါသည်။ မုန့်စားပြီးလျှင် လက်ဆေးရမှာ ပျင်းနေတတ်ပါသည်။ ထမင်းဝိုင်းတွင် သူ့ဘာသာသူ နှိုက်ရမှ ကျေနပ်ပါသည်။ ဆူလို့လည်း သူ မကြောက် ပါ။ အော်လို့လည်း သူ အငိုမရပ်ပါ။ ပုံပြင်ထဲက လိမ္မာတဲ့ ယုန်ကလေး ဆိုရင် တစ်ခွန်းတည်းနဲ့ ပြောလို့ရတာပဲလို့သာ ပြောလိုက်၊ သမီးလေး

www.burmeseclassic.com



ချက်ချင်း ဆူပူသောင်းကျန်းတာတွေ ရပ်သွားပါသည်။ ကဗျာနှင့် ပုံပြင်လေးများသည် ဤမျှအထိ အစွမ်းထက်ပါသည်။ လက်တွေ့ စမ်းသပ်ကြည့်ကြပါ။

ယခုအခါ မြေးတို့အဘိုးများ ဖြစ်နေကြပြီ ဖြစ်သော ဆရာ ဇဝနတို့သည် မရေးကြတာ ကြာပြီဖြစ်သော ကလေးပုံပြင်လေးတွေ၊ ကလေးကဗျာလေးတွေ ပြန်လည်ရေးသားနေကြသဖြင့် ကျေးဇူး တင်ဖွယ် ဖြစ်ပါသည်။

သို့သော် ရင်ခွင်ပိုက်ကလေးများအတွက် သားချော့တေး ကဗျာများကား မရှိသလောက် နည်းပါး နေပါသေးသည်။ ထို့ကြောင့် စေတနာရှင် ကဗျာဆရာ များအနေဖြင့် ထိုဟာကွက်ကို ဖြည့်ဆည်း ပေးကြပါဟု တောင်းပန်လိုက်ရပါသည်။

*(ဒီစာလေးဟာ ၁၉၈၁ ခုက ရေးခဲ့တာပါ။ လေဖြတ်ပြီး ညာဘက်ကိုယ် တစ်ခြမ်းသေဘ၀ ရောက်ပြီးတဲ့နောက် ဘယ်လက်နဲ့ စာရေးကျင့်နေတုန်းက ရေးခဲ့တာပါ။နောက်တော့ ဖိုင်တွဲတွေထဲမှာ ညပ်ပြီးမေ့လျော့သွားခဲ့ပါတယ်။)*

# တောက်တိုမယ်ရ အယ်ဒီတာလား၊ ပြုတ်စဗျင်းတောင်း အယ်ဒီတာလား

တစ်လောက ဂျာနယ်လုပ်နေတဲ့ လူရွယ်နှစ်ယောက် ရောက်လာပြီး သူတို့ဂျာနယ်ကို လိုင်းပြောင်းပြီးလုပ်တော့မှာမို့ လိုင်းပြောင်းပြီး ရေးပေးပါဦးလို့ ပြောကြပါတယ်။

ဂျာနယ်ထုတ်စက သူတို့ကပဲ စီးပွားရေးလိုင်းလုပ်မှာမို့ နိုင်ငံတကာ စီးပွားရေးသတင်းနဲ့ ဆောင်းပါး ရေးပေးပါလို့ နားပူတာကြောင့် စီးပွားရေးသတင်းတွေ ဘာသာပြန်ပေး၊ စီးပွားရေးသုံးသပ်ချက်တွေ ဆောင်းပါးရေးပေး လုပ်ခဲ့ရပါတယ်။ ဘာကြာသေးလို့လဲ။ အလွန်ဆုံး ရှိမှ ငါးလခြောက်လပေါ့။

အခုတော့ လိုင်းပြောင်းဦးမယ်တဲ့။ ဘယ်လိုင်းလဲလို့ မေးလိုက်တော့ စာပေနဲ့အနုပညာလိုင်း လုပ်ကြည့်ဦးမယ်။ စာပေနဲ့ ဆိုင်တဲ့ ဆောင်းပါး ရေးပေးပါလို့ ဆိုကြတယ်။ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ကြနော်၊ စာပေနဲ့အနုပညာလိုင်းက ဂျာနယ်နဲ့ တယ်ပြီး မအပ်စပ်ဘူးထင်တယ်။ စာပေမဂ္ဂဇင်းကြီးတွေကို မီအောင် ဂျာနယ်က လိုက်လုပ်ဖို့ လွယ်လှမယ်မထင်ဘူးလို့ ပြောမိတော့ စမ်းကြည့်ဦးမယ်၊ မဟန်တော့လည်း ပြန်ပြောင်းတာပေါ့တဲ့။ လွယ်လိုက်တာ သူတို့ ခေတ်များလို့ အောက်မေ့လိုက်မိပါတယ်။

www.burmeseclassic.com


လုပ်ခွင့်လေးရှိလာတဲ့ ကာလမှာ စာသမားပေသမား လူငယ်တွေ ဂျာနယ်လုပ်ငန်း တော်တော် လုပ်လာကြပါတယ်။ ပေါက်ပေါက်ရောက်ရောက် အောင်အောင်မြင်မြင် ဖြစ်သွားတာတော့ နည်းပါ တယ်။ ဆယ့်လေးငါးသိန်းကနေ အစိတ်သုံးဆယ် လောက်ထိရှုံးပြီး ရပ်သွားရတဲ့ လူတွေလည်း ရှိပါတယ်။ မရပ်သေးတဲ့ လူတွေကလည်း စီးပွားရေး လုပ်ငန်းရှင်များဆီ ခယဝပ်တွားလုပ် ကြော်ငြာတောင်းပြီး လှုပ်လှုပ်လှုပ်လှုပ်နဲ့ ရပ်တည်နေကြရတာ များပါတယ်။

ဂျာနယ်သမားတွေက သူတို့ ဘာလိုနေသလဲ ဝေဖန်ပါ၊ ထောက်ပြပါ၊ အကြံပေးပါလို့ ပြောလေ့ရှိပါတယ်။ ကိုယ်က ကွင်းထဲဆင်းပြီး လက်တွေ့ကစားနေတဲ့သူ မဟုတ်ဘဲ ပွဲကြည့်ပရိသတ် သက်သက်ဆိုတော့ အကြံပေးတာ၊ ဝေဖန်တာတွေလည်း မလုပ်ချင်ပါဘူး။ ဘေးကစောင့်ကြည့်ရင်း ဘောလုံးကူကောက် ပေးနေတာပဲ ကောင်းပါတယ်လို့ သဘောထားလိုက်ပါတယ်။

မဂ္ဂဇင်းက လူတွေကျတော့ တစ်မျိုး။

ဟိုမဂ္ဂဇင်း၊ ဒီမဂ္ဂဇင်းကလူတွေ ရောက်လာ ကြတဲ့အခါ ကျတော့ ဖုတ်ပူမီးတိုက် ပျာယီးပျာယာနဲ့။ အယ်ဒီတာတွေဟာ လူငယ်အများစုမို့ အားရစရာတော့ ကောင်းပါရဲ့။ ဒါပေမယ့် သူတို့ လုပ်ကိုင်နေပုံတွေကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရတယ်။ သနားမိတယ်။ နာမည်တပ်ထားတာကတော့ အမှုဆောင်အယ်ဒီတာတဲ့။ အဖွဲ့ဝင်အယ်ဒီတာတဲ့။ တာဝန်ခံအယ်ဒီတာတဲ့။ ဒါပေမယ်လို့ အယ်ဒီတာအလုပ်နဲ့ တူတာ ဆိုလို့ သူတို့အလုပ်တွေထဲမှာ တစ်ခုမှ မတွေ့ရဘူး။

ကြည့်လေ။ တာဝန်ခံအယ်ဒီတာ၊ အမှုဆောင် အယ်ဒီတာ၊ အဖွဲ့ဝင်အယ်ဒီတာတွေ လုပ်နေကြရတာက စာမူလိုက်တောင်း၊ မဂ္ဂဇင်းလိုက်ပေးပေးတာ၊ ကွန်ပျူတာခန်းသွားတာ၊ ဖလင်ရိုက်တဲ့ဆီသွားတာ၊ ရုံးကိုသွားတာစတဲ့ တောက်တိုမည်ရ အလုပ်တွေ ချည်းပါပဲ။

www.burmeseclassic.com


ရှေးကကြားဖူးတဲ့ မဂ္ဂဇင်းအယ်ဒီတာတွေ ဆိုတာက စားပွဲပေါ်မှာ မိန့်မိန့်ကြီးထိုင်ပြီး ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးတွေ ဖတ်ရှုတည်းဖြတ်သုတ်သင် လုပ်ရင်လုပ်၊ မဂ္ဂဇင်းအတွက် ကိုယ့်စာမူကိုရေးလိုက်၊ စာစီခန်းချပေးလိုက်ဆိုတာမျိုးတွေ လုပ်နေကြတယ်ဆိုတာကိုး။ ဘာမှ မလုပ်ရင်လည်း တိုက်ကိုလာတဲ့ စာရေးဆရာ၊ ကဗျာဆရာတွေနဲ့ စကားစမြည် ပြောဆိုဆွေးနွေး လုပ်နေကြတာတဲ့လေ။ မဂ္ဂဇင်းတိုက်ထဲက စားပွဲမှာထိုင်နေတဲ့ အယ်ဒီတာကို မြင်ရရုံနဲ့ပဲ ရိုသေခံ့ညား ရှိကြရတယ်တဲ့။

လွယ်အိတ်တစ်လုံးလွယ်ပြီး ဖိနပ်ပါးအောင် လမ်းပေါ်လျှောက်နေရတဲ့ အယ်ဒီတာဆိုတော့ ရိုသေခံ့ညားမှု ဘယ်လိုလုပ်ပြီး ရနိုင်ပါ့မလဲ။ စိတ်မကောင်း ဖြစ်ရတာကတော့ တောက်တိုမယ်ရ အလုပ်မျိုးစုံ လိုက်လုပ်နေရတဲ့ အယ်ဒီတာလေးတွေ အများစုဟာ စာရေးဆရာ၊ ကဗျာဆရာ၊ လူတော်လေးတွေ ဖြစ်နေ ကြတယ်ဆိုတဲ့ အချက်ပါ။ ဒီလူငယ်လေးတွေရဲ့ အရည်အချင်းဟာ စာမူလိုက်တောင်းတာ၊ ကွန်ပျူတာ သွားအပ်တာ၊ ဖလင်သွားပို့တာ၊ ရုံးကိုသွားတာ စတဲ့အလုပ်မျိုးတွေ လုပ်ဖို့လိုအပ်တဲ့ အရည်အချင်းမျိုးထက် အဆတစ်ရာမက မြင့်မားကြပါတယ်။

ကွန်ပျူတာအပ်၊ စာမူလည်းတောင်းဆိုတဲ့ အလုပ်မျိုးတွေလောက် လုပ်ဖို့ကတော့ စာရေးဆရာ၊ ကဗျာဆရာဖြစ်ဖို့ မလိုပါဘူး။ စာတတ်ဖို့တောင် မလိုပါဘူး။ လက်တိုလက်တောင်းခိုင်းဖို့ထားတဲ့ ကလေး တစ်ယောက် နှစ်ယောက်ရှိရင် ဖြစ်ပါတယ်။

ကဗျာဆရာ လူတော်ကလေးတွေ၊ စာရေးဆရာ လူတော်ကလေးတွေကို ရုံးလုလင်တစ်ယောက်ရဲ့ အလုပ်တွေ လုပ်ခိုင်းနေခြင်းဟာ ဒီလူငယ်တွေရဲ့ အစွမ်းအစအရည်အချင်းကို အလဟဿ ဖြုန်းတီးပစ်ရာ ရောက်ရုံမက ကိုယ့်မဂ္ဂဇင်းရဲ့ အရည်အသွေးကို

www.burmeseclassic.com


ညှိဖျင်းအောင် လုပ်ရာလည်းကျပါတယ်။

ကဗျာဆရာ၊ စာရေးဆရာ လူငယ်အယ်ဒီတာလေးတွေကို တိုက်မှာပဲ ထိုင်ခိုင်းပြီး၊ မဂ္ဂဇင်းအတွက် ဘယ်လိုစာတွေ ရွေးချယ်ပြီး၊ ဘယ်လိုအတွေးအခေါ် တွေ ပေးလိုက်မယ်၊ ဘယ်ဝတ္ထုမှာ ဘယ်လို၊ ဘယ်ဆောင်းပါးမှာတော့ ဘယ်လိုကာတွန်းပုံမျိုးနဲ့ သရုပ်ဖော်မယ်၊ ဘယ်ကဗျာကို ဘယ်ပန်းချီဆရာနဲ့အပ်မယ် ဆိုတာမျိုးတွေပဲ စဉ်းစား စေမယ်ဆိုရင် မဂ္ဂဇင်းများ ဒီထက် အရည်အသွေးပိုပြီး တောက်ပြောင် လာမယ်လို့ ပြောဝံ့ပါတယ်။

လူငယ်လေးတွေအတွက်လည်း အလုပ်ပါးတဲ့အချိန်တွေမှာ ကဗျာကောင်း စာကောင်းတွေ ထိုင်ပြီးရေးနိုင်တာပ။

ထုတ်ဝေသူများကို ပြောကြည့်ချင်ပါတယ်။ ဒီကိစ္စလေးကို စဉ်းစားချင့်ချိန်ကြည့်ကြပါ။ အယ်ဒီတာဆိုပြီး ငှားထားရင် အယ်ဒီတာ လစာ ပေးရပါမယ်။ အယ်ဒီတာတစ်ယောက်ကို ပေးရတဲ့လစာဟာ လက်တိုလက်တောင်း ကလေးနှစ်ယောက်လောက် ထားလို့ ရနိုင်လိမ့် မယ် ထင်ပါတယ်။ အဲဒီလို ကလေးတွေကို ဖလင်ခန်းပြေးတာ၊ ကွန်ပျူတာ သွားအပ်တာ၊ စာမူသွားယူ၊ စာအုပ်လိုက်ပေးတာ စတဲ့ အလုပ်မျိုးတွေ လုပ်ခိုင်းလို့ရှိရင် အယ်ဒီတာတွေက အယ်ဒီတာ အလုပ်ကို လုပ်နိုင်ကြမှာမို့ ရေရှည်မှာ ကိုယ့်မဂ္ဂဇင်းအတွက် ကောင်း လာပါလိမ့်မယ်။

အယ်ဒီတာအလုပ်ကို တောက်တိုမယ်ရ အလုပ်ပဲလို့ ကိုယ်က ဖြစ်ကတတ်ဆန်း သဘောထားရင် ဖြစ်ကတတ်ဆန်း အယ်ဒီတာသာ ရပါလိမ့်မယ်။ ဖြစ်ကတတ်ဆန်း အယ်ဒီတာက လုပ်တဲ့မဂ္ဂဇင်း ဟာလည်း ဖြစ်ကတတ်ဆန်း မဂ္ဂဇင်းသာ ဖြစ်ပါလိမ့်မယ်။ ရေရှည် အကျိုးစီးပွား ဖြစ်ထွန်းတဲ့ မဂ္ဂဇင်းတစ်စောင် ဖြစ်ချင်တယ် ဆိုရင်တော့ အယ်ဒီတာ စစ်စစ်များကို လုပ်ခိုင်းမှ ဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com



အယ်ဒီတာ စစ်စစ်များ ရှိထားပါလျက်နဲ့ အယ်ဒီတာစစ်စစ်များကို လက်တိုလက်တောင်း အလုပ်တွေလုပ်ရတဲ့ တောက်တိုမယ်ရ အယ်ဒီတာများအဖြစ်သာ သဘောထားမယ်ဆိုရင်တော့ ကိုယ့် မဂ္ဂဇင်းရဲ့အရည်အသွေး ဘယ်တော့မှ တောက်ပြောင်လာမှာ မဟုတ်ပါဘူး။ အရည်အသွေး မတောက်ပြောင်ရင် ကိုယ့်အတွက် စီးပွားရေးလည်း တွက်သား ကိုက်မယ် မဟုတ်ပါဘူး။

အဲဒါကြောင့် ငွေကြေးအရင်းအနှီး စိုက်ထုတ်ပြီး မဂ္ဂဇင်းထုတ်ဝေတဲ့၊ ဂျာနယ်ထုတ်ဝေတဲ့ ထုတ်ဝေသူများကို စီးပွားရေးအရလည်း အကျိုးအမြတ်ရှိတဲ့ လုပ်ငန်းတစ်ခု ဖြစ်ချင်တယ်ဆိုရင် ပြုတ်စဗျင်းတောင်း တောက်တိုမယ်ရ အလုပ်တွေလောက်သာ လုပ်တတ်တဲ့သူတွေကို အယ်ဒီတာ မလုပ်ခိုင်းပါနဲ့။ လက်တို လက်တောင်းသာ လုပ်ခိုင်းပါ။ အယ်ဒီတာလုပ်နေတဲ့ စာရေးဆရာ၊ ကဗျာဆရာ လူတော်ကလေးတွေကိုလည်း ပြုတ်စဗျင်းတောင်း ဗာဟီရ အလုပ်တွေလုပ်တဲ့ တောက်တိုမယ်ရ အယ်ဒီတာ မဖြစ်ပါစေနဲ့လို့ ပြောချင်ပါတယ်။

အယ်ဒီတာဆိုတာ ပြုတ်စဗျင်းတောင်း လုပ်တဲ့သူ မဟုတ်ပါဘူး။ အယ်ဒီတာဆိုတာ လက်တိုလက်တောင်းလုပ်တဲ့ ဗာဟီရ အလုပ်သမား မဟုတ်ပါဘူး။ အယ်ဒီတာဆိုတာ စာရေးဆရာကို အောက်ကျို့ပြီး စာမူတောင်းတဲ့သူ မဟုတ်ပါဘူး။ အယ်ဒီတာ ဆိုတာ စီးပွားရေးလုပ်ငန်းရှင်ကို ရှိခိုးဦးတင်လုပ်ပြီး ကြော်ငြာတောင်းတဲ့သူ မဟုတ်ပါဘူး။ အယ်ဒီတာဆိုတာ စာနယ်ဇင်းရဲ့ ဘုရင်ဧကရာဇ်ပါ။

ကဗျာဆရာလူတော်၊ စာရေးဆရာ လူတော် ကလေးတွေ တောက်တိုမယ်ရ အယ်ဒီတာဘဝမှ လွတ်မြောက်ကြပါစေ။

www.burmeseclassic.com

# ဂျာနယ်အလုပ်ကို
# ခပ်ပေါ့ပေါ့ သဘောမထားကြဖို့

ဒီတစ်နှစ် နှစ်နှစ်အတွင်းမှာ ဂျာနယ်ထုတ်ကြတဲ့ လူငယ်လေးတွေ တော်တော်များများနဲ့ ထိတွေ့ရပါတယ်။ တစ်ခုမဟုတ်တစ်ခု လုပ်ခိုင်းဖို့ ရောက်လာကြတာပါ။ မနက်ကတော့ နိုင်ငံတကာ သတင်းတွေ ဘာသာပြန်ပေးဖို့ သုံးသပ်ချက် ဆောင်းပါးရေးပေးဖို့ ပြောကြပါတယ်။

လူငယ်လေးတွေဆိုတော့ အားပေးကူညီရမှာပဲဆိုပြီး သူတို့ လိုအပ်တာတွေ လိုက်ဖြည့်ပေးပါတယ်။ အဲဒီလို ကူညီရင်းနဲ့ အထိအတွေ့များလာတော့ ဘာသွားတွေ့ရသလဲဆိုရင် လူငယ်လေး တွေ အများစုဟာ ဂျာနယ်မဂ္ဂဇင်းထုတ်ဝေတဲ့အလုပ်ကို ကျောင်းတုန်း က နံရံကပ်စာစောင်နဲ့ လက်လှည့်ကဗျာစာအုပ်လေးတွေ ထုတ်ခဲ့ကြ သလိုမျိုး သဘောထားပြီး ခပ်လွယ်လွယ် လုပ်နေကြတာပဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဝါသနာအလျောက် ဝါသနာတူတွေစုပြီး အပျော်တမ်း လုပ်နေတြတာမျိုး ဖြစ်နေကြပါတယ်။

ဂျာနယ်မဂ္ဂဇင်းတိုက် တည်ထောင်ဖွဲ့စည်းတာကအစ အလုပ်သဘောမျိုး လုပ်တာမျိုး မရှိပါဘူး။ ပါးစပ်နဲ့ပဲ လွယ်လွယ်လေး ပေါ့ပေါ့လေး လုပ်နေကြတာမျိုး ဖြစ်ပါတယ်။ လူအများစုပြီး လုပ်ကြ

www.burmeseclassic.com


တာဖြစ်ပေမယ်လို့ ဘယ်လိုလုပ်ကြမယ်။ ဘာတွေလုပ်ကြမယ်။ ဘယ်လို တာဝန်တွေခွဲဝေယူပြီး၊ ဘယ်လို ခံစားခွင့်တွေ သတ်မှတ်ကြမယ်။ အရှုံးအမြတ်ကို ဘယ်လို တာဝန်ယူကြမယ် ဆိုတာမျိုး စာနဲ့ပေနဲ့ သဘောတူညီချက်တွေရေးပြီး၊ သဘောတူ လက်မှတ်ထိုးပြီး လုပ်ဖို့ လိုအပ်တယ်လို့တောင် သဘောမထားကြပါဘူး။

အချင်းချင်းတွေပဲ။ ပြောစရာမလိုပါဘူးဆိုပြီး ပါးစပ်နဲ့ပြော၊ ပါးစပ်နဲ့လုပ်ကြပါတယ်။ အဲဒီလိုလုပ်ပြီး နှစ်လ သုံးလကြာတော့ သဘောထား ကွဲပြားမှုတွေ ဖြစ်လာကြပါတော့တယ်။ တချို့များ တစ်လတောင် မကြာဘူး။ အချင်းချင်း စကားများကြ၊ စိတ်ကောက်ကြပါတယ်။ အများစုကတော့ ကိုယ်မှန်းထားသလို ဖြစ်မလာတဲ့အတွက် စကားများကြတာပါ။ မျှော်မှန်းထားသလို အောင်မြင်ပေါက်ရောက်ဖြစ်လာတဲ့အတွက် စိတ်ဝမ်းကွဲကြတာမျိုးလည်း တွေ့ဖူးပါ တယ်။ ရှုံးတဲ့အခါမှာ သူ့ကြောင့် ကိုယ့်ကြောင့် အပြစ်ပုံချတာကြောင့် စိတ်ဝမ်းကွဲပြားကြပြီး အောင်မြင်တဲ့အခါကျတော့လည်း သူလုပ်လို့၊ ကိုယ်လုပ်လို့ဆိုပြီး နေရာလုရင်း စိတ်ဝမ်းကွဲကြပြန်တာပါပဲ။

အဲဒီလိုဘာကြောင့်ဖြစ်ရသလဲဆိုတော့ စလုပ်ကတည်းက စနစ်တကျ စာနဲ့ပေနဲ့ သဘောတူညီချက်နဲ့ မလုပ်ခဲ့ကြလို့ ဖြစ်ရတာပါ။ လူချင်းဘယ်လောက်ပဲ ရင်းနှီးရင်းနှီး အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင်တော့ အလုပ်နဲ့တူအောင်လုပ်ဖို့ လိုအပ်ပါတယ်။ လိုအပ်ကြောင်း လူငယ်တွေကို အမြဲတမ်း အကြံပြုပေမယ့် လုပ်တော့မယ်လို့ စိတ်အားထက်သန် နေစေဦးတော့ လိုက်နာသူ မရှိသလောက်ပါပဲ။ ထားပါတော့၊ စီးပွားရေးကိစ္စ၊ အုပ်ချုပ်ရေးကိစ္စတွေက ကိုယ်နဲ့လည်း ပတ်သက်တာ မဟုတ်တော့ အကြံပြုတာလောက်ပဲ လုပ်ပါတယ်။

ကိုယ်နဲ့လည်း ပတ်သက်နေတဲ့ စာမူကိစ္စ၊ အယ်ဒီတာအဖွဲ့ လုပ်ငန်းကိစ္စများကိုတော့ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ဖို့

www.burmeseclassic.com


တိုက်တိုက်တွန်းတွန်း အကြံပြုပါတယ်။ ဥပမာအားဖြင့် သတင်းတွေ ဘာသာပြန်တဲ့ ကိစ္စမျိုးက အင်္ဂလိပ်စာ အသင့်အတင့်တတ်ရုံ လောက်နဲ့ လုပ်လို့ရပါတယ်။ လုပ်ရင်းကိုင်ရင်း ကျွမ်းကျင်သွားမှာပါ။ အခက်အခဲတွေ့တဲ့အခါ ယူလာပါ။ ကူညီပါတယ်။ သတင်းသုံးသပ်ချက်တို့ ဝေဖန်ဆန်းစစ်ချက်တို့ ဆိုတာမျိုးတွေပဲ လုပ်ပေးပါရစေလို့ ပြောလည်း၊ သတင်းဘာသာပြန်သူ မရှာချင်ကြဘူး။ လွယ်လွယ်နဲ့ အပူကပ်လို့ရတဲ့လူပဲ အပူကပ်ချင်ကြတယ်။ အဲဒီတော့လည်း သူတို့ အလို,လိုက်ရပြန်တာပါပဲ။ တကယ်တော့ သတင်းဘာသာပြန်တွေ မလုပ်ချင်ပါဘူး။ အချိန်လည်း အင်မတန်ကုန်ပါတယ်။ ဂျာနယ် ၄ - စောင်လောက်ကို လုပ်ပေးနေရတာဆိုတော့ တစ်ပတ်နဲ့ တစ်ပတ်ကို သတင်းပုဒ်ရေ အစိတ်သုံးဆယ်လောက် ရှာဖွေလုပ်ပေးနေရတာပါ။ ဂျာနယ်တစ်စောင်နဲ့ တစ်စောင် မတူအောင်လည်း လုပ်ပေးရတာကိုး။ တစ်ပတ်မှာ စာသင်တဲ့ ပင်မအလုပ်ကလည်း ရှိနေတော့ ညညမှ လုပ်နိုင်ပါတယ်။ ညဆိုရင် ညတိုင်း ၂-ချက်ထိုးမှ အိပ်ရာဝင်ရပါတော့တယ်။

ဂျာနယ်သမားတွေက သတင်းတွေလုပ်ပေးဖို့ ပူကပ်တဲ့ အဓိက အကြောင်းကတော့ နိုင်ငံခြားသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကို သူတို့ဝယ်စရာမလိုတော့တဲ့အတွက် ဖြစ်ပါတယ်။ ဂျာနယ် မဂ္ဂဇင်းကြီးတွေ ထုတ်ဝေပြီး၊ နိုင်ငံခြားသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေကိုတော့ မဝယ်ချင်ကြပါဘူး။ မြန်မာပြည်မှာ ဝယ်လို့ရနေတဲ့ နိုင်ငံခြားစာနယ်ဇင်းတွေအပြည့်။ အခုဝယ်ထားတဲ့ တိုက်တစ်ခုမှ မတွေ့ဖူး ပါဘူး။ ကိုယ်နဲ့နီးစပ်တဲ့ဟာ တစ်ခုကောင်း နှစ်ခုကောင်းလောက်သာ ဝယ်ကြတာ များပါတယ်။ သတင်းစာ တစ်စောင်လုံးဝယ်ရန် ၂၀ဝ-၂၅ဝ လောက်ပေးရတာကိုတောင် မဝယ်ဘဲ အချပ်ပိုအဖြစ်ပါတဲ့ အားကစားကဏ္ဍ၊ စီးပွားရေးကဏ္ဍ စာမျက်နှာလေးတွေတင် ရွေးပြီး

www.burmeseclassic.com


ဝယ်တဲ့လူတွေတောင် ရှိပါတယ်။ စာနယ်ဇင်း တစ်စောင် ထုတ်ဝေနေပြီး အဓိကကုန်ကြမ်းဖြစ်တဲ့ စာနယ်ဇင်းတွေ ဝယ်ရမှာ နှမြောနေရင် ဘယ်လိုလုပ်ပြီး အားထားရတဲ့ စာနယ်ဇင်းတစ်စောင် ဖြစ်လာနိုင်ပါတော့မလဲ။

ဒီနေ့ ရန်ကုန်မှာ နိုင်ငံခြားထုတ် စာနယ်ဇင်းမျိုးစုံ ဝယ်ယူရရှိနိုင်ပါတယ်။ အင်းဝစာအုပ်တိုက်မှာ Time, Newsweek, Asiaweek, Business week ဆိုတဲ့ အပတ်စဉ်ထုတ် သတင်းမဂ္ဂဇင်းတွေ လပေး ယူထားလို့ ရပါတယ်။ Reader's Digest လည်းရပါတယ်။ သတင်းစာ ဆိုရင်လည်း Straits Times, International Herald Tribune, New Paper စတာတွေကို လပေးယူလို့ ရပါတယ်။ အိမ်တိုင်ရာရောက် လာပို့ပါတယ်။

နောက်ပြီးတော့ Bangkok Post, The Nation, Financial Time, Far Eastern Economic Review စတဲ့ နေ့စဉ်ထုတ် သတင်းစာတွေ Economist, Fortune, Forbes စတဲ့ စီးပွားရေး စာစောင်တွေလည်း အပြင်မှာ ဝယ်လို့ရပါတယ်။ အမြဲတမ်းယူရင် အိမ်တိုင်ရာရောက် လာပို့ပါတယ်။

ကိုယ်တိုင် ဦးနှောက်ကိုညှစ်ထုတ်ပြီး ဖန်တီးရတဲ့ ရသစာရေးတဲ့ စာရေးဆရာတစ်ယောက်က ဒီစာနယ်ဇင်းတွေ စုံအောင် ဝယ်မဖတ်လည်းရပါတယ်။ သူက ကိုယ့်စိတ်ကူးနဲ့ကိုယ် အလုပ်လုပ်တာကိုး။ သတင်းတို့၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အဓိကထားလုပ်တဲ့ ဂျာနယ်တစ်စောင်၊ ဂျာနယ်လစ်တစ်ယောက် ဆိုရင်တော့ ဒီစာနယ်ဇင်းတွေကို စုံနိုင်သမျှစုံအောင် ဖတ်ဖို့ လိုပါတယ်။ ဂျာနယ်တိုက် တစ်တိုက်ဆိုရင် ကိုးကားဖို့လိုတဲ့အခါ ပြန်လှန်ဖို့ ဒီစာနယ်ဇင်းတွေ တိုက်ပိုင်ရှိကို ရှိထားရပါတယ်။

အလုပ်တစ်ခုလုပ်ပြီဆိုရင် အလုပ်နဲ့တူအောင် လုပ်ကြဖို့

www.burmeseclassic.com



လိုပါတယ်။ ဂျာနယ်တစ်စောင် ထုတ်တယ်ဆိုတာကို နံရံကပ်စာစောင် တစ်ခုထုတ်သလို သဘောထားလို့ မဖြစ်ပါဘူး။ စာနယ်ဇင်းဆိုတာ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးဆိုတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ မဏ္ဍိုင်ကြီးတွေနဲ့ တန်းတူအရေးပါတဲ့ မဏ္ဍိုင်တစ်ခု ဖြစ်ပါတယ်။ အဲဒါကြောင့် ရှိုရှိုသေသေ လေးလေးစားစားလုပ်ဖို့ လိုအပ်ပါတယ်။

ဒီကနေ့ စာနယ်ဇင်းသမားတွေဟာ လူငယ်တွေ ဖြစ်ပေမယ့် တာဝန်ကြီး တစ်ရပ်ကို ထမ်းဆောင်နေကြတာပါ။ စတုတ္ထမဏ္ဍိုင်ဆိုတဲ့ တိုင်ကြီးတစ်လုံးကို တည့်မတ်အောင် စာနယ်ဇင်းသမားမှန်ရင် ကြီးတယ် ငယ်တယ်မဟူ ကြီးလေးတဲ့ တာဝန်ကို ထမ်းရွက်နေကြတဲ့ 'အရေးကြီးမဏ္ဍိုင်' စာရင်းဝင်တွေ ဖြစ်ပါတယ်။ အဲဒါကြောင့် ကိုယ့်တာဝန်ကိုယ် အလေးအနက်သဘောထားပြီး ရှိသေလေးစားဖို့ လိုအပ်ကြောင်း သတိပေးနှိုးဆော်လိုက်ရပါကြောင်း။ ။

# နိုင်ငံတကာ စာနယ်ဇင်းကျင့်ဝတ်

စာနယ်ဇင်း ဆိုတာ ဘာလဲ။ အဝါရောင် စာနယ်ဇင်း ဆိုတာ ဘယ်လို ဟာလဲ။ စာနယ်ဇင်းသမားကောင်းဆိုတာ ဘယ်လို လူမျိုးတွေလဲ။

ဒီမေးခွန်းတွေဟာ နိုင်ငံတကာ စာနယ်ဇင်းလောကမှာ အမြဲတမ်း ဆွေးနွေးငြင်းခုံနေရတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

အပြာရောင် စာနယ်ဇင်း ဆိုတာကတော့ သိသိသာသာ ထင်ထင်ရှားရှား လုပ်ကိုင်ဆောင်ရွက် နေကြတာမို့ တယ်ပြီးအငြင်းပွား စရာ မရှိလှပါဘူး။

အဝါရောင် စာနယ်ဇင်းကျတော့ လူအများ စိတ်ဝင်စားတဲ့ အကြောင်းအရာ (Human Interest Story) နဲ့ "သည်းခြေခိုက်စာ" (Sensational Story) တို့ အကြား စည်းခြားချက်က လိုရာဆွဲယူပြီး ပြောလို့ရတာမျိုးတွေ ဖြစ်ကြလေတော့ ပြတ်ပြတ်သားသား သတ်မှတ် ခွဲခြားဖို့ မဖြစ်ပါဘူး။ အဲဒါကြောင့် ရှေးအစဉ်အဆက်က အငြင်းပွားခဲ့ ကြသလို ဒီနေ့ခေတ်မှာလည်း ဆက်ပြီး ငြင်းခုံဆွေးနွေး နေကြရဆဲ ပါပဲ။

နောက်တစ်ချက်ကတော့ စာနယ်ဇင်းကောင်း ဟုတ် မဟုတ်၊ စာနယ်ဇင်းသမားကောင်း ဖြစ်မဖြစ်ဆိုတာ ဥပဒေတွေ ပြဋ္ဌာန်း၊ စည်းကမ်းချက်တွေ ချမှတ်ပြီး သတ်မှတ်ထားလို့ ရတာမျိုး မဟုတ်ဘဲ

ကိုယ့်အသိနဲ့ကိုယ် လိုက်နာစောင့်ထိန်းရတဲ့ "ကျင့်ဝတ်" နဲ့သာ ထိန်းကွပ်ရတာမျိုး ဖြစ်လေတော့ အဆုံးအဖြတ်ပြုဖို့ မလွယ်လှ ပါဘူး။

"ဥပဒေ" စည်းကမ်းဆိုတာက နိုင်ငံသားတွေ ယဉ်ကျေး စေဖို့အတွက် ပြဋ္ဌာန်းသတ်မှတ်ထားရတာ ဖြစ်ပြီး၊ "ကျင့်ဝတ်" ဆိုတာကတော့ နိုင်ငံသားတွေ စိတ်ဓာတ်အဆင့်အတန်း မြင့်မားစေဖို့ အတွက် ထိန်းကွပ်ပေးတဲ့အရာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရယ်လို့ တည်ထောင်ပြီဆိုတာနဲ့ အရှည်သဖြင့် တည်တံ့ခိုင်မြဲဖို့ အထိန်းအကွပ်အဖြစ် ဥပဒေစည်းကမ်းများကို နိုင်ငံသူနိုင်ငံသားများကိုယ်တိုင် အညီအညွတ်တိုင်ပင်ညှိနှိုင်းပြီး သတ်မှတ်ပြဋ္ဌာန်းကြရပါတယ်။ ကိုယ်တိုင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းကမ်းများဖြစ်တာကြောင့် နိုင်ငံသားတိုင်း ခြွင်းချက်မရှိ လိုက်နာကြရပါတယ်။ ကျင့်ဝတ်ဆိုတာကျတော့ ဥပဒေစည်းကမ်းလို ပြဋ္ဌာန်းသတ်မှတ်ပေးထားတာမျိုး မဟုတ်ပါဘူး။ လူတန်းစားအလွှာ အသီးသီးမှာ ကိုယ့်အလွှာနဲ့ ကိုယ့်လိုအပ်ချက်အရ သတ်မှတ်ထားကြတာ ဖြစ်ပါတယ်။ ဆရာဝန်တွေအတွက် ဆရာဝန်တွေကိုယ်တိုင် ညှိနှိုင်းတိုင်ပင်ပြီး သတ်မှတ်ထားကြသလို၊ ရှေ့နေတွေအတွက် ရှေ့နေတွေကိုယ်တိုင်က၊ ကျောင်းဆရာတွေအတွက် ကျောင်းဆရာတွေ ကိုယ်တိုင်က သတ်မှတ်ထားလေ့ ရှိကြပါတယ်။

အလားတူပဲ စာနယ်ဇင်းလောကမှာလည်း စာနယ်ဇင်းလောကရဲ့သိက္ခာကို ထိန်းသိမ်းဖို့အတွက် စာနယ်ဇင်းသမားတွေကိုယ်တိုင် သတ်မှတ်ထားတဲ့ "စာနယ်ဇင်းကျင့်ဝတ်" ဆိုတာတွေ ရှိပါတယ်။ ကျင့်ဝတ်ဆိုတာက ဥပဒေလို မလိုက်နာမနေရ အာဏာစက်နဲ့ သတ်မှတ်ထားတာမျိုး မဟုတ်ပါဘူး။ ကိုယ့်လုပ်ငန်း နယ်ပယ်မှာ ကိုယ့်အသိနဲ့ကိုယ် လိုက်နာ စောင့်ထိန်းကြရတာမျိုး ဖြစ်ပါတယ်။ နိုင်ငံရဲ့ တရားဥပဒေကို ချိုးဖောက်ရာ မရောက်သရွေ့ ကျင့်ဝတ်ကို စောင့်ထိန်းဖို့

www.burmeseclassic.com



ပျက်ကွက်ခြင်းကို တရားဥပဒေအရ အရေးယူခြင်း မပြုနိုင် ပါဘူး။ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်က သူ့နည်းသူ့ဟန်နဲ့ အရေးယူ တာမျိုးသာ လုပ်နိုင်ပါတယ်။ တချို့ကျတော့လည်း ဆိုင်ရာ လုပ်ငန်း နယ်ပယ်ကတောင် အရေးယူလို့ မရတဲ့ ကျင့်ဝတ်မျိုးတွေ ရှိပါတယ်။ အရေးယူလို့ မရပေမယ့်၊ အပြစ်လို့ မသတ်မှတ်ပေမယ့် စောင့်ထိန်း လိုက်နာရင် စောင့်ထိန်းလိုက်နာသလောက် 'တန်ဖိုး' တက်စေတာမျိုး ဖြစ်ပါတယ်။

ဥပမာအားဖြင့် ကျောင်းဆရာ တစ်ယောက် အရက် မသောက်ရဘူးလို့ ဥပဒေနဲ့တားမြစ်ပိတ်ပင်ထားတာ မရှိသလို၊ ကျောင်းဆရာတို့ရဲ့ကျင့်ဝတ်မှာလည်း ပိတ်ပင်ထားခြင်း မရှိပါဘူး။ ဒါပေမယ့် ဆရာကို မိဘနဲ့တစ်တန်းတည်းထားပြီး ရိုသေကိုင်းရှိုင်းတဲ့ မြန်မာ့ လူ့အဖွဲ့အစည်းမှာ အရက်မူးနေတတ်တဲ့ ဆရာမျိုးကို လူ့အဖွဲ့ အစည်းက နှာခေါင်းရှုံ့လေ့ရှိပါတယ်။ မသောက်မစားတဲ့ ဆရာမျိုး ဆိုရင် တပည့်ကျောင်းသားများသာမက မိဘလုပ်သူများကပါ ရိုသေ လေးစား တန်ဖိုးထားလေ့ ရှိပါတယ်။

စာနယ်ဇင်းသမား ဆိုတာမှာလည်း အလားတူ ကျင့်ဝတ် မျိုးတွေ ရှိပါတယ်။ စောင့်ထိန်းရင် စောင့်ထိန်းသလောက် တန်ဖိုးတက် ပါတယ်။ စာနယ်ဇင်းဆိုတာ နိုင်ငံတစ်ခုအတွက် စတုတ္ထမဏ္ဍိုင် လို့တောင် တန်ဖိုးသတ်မှတ်ထားခြင်း ခံရတာ ဖြစ်လေတော့ ထိုက်တန် အောင် ဆောင်ရွက်ဖို့ စာနယ်ဇင်း သမားတိုင်းမှာ တာဝန်ရှိပါတယ်။ စာနယ်ဇင်းသမားတွေ ကျင့်ဝတ်သီလမြဲရင် စာနယ်ဇင်းတွေ တန်ဖိုး ရှိပါတယ်။ တန်ဖိုးရှိတဲ့စာနယ်ဇင်းတွေ များများရှိတဲ့ တိုင်းပြည်ဟာ ကျက်သရေရှိတဲ့တိုင်းပြည် ဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ စာနယ်ဇင်းတွေ ဖြစ်ဖို့ စာနယ်ဇင်းသမားတွေ ကျင့်သုံးအပ်တဲ့ ကျင့်ဝတ်တွေ မြန်မာ နိုင်ငံမှာလည်း သတ်မှတ်ထားတာ ရှိပါတယ်။ နိုင်ငံတိုင်းမှာလည်း ရှိပါ

www.burmeseclassic.com


တယ်။ လိုအပ်ချက်အရ ပြင်ဆင်ဖြည့်စွက်တာ၊ အသစ်ပြန်ပြီး သတ်မှတ်တာတွေလည်း လုပ်လေ့ရှိကြပါတယ်။

"အမေရိကန်နိုင်ငံ သတင်းစာဆရာများ အသင်းကြီး" ရဲ့ ကျင့်ဝတ်များဆိုရင် အခြေအနေရဲ့ လိုအပ်ချက်အရ ၁၉၉၆-ခု၊ စက်တင်ဘာလ (၂၁) ရက် နေ့က ပြန်လည်ချမှတ် ထုတ်ပြန်ခဲ့ ပါတယ်။ အဲဒီ "အမေရိကန် စာနယ်ဇင်းကျင့်ဝတ်" ကို လေ့လာ နိုင်အောင် တင်ပြ လိုက်ပါတယ်။

## နိဒါန်း

"သတင်းစာဆရာများ အသင်းကြီး" တွင် ပါဝင်ကြသော သတင်းစာဆရာများက ပြည်သူလူထုကို အသိဉာဏ် ပွင့်လင်းအောင် ဆောင်ရွက်ခြင်းသည် တရားမျှတခြင်း၏ ရှေ့ပြေးနှင့် ဒီမိုကရေစီ၏ အခြေခံ အုတ်မြစ်ဖြစ်သည်ဟု ယုံကြည်ကြသည်။

သတင်းစာဆရာများ၏ တာဝန်သည် အထက်ပါ ယုံကြည်ချက်များကို ရှေ့ဆက်၍ သယ်ပိုးဆောင်ရွက်ရန်အတွက် အမှန်တရားကိုရှာဖွေ၍ အဖြစ်အပျက်များ၊ ပြဿနာများကို တရားမျှတစွာဖြင့် ပြည့်ပြည့်စုံစုံရှာဖွေတင်ပြရန်ဖြစ်သည်။ ဆက်သွယ်ရေး လုပ်ငန်း နယ်ပယ်အသီးသီးမှ သိက္ခာရှိသော စာနယ် ဇင်းသမားမှန်သမျှသည် ပြည်သူလူထုအား လေးလေးနက်နက်ဖြင့် ရိုးသားဖြောင့်မတ်စွာ အကျိုးပြုနိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။ မိမိလုပ်ငန်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဟူသည် ယုံကြည်ကိုးစားထိုက်သော စာနယ်ဇင်းသမားတိုင်း၏ မှတ်တိုင်ဖြစ်သည်။

"သတင်းစာဆရာများ အသင်းကြီး" ၏ အသင်းဝင်များ သည် စာနယ်ဇင်းသမားတို့၏ ကျင့်ဝတ်သိက္ခာကို တန်ဖိုးထား လေးစားကြသည့်အလျောက် အသင်းကြီး၏မူဝါဒများနှင့် စာနယ်ဇင်း လုပ်ငန်း၏ "စံ" များဖြစ်သော "ဤကျင့်ဝတ်" ကို အတည်ပြု၍

www.burmeseclassic.com


ထုတ်ပြန် ကြေညာလိုက်သည်။

## အမှန်တရားကို ရှာဖွေတင်ပြပါ

သတင်းစာဆရာများသည် သတင်းစုဆောင်းရာ၊ သတင်းပေးပို့ရာနှင့် သတင်းကို အဓိပ္ပာယ်ကောက်ယူရာ၌ ရိုးသားဖြောင့်မတ်ခြင်း၊ တရားမျှတခြင်းနှင့် သတ္တိရှိခြင်းတို့နှင့် ပြည့်စုံရမည်။

စာနယ်ဇင်းသမားတို့သည် . . .

၁။ မည်သည့်ရပ်ကွက်မှ သတင်းကိုမဆို မှန်ကန်တိကျမှု ရှိ မရှိ စစ်ဆေးရမည်။ မမှားသင့်သော အမှားအယွင်းများ မရှိစေရန် အထူးဂရုစိုက် ဆောင်ရွက်ရမည်။ သတင်းကို တမင်တကာ ပုံပျက်ပန်းပျက် ဖြစ်အောင် လုပ်ဆောင်ခြင်းမျိုး လုံးဝမပြုလုပ်ရ။

၂။ သတင်းနှင့် သက်ဆိုင်သော ကာယကံရှင်များကို တွေ့ဆုံနိုင်အောင် ကြိုးစားလျက် သတင်းနှင့်ပတ်သက်၍ ၎င်းတို့အား ဖြေရှင်းပိုင်ခွင့် ပေးရမည်။

၃။ သတင်းပေးသည့် ပုဂ္ဂိုလ် သို့မဟုတ် ဌာနကို ဖြစ်နိုင်လျှင် ဖော်ပြပါ။ ခိုင်လုံသော သတင်း ရပ်ကွက်မှရသော သတင်းဟုတ်၊ မဟုတ် ပြည်သူလူထုတွင် သိရှိပိုင်ခွင့်ရှိသည်။

၄။ သတင်းပေးသည့်သူ၏ အမည်နာမကို ထုတ်ဖော်ရေးသားခြင်းမပြုဖို့ ကတိမပေးမီ အဆိုပါ သတင်းပေးသူ၏ ရည်ရွယ်ချက်ကို သိအောင်လုပ်ပါ။ ကတိပေးပြီးလျှင် ကတိကို အတိအကျ လိုက်နာစောင့်ထိန်းပါ။

၅။ သတင်းများ၊ ပုံများ၊ သတင်းခေါင်းစဉ်များ ယုန်ထင်ကြောင်ထင် ဖြစ်အောင် မလုပ်ပါနှင့်။ သတင်းထဲတွင် မပါသော အကြောင်းအရာများကို ခေါင်းစဉ်တပ်ခြင်း၊

www.burmeseclassic.com


ကောက်စာအဖြစ် သုံးခြင်းများ မပြုလုပ်ရ။

၆။ သတင်းဓာတ်ပုံတွင် ပါသောအရာများကို ပုံပျက်အောင် တမင်လုပ်ဆောင် ဖော်ပြခြင်း မပြုရ။ ပုံရှင်းအောင် အကြီးချဲ့ ပြခြင်းများကိုကား ပြုလုပ်နိုင်သည်။

၇။ ပုံဟောင်း သတင်းဟောင်းများကို တလွဲထင်အောင် ပြန်လည် ဖော်ပြခြင်းမျိုး၊ သတင်းကို တမင်ဖန်တီးယူခြင်းမျိုး လုံးဝ မပြုလုပ်ရ။

၈။ ပြည်သူလူထုအတွက် အလွန်တရာ အရေးကြီးသော သတင်းမျိုးကို ပုံမှန်အစဉ်အလာ သတင်းရယူနည်းများဖြင့် ရယူရန် မည်သို့မျှ မဖြစ်နိုင်သည့်အခါမှလွဲ၍ လျှို့ဝှက်သော နည်း၊ တခြားမလျော်ကန်သော နည်းလမ်းများဖြင့် သတင်း ရယူခြင်းကို ရှောင်ကြဉ်ရမည်။

၉။ သူတစ်ပါး၏ သတင်းကို ပုံတူကူးချခြင်းမျိုး မပြုရ။

၁၀။ လူသားတို့၏ အတွေ့အကြုံ၊ အဖြစ်အပျက်များကို ရှုထောင့် ပေါင်းစုံမှ မတူညီသော ထင်မြင်ယူဆချက်များကို အများ ကြိုက်နှင့် ဆန့်ကျင်နေစေကာမူ ရေးသားဖော်ပြရဲရမည်။

၁၁။ တခြားလူမျိုးများ၏ ယဉ်ကျေးမှုတန်ဖိုးများကို အလေး အနက်ပြု လေ့လာ၍ မိမိ၏ယဉ်ကျေးမှု တန်ဖိုးများကို အခြားလူမျိုးများအပေါ် ဇွတ်အတင်း သွတ်သွင်းခြင်း မပြုရ။

၁၂။ လူမျိုးရေးအားဖြင့်သော်လည်းကောင်း၊ အရပ်ဒေသ အားဖြင့်သော် လည်းကောင်း၊ ဘာသာအယူအဆအားဖြင့် သော်လည်းကောင်း လူတစ်ဦးတစ်ယောက်၏ ကိုယ်အင်္ဂါ ချို့ယွင်းမှုမျိုးကိုသော် လည်းကောင်း ပုံတူကူးယူ၍ သရော် လှောင်ပြောင်ခြင်းမျိုး မပြုလုပ်ရ။

၁၃။ မိမိ၏အယူအဆနှင့် ကွဲပြားဆန့်ကျင်သော အယူအဆ

www.burmeseclassic.com



BURMESE CLASSIC .com

များပင် ဖြစ်စေကာမူ လွတ်လပ်စွာ တင်ပြပြောဆိုခြင်းကို အားပေးရမည်။

၁၄။ အသံမထွက်သော လူအများစု၏အသံအဖြစ် ဆောင်ရွက်ပါ။

၁၅။ လှုံ့ဆော်ခြင်းနှင့် သတင်းပေးခြင်းကို ခွဲခြားသိမြင်ပါ။

၁၆။ သုံးသပ် ဝေဖန်ချက်များကို အမည်နာမဖြင့် ဖော်ပြရမည်။ မူရင်း ပြောဆိုချက်တွင် မပါဝင်သော အချက်အလက်များ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

၁၇။ ကြော်ငြာနှင့် သတင်းကို ခွဲခြားတတ်ပါစေ။ သတင်းယောင်ဆောင်သော ကြော်ငြာများ ရေးသားခြင်းမပြုပါနှင့်။

၁၈။ ပြည်သူလူထုတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်ဟူသော တာဝန်မှအပ စာနယ်ဇင်းသမားသည် မည်သူ့ အကျိုးစီးပွားကိုမျှ ကာကွယ်စောင့်ရှောက်ရန် တာဝန်ခံခြင်း မရှိစေရ။

၁၉။ ကျင့်ဝတ်သီလနှင့် ပြည့်စုံသော စာနယ်ဇင်းသမားဟူသည် သတင်းနှင့်ပတ်သက်နေသော မည်သူ တစ်စုံတစ်ယောက်ကို မဆို လူသားတစ်ဦးအနေဖြင့် လေးစားစွာ ဆက်ဆံရမည်။

၂၀။ မိမိ၏သတင်းကြောင့် ထိခိုက်နစ်နာရမည့် ပုဂ္ဂိုလ်များအပေါ်တွင် ကရုဏာစိတ်ဖြင့် သတင်းကို ရေးသားရမည်။ ပို၍ထိခိုက်နစ်နာစေရန် ဟူသောသဘောဖြင့် ရေးသားခြင်းမျိုးကို ရှောင်ရှားရမည်။

၂၁။ စိတ်သောက ရောက်နေသော၊ ဒုက္ခဆင်းရဲ ကြုံတွေ့နေရသော သူများကို သတင်းရ ယူရန်အတွက် တွေ့ဆုံမေးမြန်းခြင်း ပြုသောအခါများတွင် မိမိ၏လိုဘ တစ်ခုတည်းကိုသာ မကြည့်ဘဲ စာနာစိတ်အပြည့်ထား၍ဆက်ဆံမေးမြန်းရမည်။

၂၂။ မိမိ၏သတင်းထောက် ကတ်ပြားသည် မောက်မာ ထောင်

www.burmeseclassic.com


လွှားခွင့်လိုင်စင် မဟုတ်ဟူသော အချက်ကို အမြဲသတိပြုပါ။

၂၃။ ကြော်ငြာရှင်များနှင့် အခြားငွေကြေး ထောက်ပံ့သူများအတွက် ဘက်လိုက် ဆောင်ရွက်ပေးခြင်းမျိုးကို ရှောင်ရှားရမည်။

၂၄။ မိမိ၏အမှားကို ပွင့်ပွင့်လင်းလင်း ဝန်ခံ၍ ချက်ချင်း ပြင်ဆင်ချက် ထည့်သွင်းပေးရမည်။

၂၅။ မိမိကိုယ်တိုင် စာနယ်ဇင်း ကျင့်ဝတ်များကို မြဲမြံစွာ ထိန်းသိမ်း လိုက်နာသကဲ့သို့ အခြားဘဝတူ စာနယ်ဇင်းသမားများ လိုက်နာ စောင့်ထိန်းမှု ရှိစေရန်လည်း အမြဲတစေ စောင့်ကြပ်ကြည့်ရှု သတိပေးနေရမည်။

ဖော်ပြခဲ့တဲ့ အချက်(၂၅)ချက်ဟာ အမေရိကန် သတင်းစာဆရာများအသင်းကြီးက အတည်ပြုထုတ်ပြန် ကြေညာထားတဲ့ "စာနယ်ဇင်းကျင့်ဝတ်" စာတမ်းကြီးထဲက အနှစ်ချုပ် ဖော်ပြထား တာပါ။ အဲဒီ စာနယ်ဇင်းကျင့်ဝတ်တွေကို လိုက်နာ စောင့်ထိန်းခြင်း ပြုနိုင် မပြုနိုင်ဆိုတဲ့အပေါ်မှာ အကဲဖြတ်ပြီး စာနယ်ဇင်းကောင်း ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ပါတယ်။ စာနယ်ဇင်းသမားကောင်း ဟုတ် မဟုတ် ဆိုတာလည်း ပြောနိုင်ပါတယ်။

ဒီလိုစာနယ်ဇင်းကျင့်ဝတ်တွေဟာ နိုင်ငံတိုင်းမှာ ရှိကြပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ရှိပါတယ်။ ဒီကျင့်ဝတ်တွေကို ကျွန်တော်တို့ ဘယ်လောက်ထိ လိုက်နာ စောင့်ထိန်းနိုင်သလဲ ဆိုတဲ့ အချက်က ကျွန်တော်တို့ရဲ့တန်ဖိုးကို သတ်မှတ်ပေးသွားတာ ဖြစ်ပါတယ်။

# သတင်းစာနဲ့ ဥပဒေ

"သတင်းစာ ထုတ်ဝေခြင်းသည် မမှန်သတင်းများကို တားဆီးရန် ဖြစ်သည်။"

သမိုင်းမှာ မှတ်တမ်းတင်ရတဲ့ စကားကို ပြောခဲ့သူကတော့ အမေရိကန်နိုင်ငံရဲ့ ပထမဆုံးသတင်းစာကို စတင်တည်ထောင် ထုတ်ဝေသူလို့ ဆိုရမယ့် "ဘင်ဟဲရစ်" ဖြစ်ပါတယ်။

ဘင်ဟဲရစ်ဟာ အမေရိကန်ရဲ့ ပထမဆုံး သတင်းစာ ဆရာကြီးဖြစ်သလို၊ သတင်းရေးသားဖော်ပြမှုကြောင့် ပထမဆုံး ထောင်ချခံရတဲ့ သတင်းစာဆရာလည်း ဖြစ်ပါတယ်။ သူဟာ အင်္ဂလန် နိုင်ငံသားပါ။ နောက်မှအမေရိကကို ရောက်ရှိလာတာပါ။ သူ လန်ဒန် မှာ နေတုန်းက ပုံနှိပ်သူနဲ့ စာအုပ်ရောင်းသူအဖြစ် အသက်မွေး ဝမ်းကျောင်း ပြုပါတယ်။ နောက်တော့မှ သတင်းစာထုတ်သူ ဖြစ်လာ တာပါ။ သတင်းစာ မထုတ်ခင်က "နတ်မိစ္ဆာများနှင့်စစ်ပွဲ" ဆိုတဲ့ စာအုပ်တစ်အုပ် ထုတ်ခဲ့ပါတယ်။

သူထုတ်တဲ့ သတင်းစာက နာမည်ရှည်သလောက် သက်တမ်း ကျတော့ တိုတောင်းပါတယ်။ သူ့သတင်းစာရဲ့နာမည်က "ပြည်တွင်း သတင်း သို့မဟုတ် မြို့နှင့်နယ်မှသတင်းများ" လို့ ဖြစ်တယ်။

သူ့သတင်းစာ စထွက်ကတည်းက ဘုရင်မင်းမြတ်ရဲ့ တရားသူကြီးချုပ်က မျက်စိစပါးမွေး စူးနေပါတယ်။ တရားသူကြီးချုပ် ဆာဝီလျံစခရော့ဟာ အင်မတန်ဆိုးတယ်လို့ နာမည်ကျော်သူဖြစ်ပါတယ်။ ဟင်နရီကား ဆိုသူတစ်ယောက်က ဘုရင်မင်းမြတ်ရဲ့ အစိုးရနဲ့ ပတ်သက်ပြီး စာတစ်ပုဒ် ရေးထုတ်ခဲ့တာကို ရုံးတင်တရားစွဲတော့ တရားသူကြီးချုပ်က . . .

"မည်သူမှ အစိုးရနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ရေးရန်အခွင့်အရေး မရှိဘူး။ စာအုပ်ရောင်းသူတွေနဲ့ ပုံနှိပ်သူတွေ အားလုံးကို ထောင်ထဲ စုထည့်ထားသင့်တယ်" လို့ ပြောခဲ့ပါတယ်။

ဘင်ဟဲရစ် ရုံးတင်စစ်ဆေးခံရတာက တကယ်တော့ သူ့သတင်းစာကြောင့် မဟုတ်ပါဘူး။ "ဘုရင်မင်းမြတ်၏ ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့် ပစ္စည်းဥစ္စာနှင့် ပရိုတက်စတင့်သာသနာကို ထိန်းသိမ်းစောင့်ရှောက်ရန် နယ်မှမြို့သို့ အသနားခံလွှာ" ဆိုတဲ့ လက်ကမ်းစာစောင်တစ်ခု ရိုက်ထုတ်ခဲ့မှုကြောင့် ဖြစ်ပါတယ်။ ဒီစာစောင်မှာ ဘုရင့်ရန်သူတော်တွေအပေါ် ပြင်းပြင်းထန်ထန် အရေးယူမှု မပြုခဲ့ တာနဲ့ ပတ်သက်ပြီး ဘုရင်မင်းမြတ်ကို ပြစ်တင်ဝေဖန်ထားတဲ့ သဘောဖြစ်ပါတယ်။

အဲဒီ လက်ကမ်းစာစောင်ကြောင့် ရုံးတင် စစ်ဆေးတဲ့အခါမှာ ဘင်ဟဲရစ်က အဲဒီစာရေးတဲ့သူ အမည်ကို ထုတ်ဖော်ပြောကြားဖို့ ငြင်းဆန်ခဲ့ပါတယ်။ လက်ကမ်းစာစောင်ထဲမှာရော၊ သူ့သတင်းစာထဲမှာပါ မှန်တာတွေကိုသာ အမြဲတမ်းရေးသား ထုတ်ဝေခဲ့တာ ဖြစ်တယ်လို့ သူက ပြောခဲ့ပါတယ်။ ရေးတဲ့သူရဲ့နာမည်ကို ထုတ်ဖော်ပြောဖို့ သူက ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့တဲ့အတွက် ရုံးတော်က သူ့ကို ဒဏ်ငွေ ပေါင်ငါးရာ ထပ်ရိုက်ပါတယ်။ ပေါင်ငါးရာဆိုတာ အဲဒီအခါက နည်းနည်းနောနော ငွေ မဟုတ်ပါဘူး။ ဒဏ်ငွေအပြင် မြို့လယ်ခေါင်မှာ

www.burmeseclassic.com


တစ်နာရီတိတိ ထိပ်တုံးခတ်ခံရမယ်လို့လည်း အမိန့်ချလိုက်ပါတယ်။ ထိတ်တုံး ဆိုတာက လူကို မတ်တတ်ရပ်လျက် နေစေပြီး၊ ခေါင်းနဲ့လက်နှစ်ဖက်ကို ပျဉ်ပြားနှစ်ချပ်ကြား ဖောက်ထားတဲ့ အပေါက်ထဲညှပ်၊ သော့ခတ် ပိတ်ထားတာ ဖြစ်ပါတယ်။ သာမန် ရာဇဝတ်ကောင်တွေကို ပြစ်ဒဏ်ပေးနည်း ဖြစ်ပါတယ်။ မြို့လယ်ခေါင်မှာ အဲဒီလိုလုပ်ထားတော့ လူတွေက ဝိုင်းအုံကြည့်ရင်း တချို့က တံတွေးနဲ့ထွေး၊ တချို့က ခဲတုတ်တွေနဲ့ပစ်ပေါက်၊ တချို့က ဆဲရေးတိုင်းထွာ လုပ်ကြတာပါ။

ဒါပေမယ့် ဘင်ဟဲရစ်ကို ထိတ်တုံးထဲထည့်လိုက်တော့ လူတွေဝိုင်းအုံတော့ လာကြပါရဲ့။ အဲဒီဝိုင်းအုံနေတဲ့လူတွေက ဟဲရစ်ကို ရန်ပြုဖို့ မဟုတ်ဘဲ၊ သူ့ကိုကာကွယ် စောင့်ရှောက်ဖို့ ရောက်လာကြတဲ့ လူတွေဖြစ်နေပါတော့တယ်။ အဲဒီနေ့က ၁၆၈၀ ခု၊ ဖေဖော်ဝါရီလ ထဲကနေ့တစ်နေ့ ဖြစ်ပါတယ်။

နောက်နှစ်အနည်းငယ်ကြာသွားတော့ အဲဒီနေရာ၊ အဲဒီထိတ်တုံးကြီးထဲမှာ ရော်ဘင်ဆင်ကရူးဆိုးကို မွေးထုတ်ခဲ့တဲ့ စာရေးဆရာ၊ သတင်းစာဆရာကြီး ဒင်နီယယ်ဒီဖိုး ထိတ်တုံးခတ် ပြစ်ဒဏ်ပေးခံခဲ့ရပါသေးတယ်။

"တခြားသော လက်နက်များဖြင့် ဒီဖိုးကို ပစ်ပေါက်ကြပြီး၊ တခြားသော အသံများဖြင့် ဒီဖိုးကို အော်ဟစ်နေကြသည်။ အော်ဟစ်သံများမှာ ဒီဖိုး ကျန်းမာပါစေဟူသော ဆုတောင်းများဖြစ်ပြီး၊ လက်နက်များမှာ ပန်းပွင့်များသာ ဖြစ်ကြလေသည်"

အဲဒီသတင်းခေတ် သတင်းစာတစ်စောင်က ဒီဖိုး ထိတ်တုံးခတ်ခံရပုံ သတင်းကို ရေးသားဖော်ပြထားပုံ ဖြစ်ပါတယ်။

ဒီဖိုးကိုယ်တိုင်ကလည်း . . .

"လူတွေက ကျုပ်ကို နှိပ်စက်ကလူပြုဖို့ သူတို့ မျှော်လင့်ထားကြတယ်။ ဒါပေမယ့် သူတို့ထင်သလို ဖြစ်မလာခဲ့ဘူး။ ဆန့်ကျင်ဘက်

တွေပဲ ဖြစ်လာတယ်။ လူတွေက ကျုပ်ကိုပြစ်ဒဏ် ပေးတဲ့သူတွေကို ကျိန်ဆဲကြတယ်။ ကျုပ်ကို ချီးကျူးထောမနာ ပြုကြတယ်။ ကျုပ်ကို မေတ္တာထားကြတယ်” လို့ ပြောပြခဲ့ပါတယ်။

ဘင်ဟဲရစ်အဖို့ ထိပ်တုံးခတ်ခံရပြီးတဲ့နောက် ဒဏ်ငွေပေးဖို့ ကိစ္စကြီး ရှိနေပါသေးတယ်။ ပေါင် ၅၀၀ ဆိုတာ နည်းတဲ့ငွေ မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ကိုရောက်ပြီး သူ ကြီးပွားချမ်းသာနေတဲ့ အချိန်မှာတောင် သူ့မှာရှိသမျှ ၁၆ ပေါင်သာ ဖြစ်ပါတယ်။ အဲဒီတော့ ပေါင် ၅၀၀ ဆိုတာ သူ ဘယ်တတ်နိုင်ပါ့မလဲ။ တရားသူကြီးချုပ် စခရော့လည်း ဒါကိုသိပါတယ်။ တမင်တကာ မပေးနိုင်တဲ့ ဒဏ်ငွေကို ချလိုက်တာ ဖြစ်ပါတယ်။ သူက ဘင်ဟဲရစ်ကို ထောင်ထဲ ပို့ချင်နေတာကိုး။

သူ ပို့ချင်နေတဲ့အတိုင်း ဘင်ဟဲရစ် ထောင်ထဲ ရောက်သွားပါတယ်။ သူ့ဇနီးနဲ့ သူ့သား ဗက်ဗာဆူး အပြင် သူ့မိတ်ဆွေတွေက သူ့ဆီကို မှန်မှန်သွားတွေ့ပါတယ်။ သူတို့အကူအညီနဲ့ ဘင်ဟဲရစ်ဟာ သူ့သတင်းစာကို မှန်မှန် ဆက်ထုတ်နိုင်အောင် လုပ်ပါတယ်။ သူကိုယ်တိုင် ထောင်ထဲကနေ စာတွေရေးပေးပါတယ်။ နောက်တော့ ပါလီမန်လွှတ်တော်ကို သူ အယူခံလွှာ တင်သွင်းပါတယ်။ ပါလီမန်က သူ့အယူခံလွှာကို ကြားနာပြီး သူ့ကို လွှတ်မိန့်ချလိုက်ပါတယ်။ သူ ထောင်ထဲမှာ ၉ လ နေခဲ့ရပါတယ်။ သူ လွတ်လာတော့ လူမုန်းများလှတဲ့ တရားသူကြီးချုပ် စခရော့လည်း ရာထူးမှာ မရှိတော့ပါဘူး။ ဖယ်ရှားခံလိုက်ရပါပြီ။ ထောင်က လွတ်လွတ်ချင်း “မတရားသော တရားသူကြီးအပေါ် တရားမျှတမှု၏အောင်ပွဲ” ဆိုတဲ့ စာတစ်ပုဒ် သူ ရေးထုတ်ခဲ့ပါတယ်။ အပြင်ရောက်တာနဲ့ သူဟာ သတင်းစာအပြင် ကလေးဖတ်စာအုပ်တစ်အုပ်နဲ့ “အင်္ဂလိပ် လွတ်လပ်ခွင့်များ” ဆိုတဲ့ နိုင်ငံရေးစာအုပ် တစ်အုပ် ထုတ်ခဲ့ပါသေးတယ်။

www.burmeseclassic.com


တရားသူကြီးချုပ် စခရေ့လည်း မရှိတော့ဘူး ဆိုတော့ သူက သူ့အတွက် အန္တရာယ် မရှိတော့ဘူးလို့ ယူဆထားခဲ့တယ်။ ဒါပေမယ့် နိုင်ငံရေးနဲ့ ပတ်သက်တဲ့ စာအုပ်တွေ ရေးသူ ထုတ်သူတွေ အဖို့တော့ ဘယ်တော့မှ စိတ်ချရတဲ့ အခြေအနေဆိုတာ မရှိနိုင်ပါဘူး။ အဲဒီ အချိန် အခါက ရှင်ဘုရင်တွေ တက်လာလိုက်၊ ဖြုတ်ချလိုက် ဖြစ်နေတဲ့ အချိန် အခါမျိုး ဖြစ်ပါတယ်။ တစ်ခါတလေ သတင်းစာတွေထဲမှာ ရေးသား လိုက်တဲ့စာတွေကြောင့် ဘုရင်တွေ ပြုတ်သွားတာမျိုးလည်း ရှိတတ်ပါ တယ်။

၁၆၈၆ ခုဆိုတဲ့ အချိန်က ဂျိမ်းဘုရင် မင်းမြတ်ရဲ့ ရာဇပလ္လင် ဟာ လှုပ်လီလှုပ်လဲ့ ဖြစ်နေတဲ့ အချိန်ပါ။ နောက်နှစ်နှစ် အကြာမှာ သူ ပြုတ်သွားပါတယ်။ ဒါပေမယ့် ၁၆၈၆ ခုနှစ်မှာ ဂျိမ်းဘုရင်ဟာ သူ့ရဲ့ အဓိကရန်သူဖြစ်တဲ့ ဗွန်းမောက် နယ်စားကြီးအပေါ် အနိုင်ရခဲ့ တာကြောင့် ရာဇမာန်တဝင့်ဝင့် ဖြစ်နေပါတယ်။ အဲဒီလို ဘုရင်က ရာဇမာန် တဝင့်ဝင့် ဖြစ်နေတော့ အပါးတော်က မင်းမြှောင်တွေက ဘင်ဟဲရစ်ကို မျက်စိစပါးမွေးစူးလာကြပြန်ပါတယ်။

တစ်နေ့ ဘင်ဟဲရစ် အိမ်မှာရှိနေတုန်းမှာ သူ့စာအုပ်ဆိုင်က လူယုံတော် တစ်ယောက် ပြေးလာပြီး ဘုရင့်အရာရှိတွေက စာအုပ်ဆိုင် ထဲရှိသမျှ စာအုပ်တွေအားလုံး သိမ်းဆည်းသွားတဲ့ သတင်းဆိုးကြီးကို ပြောပါတယ်။ "အင်္ဂလိပ်လွတ်လပ်ခွင့်များ" စာအုပ် (၅၀၀၀) နဲ့ ကလေး ဖတ်စာအုပ် "ပရိုတက်စတင့်ကျူတာ" (၅၀၀) ကျော် ပါသွားပါတယ်။ ဘင်ဟဲရစ်အနေနဲ့ ပြေးနိုင်မှ လွတ်တော့မယ့်ကိန်း ဆိုက်နေပြန်ပါပြီ။

သူ့အတွက် ကံကောင်းချင်တော့ သိမ်းမြစ်အတွင်းမှာ အမေရိကန်ကိုသွားမယ့် သင်္ဘောတစ်စင်း အဲဒီအချိန်က ထွက်မယ့် ဆဲဆဲ ရှိနေပါတယ်။ သူ့အနေနဲ့ လန်ဒန်ထောင်ထဲ တစ်ခေါက်ပြန်သွား မလား။ အမေရိကန်ကို ထွက်ပြေးမလား။ သူ့မိသားစုက သူ့ကို

မည်းမှောင် မွန်းကျပ်နေတဲ့ အကျဉ်းထောင်ထဲကို ပြန်မသွားစေချင်ပါဘူး။ အဲဒါကြောင့် ဘင်ဟဲရစ်ဟာ သူ့သား ဗက်ဗာဆူးကို ခေါ်ပြီး သင်္ဘောပေါ် တက်လိုက် ခဲ့ပါတယ်။ ဇနီးကိုတော့ နောက်ပိုင်းကိစ္စတွေ ရှင်းလင်း သိမ်းဆည်းဖို့ ထားရစ်ခဲ့ပါတယ်။

အဲဒီလိုနဲ့ ဘင်ဟဲရစ် ဘော်စတွန်ကို ရောက်လာခဲ့ပါတယ်။ ဘော်စတွန်မှာ ဘင်ဟဲရစ်ဟာ စာအုပ်ဆိုင်နဲ့ ကော်ဖီဆိုင် ဖွင့်ပါတယ်။ နောက်တော့ ဂျွန်တာလေးဆိုသူရေးတဲ့ "နှစ်ချုပ်ပြက္ခဒိန်တော်" ကို ရိုက်နှိပ် ထုတ်ဝေပါတယ်။ ဒီစာအုပ်ဟာ အမေရိကန်နိုင်ငံမှာ ဘင်ဟဲရစ်ရဲ့ နာမည်ကို လူသိများသွားစေတဲ့ စာအုပ်ပါ။ ၁၆၈၇ ခုနှစ်မှာ ပထမအကြိမ်ထုတ်ဝေခဲ့ပြီး နောက် ၁၆၈၈-၁၆၈၉ ခုနှစ် တွေမှာ ဆက်တိုက် ရိုက်နှိပ် ထုတ်ဝေရပြန်ပါတယ်။ အဲဒီနောက် အင်္ဂလန်မှာ တုန်းက ထုတ်ဝေခဲ့တဲ့ "ပရိုတက်စတင့်ကျူတာ" စာအုပ်၊ "နယူးအင်္ဂလန် မူလတန်းဖတ်စာ" ဆိုတဲ့စာအုပ် သူကိုယ်တိုင် ပါဝင် ရေးသားပြီး ထုတ်ဝေလိုက်ပြန်တယ်။ အဲဒီစာအုပ်ဟာလည်း အထူး အောင်မြင်တယ်။ အကြိမ်ကြိမ်အခါခါ ပြန်လည်ရိုက်နှိပ်ရတယ်။ ဘင်ဟဲရစ် ကွယ်လွန်ပြီးနောက် နှစ်ပေါင်းများစွာ ကြာတဲ့အထိ ရိုက်နှိပ် နေရတုန်းဖြစ်ပါတယ်။

အမေရိကတိုက်ကြီးပေါ်မှာရှိတဲ့ အင်္ဂလိပ် ကိုလိုနီဒေသတွေမှာ ၁၆၃၈ ခုနှစ်လောက်ကစပြီး ပုံနှိပ်စက် ရောက်ခဲ့ပေမယ့် သတင်းစာတော့ တစ်စောင်မှ မရိုက်ခဲ့ပါဘူး။ သမ္မာကျမ်းစာလို စာအုပ်မျိုး ရိုက်နှိပ်ထုတ်ဝေခဲ့တာသာ ရှိခဲ့ပါတယ်။ ၁၆၉၀ ခုနှစ် ရောက်တော့ ပုံနှိပ်စက် ၃-ခု ရှိလာပါတယ်။ ကိန်းဘရစ်မှာ တစ်ခု၊ ဘော်စတွန်မှာ နှစ်ခု ဖြစ်ပါတယ်။ သတင်းစာတော့ မရှိသေးပါဘူး။

အဲဒီအချိန်က ကိုလိုနီဒေသရဲ့ ဘုရင်ခံ ဆာဝီလျံ ဘာကလေ ပြောခဲ့တဲ့စကားကို ကြည့်လိုက်ရင် ဘာကြောင့် သတင်းစာတွေ

www.burmeseclassic.com



BURMESE CLASSIC .com

ပေါ်ထွက် မလာရသေးသလဲ ဆိုတာ သိနိုင်ပါတယ်။ ဘုရင်ခံ ဆာဝီလျံက . . .

***“လွတ်လပ်တဲ့ ကျောင်းတွေနဲ့ ပုံနှိပ်စက်တွေ မရှိခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်မိတယ်။ နောက်လဲ နှစ်တွေရာနဲ့ချီပြီး မရှိပါစေနဲ့လို့ မျှော်လင့်ပါတယ်။ ပညာတတ်ခြင်းက အမိန့်မနာခံခြင်းကို ဖြစ်ပေါ်စေတယ်။ ကောလာဟလတွေ ပျံ့နှံ့ခြင်းနဲ့ ဂိုဏ်းဂဏ ပေါ်ထွက်ခြင်းကို ဖြစ်စေတယ်။ ပုံနှိပ်စက်တွေက ဒါကို ဖြန့်ပေးတယ်။ အစိုးရကိုလဲ အကြည်ညိုပျက်တယ်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဒီနှစ်ခု ရန်က ကင်းဝေးအောင် လုပ်ပေးထားတယ်”*** လို့ ပြောခဲ့ပါတယ်။ ၁၆၇၁ ခုနှစ်မှာ ပြောခဲ့တာပါ။ ၁၇၃၆ ခုနှစ်အထိ ကိုလိုနီဒေသတွေမှာ သတင်းစာ ဆိုတာ မရှိခဲ့ပါဘူး။

၁၆၈၈ ခုနှစ်မှာ ဂျိမ်းဘုရင် ထီးနန်း လက်လွတ်ဖြစ်သွားခဲ့ရပါတယ်။ အဲဒီနောက် ၁၆၉၀ ခုနှစ်မှာ နယူးအင်္ဂလန်သားတွေက ဘုရင်ခံကို ရာထူးမှ ဖြုတ်ချလိုက်ပြီး အင်္ဂလန်ကို ပြန်ပို့လိုက်ကြပါတယ်။

အဲဒီအချိန်မှာ ဘင်ဟဲရစ်ဟာ “လူထု အဖြစ်အပျက်များ” ဆိုတဲ့ သတင်းစာကို စတင်ထုတ်ဝေပါတယ်။ တစ်လ တစ်ကြိမ်ထုတ်ပါ။

“ကိုယ်ပြောချင်တာကို ရိုးသားဖြောင့်မတ်စွာ ရေးသားဖော်ပြဖို့အတွက် အတားအဆီးတွေ မရှိတော့ဘူး။ ကိုလိုနီဒေသရဲ့ ပထမဆုံး သတင်းစာကို ကျွန်ုပ် ထုတ်ဝေမယ်။ သတင်းကို ရတဲ့အတိုင်း ရေးသားမယ်။ ဒါတွင်မက ကျွန်ုပ်ရဲ့ထင်မြင်ချက်ကိုလဲ ရေးမယ်” လို့ ကြွေးကြော်ပြီး သူ့သတင်းစာကို ၁၆၉၀ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်၊ ကြာသပတေးနေ့မှာ စတင် ထုတ်ဝေလိုက်ပါတယ်။ စက်တင်ဘာ ၂၉ ရက် တနင်္လာနေ့ကျတော့ ဘုရင်ခံရဲ့အမိန့်နဲ့ သတင်းစာတွေ အားလုံး လိုက်သိမ်းပြီး မီးရှို့ဖျက်ဆီးခံလိုက်ရပါတယ်။ နောင်ကို အစိုးရထံက ပုံနှိပ်ထုတ်ဝေခွင့် လိုင်စင် ရယူခြင်းမပြုဘဲ ဘာစာအုပ်စာတမ်းမှ

ပုံနှိပ် ထုတ်ဝေခြင်း မပြုရလို့လည်း ပိတ်ပင်တားဆီးလိုက်ပါတယ်။

ဘင်ဟဲရစ်ရဲ့ သတင်းစာ ဘယ်နှစ်စောင် ပုံနှိပ်ခဲ့ပြီး၊ လူတွေ လက်ထဲ ဘယ်လောက် ရောက်သွားတယ်၊ ဘယ်နှစ်စောင် မီးရှို့ခံခဲ့ရတယ်ဆိုတာကို ဘယ်သူမှ မသိကြပါဘူး။ တစ်စောင်ပဲ ပုံနှိပ်လိုက်ရတဲ့ သူ့သတင်းစာကိုလည်း ဘယ်မှာမှ ရှာမတွေ့ကြတော့လို့ ဘာတွေရေးထားလို့ အပိတ်ခံရတယ်ဆိုတာ မသိနိုင်ကြပါဘူး။ နောင်နှစ်ပေါင်း ၁၅၀ နီးပါးအကြာ ၁၈၄၅ ခုနှစ် ကျမှ ရှားရှားပါးပါး တစ်စောင်ကို လန်ဒန်မြို့ အစိုးရမော်ကွန်းတိုက်မှာ သွားတွေ့ရပါတယ်။ အဲဒီ တစ်စောင်ကို တွေ့ရမှ ဘာကြောင့် ဘုရင်ခံနှင့်တကွ သူ့အရာရှိကြီးတွေ က ဒေါသတကြီးနဲ့ လုပ်လိုက်ကြသလဲ ဆိုတာကို သိရပါတော့တယ်။

သူ့သတင်းစာမှာ ဟဲရစ်က . . .

***"ပြည်တွင်းနှင့် ပြည်ပမှ လူထု အရေးအရာ ကိစ္စမှန်သမျှကို ပုံနှိပ် ဖော်ပြသွားမည်။ သတင်းကို အာဏာပိုင်များထံမှ မရယူဘဲ သတင်းပေးပို့သူ မည်သူ့ထံမှမဆို ရယူမည်။ မသမာသော ရည်ရွယ်ချက်ဖြင့် ဖန်တီးလိုက်သော မမှန်သတင်းများကို တိုက်ဖျက်ရန်အတွက် သတင်းမှန်များကိုသာ ပုံနှိပ်ဖော်ပြသွားမည်။ လူလိမ်လူညာများကို ဖော်ထုတ်ရန်မှာ သူ့သတင်းစာ၏ တာဝန်ဖြစ်သည်ဟု သဘောထားသည်။ ဤကောင်းမြတ်သော လုပ်ရပ်ကို လူလိမ်လူညာများ ကိုယ်တိုင်မှအပ မည်သူမျှ ဆန့်ကျင်လိမ့်မည်မဟုတ်ဟု ယူဆသည်"***လို့ရေးသားထားတာကို တွေ့ရပါတယ်။ ပြည်တွင်း ပြည်ပသတင်းနဲ့ ဝေဖန်ချက်တွေမှာလည်း ဘုရင်ခံနဲ့ သူ့ကောင်စီတွေရဲ့ လုပ်ရပ်တွေကို ဝေဖန်ထားတာတွေ ပါပါတယ်။ အဲဒီတော့မှ သူ့သတင်းစာ တစ်စောင်တည်းနဲ့ ဘာကြောင့် အပိတ်ခံလိုက်ရတယ် ဆိုတာကို နားလည်ကြရပါတယ်။

သတင်းစာ အပိတ်သိမ်း ခံလိုက်ရပေမယ့် ဘင်ဟဲရစ်ကို ဒီတစ်ခါ ဘယ်လိုမှ အရေးမယူခဲ့ပါဘူး။ အဲဒါကြောင့် သူဟာ ပုံနှိပ်

www.burmeseclassic.com



ထုတ်ဝေရေး လုပ်ငန်းတွေကို ဆက်လုပ်နေပါတယ်။ အောင်လဲ အောင်မြင် နေပါတယ်။ ဒါပေမယ့် ၁၆၉၅ ခုနှစ်ကျတော့ ဘင်ဟဲရစ်ဟာ လန်ဒန်ကိုလွှမ်းပြီး အပြီးပြန်သွားပါတော့တယ်။

သူ အင်္ဂလန် ပြန်ရောက်တော့ ရာဇပလ္လင်ပေါ်မှာ ဝီလျံဘုရင်နဲ့ ဘုရင်မမေရီတို့ ရောက်နေပါပြီ။ ၁၆၉၅ ခုနှစ်၊ မေလထဲမှာ ဆင်ဆာဥပဒေကို ရုပ်သိမ်းလိုက်ပါတယ်။ အဲဒါကြောင့် ဘင်ဟဲရစ်က ‘လန်ဒန်ပို့စ်’ ဆိုတဲ့ အမည်နဲ့ တစ်ပတ်နှစ်ကြိမ်ထုတ် သတင်းစာ တစ်စောင်ကို ထုတ်ဝေလိုက်ပါတယ်။ တခြားသတင်းစာတွေလည်း မိုးတွင်းမှာ ပေါ်ထွက်လာတဲ့ မှိုတွေလို ပေါများလာကြပြန်ပါတော့တယ်။

# စာနယ်ဇင်းတွေကို ဘယ်လိုထိန်းသိမ်းကြသလဲ

သတင်းစာဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ "ပြည်ကြီးမဏ္ဍိုင်" ဖြစ်ပါတယ်။ နိုင်ငံကို မတိမ်းမစောင်းရအောင် တည့်မတ်ပေးတဲ့ တာဝန်ကို ထမ်းရွက်နေကြခြင်းဖြစ်လို့ ဒီလိုသတ်မှတ် ခေါ်ဝေါ်တာ ဖြစ်ပါတယ်။

တိုင်းပြည် တစ်ပြည်မှာ အဓိကမဏ္ဍိုင်ကြီး လေးတိုင် ရှိတယ်လို့ ဆိုရိုးရှိပါတယ်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေး ဆိုတဲ့ မဏ္ဍိုင်ကြီး သုံးရပ်နဲ့ စာနယ်ဇင်းဆိုတဲ့ မဏ္ဍိုင်ကြီး ဖြစ်ပါတယ်။ စာနယ်ဇင်းကို စတုတ္ထမဏ္ဍိုင်လို့လည်း ခေါ်ကြပါတယ်။ ဒီမဏ္ဍိုင်ကြီးလေးခုဟာ တစ်ခုနဲ့တစ်ခု သီးခြားလွတ်လပ်စွာ တည်ရှိနေကြပြီး၊ သတ်မှတ်ထားတဲ့ တာဝန်ကို အသီးသီး အသကအသက ထမ်းဆောင်ကြရပါတယ်။

အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးခုကတော့ နိုင်ငံအုပ်ချုပ်ရေး ယန္တရားအတွင်းက အဖွဲ့အစည်းတွေဖြစ်တဲ့အတွက် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ပေးထားတဲ့ စည်းကမ်း သတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ကြပါတယ်။ ဒီသုံးရပ်ကတော့ နိုင်ငံရဲ့လစာကို ရယူကြတဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ ဖြစ်ပါတယ်။

စာနယ်ဇင်း ဆိုတာကျတော့ နိုင်ငံအုပ်ချုပ်ရေး ယန္တရားထဲက အဖွဲ့အစည်း မဟုတ်ပါဘူး။ နိုင်ငံရဲ့လစာရိက္ခာကို စားရခြင်းလဲ မရှိပါဘူး၊ လွတ်လပ်တဲ့ ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုသာလျှင် ဖြစ်ပါတယ်။

www.burmeseclassic.com


အဲဒါကြောင့် စည်းကမ်းဥပဒေနဲ့ ထိန်းချုပ်ထားခြင်း မရှိပါဘူး။ လုပ်ငန်းသဘာဝ အလျောက် ကိုယ်တိုင် စောင့်ထိန်းလိုက်နာရတဲ့ ကျင့်ဝတ်များသာလျှင် ရှိပါတယ်။

စာနယ်ဇင်းသမား ဆိုတာ လူသားတွေ ဖြစ်ပါတယ်။ လူ့သဘာဝအရ ကောင်းတဲ့လူ ရှိသလို ဆိုးတဲ့လူလည်း ရှိစမြဲဖြစ်ပါတယ်။ စာနယ်ဇင်း လွတ်လပ်ခွင့်ကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာသူတွေ၊ ကျင့်ဝတ်သီလ မစင်ကြယ်သူတွေ ရှိတတ်ကြပါတယ်။ ဒီလိုလူတွေ ကြောင့် ပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နိုင်ငံရဲ့အကျိုးစီးပွား ထိခိုက် နစ်နာမှုတွေ ရှိတတ်ပါတယ်။

စာနယ်ဇင်းလုပ်ငန်းဆိုတာ အစကနဦးက ပြည်သူ့ဝန်ဆောင် လုပ်ငန်းတစ်ခုအဖြစ် ပေါ်ထွန်းလာတာဖြစ်ပေမယ့် နောက်ပိုင်းကျတော့ စီးပွားရေးလုပ်ငန်း တစ်ခုအဖြစ် လုပ်ဆောင်လာကြပါတယ်။ အဲဒီအခါမှာ "အမြတ်ရရေး" ဆိုတဲ့ ဦးတည်ချက်က လွှမ်းမိုးလာတတ်ပါတယ်။

"ကြောင်ဖြူတာ မည်းတာက အဓိကမဟုတ်၊ ကြွက်မိဖို့သာ လိုရင်းဖြစ်တယ်" ဆိုတဲ့ စိတ်ဓာတ်တွေ လွှမ်းမိုးလာတဲ့ အခါကျတော့ "လူကြိုက်များဖို့၊ ပိုက်ဆံရဖို့" အတွက် လုပ်ဆောင်တဲ့ "သည်းခြေခိုက် စာနယ်ဇင်း" တွေ၊ တစ်နည်းအားဖြင့် "အဝါရောင်စာနယ်ဇင်း" တွေ ပေါ်ထွန်းလာပါတော့တယ်။

အဲဒီလို အဝါရောင်တွေ ထွန်းကားလာတဲ့အခါ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့အတွက် သိက္ခာရှိ စာနယ်ဇင်းတိုင်းဟာ၊ ကိုယ့်စာနယ်ဇင်းကို ထိန်းသိမ်းဖို့အတွက် တိုက်တွင်း စည်းကမ်းထိန်းသိမ်းရေး နည်းလမ်းတွေ ရှာကြံလုပ်ဆောင်ကြရပါတယ်။

ပထမဆုံး လုပ်ဆောင်တာကတော့ တိုက်တွင်းက အယ်ဒီတာ

www.burmeseclassic.com

BURMESE CLASSIC .com

အဖွဲ့ဝင်တစ်ယောက်ကို အယ်ဒီတာထံပေးစာတွေ၊ တိုင်တန်းစာတွေကို စောင့်ဖတ်စေပြီး၊ လိုအပ်သလို အရေးယူ ဆောင်ရွက်စေတာ ဖြစ်ပါတယ်။ နောင်ကျတော့ အဲဒီတာဝန်ကို သီးသန့် တာဝန်တစ်ခု အဖြစ် သတ်မှတ်ပြီး တိုက်တွင်းက အမှားအယွင်းတွေကို အယ်ဒီတာချုပ်ထံ တင်ပြ ဆောင်ရွက်စေပါတယ်။ စာဖတ်ပရိသတ် နစ်နာခဲ့တာတွေ ရှိရင်လည်း ကျေနပ်လောက်အောင် ဖြေရှင်းပေးရပါတယ်။ အဲဒီ တာဝန်ထမ်းဆောင်တဲ့သူကို စာနယ်ဇင်း ဝေါဟာရအနေနဲ့ "တိုက်စောင့်" Watchdog လို့ခေါ်ပါတယ်။ ပြင်ပလောကသားများ အတွက် တရားဝင် အမည်ကတော့ Ombudsman လို့ ခေါ်ပါတယ်။

ဂျပန်နိုင်ငံက "ယိုမိယူရိ" နေ့စဉ်သတင်းစာကြီးမှာ ဆိုရင် ပြည်သူလူထုရဲ့ နစ်နာမှုတွေကို အမြဲတစေ သိရှိနေစေဖို့အတွက် "ဖတ်သူ့လမ်းကြောင်း" လို့ခေါ်တဲ့ ဌာနတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။ အဲဒီဌာနမှာ တယ်လီဖုန်း (၇) လုံးနဲ့ အချိန်ပြည့်ဝန်ထမ်းတွေ ထားရှိပြီး၊ နေ့စဉ် မနက် (၁၀) နာရီက ည (၉) နာရီအထိ၊ စာဖတ်ပရိသတ်ရဲ့ တိုင်တန်းမှုတွေကို နားထောင် မှတ်သားပေးပါတယ်။ သိချင်မေးချင်တာတွေကိုလဲ ဖြေကြားပေးပါတယ်။

စာဖတ်ပရိသတ်ရဲ့ အသံတွေထဲမှာ သတင်းစာထဲက စာလုံးပေါင်းမှားတာ၊ စာကျတာ၊ သဒ္ဒါမှားတာ၊ အချက်အလက် မှားတာ စတဲ့အချက်တွေ ထောက်ပြတာကအစ၊ ကမ္ဘာ့အရေးအခင်း စုံစမ်းတာ၊ ကိုယ်ရေးစေချင်တဲ့ အကြောင်းအရာတွေ အကြံပေးတာအထိ အမျိုးစုံ ပါဝင်ပါတယ်။ စာဖတ်ပရိသတ်ဆီက ဆက်သွယ်မှုဟာ တစ်နေ့ကို အကြိမ် (၈၀) နှုန်းလောက်နဲ့ တစ်နှစ်ကို နှစ်သောင်းခွဲလောက် ဝင်ရောက်တယ်လို့ သိရပါတယ်။ အဲဒီလို ဝင်ရောက်လာသမျှ အားလုံးကို "ဖတ်သူ့လမ်းကြောင်း" ဌာနက တိုက်စောင့်(Ombudsman) ဆီ ပို့ပေးရပါတယ်။ သူက စိစစ်လေ့လာ သုံးသပ်ပြီးတော့မှ တိုက်တွင်း

www.burmeseclassic.com


စာအဖြစ် ဖြန့်ဝေသင့်တာကို တိုက်တွင်းဌာန အသီးသီးကို ဖြန့်ဝေပေးပါတယ်။ သူ့မှတ်ချက်နဲ့ ဖြန့်ဝေပေးတာပါ။ ပရိသတ်ဆီကို တိုက်ရိုက်ပြန်ကြားသင့်တဲ့ကိစ္စကို တိုက်ရိုက်ပြန်ကြားပြီး၊ လူအများနဲ့သက်ဆိုင်လို့အားလုံး သိသင့်သိထိုက်တဲ့ ကိစ္စမျိုးဆိုရင်တော့ သတင်းစာထဲကနေပြန်လည် ဖြေရှင်းတင်ပြပေးပါတယ်။

တစ်ခါတလေမှာတော့ ပြည်တွင်းပြည်ပကိစ္စ တစ်ရပ်နဲ့ပတ်သက်ပြီး၊ ကိုယ့်သတင်းစာရဲ့ ရပ်တည်ချက်ကို ပရိသတ် သိအောင်တင်ပြပါတယ်။ ဘာကြောင့် ဒီလိုရပ်တည်ချက် ထားရှိရသလဲဆိုတာကိုလည်း ရှင်းလင်းပြောကြားရပါတယ်။

စာနယ်ဇင်းတွေ အချင်းချင်း လုပ်ငန်းသဘော ယှဉ်ပြိုင်ကြရာကနေပြီး တစ်ဦးကိုတစ်ဦး ထိပါးပုတ်ခတ်တာမျိုးတွေ၊ ကျင့်ဝတ်ချိုးဖောက်တာမျိုးတွေ ဖြစ်မလာအောင် ထိန်းသိမ်းပေးဖို့အတွက်စာနယ်ဇင်း တိုက်အားလုံးက သဘောတူနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကိုတစ်နိုင်ငံလုံးအတွက် Ombudsman အဖြစ် ရွေးချယ် တင်မြှောက်ထားလေ့ရှိပါတယ်။ ဒီပုဂ္ဂိုလ်ကို ခပ်လွယ်လွယ် “စာနယ်ဇင်းမော်နီတာ” လို့ပဲ ခေါ်ချင်ပါ တယ်။ ဒီစာနယ်ဇင်း မော်နီတာရဲ့ ဝေဖန်သုံးသပ်ချက်၊ သတိပေးချက်ကို စာနယ်ဇင်းအားလုံးက လေးစား လိုက်နာကြရပါတယ်။ သတိပေးချက်ကို လိုက်နာဖို့ ပျက်ကွက်တဲ့ စာနယ်ဇင်းရဲ့စာနယ်ဇင်းသမားတွေကို အဲဒီမော်နီတာက ပြစ်ဒဏ်ပေးပိုင်ခွင့်ရှိပါတယ်။

အများအားဖြင့်တော့ စာနယ်ဇင်းမော်နီတာကို စာနယ်ဇင်းတွေကပဲ ရွေးချယ်တင်မြှောက်ပါတယ်။ ဆွီဒင်နိုင်ငံမှာတော့ ရှေ့နေအသင်းဥက္ကဋ္ဌ၊ စာနယ်ဇင်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ စတဲ့ဩဇာတိက္ကမ ရှိတဲ့ပုဂ္ဂိုလ်တွေ ပါဝင်တဲ့ ကော်မတီက ရွေးချယ်ခန့်ထားပေးပါတယ်။ လုပ်ပိုင်ခွင့် အာဏာလည်း အတော်များများ ပေးထားပါ

www.burmeseclassic.com


တယ်။ စာနယ်ဇင်းတွေကို ဒဏ်ရိုက်ခွင့်အထိ ပေးထားတာကြောင့်၊ တချို့က သရော်ပြီး "ဆင်ဆာမင်းကြီး" လို့တောင် ခေါ်ကြပါတယ်။

ကမ္ဘာကြီးဟာ သတင်းကွန်ယက်တွေ ဖြန့်ကျက်ထားမှု အောက်မှာ အချင်းချင်း ယှက်နွယ်ပေါင်းစပ်ထားတဲ့ ရွာကြီးတစ်ရွာ အဆင့်ကို ရောက်ရှိ လာတဲ့အခါကျတော့ နိုင်ငံတစ်နိုင်ငံချင်း သီးခြား ကင်းလွတ်စွာ ဆောင်ရွက်လို့ မရနိုင်တော့ပါဘူး။ သက်ဆိုင်ရာ နယ်ပယ် အသီးသီးမှာ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ လုပ်ကိုင် ဆောင်ရွက်ရ တာတွေ ရှိလာခဲ့ပါတယ်။ အဲဒါကြောင့် နိုင်ငံတကာ စာနယ်ဇင်းတွေက နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း တည်ဆောက်ပြီး ညှိနှိုင်း ဆွေးနွေး ဆောင်ရွက်ကြပါတယ်။

အဲဒီအဖွဲ့အစည်းကြီးကို 'Organization of news Ombudsman (ONO)' လို့ ခေါ်ပါတယ်။ အဖွဲ့ဝင် စာနယ်ဇင်းတွေ ဟာ အချိန်မှန်တွေ့ဆုံ ဆွေးနွေးတင်ပြပြီး၊ စာနယ်ဇင်း ပြဿနာတွေကို ဝေဖန် သုံးသပ်လေ့ရှိပါတယ်။

၁၉၈၂ ခုနှစ် မေလ ၁၀ ရက်နေ့က ၁၃ ရက် နေ့အထိ အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် လူးဝစ်ဗီးလ်မြို့မှာ ကျင်းပတဲ့ နိုင်ငံတကာ ညီလာခံကြီးက ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေထဲမှာ . . .

"စာနယ်ဇင်းကျင့်ဝတ် ထိန်းသိမ်းရေးသမားများသည် လွတ်လပ်သော ပြည်သူ ဖြစ်ရမည်။ အမှန်တကယ် စစ်မှန်သော လွတ်လပ်သူ ဖြစ်ရမည်။ သတင်းစာတိုက်၏ အကြီးအကဲ တစ်ဦးတည်း ကိုသာ တာဝန်ခံဆောင်ရွက်ရမည်" လို့ ဖော်ပြထားပါတယ်။

အိုနိုရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ကနေဒါနိုင်ငံ "မွန်ထရီ ယယ်ဂေဇက်" သတင်းစာကြီးရဲ့ ကျင့်ဝတ် ထိန်းသိမ်းရေးမှူး ကလယ်ရာ ဘဲလ်ဖိုးက . . . "စာနယ်ဇင်းကျင့်ဝတ် ထိန်းသိမ်းရေးသမားသည် မိမိ၏

www.burmeseclassic.com


သတင်းစာမှ သတင်းပေးပုံနှင့် ဝေဖန်ထောက်ပြပုံများ မှန်ကန် တိကျပြီး မျှတမှုရှိ မရှိ အမြဲတမ်းစောင့်ကြည့် စစ်ဆေးနေရမည်။ စာဖတ်ပရိသတ်၏ မှန်ကန်သော တိုင်တန်းမှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရမည်။ ပြည်သူလူထု အကျိုးစီးပွားအတွက် ပိုမိုထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် နည်းလမ်းများကို တင်ပြအကြံပေးရမည်။ ထို့ပြင် "အတွေး" နှင့် "အလုပ်" ဟူသော နယ်နိမိတ်၌ ကင်းစောင့်သူအဖြစ် နေရသော စာနယ်ဇင်းသမားတို့၏ လုပ်ငန်းတိုးတက်အောင် ကူညီ ဖြေရှင်းပေးရမည်" လို့ ရေးသားခဲ့ပါတယ်။

အိုနို (ONO) ညီလာခံက ဆုံးဖြတ်ခဲ့တဲ့ လမ်းညွှန်ချက်တွေထဲမှာ -

(၁) သတင်းစာ၏ တရားမျှတမှု၊ တိကျမှု၊ တာဝန်ယူမှု တိုးတက်စေရန်၊

(၂) သတင်းစာအပေါ် ယုံကြည်ကိုးစားမှု မြှင့်တင်ရန်၊

(၃) ပြည်သူလူထုအတွင်းရှိ စိုးရိမ်ကြောင့်ကြမှုများ၊ ပြဿနာများကို အမြဲတစေ စောင့်ကြပ်ကြည့်ရှုနေရန်ဖြစ်သည်လို့ ဖော်ပြထားပါတယ်။

ဆွီဒင်နိုင်ငံ သတင်းစာကြီး တစ်စောင်ရဲ့ စည်းကမ်းကျင့်ဝတ်ထိန်းသိမ်းရေးသမား Bengt Erlandsson ရေးသားခဲ့တဲ့ သူ့လုပ်ငန်းအကြောင်း ဖော်ပြချက်ကလေးဟာ Press Ombudsman တွေရဲ့ အလုပ်သဘောကို စောကြောမိစေပါလိမ့်မယ်။

စာဖတ်သူတွေက တယ်လီဖုန်းနဲ့ စာနဲ့ရေးပြီး တိုင်တန်းလေ့ရှိကြပါတယ်။ ကျွန်ုပ်ရဲ့အလုပ်က သူတို့ အသံတွေကို နားထောင်ပြီး ပြန်ကြား ဖြေရှင်းပေးတာ၊ သတင်းစာ ပင်တိုင်ကော်လံတစ်ခုယူပြီး ဖြေကြားရှင်းလင်းတာ လုပ်ရပါတယ်။ ကျွန်ုပ်ရဲ့ကော်လံဟာ စာဖတ်သူ

www.burmeseclassic.com


တွေရဲ့အမြင်၊ ဒါမှမဟုတ် ကျွန်ုပ်ရဲ့အမြင်မျှသာ ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။ ကျွန်ုပ်ရဲ့အယ်ဒီတာက ကျွန်ုပ်ရဲ့ အလုပ်မှာ ဘာမှဝင်ရောက်စွက်ဖက်ခြင်း မပြုဘူးလို့ ရှင်းရှင်း လင်းလင်း ပြောထားပါတယ်။ ဆို့ဒင်မှာ ပြည်သူလူထုက နိုင်ငံရေး သမားတွေကို မနှစ်မြို့တာမျိုးတွေ ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ဆွေးနွေးလေ့ ရှိပါတယ်။ တကယ်လို့ ပြည်သူလူထုက သတင်းစာတွေ အပေါ် မနှစ်မြို့တော့ဘူးဆိုတာမျိုး ဖြစ်လာတာနဲ့ ဘယ်လိုလုပ်မလဲ။ စာဖတ်သူများရဲ့ကိုယ်စား ပြောဆိုဆောင်ရွက်ပေးတဲ့ Ombudsman ထားရှိခြင်းဟာ ဒီအချက်ကို ကာကွယ်စေနိုင်ပြီး သတင်းစာတွေ သိက္ခာ တက်စေတယ်လို့ ကျွန်ုပ် သဘောရပါတယ်။ စာဖတ်သူတွေရဲ့ ထင်မြင်ချက်၊ ဝေဖန်ချက်၊ အမှားထောက်ပြချက်တွေကို ကျွန်ုပ်ရဲ့ ကော်လံကနေ ဖော်ပြရေးသားပေးခြင်းအားဖြင့် ကျွန်ုပ်တို့ သတင်းစာ တိုက်က သတင်းထောက်တွေ၊ အယ်ဒီတာတွေ အလုပ်အပေါ်မှာ ပိုပြီး အလေးအနက် ထားလာစေပါတယ်”

ဒီရေးသားချက်လေးဟာ Press Ombudsman တစ်ယောက်ရဲ့ လုပ်ငန်းတာဝန်ကို ဖော်ပြနိုင်ရုံမက သူ့တာဝန် ဘယ်လောက် ကြီးလေးတယ် ဆိုတာကိုလဲ ပြသနေပါတယ်။

စာဖတ်ပရိသတ်ရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် ဖို့နဲ့ တာဝန်မဲ့ စာနယ်ဇင်းသမားတချို့ရဲ့ မသမာတဲ့ ကိုယ်ကျိုးရှာမှုများ က ပြည်သူလူထုကို ကာကွယ်ဖို့ဆိုတဲ့ အချက်တွေဟာ စာနယ်ဇင်း သမားတိုင်း ဦးထိပ်ထားရမယ့် တာဝန်ဖြစ်ပါတယ်။ ဒီတာဝန်ကို ထမ်းဆောင်နိုင်တဲ့ စာနယ်ဇင်းသမားကို စာနယ်ဇင်းသမားကောင်းလို့ သတ်မှတ်ပါတယ်။

စာနယ်ဇင်းသမားကောင်းတွေ ပေါ်ထွက်လာဖို့ အဓိက အရေးပါတဲ့ ကဏ္ဍမှာရှိနေသူက စာဖတ်ပရိသတ် ဖြစ်ပါတယ်။ စာဖတ်

www.burmeseclassic.com


ပရိသတ်က ဆိတ်ဆိတ်မနေဘဲ အမြဲတမ်း နိုးကြားတက်ကြွစွာနဲ့ စာနယ်ဇင်းတွေကို စောင့်ကြည့်ဝေဖန် သုံးသပ်မှုပြုဖို့ လိုပါတယ်။

Press Pmbudsman (ခေါ်) Watchdog (ခေါ်) စည်းကမ်းကျင့်ဝတ် ထိန်းသိမ်းရေးမှူး (စာနယ်ဇင်းမော်နီတာ) က စာဖတ်ပရိသတ်နဲ့ သတင်းစာအကြား ပေါင်းကူးဆက်သွယ်မှုပေးသူ ဖြစ်ပါတယ်။ အဲဒါကြောင့် စာနယ်ဇင်းတွေမှာ Watchdog တစ်ယောက် ရှိခြင်းဟာ စာနယ်ဇင်းကို မတိမ်းမစောင်း တည့်တည့် မတ်မတ် ရှိနေစေဖို့ အကောင်းဆုံး အာမခံချက် ဖြစ်ကြောင်း ရေးသား လိုက်ရပါတယ်။ ။

# စာနယ်ဇင်းသမားအတွက် မေးခွန်းသုံးခု

သတင်းသမားရဲ့ တာဝန်ဟာ ပြည်သူလူထုကို သတင်းပေးဖို့ ဖြစ်တယ် ဆိုတာ လူတိုင်း နားလည်ပြီးသား ဖြစ်ပါတယ်။ သတင်းကို လိုက်လံ ထောက်လှမ်းပြီး ရေးသားတင်ပြသူဖြစ်လို့ "သတင်းထောက်" လို့ ခေါ်ကြတာပါ။

သတင်းထောက်မှာ တာဝန်သုံးရပ် ရှိတယ်လို့ အမေရိကန် သတင်းစာဆရာ Duane Bradley က ပြောခဲ့ပါတယ်။ အဲဒီတာဝန် သုံးရပ်က (၁) ပြည့်စုံဖို့ (၂) မမှားဖို့ နဲ့ (၃) ရှုထောင့်စုံပါဖို့ ဖြစ်တယ်လို့ ဆိုပါတယ်။

ကိစ္စတစ်ခု ဖြစ်ပွားပေါ်ပေါက်ခဲ့တယ် ဆိုတာနဲ့ အဲဒီကိစ္စဟာ ဘာဖြစ်တယ်၊ ဘယ်မှာဖြစ်တယ်၊ ဘယ်သူတွေ ပါဝင်ပတ်သက်တယ်၊ ဘယ်အချိန်ကဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်၊ ဘာကြောင့်ဖြစ်တယ် ဆိုတဲ့ "ဘခြောက်လုံး" နဲ့ ညီညွတ်အောင် ဖော်ပြနိုင်ဖို့ ဖြစ်ပါတယ်။ သတင်းသမားဟာ စာဖတ်ပရိသတ် သိချင်တာမှန်သမျှ၊ သိခွင့်ရှိတာ မှန်သမျှကို ထောက်လှမ်းစုံစမ်းပြီး မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ပြည့်ပြည့်စုံစုံ ရေးသား တင်ပြပေးဖို့ တာဝန်ရှိပါတယ်။ စာဖတ် ပရိသတ်ကို ဦးနှောက် ခြောက်အောင် မလုပ်ရပါဘူး။ ဘယ်မှာ ဖြစ်တာလဲ၊ ဘယ်တုန်းက ဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ စသည်ဖြင့် တွေးမနေစေရပါဘူး။ ဖတ်ပြီးတာနဲ့ "ကွင်းခနဲ ကွက်ခနဲ" ပေါ်လာ အောင် "ဒိုးခနဲ ဒေါက်ခနဲ" ရေးသား ဖော်ပြရပါမယ်။ အဲဒီလို

www.burmeseclassic.com


ဘခြောက်လုံးနဲ့ မညီညွတ်ရင် သတင်းမဖြစ်ပါဘူး။ Hearsay လို့ ခေါ်တဲ့ "ပြောသံကြားစကား" မျိုးသာ ဖြစ်ပါလိမ့်မယ်။ ပြောသံကြား စကားက လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ရဲ့နာမည်ကို ညစ်နွမ်းသွား စေနိုင်တဲ့ ကိစ္စမျိုး ဖြစ်နေရင်တော့ "အတင်း" ဖြစ်သွားပါလိမ့်မယ်။

သတင်းသမားဟာ ကိုယ်တိုင်မြင်တာ၊ ကိုယ်တိုင်တွေ့တာ၊ ကိုယ်တိုင် စုံစမ်းမေးမြန်းပြီး သိရတာကိုသာ ရေးရပါတယ်။ တစ်ဆင့် ကြားသိရတာကို မရေးရပါဘူး။ တစ်ဆင့်ကြားကို ကိုယ်တိုင် တွေ့ဆုံ မေးမြန်းပြီး ကိုယ်တိုင်မြင်၊ ကိုယ်တိုင်တွေ့ဖြစ်အောင် လုပ်ယူရ ပါတယ်။ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်တွေ့ ဖြစ်တာတောင်မှ "နားတစ်ဖက်ပေါက်" မဖြစ်စေရပါဘူး။ ဘယ်ကိစ္စမဆို အနည်းဆုံး ဘက်နှစ်ဘက်၊ အပြော နှစ်မျိုး၊ အမြင်နှစ်မျိုး ရှိပါတယ်။ နှစ်ဖက် ထက်များတဲ့ ကိစ္စမျိုးတွေလည်း ရှိပါတယ်။ လမ်းပေါ်မှာ ကားတိုက မှုဖြစ်ပွားတဲ့ ကိစ္စမျိုးမှာတောင် အမြင် သုံးမျိုး၊ အပြော သုံးမျိုး ရှိပါတယ်။ တိုက်ကြတဲ့ ကာယကံရှင် နှစ်ဦးရဲ့ အပြောနှစ်မျိုး အပြင် ဘေးကလှမ်းမြင်လိုက်ရတဲ့ ဘေးလူရဲ့ အမြင်ဆိုတာ ရှိပါသေး တယ်။ "ဘေးအမြင်" မှာတောင် အဝေးမြင်နဲ့ အနီးမြင်ရယ်လို့ ကွဲပြား တတ်ပါသေးတယ်။

ပြည့်စုံတဲ့ သတင်းဆိုတာက ဘက်ပေါင်းစုံက အမြင်မျိုးစုံကို အချိုးညီအောင် မေးမြန်းစုံစမ်း ရေးသားတာမျိုးကို ခေါ်တာဖြစ် ပါတယ်။ ထောင့်စုံပြီး ပြည့်စုံနေမှ သတင်းဟာ မမှားနိုင်တော့ပါဘူး။ မေးသင့် မေးထိုက်တာတွေ၊ စုံစမ်းသင့် စုံစမ်းထိုက်တာတွေကို ပြည့်စုံ အောင် မလုပ်ခဲ့ရင် မှားနိုင်ပါတယ်။ မှားတတ်ပါတယ်။ သတင်းသမား ဟာ အမှားကင်းနိုင်သမျှကင်းအောင်လုပ်ဖို့ အင်မတန်မှကို အရေး ကြီးပါတယ်။

စာဖတ်ပရိသတ်က အမှန်ကိုသိချင်လို့ သတင်းစာဖတ်

www.burmeseclassic.com


တာပါ။ မမှန်လို့ထင်ရတဲ့ အချက်အလက်တွေကိုတော့ ပြောသံကြား စကားတွေက တစ်ဆင့် စာဖတ်ပရိသတ်လည်း သိနိုင်ပါတယ်။ သိကြပါတယ်။ 'အတင်းအဖျင်း' တွေကို 'သတင်း' ဖြစ်အောင် လုပ်ယူပြီး အချက်အလက်မှန်၊ အဖြစ်အပျက်မှန်တွေ တင်ပြတာဟာ သတင်းစာတို့ရဲ့ တာဝန်ဖြစ်ပါတယ်။

စာဖတ်ပရိသတ်ရဲ့ ယုံကြည်ကိုးစားမှုကို ခံယူရရှိတဲ့ သတင်းစာမျိုးကို သတင်းစာကောင်းလို့ သတ်မှတ်ပါတယ်။ ယုံကြည်ကိုးစားမှုကို 'အမှန်တရား' နဲ့သာ ယူလို့ရပါတယ်။

**ဆေးသမားမှားတာ၊ ရှေ့နေ မှားတာက လူတစ်ဦးစ နှစ်ဦးစ ကိုသာ ထိခိုက်ပါတယ်။ သတင်းစာ မှားခဲ့ရင်တော့ လူမျိုးတစ်မျိုးလုံး၊ နိုင်ငံ တစ်နိုင်ငံလုံးကို ထိခိုက်စေနိုင်ပါတယ်။ အဲဒါကြောင့် "မမှားအောင် လုပ်ဖို့" ဆိုတဲ့အချက်ကို သတင်းစာသမားတို့ရဲ့ တာဝန်ကြီး သုံးရပ်ထဲမှာ ထည့်သွင်းထားတာ ဖြစ်ပါတယ်။**

သတင်းထောက်တို့ အယ်ဒီတာတို့ဆိုတာ လူသားတွေပဲ ဖြစ်လို့ မှားတတ်ကြပါတယ်။ မှားနိုင်ပါတယ်။ ဒါပေမယ့် လူသားတို့ရဲ့ ကိစ္စများ၊ လူသားတစ်ဦးချင်းရဲ့ ကိုယ်ရေးကိုယ်တာများမှာ အမှားအယွင်းဖြစ်ခဲ့၊ လုပ်ခဲ့တာမျိုးက ခွင့်လွှတ်နိုင်စရာ ဖြစ်ပေမယ့် "သတင်းစာ" ရဲ့ မှားယွင်းမှုမျိုးကိုတော့ "အမှားပါရင် ခွင့်လွှတ်ပါ" ဆိုတာမျိုးနဲ့ ခုခံကာကွယ်လို့ မရနိုင်ပါဘူး။

သတင်းစာရဲ့အမှားက လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို ထိခိုက် နစ်နာစေခဲ့ရင် အသရေဖျက်မှု "ပုဒ်မ ၅၀၀" နဲ့ ရင်ဆိုင် ရပါမယ်။ လူပုဂ္ဂိုလ်က အရွယ်မရောက်သေးတဲ့ ကလေးသူငယ်ဖြစ်ခဲ့ရင် "ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဥပဒေ" ရှိပါတယ်။ ပုဂ္ဂလိက မဟုတ်ဘဲ နိုင်ငံတော်နဲ့ ပတ်သက်ခဲ့ရင်လည်း "လုံခြုံရေးဆိုင်ရာ ဥပဒေပုဒ်မတွေ၊ တရား ရုံးတော်နဲ့ ပတ်သက်ရင် ရုံးတော်ကို

www.burmeseclassic.com

BURMESE CLASSIC .com

မထိမဲ့မြင်ပြုမှု၊ ဥပဒေပုဒ်မတွေ” အသီးသီး အသကအသက ရှိကြပါတယ်။ အဲဒါကြောင့် “မမှားဖို့” ထိပ်တန်း အရေးကြီးကိစ္စအဖြစ် သဘောထား လုပ်ဆောင်ကြဖို့ လိုပါတယ်။

မမှားဖို့၊ အမှန်ကိုရဖို့အတွက် အဓိကကျတဲ့အရာက “လွတ်လပ်စွာ ဖော်ထုတ်ခွင့်” ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ် လောက်တုန်းက အမေရိကန်သမ္မတ ဖြစ်နေတဲ့ အိုက်စင်ဟောင်ဝါက အမေရိကန်သတင်းစာ အများစုဟာ သူ့ရဲ့ ရီပတ်ဘလစ်ကင် ပါတီကို ဆန့်ကျင်ပြီး ဒီမိုကရက်တစ် ပါတီဘက်က ဘက်လိုက်နေကြတယ်လို့ စွပ်စွဲပြောဆိုခဲ့ဖူးပါတယ်။ ဒီမိုကရက်တစ်ပါတီ ဘက်သားတွေကလည်း သတင်းစာအများစုဟာ ရီပတ်ဘလစ်ကင်ပါတီဘက်က ဘက်လိုက် ရေးသားကြတယ်လို့ ပြောကြပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန် သတင်းစာဆရာ “ဒီဘရဒ္ဒလေ” က သူရေးခဲ့တဲ့ “သတင်းစာနဲ့ ဒီမိုကရေစီမှာ သူ့နေရာ” ဆိုတဲ့ စာအုပ်မှာ . . .

“ဒီလိုပါတီ နှစ်ရပ်စလုံးက မယုံမကြည် ဖြစ်နေခြင်းကိုက သတင်းစာများဟာ အမှန်တရားကို ကာကွယ်စောင့်ရှောက်မှု ပြုနေကြတယ်ဆိုတာ ထင်ရှားစေတယ်။ သတင်းစာများကို အုပ်စုတစ်ခုတည်းက နှစ်သက် အားပေးနေတယ်ဆိုရင် အဲဒီ သတင်းစာဟာ ‘နားတစ်ဖက်ပေါက်’ သတင်းစာ၊ ပါတီ တစ်ခုရဲ့ဩဇာခံသတင်းစာ ဖြစ်နေပြီ ဆိုတာ သေချာတယ်” လို့ ရေးသားခဲ့ဖူးပါတယ်။

သတင်းစာအယ်ဒီတာရဲ့ အရည်အချင်းနဲ့ ပတ်သက်လို့လည်း “ဘရဒ္ဒလေ” က မေးခွန်း သုံးခုမေးပြီး စဉ်းစားခိုင်း ထားပါတယ်။ ပထမတစ်ခုကတော့ သတင်းစာကို ကြော်ငြာ အများဆုံးပေးနေတဲ့ ကုမ္ပဏီကြီးတစ်ခုရဲ့ သူဌေးသားဟာ အရွယ် မရောက်သေးပေမယ့် အရက်မူးပြီး ကားမောင်းလို့ ပုလိပ်အဖမ်းခံရတယ်။ ဒီသတင်း

ကို သတင်းစာမှာ မထည့်ဖို့ သူဌေးကြီးက မေတ္တာရပ်ခံ ထားတယ်။ ဒီသတင်းကို တခြားဘယ်သတင်းစာမှ မရဘူး။ ကိုယ် တစ်ဦးတည်းသာ ရတဲ့ "စကု" သတင်းမျိုး ဖြစ်နေတယ် ဆိုတာလည်း အသေအချာ သိထားတယ်။ အဲဒါကြောင့် ဒီသတင်းကို ကိုယ်က မထည့်လည်း တခြားသတင်းစာများက ထည့်ကြမှာပဲလို့ အကြောင်းပြလို့ မရနိုင်ဘူး။ ပြီးတော့ ပုလိပ်ကလည်း သူငယ်လေးကို နောင်ဘယ်တော့မှ ကားမောင်းခွင့်လိုင်စင် ထုတ်မပေးဘူးလို့ ဆုံးဖြတ်တာ သိထားရတယ်။ အဲဒီတော့ အခြားအပြစ်မဲ့ လမ်းသွား လမ်းလာများကို ကာကွယ်ဖို့ ဆိုတဲ့ အကြောင်းပြချက်ကိုလည်း သုံးလို့မဖြစ်ဘူး။ အဲဒီလို အခြေအနေမျိုးမှာ သင်သာ အယ်ဒီတာဖြစ်ခဲ့ရင် ဘယ်လိုဆုံးဖြတ်မလဲ ဆိုတာ ဖြစ်ပါတယ်။

ဒုတိယ တစ်ခုကတော့ ပြည်နယ်တစ်ခုခုရဲ့ ရွေးကောက်ပွဲကာလမှာ ဖြစ်ပါတယ်။ ရာထူးလက်ရှိ ပြည်နယ်ဘုရင်ခံဟာ အကျင့်ပျက် ခြစားမှုများနဲ့ နာမည်ပျက်နေသူ ဖြစ်ပါတယ်။ သူ့လက်ထက်မှာ ပြည်နယ်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အားလုံးလိုလို ကျဆင်းဆုတ်ယုတ် နေပါတယ်။ ဒါပေမယ့် သူဟာ ဗဟိုအစိုးရ အာဏာကို ရယူထားတဲ့ ပါတီကြီးကလူ ဖြစ်နေရုံမက ပြည်နယ်အတွင်းမှာ ဩဇာကြီးမားလှတဲ့ သတင်းစာကြီး တစ်စောင်က ထောက်ခံထားသူလည်း ဖြစ်နေတယ်။

အဲဒီဘုရင်ခံနဲ့ ယှဉ်ပြိုင်အရွေးခံမယ့် ပုဂ္ဂိုလ်ကတော့ ပြည်နယ်သားအများစုက ရိုးဖြောင့်သူအဖြစ် လက်ခံနှစ်သက်သူ ဖြစ်တယ်။ သူသာ အရွေးခံရရင် ပြည်နယ်အစိုးရ ယန္တရားကြီးတစ်ခုလုံးကို ပြုပြင်ပြောင်းလဲပစ်မယ်လို့ ကြွေးကြော်ထားသူလည်း ဖြစ်တယ်။ သင်နဲ့တကွ သင်ရဲ့သတင်းစာကလည်း ယှဉ်ပြိုင်ပုဂ္ဂိုလ်အနိုင်ရမှ ပြည်နယ် တိုးတက်ကောင်းစားလိမ့်မယ်လို့ ယုံကြည်ကြတယ်။ အဲဒီ အခြေအနေမှာ

www.burmeseclassic.com


ယှဉ်ပြိုင်သူ ပုဂ္ဂိုလ်ဟာ ပြည်နယ်အတွင်းက တောမြို့လေးတစ်မြို့မှာ ယာဉ်တိုက်မှုဖြစ်လို့ ရုံးတော်မှာ အမှုရင်ဆိုင်နေရတယ်ဆိုတဲ့ သတင်းကို တောမြို့ကလေးရဲ့ သတင်းထောက်က သတင်းရေးပို့လိုက်တယ်။ အဲဒီ သတင်းထောက်ဟာ တောမြို့ကလေးရဲ့ တစ်ဦးတည်းသော သတင်း ထောက်ဖြစ်တယ်။ ဒီသတင်းကို မထည့်ဘဲ နေလိုက်ရင်လည်း ဖြစ်တယ်။ တခြားဘယ်သူမှ သိလိုက်ကြမှာ မဟုတ်ဘူး။ သတင်းကို ထည့်လိုက်ရင်တော့ ဘုရင်ခံ ရွေးကောက်ပွဲမှာ ကိုယ့်လူအတွက် ထိခိုက်သွားစေနိုင်တယ်။ အဲဒီလိုအခြေအနေမျိုးမှာ သင်သာ အယ်ဒီတာ ဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ။

တတိယမေးခွန်းကတော့ မြို့တွင်း အပန်းဖြေပန်းခြံ တစ်နေ ရာမှာ ကစားနေတဲ့ ကလေးတစ်ယောက်ကို လူဆိုးများက တိုက်ခိုက် လုယက်တဲ့ ကိစ္စ။ ရဲဌာနမှာ တိုင်ချက် လာဖွင့်ထားတယ်။ ရဲက ဒီကိစ္စကို သတင်းမရေးစေချင်ဘူး။ သတင်းစာမှာ ပါသွားရင် လုယက်သူတွေကို ရှောင်တိမ်းဖို့ သတိပေးလိုက်သလို ဖြစ်သွားမှာ စိုးရတယ်လို့ အကြောင်းပြတယ်။ အယ်ဒီတာ ကတော့ ပန်းခြံအတွင်း မှာ ကလေး တွေချည်း လွှတ်မထားသင့်ကြောင်း တခြားမိဘများကို သတိပေးတဲ့ သဘောနဲ့ ဒီသတင်း ရေးသင့်တယ်လို့ သဘောရတယ်။ ဒါပေမယ့် သတင်းပါလာလို့ တရားခံတွေ ရှောင်တိမ်းသွားမှာကိုလည်း မလို လားဘူး။ အဲဒီလို အခြေအနေမှာ သင်သာ အယ်ဒီတာ ဖြစ်ခဲ့ရင် ဘယ်လို ဆုံးဖြတ်မလဲ။

ကဲ . . . စာနယ်ဇင်းသမားအပေါင်းတို့။

သင်တို့သာ အဲဒီအခြေအနေမျိုးမှာ အယ်ဒီတာဖြစ်ခဲ့ရင် ဘယ်လို လုပ်မလဲဆိုတာ စဉ်းစားကြည့် ကြဖို့ မကောင်းဘူးလား။

www.burmeseclassic.com

# စာနယ်ဇင်းသမားတို့ရဲ့ ပင်္ကိုညာဉ်

သတင်းထောက်တို့မှာ တာဝန်သုံးရပ် ရှိတယ်။ သတင်းရေးတဲ့အခါမှာ ပြည့်စုံဖို့၊ မမှားဖို့နဲ့ ရှုထောင့်စုံပါဖို့ဖြစ်ကြောင်း ပြီးခဲ့တဲ့လက ရေးခဲ့ပါတယ်။ ဒီလတော့ စာနယ်ဇင်းတို့ရဲ့ တာဝန်အကြောင်း ရေးပါမယ်။

သတင်းထောက်တို့မှာ အလုပ်တာဝန် ၃-ရပ် ရှိတယ်လို့ ပြောခဲ့တဲ့ အမေရိကန် သတင်းစာဆရာ ဒီဘရဒ္ဒလေက စာနယ်ဇင်းတို့မှာတော့ တာဝန် (၅) ခု ရှိတယ်လို့ ရေးခဲ့ပါတယ်။ သူပြောတဲ့ တာဝန် (၅) ခု ဆိုတာက . . .

(၁) တည်တံ့ဖို့
(၂) သတင်းပေးဖို့
(၃) လမ်းညွှန်ဖို့
(၄) ဖျော်ဖြေဖို့
(၅) အကျိုးပြုဖို့ စတာတွေ ဖြစ်ပါတယ်။

စာရေးဆရာ ဆိုတာက ဝတ္ထုတစ်ပုဒ်ရေးပြီးရင် နောက်တစ်ပုဒ်ကို ၃-နှစ်ကြာမှ ရေးချင်ရေးပါလိမ့်မယ်။ ၁၀-နှစ်ကြာမှ ရေးချင်ရေးပါလိမ့်မယ်။ သူ့မှာ ဘာပင္ကိုညာဉ်မှ မရှိပါဘူး။ စာဖတ်သူကလည်း မတောင်းဆိုပါဘူး။ စာနယ်ဇင်းသမား ကျတော့ အဲဒီလို မဟုတ်ပါဘူး။ ပင္ကိုညာဉ် ရှိပါတယ်။ နေ့စဉ်ထုတ် သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်၊

www.burmeseclassic.com


လစဉ်ထုတ် မဂ္ဂဇင်း စသည်ဖြင့် တစ်ခုခုကို စလုပ်ကတည်းက နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ပါမယ်ဆိုတဲ့ ပဋိညာဉ် ပြုထားပြီးသူများ ဖြစ်ပါတယ်။ ဝယ်ဖတ်သူနဲ့ ကန်ထရိုက်စာချုပ် ချုပ်ဆိုထားတာမျိုး မဟုတ်ပေမယ့် စာချုပ် ချုပ်ထားခြင်းထက်တောင် ခိုင်မာတဲ့ပဋိညာဉ် ဖြစ်ပါတယ်။ ဒါမျိုးကို "လူကြီးလူကောင်းရဲ့ သဘောတူညီချက်" (Gentleman's agreement)လို့ ခေါ်ပါတယ်။ လူကြီးလူကောင်း ဆိုတာဟာ သိက္ခာကို အသက်ထက် တန်ဖိုးထားသူ ဖြစ်တယ်။ နှုတ်ထွက်စကားကို ပြန်ပြင်ရမှာမျိုး၊ တာဝန် ပျက်ကွက်ရမှာမျိုးကို လုံးဝ မလုပ်ချင်တဲ့လူမျိုး ဖြစ်ပါတယ်။

လူကြီးလူကောင်း စာနယ်ဇင်းသမားဟာ တာဝန်ကျေပွန်ဖို့ကို အရာအားလုံးထက် အလေးထားပါတယ်။ သူ့စာစောင်ကို ထုတ်ရောင်းလိုက်လို့ ဝယ်ဖတ်တဲ့သူ တစ်ယောက်တည်း ရှိနေတယ်ဆိုရင်တောင် သူ့မှာတာဝန်ရှိနေပြီလို့ ခံယူထားပါတယ်။ အဲဒီဝယ်ဖတ်တဲ့ ပရိသတ် လက်ထဲကို အချိန်မှန် စာစောင်ရောက်အောင် လုပ်ကိုလုပ်ရပါမယ်။ ဟိုအကြောင်း၊ ဒီအကြောင်း စတဲ့အကြောင်းပေါင်း များစွာကြောင့် စာစောင်မထွက်နိုင်ခဲ့ရင် စာဖတ် ပရိသတ်အပေါ် ထားရှိတဲ့ ပဋိညာဉ်ချိုးဖောက်ခြင်း၊ စာနယ်ဇင်းသမားတာဝန် ပျက်ကွက်ခြင်း ဖြစ်ပါတယ်။

စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေး ဟာ ခင်ပွန်းသည် (ဂျာနယ်ကျော် ဦးချစ်မောင်)ရဲ့ တာဝန်ကို ဆက်ခံပြီး သတင်းစာ ဂျာနယ်များ တာဝန်ယူ ထုတ်ဝေခဲ့ဖူးပါတယ်။ ပုံနှိပ်စက်တွေ ပျက်နေတဲ့အခါ၊ မီးမလာတဲ့အခါမှာ သတင်းစာထွက်ချိန် နောက်မကျသွားစေဖို့အတွက် ညဥ့်နက်သန်းခေါင်မှာ ဂျစ်ကားပေါ် စက္ကူထုတ်တွေနဲ့ စာဖောင်တွေတင်ပြီး တစ်မြို့လုံးအနှံ့ ပုံနှိပ်စက်လိုက်ရှာပြီး ဖြစ်အောင် ရိုက်ခဲ့တဲ့ တာဝန်ကျေမှုမျိုးကို အားကျအတုယူကြဖို့ သင့်ပါတယ်။

www.burmeseclassic.com


ဟိုအကြောင်း ဒီအကြောင်းစတဲ့ အကြောင်းပေါင်း များစွာတို့ဟာ စာဖတ်ပရိသတ်နဲ့ မပတ်သက်ပါဘူး။ စာနယ်ဇင်းသမားနဲ့သာ သက်ဆိုင်ပါတယ်။ ဘယ်အကြောင်းကြောင့်ဖြစ်ဖြစ် စာနယ်ဇင်း သမားရဲ့ တာဝန်က ကိုယ့်စာဖတ်ပရိသတ်ရဲ့ဆန္ဒကို ဖြည့်ဆည်း ပေးဖို့သာ ဖြစ်ပါတယ်။ မဖြည့်ဆည်းနိုင်ခြင်းဟာ တာဝန်မကျေခြင်း ဖြစ်ပါတယ်။ ညံ့ဖျင်းမှု ဖြစ်ပါတယ်။

"အကြောင်းကြောင်းကြောင့်" ဆိုတဲ့ စကားတစ်ခွန်းကို အကာအကွယ်ယူပြီး တာဝန်ကို ပေ့ါပေ့ါဆဆ သဘောထား ကြတာမျိုးဟာ မလုပ်သင့်ပါဘူး။ "အကြောင်းကြောင်း" ဆိုတဲ့ အကြောင်း ကြောင်းတွေဟာ ဘယ်ခေတ်မှာမဆို ရှိနေတာပါပဲ။ ဒီအကြောင်း ကြောင်းတွေကို ဘယ်လိုရင်ဆိုင် ကျော်ဖြတ်မလဲ။ ဘယ်လို ရှောင်ကွင်း မလဲ ဆိုတာကို တတ်သိနားလည်အောင် ဆည်းပူးလေ့လာရင်းနဲ့ စာနယ်ဇင်းသမား တစ်ယောက်ဖြစ်အောင် လုပ်ကြရတာပါ။ အကြောင်းကြောင်းကြောင့်ဆိုတဲ့ ဆင်ခြေဆင်လက်ကလေး တစ်လက် ကို ကိုင်စွဲပြီး ကိုယ့်တာဝန်ကို ကျေပွန်အောင် အားမထုတ်ခဲ့ရင်တော့ စာနယ်ဇင်းသမားကောင်း တစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။

စာနယ်ဇင်းတစ်ခုကို စလုပ်မိပြီဆိုရင် တည်တံ့ဖို့ ဂရုစိုက်ရ ပါတယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတစ်ခု တည်တံ့ဖို့အတွက် ဝင်ငွေ မှန်မှန်ရှိဖို့ လိုအပ်ပါတယ်။ တည်ရှိနေတဲ့ စာနယ်ဇင်းတို့ သဘာဝအရ ဘယ်နိုင်ငံမှာမဆို ကြော်ငြာကရတဲ့ ဝင်ငွေကိုသာ အဓိကအားထားကြ ရပါတယ်။ ခုခေတ်မှ မဟုတ်ပါဘူး။ ရှေးကလည်း ဒီလိုပါပဲ။ ရှေးတုန်း က သတင်းစာ တစ်စောင်ကို ၂၅ ပြားနဲ့ ရောင်းပါတယ်။ လပေး ကြည့်ရင် တစ်လ ၆ ကျပ်ပါ။ သတင်းစာတိုက်က သတင်းစာ ကိုယ်စား လှယ်က တစ်စောင်ကို ၃ ပြား မြတ်ပါတယ်။ သတင်းစာတိုက် ကတော့

www.burmeseclassic.com


ရှုံးပါတယ်။ သတင်းစာ တစ်စောင်ရဲ့ ကုန်ကျစရိတ်ဟာ ၁၉၅၀-၆၀ ခုနှစ်များ အတွင်းကဆိုရင် ပြား ၂၀ နဲ့ ပြား ၃၀ အတွင်းမှာ ရှိပါတယ်။ စောင်ရေ သိပ်နည်းရင် ပြား ၃၀ လောက်ကျပြီး၊ စောင်ရေ များရင် ပြား ၂၀ လောက် ကျပါတယ်။ အဲဒီကုန်ကျစရိတ်အရှုံးကို ကြော်ငြာက ရတဲ့ဝင်ငွေနဲ့ ပြန် 'ထေ' ရပါတယ်။ 'ထေ' မိလောက် အောင်မှ ကြော်ငြာခ မရဘူးဆိုရင်တော့ ပြုတ်ပြီပေါ့။

သတင်းစာကုန်ကျစရိတ် ကာမိစေဖို့ တည်တံ့ဖို့အတွက် သက်ဆိုင်ရာများက သူတို့တတ်နိုင်တဲ့ဘက်က ကူညီပါတယ်။ အစိုးရ ဌာနဆိုင်ရာ အသီးသီးက ထုတ်ပြန်ကြေညာချက်တွေကို ပြန်ကြားရေး ဌာနက သတင်းစာတိုက် အားလုံးကို ခွဲတမ်းချပြီး မျှပေးပါတယ်။ လေယာဉ်ပျံ၊ မီးရထား၊ သင်္ဘောစတာတွေနဲ့ပို့တဲ့ သတင်းစာများ သယ်ယူ ပို့ဆောင်စရိတ်ကို အထူးနှုန်း သတ်မှတ်ပြီး လျှော့ပေးပါတယ်။ စာတိုက်က စာပို့ခကိုလည်း အထူးနှုန်းပေးပါတယ်။ ပြည်တွင်းရိုးရိုးစာ တစ်စောင်ပို့ခနှုန်းက ၁၅ ပြားပါ။ နယ်သတင်းထောက်များက သတင်း စာတိုက်ကို သတင်းဓာတ်ပုံများ ပေးပို့တဲ့အခါမှာ သတင်းစာတိုက်ရဲ့ အမည်ပါတဲ့ စာအိတ်၊ ဒါမှမဟုတ် သတင်းပတ်စက္ကူနဲ့ပို့ရင် ဘယ်လောက်ပဲထူထူ ၁၀ ပြားတန် တံဆိပ်ခေါင်း ကပ်လိုက်ရင် ရပါတယ်။

ဒ့ါအပြင် တယ်လီဖုန်းပြောခလည်း Press Call မှတ်ပုံတင် ထားရင် အထူးနှုန်း ပေးပါတယ်။ သာမန်နှုန်းရဲ့ တစ်ဝက်လောက်ပဲ ပေးရပါတယ်။ သတင်းစာတိုက်က တယ်လီဖုန်းဌာနမှာ မှတ်ပုံတင်ပေး ထားတဲ့ နယ်သတင်းထောက်များဆိုရင် သတင်းပေးဖို့ သတင်းစာတိုက် ကိုခေါ်တဲ့အခါမှာ ပိုက်ဆံပေးဖို့ မလိုပါဘူး။ ကိုယ့်ဒေသမှာရှိတဲ့ တယ်လီဖုန်းဌာန၊ ဒါမှမဟုတ် စာတိုက်ကနေပြီး အာတီပီနဲ့ ခေါ်မှာ ပါလို့ ပြောပြီး ခေါ်ရင် ကျသင့်တဲ့ငွေဟာ သတင်းစာတိုက်ရဲ့ စာရင်းထဲ

www.burmeseclassic.com


ဝင်သွားပါတယ်။ အာတီပီဆိုတာက Receiver to pay 'လက်ခံသူပေး' စနစ် ဖြစ်ပါတယ်။

ကြော်ငြာရဖို့ကိစ္စက ထုတ်ဝေသူနဲ့သာဆိုင်တဲ့ ကိစ္စ ဖြစ်ပေမယ့် ကိုယ့်စာနယ်ဇင်း တည်တံ့ဖို့ ရာမှာတော့ စာနယ်ဇင်းသမား သတင်းထောက်တွေ အယ်ဒီတာတွေနဲ့လည်း သက်ဆိုင်ပါတယ်။ ကိုယ့်စာစောင်ကို ဝယ်ဖတ်သူ များများရဖို့အတွက် ကိုယ့်စာစောင်အပေါ်မှာ စာဖတ်ပရိသတ်က ယုံကြည်မှုရှိအောင် လုပ်ဖို့ဆိုတာက အယ်ဒီတာတွေ၊ သတင်းထောက် တွေရဲ့ တာဝန်လုံးလုံး ဖြစ်ပါတယ်။ စာဖတ်ပရိသတ်ရဲ့ ယုံကြည်မှုကို မတည်ဆောက်နိုင်ခဲ့ရင်တော့ ထုတ်ဝေသူက ငွေဘယ်လောက် ပဲထုတ်ထုတ်၊ ပြုတ်သွားမှာပါပဲ။ အဲဒါကြောင့် စာနယ်ဇင်းတို့ရဲ့ အဓိကအကျဆုံး အရာဟာ စာဖတ်ပရိသတ်ရဲ့ ယုံကြည်မှု ဖြစ်တယ်လို့ ဆိုခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒါကြောင့် စာနယ်ဇင်းတစ်စောင် လုပ်ပြီဆိုရင် တည်တံ့အောင် လုပ်ဖို့ဆိုတဲ့ အချက်ဟာ အခြားအချက်များနည်းတူ အရေးကြီးတယ်ဆိုတာကို သတိပြုမိဖို့ လိုပါတယ်။

အခြားအချက်များဖြစ်တဲ့ သတင်းပေးဖို့၊ လမ်းညွှန်ဖို့၊ ဖျော်ဖြေဖို့၊ အကျိုးပြုဖို့ဆိုတဲ့ လေးချက် ကတော့ အကျယ်ရေးစရာ မလိုတော့လောက်အောင် အများနားလည် လက်ခံထားပြီးဖြစ်ပါတယ်။ "တည်တံ့ဖို့" ဆိုတဲ့ အချက်တစ်ခုကသာ စာနယ်ဇင်းသမားတွေ မေ့မေ့လျော့လျော့ ထားတတ်ကြလို့ အကျယ်ရေးလိုက်တာပါ။

ခုတလော ဂျာနယ်တွေ အပြိုင်းအရိုင်း ပေါ်လာပြီး လုပ်နေကြလေတော့ လူငယ်စာနယ်ဇင်းသမား ဖြစ်ချင်သူတွေ အတော်များများနဲ့ အထိအတွေ့များပါတယ်။ အဲဒီအခါမှာ ဒီအပတ်ကြော်ငြာမရလို့ မထွက်ဖြစ်ဘူး။ ဒီတစ်ပတ်တော့ အယ်ဒီတာ ဒုလ္လဘရဟန်းဝတ်လို့ မထွက်ဖြစ်ဘူး။ ဒီတစ်ပတ်တော့ ကွန်ပျူတာ ဗိုင်းရပ်ဝင်ပြီး

www.burmeseclassic.com


စီထားတဲ့စာတွေ အကုန်ပျောက်သွားလို့ မထွက်ဖြစ်ဘူးဆိုတဲ့ စကားမျိုးတွေ မကြာမကြာ ကြားရတတ်ပါတယ်။ တစ်ပတ်နှစ်ပတ် ပျက်ကွက်သွားတာကို အရေးမကြီးသလို လွယ်လွယ် ပေါ့ပေါ့လေး ပြောလိုက်ကြတာပဲ။ ပြန်ထွက်လာနိုင်ပြန်တော့လည်း စာဖတ် ပရိသတ်ကို ပျက်ကွက်ရတဲ့ အကြောင်းပြခြင်း၊ တောင်းပန်ခြင်း ဆိုတာမျိုး လုပ်လေ့မရှိကြပါဘူး။ လုပ်ရကောင်းမှန်းတောင် မသိကြ သလို အပျော်တမ်း လုပ်နေကြသလားလို့တောင် ထင်ရပါတယ်။ လွယ်လွယ်လေး ထုတ်လိုက်ကြ၊ လွယ်လွယ်လေး နားလိုက်ကြ၊ လွယ်လွယ်လေး ရပ်လိုက်ကြပါပဲ။

စာနယ်ဇင်းသမား လုပ်တော့မယ်ဆိုရင် စာဖတ်ပရိသတ်ကို လေးလေးစားစားနဲ့ ကိုယ့်စာနယ်ဇင်းကို သူတို့လက်ထဲ အရောက်ပို့ ပေးဖို့ တာဝန်လည်း ရှိပါသေးလားဆိုတာကို သတိပြုမိကြဖို့ လိုပါတယ် ဆိုတဲ့အကြောင်း နှိုးဆော်လိုက်ပါရစေ။

www.burmeseclassic.com

# သတင်းစာပညာ သင်ကြားရေးမှာ ဘာအရေးကြီးဆုံးလဲ

နိုင်ငံတကာက ဒီနေ့ခေတ် လူထုဆက်သွယ်ရေး လုပ်ငန်းမှန်သမျှမှာ တောမြို့ သတင်းစာလေးကအစ၊ အမျိုးသား သတင်းစာကြီးတွေနဲ့ ရုပ်မြင်သံကြား လုပ်ငန်းတွေအထိ "စတုတ္ထမဏ္ဍိုင်" ဆိုတဲ့အဆင့်က လျှောကျပြီး၊ လူများစု သည်းခြေခိုက်စေမယ့် "အဝါရောင်သတင်း" တွေ လွှမ်းမိုးလာနေတာနဲ့ ပတ်သက်လို့ သတင်းစာ ပညာရှင်ကြီးတွေက စိတ်လက် မချမ်းသာနဲ့ အမျိုးမျိုး ဝေဖန်သုံးသပ်ပြနေကြပါတယ်။

စာနယ်ဇင်းလုပ်ငန်းဆိုတာ ရှေးရှေးကတော့ တိုင်းပြုပြည်ပြု လုပ်ငန်း တစ်ရပ်အဖြစ် သဘောထား လုပ်ကိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ပိုင်းကျတော့ စီးပွားရေး လုပ်ငန်းရှင်ကြီးတွေရဲ့ အမြတ်အစွန်းနဲ့ ဩဇာအာဏာရှာဖို့ လုပ်ငန်းကြီးတွေအဖြစ် ပြောင်းလဲသွားခဲ့ရပါတယ်။

စာနယ်ဇင်းလုပ်ငန်းရဲ့ သဘာဝ ပြောင်းလဲသွားတာနဲ့ တစ်ပြိုင်နက် စာနယ်ဇင်းပညာ သင်ကြားရေး ဦးတည်ချက်တွေလည်း ပြောင်းလဲသွားခဲ့ပါတယ်။ ဒီနေ့တက္ကသိုလ်နဲ့ကောလိပ်တွေ အတော်များများမှာ သတင်းစာပညာကို လူထုဆက်သွယ်ရေး လုပ်ငန်း (Public Relation) နဲ့ ကြော်ငြာလုပ်ငန်း အတတ်ပညာတို့ရဲ့ အစိတ်

www.burmeseclassic.com


အပိုင်းတစ်ခု အဖြစ်လောက်သာ သဘောထား သင်ကြားပေးနေကြ ပါတော့တယ်။ ဒါ့အပြင် ကွန်ပျူတာအတတ်ပညာတွေ တိုးတက်ထွန်းကားလာခဲ့ပြန်တော့ ကွန်ပျူတာ အတတ်ပညာတွေကို ဦးစားပေး သင်ကြားမှုတွေက လွှမ်းမိုးလာ ခဲ့ရပြန်ပါတယ်။

"သတင်းစာပညာဆိုတာ စက်ပြင်ဆရာ သင်တန်းမျိုးလို သင်လို့မရဘူး။ သတင်းစာပညာ သင်ကြားခြင်းရဲ့ အဓိကအချက်က 'စဉ်းစားနည်း' ကို သင်ပေးခြင်းဖြစ်တယ်။ စဉ်းစားပြီးတော့ သတင်းလိုက်တတ်ရမယ်။ စဉ်းစားပြီးတော့ သတင်းရေးတတ်ရမယ်။ စဉ်းစားပြီးတော့ အမှားနဲ့အမှန်ကို ဝေဖန်သုံးသပ် တတ်ရမယ်"

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်က နာမည်ကျော် သတင်းစာဆရာကြီး အဲရစ်နယူတန်က ပြောခဲ့တဲ့စကား ဖြစ်ပါတယ်။

နယူးယောက်မြို့တော် အေပီသတင်းဌာနက သတင်းစာဆရာကြီး ရစ်ခ်စပရတ်လင်းကတော့ သူ သတင်းစာပညာ ကျောင်းတွေ သွားတဲ့အခါ ဓာတ်ပုံပညာသင်တန်း တက်နေတဲ့ ကျောင်းသားတွေကိုတွေ့ရင် -

"အလကား အချိန်ဖြုန်းမနေကြနဲ့။ ကင်မရာခလုတ်ကို ဘယ်လို နှိပ်ရမယ်ဆိုတာသိရင် လုံလောက်ပြီ၊ ဓာတ်ပုံပညာ အသေးစိတ်တွေတတ်ရင် ဓာတ်ပုံဆရာပဲဖြစ်မယ်။ သတင်းစာဆရာ မဖြစ်နိုင်ဘူး။ သတင်းစာဆရာ ဖြစ်ချင်ရင် နိုင်ငံရေးတို့၊ စီးပွားရေးတို့၊ သမိုင်းတို့၊ မနုဿဗေဒတို့ကို သွားသင်ကြပါ။ ဒါတွေကိုတတ်မှ မှန်မှန်ကန်ကန် စဉ်းစားဝေဖန်တတ်မယ်။ အတွေးမရှင်းရင် အရေးမရှင်းနိုင်ဘူး။ သတင်းစာဆရာ တစ်ယောက်ဖြစ်ဖို့ အရေးကြီးဆုံး အရည်အချင်းက အတွေးရှင်းဖို့ပဲ" လို့ ပြောပစ်လိုက်တာပဲလို့ ပြောပြပါတယ်။

တက္ကဆက်ပြည်နယ်ရဲ့ စတားတယ်လီဂရမ် သတင်းစာ အယ်ဒီတာ ဖီးလ်ဂျေရကော့ဒ်ကတော့ . . . .

www.burmeseclassic.com


၁။ သတင်းစာပညာ သင်တန်းသားတွေကို သူတို့ဟာ လူထုရဲ့ဝန်ထမ်း၊ အမှန်တရားရဲ့ဝန်ထမ်း ဖြစ်တယ်ဆိုတာကို သဘောပေါက်အောင် လုပ်ပေးပြီး ဝန်ထမ်းတစ်ဦးလို ပြုကျင့်ပါစေ။

၂။ သတင်းစာလုပ်ငန်းရဲ့ အရေးကြီးတဲ့ တာဝန်ကြီးတွေကို ထမ်းဆောင်နေသူ ဖြစ်ပေမယ့် ကိုယ့်အတွက် အသိအမှတ်ပြုခံရဖို့၊ ဂုဏ်ရှိဖို့ အခွင့်အလမ်း အင်မတန် နည်းတယ်ဆိုတာကို နားလည်သဘော ပေါက်ထားပါစေ။

၃။ သတင်းစာသမား တစ်ယောက်ရဲ့ သိက္ခာကိုရဖို့ကျတော့ တစ်လက်မချင်းသာ ရနိုင်ခဲ့ပြီး၊ အဲဒီသိက္ခာကို ဆုံးရှုံးဖို့ကျတော့ မိုင်နဲ့ချီပြီးသွားခဲ့တယ်ဆိုတာကို သင်တန်းသားတိုင်း သဘောပေါက်ပါစေ။

၄။ တိကျမှန်ကန်မှုကို အစားထိုးစရာ ဘာမှမရှိဘူးဆိုတာကို သိနားလည် ပါစေ။

ဒါးလပ်စ်မောနင်း နယူးစ် သတင်းစာက သတင်းထောက်ကြီးဂေးလ်ရိဗ်က . . .

"ကြော်ငြာနဲ့ လူထုဆက်သွယ်ရေး လုပ်ငန်းဆိုတာ လုပ်ငန်းကောင်းတွေ ဖြစ်ပါတယ်။ သတင်းစာသမား တော်တော်များများဟာ တစ်ချိန်ချိန်မှာ အဲဒီဘက်ကို ကူးပြောင်းသွားလေ့ရှိပါတယ်။

ရေဒီယိုနဲ့ ရုပ်မြင်သံကြားလုပ်ငန်းတချို့ဟာ စာနယ်ဇင်းလုပ်ငန်း ဖြစ်ပေမယ့် အများစုကြီးကတော့ စာနယ်ဇင်းလုပ်ငန်း မဟုတ်ပါဘူး။ ကြော်ငြာနဲ့ လူထုဆက်သွယ်ရေးလုပ်ငန်းရဲ့ အစိတ်အပိုင်းတွေသာ ဖြစ်ကြပါတယ်။ ဒီခေတ်မှာ စာနယ်ဇင်းလုပ်ငန်းနဲ့ လူထု

ဆက်သွယ်ရေး လုပ်ငန်းကို ခွဲခြားသတ်မှတ်ဖို့ ပြောရင် လက်ခံနိုင်ကြဖို့ မလွယ်လှပါဘူး။ ဒါပေမယ့် ခွဲခြားသတ်မှတ်ဖို့ လိုအပ်နေတာကတော့ အမှန်ဖြစ်တယ်။

အယ်ဒီတာကောင်း တစ်ယောက်ဖြစ်ဖို့ လိုအပ်ချက်နဲ့ ရုပ်မြင်သံကြား အစီအစဉ်ကောင်းတစ်ခု ထုတ်လုပ်နိုင်တဲ့ ထုတ်လုပ်သူကောင်း တစ်ယောက်ဖြစ်ဖို့ လိုအပ်ချက်ဟာ မတူကြပါဘူး။ ဒီနေ့ သတင်းစာပညာ သင်တန်းကျောင်းသားတွေရဲ့ ဘွဲ့လွန်သင်တန်းတွေမှာ လူထုဆက်သွယ်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ကြော်ငြာလုပ်ငန်းနဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေကို အဓိကဦးစားပေး သင်ကြားနေကြတာက များပါတယ်။ တကယ်က အဲဒီဘွဲ့လွန်သင်တန်းတွေမှာ သမိုင်း၊ စီးပွားရေး၊ နိုင်ငံရေး၊ စီမံခန့်ခွဲရေးနဲ့ ဥပဒေလို ဘာသာရပ်တွေ သင်ကြားတာက ပိုအကျိုးရှိမယ်လို့ ထင်ပါတယ်” လို့ ပြောသွားခဲ့ပါတယ်။

နီဘရပ်စကား ပြည်နယ်က ဂျာနယ်စတား သတင်းစာရဲ့ နိုင်ငံရေး သတင်းထောက် အက်ဒပ်ရပ်ဆိုသူကတော့-

“သတင်းစာပညာ သင်ကြားရေးမှာ သတင်းစာသမားတို့ရဲ့ ကျင့်ဝတ်နီတိတွေကို အဓိကထား သင်ကြားပေးသင့်တယ်။ သတင်းလိုက်တဲ့ ရေးတဲ့နေရာမှာ တိကျမှန်ကန်မှုဟာ အရေးကြီးဆုံးဖြစ်ကြောင်း၊ သတင်းစာ သင်တန်းသားတိုင်း သိအောင် လုပ်ပေးသင့်တယ်။ ဒါမှ ပြည်သူလူထု သတင်းစာတွေအပေါ် ပိုပြီးယုံကြည်အားထားလာလိမ့်မယ်” လို့ ပြောသွားပါတယ်။

သူပြောသွားတဲ့စကားဟာ အမှန်တကယ်ပြောသင့်လို့ ပြောသွားတဲ့စကား ဖြစ်ပါတယ်။ အနောက်နိုင်ငံ စာနယ်ဇင်းတွေဟာ အမြတ်အစွန်းရဖို့က အဓိကဆိုတဲ့ စီးပွားရေးလုပ်ငန်းကြီးတွေ ဖြစ်လာကြပြီဆိုတော့ စောင်ရေတိုးဖို့၊ ရောင်းကောင်းဖို့ကိုသာ အလေးထား

www.burmeseclassic.com


လာကြပါတော့တယ်။ အဲဒီတော့ "သတင်းဦးဖို့" "သတင်းထူးရဖို့" ဆိုရင် ဘာမဆိုလုပ်ရမယ် ဆိုတဲ့အဖြစ်နဲ့ လုပ်ဆောင်နေကြပါတော့ တယ်။ သတင်းထူးတစ်ပုဒ်၊ ဓာတ်ပုံထူးတစ်ပုံ ရလိုက်ပြီဆိုရင် ငွေက လည်း သိန်းနဲ့သန်းနဲ့ချီပြီး ရနိုင်ပေတာကိုး။ အဲဒီတော့ ကျင့်ဝတ်တွေ၊ သိက္ခာတွေကို ဘယ် သိပ်အလေး ထားကြတော့မလဲ။

"သီလနဲ့ ပေါင်မုန့်ဝယ်လို့မရဘူး" ဆိုတဲ့ စကားပုံလေး တစ်ခု ကို လက်သုံးထားပြီး 'ထူး' ရင် ပြီးရော၊ 'ဦး' ရင် ပြီးရောဆိုတဲ့ သဘောနဲ့ လုပ်ချင်တိုင်း လုပ်နေကြတာတွေက သိပ်များနေပါတယ်။

နယူးယောက်မှာရှိတဲ့ **WCBS** ရုပ်မြင် သံကြားဌာနက ထုတ်လုပ်သူ သတင်းစာဆရာမကြီး 'ပေါ်လာဝပ်ကား' ကတော့ "သတင်းစာပညာသင်တဲ့ တက္ကသိုလ်ကြီးတွေမှာ သင်တန်းသားတွေကို ပုံနှိပ် စာနယ်ဇင်း အဓိကနဲ့ ရုပ်သံလွှင့်အဓိကဆိုပြီး မေဂျာ နှစ်ခုခွဲပြီး သင်ကြားပေးပါတယ်။ ရုပ်သံလွှင့် အဓိကသမားတွေဆိုရင် ကင်မရာကို ဘယ်လိုထောင်ရတယ်၊ မီး ဘယ်လိုပေးရတယ်၊ ဖလင်ကို ဘယ်လို တည်းဖြတ်ရတယ် ဆိုတာတွေ အဓိကထားပြီး သင်ကြားပေးပါတယ်။

အစီအစဉ်တစ်ခု ထုတ်လုပ်ဖို့ အတတ်ပညာရှင် တစ်ယောက် လိုချင်ပြီဆိုရင် ရုပ်ရှင်သင်တန်းတို့၊ အသံလွှင့် သင်တန်းတို့ ဆင်းလာတဲ့ လူတွေကို ငှားလိုက်ပါတယ်။ သတင်းသမား တစ်ယောက်လိုချင်လို့ ငှားပြီဆိုရင်တော့ မြို့တော်ရဲ့ ဘတ်ဂျက် ထုတ်ပြန်လွှာကိုဖတ်ပြီး၊ ပိုင်းခြားစိတ်ဖြာ သုံးသပ်ပြီး မြို့လူထုကို ဝေဖန် တင်ပြနိုင်စွမ်း ရှိမရှိ စမ်းသပ်ပြီးတော့မှ ငှားပါတယ်။

သတင်းစာသမားရဲ့ အလုပ်တာဝန်က လူ့အဖွဲ့အစည်းရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးဖို့ ဖြစ်တယ်။ ပြည်သူ လူထုကို ရွေးချယ်စရာ နည်းလမ်းအသွယ်သွယ် ပြပေးဖို့ဖြစ်တယ်။ ဟောဒီမှာ သတင်းစာတွေ ဒီနည်းလမ်းတွေကို ရွေးရင်၊ ဒီလိုဖြစ်နိုင်

www.burmeseclassic.com



စရာရှိတယ်။ ဟိုနည်းလမ်းကိုရွေးရင် ဟိုလိုဖြစ်နိုင်စရာရှိတယ်။ ဖြစ်နိုင်စရာတွေ အားလုံး ကျွန်တော်တို့က သုံးသပ်ပြလိုက်ပြီ။ ဘယ်လမ်းကို ရွေးချယ်ရမယ်ဆိုတာ ပြောပြဖို့ကတော့ ကျွန်တော်တို့အလုပ် မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ရမယ့် ကိစ္စဖြစ်တယ်. . . ဆိုတာဟာ သတင်းစာသမားရဲ့အလုပ်ဖြစ်တယ်။ ဒီအလုပ်ကိုမှ သဘောမပေါက်ရင် သတင်းစာဆရာ မလုပ်ပါနဲ့။ သတင်းစာပညာ သင်ကြားပေးတဲ့ ပါမောက္ခက ဒီအလုပ်ကို လုပ်နိုင်မှာ မဟုတ်ဘူး။ မလုပ်နိုင်လို့လည်း ကိစ္စမရှိဘူး။

စာနယ်ဇင်း တစ်ခုခုမှာလုပ်နေတဲ့ သတင်းထောက်ကတော့ သတင်းတစ်ခုကို ပိုင်းခြားစိတ်ဖြာ သုံးသပ်တင်ပြတာမျိုး မလုပ်နိုင်ရင် ဖြစ်ကို မဖြစ်ဘူး။ ဒါဟာ သတင်းစာသမားတစ်ယောက်ရဲ့ အဓိကအကျဆုံး တာဝန်ဖြစ်တယ်" လို့ ပြောကြားခဲ့ကြောင်း ဖောက်သည်ချရင်း နိဂုံးချုပ်လိုက်ပါတယ်။